www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# နေနေဝ်

## နေနန်းနွယ်ဇာ၏နှောင်ကြိုး

www.burmeseclassic.com

www.burmeseclassic.com

# စာစု (၁)

"သိပ်ကိုရင်ခုန်ဖို့ကောင်းတဲ့ဆံပင်တွေပါပဲ၊
အဲ့လိုဆံပင်မျိုးပေါ့၊
ကျွန်တော်မျှော်လင့်ရှာဖွေနေခဲ့တာ. . .
ပြီးတော့. . စောင့်စားရင်း ရင်ခုန်နေခဲ့တာ. . ."

www.burmeseclassic.com

www.burmeseclassic.com

# ဆံပင်ရှည်ရှည်အိပ်မက်

(၁)

ကယ်၍ကျွန်တော်နှင့်သူ၏ နှိဒါန်းကို အစပျိုးစေခဲ့ သောအရာမှာ သူမ၏ဆံပင်ရှည်ရှည်များ ဖြစ်သည် ဟုဆိုလျှင် ကျွန်တော်နှင့် သူမ၏နိဂုံး ကို အဆုံးသတ်စေခဲ့သော အရာမှာ လည်း သူမ၏ဆံပင် ရှည်ရှည်များပဲ ဖြစ်လေသည်။

ဥာဏ်ဝင်းစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# (၁)

ကျွန်တော်က ဆံပင်ရှည်ရှည်များနှင့်ပတ်သက်လျှင် လွန်ကျူးစွာအလေးအနက်ထားသူ တစ်ယောက်ဖြစ်သည်။ ကောင်မလေးတစ်ယောက်ကိုကြည့်တိုင်း မျက်နှာချောမွေ့မှု ထက် ဆံပင်လှပမှုကို ဦးစားပေးကြည့်လေ့ရှိသလို ချစ်သူ ထားလျှင် ကျွန်တော့်ချစ်သူဟာ ဆံပင်လှလှလေးများကို ပိုင်ဆိုင်သူဖြစ်ရမည်ဟု စိတ်ကူးယဉ်လေ့ရှိသူ တစ်ယောက် လည်း ဖြစ်လေသည်။

သူငယ်ချင်းများကတော့ ကျွန်တော့်၏ ဆံပင် စွဲလမ်းမှုနှင့် ပတ်သက်၍ မကြာခဏနောက်ပြောင်တတ် ကြသည်။





"တို့ကတော့ ကောင်မလေးတစ်ယောက်ကိုကြည့်ရင် ဆံပင်ကိုနောက်ဆုံးမှကြည့်တယ်"

"ဆံပင်ဆိုတာ မိန်းကလေးတစ်ယောက်ရဲ့ခန္ဓာကိုယ်မှာ ဆွဲဆောင်မှုအနည်းဆုံးနေရာပဲ"

သို့သော်. . သူငယ်ချင်းတွေ ဘယ်လိုပဲပြောပြော. . . ကျွန်တော်ကတော့ ဆံပင်တွေကိုသာ အလေးအနက် ကြည့်ရှုမြဲပါပဲ။ အကယ်၍ကျွန်တော်ကြည့်သော ကောင်မလေး တစ်ယောက်၏ ဆံပင်ဟာ တိုနံ့ပြားကပ်နေမည်ဆိုလျှင် အလွယ်တကူ စိတ်ပျက်သွားတတ်သော်လည်း နက်မှောင် ရှည်လျားနေမည်ဆိုလျှင်တော့ စိတ်ဝင်စားစွာ ရင်ခုန် တတ်လေသည်။

ကျွန်တော်ရင်အခုန်ဆုံး ဆံပင်မျိုးကတော့ အစဉ် နက်မှောင်စိုလက်နေတတ်တဲ့ ပိုးသားလိုနူးညံ့အိထွေးပြီး ဖြောင့်စင်းသွယ်တန်းနေတတ်တဲ့ လေတိုက်လျှင် ယိမ်းနွဲ့ ညင်သာနေတတ်တဲ့ ပါးပါးပျော့ပျော့ဆံပင်မျိုးဆိုလျှင်တော့ ကျွန်တော်အလွန်သဘောကျတတ်သလို လွယ်လင့်တကူ ရင်ခုန်စွဲလမ်းတတ်ပါသည်။

ထိုသို့ပါးပါးပျော့ပျော့ဆံပင်မျိုးကို ရင်ခုန်စွဲလမ်း တတ်ခဲ့ခြင်းကြောင့်ပင် ထိုဆံပင်မျိုးပိုင်ရှင် သူမကို တွေ့သော အခါ၌ ကျွန်တော့်ကိုယ်ကျွန်တော် တစ်စုံတစ်ရာ တားဆီးနိုင်ခြင်းမရှိစွာပင်၊ သူမထံ၌စူးနစ်ပျော်ဝင် သွားခဲ့ မိခြင်းပဲဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

(၂)

ကျွန်တော်သူမကို စတွေ့ခဲ့သည်က ပူလောင်ကြွပ်ဆတ်သော နေရောင်တို့ဖြန့်ကျဲကျဆင်းနေသည့် နွေရက် တစ်ရက်မှာဖြစ်သည်။ အကယ်၍ထိုနေ့က ကျွန်တော်သာ နေ့လယ်ပိုင်းလက်ဖက်ရည်ထွက်သောက်တတ်သောအကျင့်ကို ဖျက်ကွက်ခဲ့မိလျှင် သို့တည်းမဟုတ် လက်ဖက်ရည်ဆိုင်နှင့်ခပ်လှမ်းလှမ်းရှိ အထမ်းနှင့်ရောင်းသော မုန့်ဟင်းခါးဆိုင်ဘက်သို့ ဝေ့ဝဲမကြည့်ခဲ့လျှင် ကျွန်တော်သူမကို တွေ့ဖြစ်ခဲ့မည်မဟုတ်သလို၊ သူမ၏ဆံပင်ရှည်ရှည်များနှင့်ပတ်သက်ပြီး ရင်ခုန်ခဲ့ရမည်လည်း မဟုတ်ပေ၊ သို့သော်. . . ထိုနေ့က (ကံကောင်းထောက်မစွာပင်) ထိုအဖြစ်အပျက်အားလုံး တိုက်ဆိုင်စွာဖြစ်ပွားခဲ့လေသည်။





ခါတိုင်းဖြတ်လျှောက်နေကျ ဖြစ်သည့်တိုင် တစ်ခါမှ ယောင်မှားမကြည့်ဖြစ်ခဲ့သော မုန့်ဟင်းခါးဆိုင်လေးဆီသို့ ကျွန်တော့်အကြည့်တို့ ဝေ့ဝဲကျရောက်သွားခဲ့စဉ်မှာပင် ဆံပင်ရှည်ရှည်များနှင့်ပတ်သက်သည့်ရင်ခုန်မှုက အစပျိုးခဲ့ခြင်းပဲ ဖြစ်သည်။ ကျွန်တော့်ဘက်သို့ကျောခိုင်း ထိုင်လျက် မုန့်ဟင်းခါး စားနေသော ကောင်မလေးတစ်ယောက်၏ ဆံပင်တွေက(ဝေ့ဝဲကျရောက်သွားခဲ့သော )ကျွန်တော့်အကြည့်တို့ကို တုံ့ဆိုင်းရပ်တန့်သွားစေခဲ့သလို ကျွန်တော့်ရင်ကိုလည်း သိသာစွာဖိုလှိုက်သွားစေခဲ့သည်။

သိပ်ကိုရင်ခုန်ဖို့ကောင်းတဲ့ ဆံပင်တွေပါပဲ။ အဲလို ဆံပင်မျိုးပေါ့။ ကျွန်တော်မျှော်လင့်ရှာဖွေနေခဲ့တာ၊ ပြီးတော့. စောင့်စား ရင်ခုန်နေခဲ့တာ။

နူးညံ့အိထွေးစွာ ဖြောင့်စင်းသွယ်တန်းနေသော ဆံပင်ရှည်ရှည်များ၏ လှပမှုက ကျွန်တော့်ကိုညင်သာစွာညို့ငင်ဖမ်းစားလိုက်တော့သည်။ ထိုဖမ်းစားလိုက်မှုကြောင့်ပင် လက်ဖက်ရည်ဆိုင်သို့ ဦးတည်ထားမိသော ခြေလှမ်းတို့အား မုန့်ဟင်းခါးဆိုင်လေးဆီသို့ ပြောင်းလဲဖြစ်ခဲ့ခြင်းဖြစ်လေသည်။

"မုန့်ဟင်းခါးတစ်ပွဲပေးပါ"

သူမနှင့်အနီးဆုံးခုံမှာ ဝင်ထိုင်လိုက်ခြင်းနှင့် အကျယ်ဆုံးအသံကို တမင်အသုံးပြုလိုက်ခြင်းတို့က မုန့်ဟင်းခါးကိုသာ စိတ်ဝင်တစား ခေါင်းငုံ့စားနေခဲ့သော သူမအား ကျွန်တော့်ဘက်သို့လှည့်ကြည့်ဖြစ်စေရန် ဖန်တီးပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က ကျွန်တော်၏ရင်ခုန်မှုကို ဖိုလှိုက်မြန်ဆန်စေခဲ့သည့် နံပါတ်တစ်အရာမှာ သူမ၏ဆံပင်ရှည်ရှည်များဖြစ်သည်ဟုဆိုလျှင် နံပါတ်နှစ်အရာကတော့ သူမ၏နှင်းဆီရောင် မျက်နှာသွယ်သွယ်လေးပဲ ဖြစ်သည်။ (သူမ၏မျက်နှာက သူမဆံပင်ရှည်ရှည်များကဲ့သို့ပင် ရင်ခုန်ဖွယ်လှပလွန်းလှသည်) စူးရဲရှည်ကြာလွန်းသော ကျွန်တော့်အကြည့်တို့ကြောင့် သူမအလျင်အမြန်ခေါင်းငုံ့သွားခဲ့သော်လည်း ကျွန်တော်ကတော့ ခေါင်းငုံ့ရန်မေ့လျော့စွာပင် မုန့်ဟင်းခါးကို ပျင်းရိငြီးငွေ့စွာ စားသုံးရင်း သူမ၏ဆံပင်ရှည်တွေကိုသာ ရင်ခုန်စွာငေးကြည့် နေမိတော့သည်။

(၃)

စိတ်ကူးယဉ်ဆန်စွာ စတင်တွေ့ဆုံပြီး စိတ်ကူးယဉ်ဆန်စွာ ချစ်ကြိုက်သွားကြခြင်းမျိုးကိုသာ ဝတ္ထုဟုသတ်မှတ်လိုသော ဝေဖန်ရေးဆရာများအတွက် ဆိုလျှင်တော့ ကျွန်တော်တို့ နှစ်ယောက်၏ စတင်တွေ့ဆုံပုံက ဝတ္ထုမဆန်စွာ ရိုးစင်းလွန်းလှသလို ကျွန်တော်တို့နှစ်ယောက် ချစ်သူတွေဖြစ်သွားကြပုံကလည်း အလွန်ရိုးစင်းလှပါသည်။





ဆံပင်ရှည်ရှည်များနှင့်ပတ်သက်ပြီး ရင်ခုန်တတ်လွန်းသော ကျွန်တော်နှင့် ကျွန်တော်ရင်ခုန်အောင် ဆွဲဆောင်နိုင်လွန်းသော ဆံပင်ရှည်ရှည်များ၏ ပိုင်ရှင်သူမတို့ ချစ်သူများဖြစ်သွားကြခြင်းမှာ ဝတ္ထုတွေ၏ပြင်ပဌ်ဖြစ်လေ့ရှိသော သာမန်ဖြစ်စဉ်များအတိုင်းပင် သူမနောက်သို့ ကပ်ငြိလိုက်ပါရင်းသူမနှင့်ရင်းနှီး ခင်မင်အောင်ကြိုးစားရင်း ပြီးတော့ သူမကိုချစ်ခွင့်တောင်းခံရင်း ရိုးရှင်းစွာ စတင်ခဲ့ခြင်းပဲဖြစ်သည်။ ထိုကိစ္စများမှာ ပြောပလောက် အောင်ထူးထွေဆန်းကြယ်သည့်ကိစ္စများ မဟုတ်သော်လည်း ကျွန်တော် သူမကို ရည်းစားစကား ပြောဖြစ်ခဲ့ပုံကတော့ အနည်းငယ်ရယ်စရာကောင်းပါသည်။

ကျွန်တော်သူမကိုစတင်ပြောဖြစ်ခဲ့သော ရည်းစားစကားမှာ. . .

"ကျွန်တော် ငယ့်ဆံပင်တွေကိုချစ်တယ်"

ဟူ၍ဖြစ်သည်။ သည်တုန်းက သူမ 'ရှင်' ဟုတအံ့တသြရေရွတ်ရင်း ကျွန်တော့်ကို မော့ကြည့်ခဲ့လေသည်။

"တကယ်ပြောတာ ငယ်. . . ဖြစ်နိုင်ရင် ကျွန်တော် ငယ့်ဆံပင်တွေကို ခဏလောက်ကိုင်ကြည့်ချင်တယ်"

"အို . . . မဟုတ်တာ"

သူမထိတ်လန့်တကြား ငြင်းဆန်ရင်း (ယခုပင် သူမ၏ဆံပင်တွေကို ကျွန်တော်လှမ်းကိုင်တော့မည့်အလား) ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ယိမ်းနွဲ့လျက် ရှောင်တိမ်းလေတော့သည်။ သူမ၏ အစိုးရိမ်လွန်ပုံကြောင့် ကျွန်တော်ရယ်ချင်သွားသော်လည်း မရယ်ဖြစ်ခဲ့။

"ဘယ်လိုလဲ ငယ်၊ ကျွန်တော်ခဏလောက် ကိုင်ကြည့်ခွင့် မရနိုင်ဘူးလား"

"မရပါဘူး၊ ဘာဖြစ်လို့ ကိုင်ကြည့်ရမှာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ငယ့်ကိုချစ်လို့ပေါ့"

"အို. . ."

"တကယ်ပါငယ်၊ တကယ့်ကိုခဏလေးရယ်ပါ. . .၊ ကျွန်တော်ကိုင်ကြည့်မယ်နော်"

"အို. . . ဟင့်အင်းနော်. . . ကျွန်မ အော်ငိုလိုက်မှာ သိလား"

သူမအရှက်ပိုစွာ ငြင်းဆန်ရင်း နောက်ဆုတ်သွားတော့သည်။

သို့သော် နောက်ထပ်ရက်အနည်းငယ်အကြာမှာတော့ သူမမငြင်းဆန်တော့ပါ။ အကြောင်းကတော့ ထိုအချိန်၌ ကျွန်တော်နှင့်သူမ တရားဝင်ချစ်သူများဖြစ်နေကြခြင်းကြောင့် ဖြစ်လေသည်။

(၄)

ကျွန်တော်နှင့် သူမချစ်သူများဖြစ်သွားခဲ့ကြပြီးနောက်ပိုင်း ကျွန်တော်တို့နှစ်ယောက် မကြာခဏချိန်းဆိုတွေ့ဆုံလေ့ရှိသော နေရာကတော့ အင်းလျားကန်ပေါင်ပေါ်မှ ခုံတန်းလျားလေး တွေမှာဖြစ်သည်။ ထိုခုံတန်းလျားလေးများပေါ်၌ ထိုင်ဖြစ်ကြတိုင်း သူမက သူမစိတ်ကူးတည့်ရာ အကြောင်းအရာ တစ်ခုခုကို ကျွန်တော့်အားပြောပြနေတတ်ပြီး ကျွန်တော်ကတော့ သူမစကားကို နားထောင်ရင်း သူမ၏ ဆံပင်တွေကိုသာ တို့ထိဆော့ကစားနေတတ်သည်။ ထိုသို့ ဆံပင်တွေကို တို့ထိ ဆော့ကစားခြင်းနှင့်ပတ်သက်၍ သူမ တစ်စုံတစ်ရာ ကန့်ကွက် ငြင်းဆန်ခြင်း မရှိသော်လည်း တစ်ခါတစ်လေတော့. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ. . . . ကျွန်မဆံပင်တွေ လိမ်ရှုပ်ကုန်ပြီ ကိုကိုရဲ့"

ဟု မူနွဲ့ငြူစူတတ်ပေသည်။

ထိုအခါမျိုး၌ (သူမနှင့်ချစ်သူစဖြစ်ကတည်းက သူမအတွက် ရည်ရွယ်၍ဆောင်ထားခဲ့သော) အဝါရောင် စနိုပီဘီး သေးသေးလေးကိုထုတ်၍ သူမ၏ဆံပင်တွေကို ပြန်လည်ဖြီးသင်ပေးရလေသည်။ ထိုသို့ဆံပင်တွေကို ဖြီးသင် ပေးလျှင်တော့ သူမကျေနပ်စွာ ငြိမ်သက်ခံယူတတ်သည်။ ထို့ကြောင့်ပင် နောက်ပိုင်း၌ သူမမူနွဲ့ငြူစူသည်ဖြစ်စေ၊ မငြူစူသည်ဖြစ်စေ သူမအား ခေါင်းဖြီးပေးခြင်းကိစ္စမှာ ကျွန်တော်မပျက်မကွက် ဆောင်ရွက်ရန်လိုအပ်သော ကိစ္စတစ်ခု ဖြစ်လာခဲ့တော့သည်။

ယင်းသို့ဆံပင်တွေကို တို့ထိဆော့ကစားခြင်း၊ ခေါင်းဖြီးပေးခြင်းများအပြင် သူမ၏ဆံပင်ရှည်ရှည်များနှင့် ပတ်သက်ပြီး ကျွန်တော်ဂရုတစိုက်ပြုမူတတ်သည့် အခြားသောကိစ္စတစ်ခုကတော့ သူမအတွက် ခေါင်းလျှော်ရည်ပုလင်းများ ဝယ်ပေးခြင်းပဲ ဖြစ်သည်။ အစပိုင်းကျွန်တော်ဝယ်ပေးသော အမျိုးအစားမှာ ဆံပင်ကိုနူးညံ့ပျော့ပျောင်းပြီး စိုလက်တောက်ပစွာ ဖြောင့်စင်း စေသည် ဆိုသော ကြော်ငြာစာသားပါ (Ador) အမျိုးအစား ဖြစ်သော်လည်း နောက်ပိုင်း ထိုထက်ပိုကောင်းသည်ဟူသော ဂျာမနီပြည်ဖြစ် ဘူးသေးသေး





လေးများဖြင့်လာသည့် အမျိုးအစားကို ပြောင်းလဲဝယ်ပေးခဲ့သည်။ ထိုသို့ရှန်ပူပုလင်းများ ဝယ်ပေးခြင်းနှင့်ပတ်သက်၍ သူမကျွန်တော့်ကိုမေးမြန်း ခဲ့ဖူးသည်။

"ဘာဖြစ်လို့ အဲဒါတွေဝယ်ပေးရတာလဲဟင်"

"ဘာဖြစ်လို့လဲဆိုတော့ ငယ့်ဆံပင်တွေပိုလှလာအောင် ပေါ့ငယ်ရဲ့၊ ဒီခေါင်းလျှော်ရည်က ဆံပင်မကျွတ်ဘူး၊ ပြီးတော့ ဆံပင်တွေကိုပိုပြီး နက်လာစေတယ်"

ကျွန်တော့် စကားအဆုံး သူမက တအံ့တသြ ငေးကြည့်ရင်း. . . .

"ကိုကို ကျွန်မဆံပင်တွေကို သိပ်ဂရုစိုက်တာပဲနော်"

ဟု တလေးတနက် မှတ်ချက်ချလေသည်။

ဒုတိယအကြိမ်မြောက် သူမထပ်မံမှတ်ချက်ချသော နေ့မှာ သူမ၏ဆံပင်အဖျားများကိုတိလာသော နေ့၌ဖြစ်သည်။ ထိုနေ့က လက်တစ်လုံးသာသာလောက် တိုသွားသောသူမ၏ ဆံပင်များကို ကျွန်တော်နှမြောတသစွာ ကိုင်ကြည့်ရင်း. . .

"နောက်တစ်ခါ ကိုယ့်ကိုအသိမပေးဘဲ ဘယ်တော့မှ ဆံပင်မဖြတ်နဲ့နော်"

ဟု ကျွန်တော် ခပ်မာမာပြောလိုက်မိသည်။ ထိုသို့ အမိန့်သံပါစွာ ပြောလိုက်မိသော ကျွန်တော့်စကားကို သူမမခံချင်စွာ တုံ့ပြန်လာလိမ့်မည်ဟု ကျွန်တော်မျှော်လင့် ထားခဲ့သော်လည်း သူမအမှန်တကယ်တုံ့ပြန်လာပုံက ကျွန်တော့်ကိုရီဝေစွာ ငေးကြည့်ပြီး. .



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်၊ ကိုကို ကျွန်မဆံပင်တွေကို လိုအပ်တာထက်ပိုပြီး ဂရုစိုက်လွန်းနေတယ်"

ဟု သူမဘာသာ တီးတိုးမှတ်ချက်ချခြင်းမျှသာ ဖြစ်လေသည်။

(တကယ်တော့ ကျွန်တော်နှင့်သူမအား ဝေးကွာသွားစေမည့် သူမ၏ထူးဆန်းသော မနာလိုမှုမှာ ထိုအချိန်ကတည်းကပင် အစပျိုးခဲ့ခြင်းဖြစ်သည်။) သို့သော် ကျွန်တော်ကတော့ ထိုကိစ္စကို မရိပ်မိစွာပင် သူမ၏ဆံပင်ရှည်ရှည်များအား လွန်ကျူးစွာဂရုစိုက်နေမိပြီး ထိုသို့ဂရုစိုက်နေမိခြင်းကပင် သူမ၏မနာလိုမှုများအား ပိုမိုရှန်းကြွစေခဲ့ခြင်းဖြစ်သည်။

(၅)

အလွန်ရယ်စရာကောင်းပြီး အလွန်အံ့ဩစရာကောင်းသော (သူမဆံပင်များအပေါ် သူမဘာသာ) ပြန်လည်မနာလို ဖြစ်နေခြင်းကိစ္စကို ကျွန်တော်စတင် သတိထားမိခဲ့သည်မှာ ပဉ္စမမြောက် ရှန်ပူပုလင်းဝယ်ပေးပြီး နောက်ပိုင်းရက်များမှာဖြစ်လေသည်။



ယခင်က သူမနှင့်တွေ့တိုင်း သူမ၏ပါးပါးပျော့ပျော့ဆံပင်လေးများအား ကျွန်တော်တို့ထိဆော့ကစားခြင်းနှင့်ပတ်သက်၍ (အနည်းငယ် မူနွဲ့ဟန်ဆောင်တတ်သည်မှအပ) တစ်စုံတစ်ရာ ကန့်ကွက်ငြင်းဆန်ခဲ့ခြင်းမရှိသော သူမသည် ထိုရက်များ အတွင်းမှာတော့ သူမ၏ဆံပင်များအား ထိကိုင်ခြင်းကိစ္စအပေါ် သိသာစွာအလိုမကျဟန် ပြလာခဲ့တော့ သည်။

"ဒီမယ်ကိုကို၊ ကျွန်မရဲ့ဆံပင်တွေကို လိမ်ဆော့မနေဘဲ၊ ကျွန်မရဲ့ဆံပင်တွေကိုချည်း စိုက်ကြည့်မနေဘဲ. . .၊ ကျွန်မမျက်နှာကို သေသေချာချာကြည့်ပြီး ကျွန်မပြောတာကို နားမထောင်နိုင်ဘူးလားဟင်"

သူမ၏ဆံပင်တွေကို တို့ထိဆော့ကစားရင်း သူမပြောသမျှ (ခါတိုင်းကဲ့သို့ပင်) ငြိမ်သက်စွာ နားထောင်နေခဲ့သော ကျွန်တော့်အား သူမထိုသို့ပင် ပွင့်လင်းစွာငြူစူတတ်လာ တော့သည်။

"ကိုယ်. . . ငယ့်စကားတွေကို နားထောင်နေသားပဲငယ်ရဲ့"

"ဒါပေမယ့် ကိုကို့လက်နဲ့ ကိုကို့မျက်စိက ကျွန်မဆံပင်တွေမှာချည်းပဲ"

"ကိုယ့်နားကတော့ ငယ့်ဆီမှာပါ"

"ဒါပေမယ့် ကိုကို့စိတ်ကတော့ ကျွန်မဆီမှာရှိမနေတာသေချာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com


မနာလိုဝန်တိုသံအပြည့်နှင့် မာဆတ်ဆတ် ပြောလာသော သူမစကားကြောင့် စိတ်ပျက်သဘောကျစွာ ရယ်မောလိုက်မိ တော့သည်။

"မရယ်နဲ့ကိုကို. . . နောက်တစ်ခါ ကျွန်မစကားကိုနားထောင်ရင် ကျွန်မဆံပင်တွေကို မကိုင်ဘဲ ကျွန်မ. . မျက်နှာကို သေချာကြည့်ပြီး နားထောင်ရမယ်"

သေချာတယ်၊ ဒါကတော့ တကယ့်ကိုအံ့သြစရာကောင်းလှတဲ့ မနာလိုမှုပါပဲ။

တကယ်ဆို ဆံပင်တွေကို ကျွန်တော်တို့ထိဆော့ကစားနေတတ်တာ ဆံပင်တွေကို ငေးရီစိုက်ကြည့်နေတတ်တာဟာ သူမအတွက် ငြူစူဝန်တိုရလောက်မယ့် ကိစ္စတစ်ခုမဟုတ်တာ အမှန်ပါပဲ။ ပြီးတော့ ကျွန်တော်တို့ထိနေတဲ့ ကျွန်တော်စိုက်ကြည့်နေတဲ့ ဆံပင်တွေဟာ သူမရဲ့ဆံပင်တွေပဲ မဟုတ်ဘူးလား။

သူမရဲ့ထူးဆန်းသော မနာလိုဝန်တိုမှုအပေါ် ကျွန်တော်နားလည်ရခက်စွာ အံ့သြနေမိသော်လည်း သူမနှင့်တွေ့တိုင်း သူမရဲ့ဆံပင်တွေကို တစ်ခါလောက် ဖြစ်ဖြစ်မထိကိုင်ဘဲ၊ ငေးစိုက်မကြည့်ဘဲ ကျွန်တော်မနေနိုင်ခဲ့။ ထိုသို့ထိကိုင်စိုက်ကြည့်ရင်း သူမကထိုကိစ္စအပေါ် အလိုမကျဟန်အပြည့်ဖြင့် ကျွန်တော့်ကိုခပ်စူးစူးပြန်ကြည့်တတ်မြဲဖြစ်သည်။ ထိုအတောအတွင်း သူမ၏ မနာလိုဝန်တိုမှုကို ပို၍ လောင်ကျွမ်းစေမည့် ကိစ္စနှစ်ခုကလည်း ကံဆိုးစွာဖြစ်ပွား ခဲ့သည်။ ပထမကိစ္စမှာ အလိုက်ကန်းဆိုးမသိလေသော ကျွန်တော့်သူငယ်ချင်းက သူမအား 'ဒီကောင်ကနင့်ကို ဆံပင်လှလို့ချစ်တာဟ' ဟု နောက်သလိုပြောင်သလိုနှင့် အတည်ပေါက်ပြောဆိုလိုက်သော ကိစ္စဖြစ်သည်။ ထိုကိစ္စအပြီးမှာတော့ သူမ၏ထူးဆန်းသော မနာလိုမှုက ပိုမိုရှန်းကြွ၍လာတော့သည်။

"လက်စသတ်တော့ ကိုကိုက ကျွန်မရဲ့ဆံပင်တွေကြောင့် ကျွန်မကိုချစ်ခဲ့တာကိုး ခုမှပဲကိုကို့ရဲ့ နှလုံးသားအမှန်ကို ကျွန်မတွေ့ရတော့တယ်"

"နေပါဦး ငယ်ရယ်၊ ကိုယ်ဟာ ငယ့်ဆံပင်တွေကြောင့် ငယ့်ကိုချစ်တာဆိုရင်တောင် ကိုယ်ချစ်တာဟာ ငယ့်ကို မဟုတ်ဘူးလား၊ ပြီးတော့ ငယ့်ကိုချစ်မိအောင် ဆွဲဆောင်ခဲ့ရတာဟာလဲ ငယ့်ဆံပင်တွေပဲ မဟုတ်ဘူးလား"

"ဒါဖြင့် ကျွန်မရဲ့ဆံပင်တွေကြောင့် ကိုကိုကျွန်မကို ချစ်ခဲ့တယ်ဆိုတာ အမှန်ပဲပေါ့နော်၊ ပြီးတော့ ကျွန်မမှာသာ အဲ့ဒီဆံပင်တွေရှိမနေရင် ကိုကိုကျွန်မကိုမချစ်ဘဲ နေခဲ့မှာပေါ့နော်"

သူမ၏မှတ်ချက်များကြောင့် ကျွန်တော် စိတ်ရှုပ်ထွေးစွာ ခေါင်းခါယမ်းလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

သည့်နောက်ပိုင်းတော့ သူမ၏ဆံပင်ရှည်ရှည်တွေ အပေါ် သူမဘာသာပြုန်လည် မကျေနပ်မှုက ပိုမိုသိသာလာတော့သည်။ ယခင်က သူမ၏နက်မှောင်စိုလက်သော ဆံပင်တွေကို အစဉ်ဖွားလျှားချထားတတ်သော်လည်း ထိုကိစ္စဖြစ်ပြီး နောက်ပိုင်းမှာတော့ ကျွန်တော်နှင့်လာတွေ့တိုင်း သူမ၏ ဆံပင်တွေကို ကျစ်ဆံမြီးကျစ်ခြင်း၊ စုထုံးပြီး ဆံညှပ်ဖြင့် ညှပ်ခြင်းများ ပြုလုပ်လာတတ်သလို သူမ၏ဆံပင်တွေကို ကျွန်တော် ထိကိုင်ရန်ကြိုးစားတိုင်းလည်း ကျွန်တော့်လက်ကို ဆတ်ခနဲပုတ်ထုတ်လျက် 'မကိုင်နဲ့' ဟု ခပ်စူးစူး အော်တတ်လာခဲ့သည်။ ထိုသို့ သူမ၏ဆံပင်တွေကို ကျွန်တော် ထိကိုင်ခွင့်မရအောင် ကာကွယ်ကြိုးစားလာတတ်သလို သူမဆံပင်တွေအကြောင်း စကားစမိလျှင်လည်း စိတ်ဆိုးတတ်လာခဲ့သည်။

အကယ်၍ ကျွန်တော်က 'ငယ် ဒီနေ့ ခေါင်းလျှော်သေးလား' ဟူသော မေးခွန်းမျိုး မေးမိလျှင်ပင်. . . .

"ဒီမယ် ကိုကို၊ ကျွန်မဆံပင်တွေအကြောင်း မပါဘဲ စကားမပြောတတ်တော့ဘူးလား" ဟု ရန်တွေ့လာတော့သည်။

မိန်းကလေးများ၏ မနာလိုဝန်တိုမှုများစွာကို ကျွန်တော် လွယ်လင့်တကူ နားလည်နိုင်သော်လည်း သူမ၏မနာလိုမှုကိုတော့ ကျွန်တော်နားလည်အောင် ကြိုးစား၍မရခဲ့။ ထိုသို့ ကျွန်တော်နားမလည်နိုင်အောင် သူမ၏ မနာလိုဝန်တိုမှုကို ပေါက်ကွဲစေမည့် ဒုတိယမြောက် အဖြစ်အပျက်က နောက်ထပ်ရက်အနည်းငယ်အကြာမှာပင် ကံဆိုးစွာ ထပ်မံဖြစ်ပွားလေသည်။

ထိုအဖြစ်အပျက်ကတော့ ကျွန်တော်အမှတ်မဲ့ ယူဆောင်သွားမိသော ဒိုင်ယာရီစာအုပ်ကို သူမဆွဲယူလှန်လှောကြည့်ရင်း ထိုစာအုပ်အတွင်း ညှပ်ထားသောပုံများကို သူမတွေ့မြင်သွားခြင်းပဲဖြစ်သည်။ သူမတွေ့သွားသောပုံများမှာ နိုင်ငံခြားမဂ္ဂဇင်းစာအုပ်များထဲမှ ကျွန်တော်ဖြတ်ညှပ်သိမ်းဆည်းထားခဲ့သည့် ကျွန်တော်သဘောကျသော ဆံပင်အမျိုးအစားပိုင်ရှင် မင်းသမီးများ၊ ဖက်ရှင်မယ်များ၏ ပုံများဖြစ်သည်။ ထိုပုံများအားလုံးမှာ ဆံပင်တွေကို အသားပေးရိုက်ထားသော ပုံများဖြစ်ပြီး တစ်ပုံနှစ်ပုံလောက် ဆွဲယူကြည့်ရှုလိုက်ရုံနှင့်ပင် ဆံပင်တွေကို သဘောကျသဖြင့် ဖြတ်ညှပ်သိမ်းထားခြင်းဖြစ်ကြောင်း သိသာလွယ်သော ပုံများလည်း ဖြစ်လေသည်။

ထိုပုံများကို တစ်ပုံပြီးတစ်ပုံ ဆွဲယူကြည့်ရှုပြီးချိန်မှာတော့ ကျွန်တော်တစ်ခါမှ မတွေ့မြင်ဖူးခဲ့သော မျက်နှာအမူအရာ တစ်မျိုးကို သူမ၏မျက်နှာပေါ်၌ တွေ့မြင်လိုက်ရတော့သည်။ ကျွန်တော် တစ်စုံတစ်ရာ စကားစရန်ပြင်ချိန်မှာပင် သူမ ကျွန်တော့်ဘက်သို့ ဖျတ်ခနဲလှည့်ကြည့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီပုံတွေထဲက မင်းသမီးတွေရဲ့ဆံပင်က ကျွန်မလို ဆံပင်မျိုးချည်းပါပဲလား ကိုကို"

ကျွန်တော်ငြင်းဆန်ရန်စိတ်မကူးတော့ဘဲ အလွယ်တကူ ခေါင်းညိတ်ပြလိုက်သည်။

"ကိုကိုက ကျွန်မလိုဆံပင်မျိုးကို သိပ်သဘောကျတာပဲလားဟင်၊ တကယ်လို့ ကျွန်မလိုဆံပင်မျိုး ဒါမှမဟုတ် ကျွန်မထက်ပိုပြီးလှတဲ့ ဆံပင်မျိုးနဲ့ ကောင်မလေး တစ်ယောက်ယောက်ကို ထပ်တွေ့ရင် ကိုကို ကျွန်မကိုချစ်သလို ချစ်ဦးမှာပဲနော်၊ ဒါမှမဟုတ်လဲ ကျွန်မထက်ပိုပြီး. . ."

"ခဏလေးငယ်၊ တဆိတ်ကျေးဇူးပြုပြီး ကိုယ်ပြောတာကို ခဏလေးနားထောင်စမ်းပါ"

"ကျွန်မရဲ့ဆံပင်တွေအကြောင်းလား ကိုကို"

"ကိုယ် ငယ့်ကိုချစ်တယ် ငယ်"

"ပြီးတော့ ကျွန်မရဲ့ဆံပင်တွေကိုရောပေါ့နော်"

"ကိုယ် ငယ့်လိုဆံပင်မျိုးကို သဘောကျတာအမှန်ပဲ ငယ်၊ ငယ့်ကိုတွေ့တော့ ငယ့်ရဲ့ဆံပင်တွေကြောင့် ငယ့်ကိုချစ်မိသွားတာလဲ အမှန်ပါပဲ၊ ဒါပေမယ့် ငယ့်လိုဆံပင်မျိုးနဲ့ နောက်ထပ် မိန်းကလေးတစ်ယောက်ယောက်ကိုတော့ ထပ်ပြီးချစ်မိမှာ မဟုတ်တော့ဘူး ငယ်"

"သေချာရဲ့လား ကိုကို"

"သိပ်ကိုသေချာပါတယ် ငယ်"



"ကျွန်မရယ်၊ ကျွန်မရဲ့ဆံပင်တွေကိုပဲ ကိုကိုချစ်မယ်ပေါ့ ဟုတ်လား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်တော့ သူမကျွန်တော့်ကို အတန်ကြာ စိုက်ကြည့်သည်။ ထို့နောက် ကျွန်တော့်ကို တစ်လုံးချင်းမေးသည်။

"ကျွန်မနဲ့ ကျွန်မရဲ့ဆံပင် ဘယ်ဟာကို ကိုကို ပိုချစ်သလဲ"

ဘုရားရေ. . . ဒီလိုမေးခွန်းမျိုးတော့ သူမမေးဖို့ မကောင်းတာအမှန်ပါပဲ။

မထင်မှတ်သော မေးခွန်းကြောင့် ကျွန်တော်အံ့ဩစွာ နှုတ်ဆိတ်သွားမိသည်။ တကယ်ဆိုလျှင် သူမ၏မေးခွန်းအား ငယ့်ကိုပိုချစ်တာပေါ့ဟု သွက်လက်စွာ ပြန်လည် အဖြေပေးလိုက်ဖို့ကောင်းပါသည်။ သို့သော် ကျွန်တော်အဖြေမပေးဖြစ်စွာ နှုတ်ဆိတ်ငြိမ်သက်နေမိသည်။

"ကိုကို အဖြေမပေးနိုင်ဘူး မဟုတ်လား၊ ကောင်းပြီလေ ကိုကိုစဉ်းစားဦးပေါ့၊ ကျွန်မ ကိုကို့ကို သုံးရက်အချိန်ပေးမယ်၊ သုံးရက်ပြည့်တဲ့နေ့ ညနေပိုင်း ကန်ပေါင်ပေါ်ကို ကိုကိုလာခဲ့၊ ကျွန်မစောင့်နေမယ်. . .၊ တကယ်လို့ ဒီသုံးရက်အတွင်း ကိုကိုစဉ်းစားလို့ မရတောင် အဲ့ဒီနေ့ကျရင်တော့ ကိုကို စဉ်းစားလို့ရမှာပါ. . ."

ထို့နောက်တော့ ကျွန်တော် တစ်စုံတစ်ရာ မတားဆီးနိုင်ခင်မှာပင် သူမ ကျွန်တော့်နားမှ ပြေးထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူမ၏မေးခွန်းအတွက် စဉ်းစားချိန်မှာ သုံးရက်ကြာအောင် မလိုအပ်တာ အမှန်ပဲဖြစ်သည်၊ အကယ်၍ ထိုနေ့က သူမသာ အနည်းငယ် စိတ်ရှည်မည်ဆိုလျှင် 'ငယ့်ကို ပိုချစ်တာပေါ့' ဟူသော အဖြေမျိုးကို သူမကြားရပေလိမ့်မည်။ သို့သော် သူမ၏ ဆံပင်ရှည်ရှည်တွေအနက် တစ်ခုခုကို ကျွန်တော် ရွေးချယ်ရန် သုံးရက်တိတိအချိန်ပေးခဲ့လေသည်။ ထိုသုံးရက်အား ကျွန်တော် စိတ်မရှည်စွာဖြတ်သန်းရင်း သူမနှင့်တွေ့လျှင် ငယ့်ကို ပိုချစ်တယ်ဟု အဖြေပေးရန် ကျွန်တော် တင်ကြိုစဉ်းစားထားခဲ့ရသည်။

သုံးရက်ပြည့်သောနေ့ ကန်ပေါင်ပေါ်သို့ ကျွန်တော် ရောက်ရှိသွားချိန်မှာတော့ သူမက ကျွန်တော့်အလျင် (ကျွန်တော်တို့ထိုင်နေကျဖြစ်သည့် မြေတိုင်းရုံးနှင့်နီးသော) ခုံတန်းလျားလေးပေါ်မှာ တင်ကြိုရောက်ရှိနေခဲ့သည်။ ကျွန်တော် သူမကို စတွေ့ခဲ့သည့်နေ့တုန်းကလိုပင် ကျွန်တော် လာရာဘက်သို့ ကျောခိုင်းလျက် ထိုင်နေခြင်းဖြစ်ပြီး ဝတ်ထားသော အင်္ကျီမှာလည်း ကျွန်တော်နှင့်စတွေ့သည့်နေ့က ဝတ်ထားသည့် အဖြူရောင် တီရှပ်ကလေး ဖြစ်လေသည်။ သို့သော် သူမ၏နူးညံ့ဖြောင့်စင်းစွာ နက်မှောင်ရှည်လျားသော ပါးပါးပျော့ပျော့ ဆံပင်လေးများကတော့ စတွေ့စဉ်နေ့ကလို သူမ၏ခေါင်းပေါ်၌ ဝေ့ဝဲကျဆင်းမနေကြ။



သူမ၏ခေါင်းပေါ်၌ ယောကျ်ားလေးများ ဆောင်းလေ့ရှိသော ဦးထုပ်တစ်လုံးကို ထူးဆန်းစွာ ဆောင်းထားလေသည်။

တစ်စုံတစ်ရာအတွက် စိုးရွံ့စိတ်ဖြင့် သူမအနီးသို့ ကျွန်တော် လျင်မြန်စွာ တိုးကပ်သွားချိန်မှာတော့ ၊ သူမ. . . ကျွန်တော့်ကို ဖျတ်ခနဲ့လှည့်ကြည့်သည်။ ထို့နောက်. . . လျှော့ရဲရဲနိုင်စွာ ပြုံးပြရင်း သူမ၏ခေါင်းပေါ်မှ ဦးထုပ်ကို ဆွဲချွတ်လိုက်သည်။

"အို. . . "

ကျွန်တော့်အကြည့်တို့ သူမ၏ဦးခေါင်းဆီသို့ ဝေ့ဝဲဝဲကျရောက်သွားချိန်မှာတော့ ကျွန်တော့်ရင်တစ်ခုလုံး စူးရှစွာ နာကျင်သွားတော့သည်။

"ငယ်. . . ငယ့်ဆံပင်တွေ. . . "

"အံ့ဩသွားသလား ကိုကို၊ ကျွန်မညှပ်ပစ်လိုက်တာလေ၊ ကိုကိုစဉ်းစားရလွယ်ကူသွားအောင် ကျွန်မတမင်ညှပ်ပစ်ခဲ့တာ"

ခေါင်းတုံးဆံတောက်သာသာ တိုနံ့ပြားကပ်နေသော သူမ၏ဆံပင်တွေကို နှမြောတသစွာ ငေးကြည့်နေမိသည်။

"ကျွန်မရဲ့ ဆံပင်တွေအတွက် ဝမ်းနည်းနေသလား ကိုကို၊ ဝမ်းမနည်းပါနဲ့၊ ကိုကိုချစ်တဲ့ ကျွန်မရဲ့ဆံပင်တွေကို ကိုကို့အတွက် ကျွန်မယူလာပါတယ်"

စကားအဆုံး သူမ၏လက်ထဲ၌ ကိုင်ထားသော စက္ကူအိတ်တွင်းမှ ဆံပင်ရှည်ရှည်တွေကို ဆွဲထုတ်လျက်

www.burmeseclassic.com

www.burmeseclassic.com



သူမကျွန်တော့်ကို လှမ်းပေးသည်။ ကမ်းဆင့်လာသော ဆံပင်ရှည်ရှည်တွေကို ကျွန်တော်ယောင်မှားစွာ လှမ်းယူလိုက်ချိန် မှာတော့ သူမ၏မျက်ဝန်းတို့ ဖွတ်ခနဲမှိုင်းဝေသွားကြလေသည်။

"ကျွန်မကို အရင်ကတည်းက (ပရိုပို့) လုပ်ထားတဲ့ ကောင်လေးတစ်ယောက်ရှိတယ် ကိုကို၊ အဲ့ဒီကောင်လေးက ကျွန်မရဲ့ ဆံပင်တွေထက် ကျွန်မကို ပိုချစ်သတဲ့၊ ဒီနေ့ ကျွန်မသူ့ကို အဖြေပေးမယ်လို့ ပြောထားတယ်၊ တအောင့်ကြာရင် သူဒီကိုရောက်လာလိမ့်မယ်"

သူမ၏စကားက ကျွန်တော့်အား မျက်နှာကို ဖြတ်အရိုက်ခံလိုက်ရသူတစ်ယောက်ပမာ ခံစားရစေသည်။ သူမအား ချစ်ခွင့်တောင်းခံထားသော ကောင်လေးတစ်ယောက် ကို အဖြေပေးရန် ချိန်းဆိုထားပါသတဲ့။ ဒါဟာ သူမ ကျွန်တော့်ကို ခြိမ်းခြောက်လိုက်တာဖြစ်သလို ကျွန်တော် တစ်စုံတစ်ရာ ပြောဖြစ်အောင် လှုံ့ဆော်လိုက်တာလည်း ဖြစ်နိုင်ပါတယ်။ တစ်ခုခုပြောလိုက်စမ်းပါ။

ကျွန်တော် သူမကို တစ်စုံတစ်ရာပြောဖြစ်ရန် အထူးသဖြင့် ငယ့်ကို ငယ့်ဆံပင်တွေထက်ပိုပြီး ချစ်ပါတယ် ဟူသော စကားမျိုးကိုပြောဖြစ်ရန် အပြင်းအထန် ကြိုးစားနေမိသော်လည်း ကျွန်တော့်နှုတ်ဖျားက စကားသံ တစ်စုံတစ်ရာ ထွက်ပေါ်လာရန် ခက်ခဲလွန်းနေတော့သည်။ ထိုသို့



ခက်ခဲသောအရာကတော့ ကျွန်တော့်လက်ထဲမှ နူးညံ့ပျော့ပျောင်းသော ဆံချည်မျှင်တွေ မဟုတ်လျှင် သူမ၏ ခေါင်းထက်မှ တိုနံ့ပြားကပ်သည့် ဆံပင်တွေပဲဖြစ်ပါလိမ့်မည်။

"ကျွန်မချိန်းထားတဲ့ ကောင်လေးလာနေပြီ ကိုကို. . .၊ ဟိုမှာ စပို့ရှပ်အပြာလေးနဲ့"

ကျွန်တော့်နောက်ကျောဘက်သို့ မေးဆတ်ပြရင်း. . . သူမပြောသည်။ သို့သော်. . . သူမညွှန်ပြရာသို့ ကျွန်တော် လှည့်မကြည့်ဖြစ်။ ကျွန်တော့်လက်ထဲမှ နူးညံ့ဖြောင့်စင်းစွာ နက်မှောင်စိုလက်သော ပဲ့ပဲ့ပျော့ပျော့ ဆံပင်ရှည်ရှည်များနှင့် သူမ၏ ခေါင်းထက်မှ ဆံပင်တိုတိုများကိုသာ တစ်လှည့်စီ ကျွန်တော်ငေးကြည့်နေမိသည်။

"ကိုကို တစ်ခုခုပြောစရာမရှိတော့ရင် ကျွန်မ သွားတော့မယ်"

ဒါဟာ ကျွန်တော့်ကို နောက်ဆုံးအကြိမ် နှိုးဆော်သတိပေးလိုက်တာ ဖြစ်မှာပဲ။

ကျွန်တော် သူမကို မသွားနဲ့လို့ တားလိုက်ရမလား၊ ဒါမှမဟုတ် ခေါင်းညိတ်ပြလိုက်ရမလား၊ တစ်ခုခုစဉ်းစားစမ်းပါ။ ဆံပင်ဆိုတာ လုံလောက်တဲ့အချိန်ကာလ တစ်ခုသာရမည်ဆိုလျှင် အချိန်မရွေးပြန်ရှည်လာနိုင်တာပဲ၊ ဘာဖြစ်လို့များ တွေဝေနေရတာလဲ။

ကျွန်တော် တစ်စုံတစ်ရာ ဆုံးဖြတ်နိုင်ရန် အပြင်းအထန် စဉ်းစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . . ကျွန်တော့် စဉ်းစားဆုံးဖြတ်မှု မပြီးခင်မှာပင် သူမကျွန်တော့်အနားမှ ညင်သာစွာ ထွက်ခွာသွားတော့သည်။

(၇)

အကယ်၍ ကျွန်တော်နှင့်သူမ၏ နိဒါန်းကို အစပျိုးခဲ့သောအရာမှာ သူမ၏ဆံပင်ရှည်ရှည်များဖြစ်သည်ဟုဆိုလျှင် ကျွန်တော်နှင့်သူမ၏နိဂုံးကို အဆုံးသတ်စေခဲ့သောအရာမှာလည်း သူမ၏ဆံပင်ရှည်ရှည်များပဲဖြစ်လေသည်။

**********



## စာစု (၂)

"အဲဒီအိပ်မက်ဟာ ကျွန်တော်ဖြစ်ချင်နေတဲ့
ဆန္ဒတစ်ခု မဟုတ်ဘူးဆိုတာ
အိပ်မက်ကျမ်းကို ပြုစုခဲ့တဲ့ ဒေါက်တာဖရိုက်နဲ့
လောင်းကြေး ထပ်ရဲလောက်အောင်ကို
သေချာပါတယ်။"

www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်

(၁)

ကျွန်တော် သိချင် နေတာ တစ်ခုက အဲဒီအိပ်မက်ဟာ ဘယ်လို ရည်ရွယ်ချက်နဲ့ ကျွန်တော့်ဆီကို ရောက်ရှိလာခဲ့သလဲဆိုတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က အိပ်မက်တွေနဲ့ပတ်သက်ပြီး တလေးတနက် မလေ့လာခဲ့ဖူးပေမယ့် အိပ်မက်မက်သူနဲ့ အိပ်မက်ရဲ့ အကြားမှာ ဆက်စပ်မှု တစ်စုံတစ်ရာ ရှိနေတတ်တယ်ဆိုတာကိုတော့ ကျွန်တော်နားလည်ထားခဲ့တယ်။ အိပ်မက်တစ်ခုဟာ အစာမကြေလို့ဖြစ်စေ၊ စိတ်စွဲလို့ဖြစ်စေ၊ ဟိုတွေးသည်တွေး တွေးရင်း အိပ်ပျော်သွားလို့ဖြစ်စေ မက်တတ်သလို မသိစိတ်ထဲမှာ ကိန်းအောင်းနေတဲ့ ကိုယ်ဖြစ်နေတဲ့ ဆန္ဒတစ်ခုကိုလည်း အိပ်မက်အဖြစ် ပုံဖော်မြင်မက်လေ့ရှိတယ်။

ကျွန်တော့်ကို စိတ်အနှောင့်အယှက်ဖြစ်စေခဲ့တဲ့ အိပ်မက်ဟာ အဲဒီအကြောင်းရင်းတွေအနက်က တစ်ခုခုကို အခြေခံပြီး မြင်မက်လာတာလို့ ယူဆနိုင်ပေမယ့် သေချာတာတစ်ခုကတော့ အဲ့ဒီညက ကျွန်တော်ဟာ အစာမကြေဖြစ်မနေခဲ့သလို ဟိုတွေးသည်တွေးလည်း တွေးမနေခဲ့ဘူး။ နောက်ပြီး စိတ်စွဲမှုလို့ သတ်မှတ်ရလောက်အောင် အိပ်မက်ထဲကလို လုပတဲ့အမျိုးသမီးမျိုးကို အပြင်မှာ ကျွန်တော်တစ်ခါမှ မတွေ့ခဲ့ဖူးဘူး။ ဒါဖြင့် ကျွန်တော့်အိပ်မက်ဟာ ကျွန်တော်ဖြစ်ချင်နေတဲ့ ဆန္ဒတစ်ခုများလား၊ ဟင့်အင်း. . အဲ့ဒါကတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ အဲ့ဒီအိပ်မက်ဟာ မသိစိတ်ထဲမှာ ကိန်းအောင်းနေခဲ့တဲ့ ကျွန်တော်ဖြစ်ချင်နေတဲ့ ဆန္ဒတစ်ခု မဟုတ်ဘူးဆိုတာ အိပ်မက်ကျမ်းကို ပြုစုခဲ့သူ ဒေါက်တာ

ဒိုက်နဲ့ လောင်းကြေးထပ်ရဲလောက်အောင်ကို ကျွန်တော် သေချာပါတယ်။

တကယ်လို့ အိပ်မက်ထဲက အဖြစ်အပျက်ကဟာ မသိစိတ်ထဲက ဆန္ဒတစ်ခု ပါလို့ လျှော့လျှော့ပေါ့ပေါ့ လက်ခံထိုက်မယ်ဆိုလျှင်တောင်မှ ကျွန်တော်ဟာ အဲလိုအိပ်မက်မျိုး မြင်မက်နိုင်ဖို့အတွက် လျှို့ဝှက်သည်းဖို စာရေးဆရာ သော်လည်းကောင်း၊ လျှို့ဝှက်ဝတ္ထုတွေ အဖတ်များသူ သော်လည်းကောင်း၊ ဒါမှမဟုတ် ဟော်ရာတို့ ဆပ်စ်ပဲင်းတို့လို ဗီဒီယိုအခွေတွေ အကြည့်များသူသော်လည်းကောင်း ဖြစ်ရလိမ့်မယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော့်အိပ်မက်ဟာ ဂျိမ်းဟက်ဒ်လီချေ့စ် ရဲ့ ဝတ္ထုထဲက ဇာတ်ဝင်ခန်းတစ်ခု များလားလို့ သံသယဖြစ်ရလောက်အောင်ကို လျှို့ဝှက်သည်းဖိုဆန်နေလို့ပါပဲ။

ရင်ဖိုဖွယ်ကောင်းသလို စိတ်ပျက်ဖွယ်လည်းကောင်းတဲ့ အဲဒီအိပ်မက်ဟာ နွေနှောင်းကာလရဲ့ ညတစ်ညမှာ ကျွန်တော့်ဆီကို စတင်ရောက်ရှိလာခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com

## (၂)

အဲ့ဒီညဟာ သွေ့ခြောက်တိတ်ဆိတ်တဲ့ည ဖြစ်ပေမယ့် အိပ်မက်ထဲက ပြတင်းပေါက် အပြင်ဘက် ရာသီဥတုကတော့ စွတ်စိုဆူညံလို့ နေပါသတဲ့။ အဲ့လို မိုးတွေသဲသဲမဲမဲရွာနေတဲ့ ညတစ်ညရဲ့ သန်းခေါင်းယံအချိန်လောက်မှာ သိပ်လှတဲ့ အမျိုးသမီးတစ်ယောက် ကျွန်တော့်အိပ်မက်ထဲကို ရောက်ရှိလာခဲ့ခြင်းနဲ့ ကျွန်တော့်အိပ်မက်ဟာ စတင်ခဲ့ပါတယ်။

သူမရောက်ရှိလာရခြင်းရဲ့ အကြောင်းရင်းကတော့ အကူအညီဆိုတာနဲ့ အကာအကွယ်ဆိုတာ နှစ်ခုကို ကျွန်တော့်ဆီက တောင်းဆိုဖို့ ဖြစ်ပါသတဲ့။ သူမရဲ့အဆိုအရ





ဟာ စိတ္တဇလူသတ်သမားတစ်ယောက်ရဲ့လက်က က်ပြေးလာရသူဖြစ်ပြီး အဲ့ဒီလူသတ်သမားဟာ. . ကိုသတ်ဖို့ သူမနောက်ကို လိုက်နေပါသတဲ့။ နောက်ပြီး စက်ဆိုးသွမ်းတဲ့ လူသတ်သမားဟာ အပြစ်မဲ့တဲ့ တစ်ယောက်ကိုလည်း သူမရှေ့တင် ဓားနဲ့ထိုးပြီးသတ်ပစ် သေးသတဲ့။ မိုးရေတွေ ရွှဲရွှဲစိုပြီး ရင်ခုန်ဖွယ် ကောင်း ာက်အောင် လှပစွာဆွဲဆောင်မှုရှိတဲ့ အမျိုးသမီးဟာ းစိမ့်မှုနဲ့ကြောက်လန့်မှုတွေကြောင့် တစ်ကိုယ်လုံး သင်နေရှာပါတယ်။ ကျွန်တော်ဟာ. . . ချက်ချင်းပဲ အဲ့ဒီ းသမီးကို ကျွန်တော့်အိပ်ခန်းလေးထဲမှာ သွားရောက် ခိုခွင့်ပြုလိုက်ပါတယ်။ အိပ်ခန်းရှိရာကို အမျိုးသမီး သွားပြီး သိပ်မကြာခင်မှာပဲ. . . သူမပြောတဲ့ စိတ္တဇ သတ်သမားဆိုသူဟာ ကျွန်တော့်အိမ်တံခါးဝကို ်တကယ် ရောက်ရှိလို့လာပါတယ်။

အဲ့ဒီလူဟာ အိမ်တံခါးကို ခပ်ကြမ်းကြမ်းခေါက်ရင်း သမီးတစ်ယောက် ကျွန်တော့်အိမ်ကို ရောက်ရှိလာခြင်း အလောတကြီးမေးတယ်။ ပြီးတော့. . . အဲ့ဒီ းသမီးဟာ လူတစ်ယောက်ကို ဓားနဲ့ထိုးသတ်သွားတဲ့ ဖောက်ပြန်နေသူဖြစ်ကြောင်းနဲ့ သူ့ရဲ့ဇနီးလည်း ကြောင်း ပြောလာပါတယ်။ ကျွန်တော်က ဘယ်အမျိုးသမီး ာက်မလာကြောင်းနဲ့ တကယ်လို့ ဒီဘက်ကိုရောက်တာ



www.burmeseclassic.com

www.burmeseclassic.com



လျှင်လည်း ဟိုဘက်လမ်းကြားထဲကို ထွက်ပြေးသွားတာ ဖြစ်နိုင်ကြောင်း ပြန်အဖြေပေးလိုက်တဲ့အခါ အဲဒီလူဟာ ကျေးဇူးတင်စကားကို ကမန်းကတမ်းပြောရင်း ကျွန်တော် ညွှန်ပြလိုက်ရာဘက်ကို ကသုတ်ကရုတ် ထွက်ခွာသွားပါတော့တယ်။

အဲဒီနောက်တော့ လူသတ်သမား ပြန်သွားပြီ ဖြစ်ကြောင်း အမျိုးသမီးကိုပြောရင်း နှစ်သိမ့်အားပေးဖို့ အမျိုးသမီးပုန်းခိုရာ ကျွန်တော့်အိပ်ခန်းဆီကို ထွက်လာခဲ့တယ်။ (ကျွန်တော့် အိပ်မက်ရဲ့ စိတ်ဝင်စားဖွယ် အကောင်းဆုံးနဲ့ ရင်ခုန်ဖွယ် အကောင်းဆုံး အဖြစ်အပျက်တွေဟာ အဲ့ဒီနောက်ပိုင်းမှာ စတင်ခဲ့တာပါ။)

ကျွန်တော် အိပ်ခန်းထဲရောက်သွားတော့ အမျိုးသမီးဟာ အိပ်ခန်းဝကို ကျောခိုင်းအနေအထားနဲ့ ကျွန်တော့် ခုတင်ပေါ်မှာ ပိုင်စိုးပိုင်နင်းထိုင်လို့။ မိုးရေတွေကြောင့် အချိုးအစားကျနနေတဲ့ သူမရဲ့ ကိုယ်ဟန်. . . ကြော့ရှင်းမှုနဲ့ ဆံပင်ရှည်ရှည်တွေရဲ့ လှပမှုဟာ ကျွန်တော့်ကို အသက်ရှူမှားမတတ်ပါပဲ။ ကျွန်တော်ဟာ ကတုန်ကယင်ဖြစ်စွာ အိပ်ခန်းထဲ ဆက်မဝင်ရဲ တော့ဘဲ အခန်းဝမှာတင်ရပ်ပြီး လူသတ်သမား ပြန်သွားပြီ ဖြစ်ကြောင်း လှမ်းပြောလိုက်တယ်။ ဒါပေမယ့် အမျိုးသမီးဟာ ကျွန်တော့်စကားကို တစ်စုံတစ်ရာ တုံ့ပြန်မလာသလို ကျွန်တော့်ကိုလည်း လှည့်ကြည့်မလာခဲ့ဘူး။



သူမရဲ့ အေးစက်ငြိမ်သက်နေမှုက ကျွန်တော့်ကို ဒေဝေဝါ ဖြစ်လာစေသလို ကျွန်တော့်ခြေလှမ်းတွေကိုလည်း ယိမ်းယိုင် လွဲမှားစွာနဲ့ပါပဲ သူမဆီကို စတင်ရွေ့လျားစေပါတော့တယ်။ ‘အမျိုးသမီး’ လို့ ခပ်ကျယ်ကျယ်ခေါ်ရင်း သူမနဲ့လက်တစ်ကမ်း အကွာလောက်မှာ ကျွန်တော်ရပ်လိုက်ချိန်မှာတော့ သူမ ကျွန်တော့်ဘက်ကို ဖြည်းဖြည်းလေး လှည့်ကြည့်လာပါတယ်။

သူမရဲ့မျက်နှာဟာ စောစောကလို ရင်ခုန်ဖွယ် လှပဆဲဖြစ်ပေမယ့် စောစောတုန်းကလိုတော့ ကြောက်ရွံ့မနေတော့ဘဲ တလေးတနက် တည်ငြိမ်နေတာကို တအံ့တသြ သတိပြုလိုက်မိတယ်။ ပိုပြီးအံ့သြစရာကောင်းတာကတော့ သူမရဲ့မျက်လုံးတွေပါပဲ။

အမျိုးသမီးရဲ့မျက်လုံးတွေဟာ ပစ္စုပ္ပန်အသိနဲ့ ကင်းကွာနေသလို သွေးဆာနေတဲ့ သားရဲတစ်ကောင်လို ကြောက်မက်ဖွယ်ကောင်းလောက်အောင် တဖျပ်ဖျပ် လက်နေကြတယ်။ ကျွန်တော် သူမမျက်လုံးတွေကို စိုးရိမ်တကြီးကြည့်ရင်း. . .

“အမျိုးသမီး မင်းနေကောင်းရဲ့လား”

လို့ လှမ်းမေးလိုက်ပေမယ့် ဘာမှအဖြေပြန်မပေးဘဲ ကျွန်တော့်ကိုသာ စူးလက်စွာ တုံ့ပြန်စိုက်ကြည့်နေခဲ့တယ်။

“မင်းကြည့်ရတာ ပုံမှန်မဟုတ်သလိုဘဲ”

သည်တစ်ခါတော့ ကျွန်တော့်မှတ်ချက်စကားကို သူမထိုင်ရာက ထရပ်ရင်း အဖြေပေးလာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

"လူတစ်ယောက်ကို သတ်ခဲ့တဲ့ မိန်းမတစ်ယောက်ဟာ ဘယ်နှယ့်လုပ်ပြီး ပုံမှန်ဟုတ်နိုင်ပါ့မလဲ"

ဘုရားရေ. . . သူမရဲ့စကားက ဘယ်လိုကြီးပါလိမ့်။

"လူတစ်ယောက်ကို. . . ဟုတ်လား"

ကျွန်တော် တအံ့တဩရေရွတ်လိုက်တော့ ကျွန်တော့် [illegible] နီးကပ်စွာ တိုးရပ်လာတဲ့သူမဟာ ခေါင်းညိတ်ရင်း. . .

"လောလောဆယ်တော့ လူတစ်ယောက်တည်းပါ [illegible] ဒါပေမယ့် တအောင့်ကြာရင်တော့ နှစ်ယောက်ဖြစ် [illegible] ဖြစ်သွားမှာပေါ့"

တအောင့်ကြာရင်တဲ့။

ကျွန်တော် သူမကိုနားမလည်နိုင်စွာ ငေးကြည့် [illegible] နေချိန်မှာပဲ သူမရဲ့ညာလက်ဟာ ကျွန်တော့်ဆီကို ရွေ့လျာ [illegible] လို့လာတယ်။ လက်ခနဲ အရောင်ဖြာသွားမှုကြောင့် သူမ [illegible] လက်ထဲမှာ တစ်စုံတစ်ခုပါလိမ့်မယ်လို့ ကျွန်တော်သတိ [illegible] လိုက်မိပေမယ့် အဲ့ဒီတစ်စုံတစ်ခုဟာ ကျွန်တော့်ရဲ့ ဘယ်ဘက် [illegible] ရင်အုံထဲကို တဆုံးစိုက်ဝင်သွားတဲ့ ပြာလဲ့ချွန်မြနေတဲ့ ဓားမြှောင် တစ်ချောင်းဖြစ်ကြောင်းကိုတော့ ကျွန်တော် အတော်နောက်ကျမှ သိခွင့်ရလိုက်ပါတယ်။

သိပ်လှတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ သိပ်လှတဲ့ ဓားမြှောင် တစ်ချောင်းနဲ့ ထိုးစိုက်လိုက်မှုကြောင့် ကျွန်တော်ဟာ တအောင့်ကြာမှာပဲ တအံ့တဩသေဆုံးသွားပါတော့တယ်။



(၃)

အတော့်ကိုလျှို့ဝှက်သည်းဖိုဆန်ပြီး အတော်လည်း ရင်ခုန်ဖွယ်ကောင်းတဲ့ အဲ့ဒီအိပ်မက်ဟာ ပထမဦးဆုံး စတင်မက်စဉ်အခါမှာပဲ ကျွန်တော့်ကို စိတ်အနှောင့်အယှက် ဖြစ်စွာ တုန်လှုပ်ချောက်ချားစေခဲ့တယ်။ ပိုပြီးတုန်လှုပ်ဖို့ ကောင်းတာတစ်ခုက (အိပ်မက်ထဲမှာ သေဆုံးခဲ့ပေမယ့် အပြင်မှာ တကယ်မသေဆုံးခဲ့တဲ့) ကျွန်တော့်ဆီကို အဲ့ဒီ အိပ်မက်ဟာ ညတိုင်းလိုလိုရောက်ရှိလာတတ်ခြင်းပါပဲ။

ဒါဟာ ဘာသဘောလဲ၊ အိပ်မက်တစ်ခုတည်းကို ညစဉ်မက်ပြီး အိပ်မက်ထဲမှာ ကျွန်တော်ဟာ ညတိုင်းသေဆုံး နေရတာဟာ ဘယ်လိုအဓိပ္ပာယ်ပါလဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီအဖြစ်အပျက်အားလုံးကို သွေးလေချောက်ချားမှုကြောင့်လို့ အမည်တပ်မယ်ဆိုရင်တောင်မှ လူတစ်ယောက်ဟာ ညတိုင်းသွေးလေချောက်ချားမှုကြောင့် အိပ်မက်မမက်နိုင်သလို အိပ်မက်တွေဟာလည်း တစ်ထပ်တည်း မတူညီနိုင်ဘူး။ ဒါပေမယ့် ကျွန်တော့် အိပ်မက်တွေကတော့ အမြဲတမ်း တစ်ထပ်တည်းပါပဲ။

စွတ်စိုဆူညံတဲ့ရာသီဥတု၊ မိုးတွေစိုရွှဲနေတဲ့ အမျိုးသမီးတစ်ယောက်၊ ပြီးတော့ ကြောက်မက်ဖွယ် မျက်လုံးတွေနဲ့ ချွန်မြပြာလဲ့နေတဲ့ ဓားမြောင်တစ်ချောင်း၊ နောက်ဘယ်ဘက်ရင်အုံရဲ့ ဆစ်ခနဲနာကျင်သွားမှုနဲ့အတူ တအံ့တသြ သေဆုံးသွားရတဲ့ ကျွန်တော်။

အရာအားလုံးဟာ ဗီဒီယိုတစ်ခွေကို ပြန်ကြည့်နေရသလို အသေးအဖွဲလေးတွေကအစ လွဲမှားမှုမရှိစွာ တူညီနေခဲ့တယ်။ အိပ်မက်မက်ပုံကစပြီး အိပ်မက်အဆုံး အလန့်တကြား နိုးလာပုံအထိပါပဲ။

ကျွန်တော့်ရဲ့ ညစဉ်အိပ်စက်မှုတွေဟာ အဲ့ဒီအိပ်မက်ရဲ့ တိုက်စားမှုကြောင့် ကယောင်ကတန်း လန့်နိုးခြင်းတွေနဲ့ အဆုံးသတ်မှုများလာတဲ့အခါ ကျွန်တော်ဟာ အဲ့ဒီအိပ်မက် ရွံ့ရှာမုန်းတီးစွာ ကြောက်ရွံ့လာသလို အိပ်မက်ရဲ့ ရည်ရွယ်ချက်ကိုလည်း ပြင်းပြစွာ သိချင်လာတော့တယ်။



ဖရွိုက်ရဲ့ကျမ်း တခြားအိပ်မက်ကျမ်းတွေနဲ့ သုတသန်စာကျမ်းတွေကို လက်လှမ်းမီရာ လိုက်လံဖတ်ရှုခဲ့ပေမယ့် တိကျသေချာတဲ့ အဓိပ္ပာယ်တစ်စုံတစ်ရာကိုတော့ ခိုင်လုံစွာ မရှာဖွေနိုင်ခဲ့ဘူး။ ဒါပေမယ့် စိတ်ဝင်စားစရာကောင်းတဲ့ တွေ့ရှိမှုတစ်ခုကတော့ အိပ်မက်ဆိုတာဟာ စိတ်စွဲလို့ဖြစ်စေ၊ သွေးလေချောက်ချား လို့ဖြစ်စေ မက်တတ်သလို ရှေ့ဖြစ်မယ့် အကြောင်းအရာ တစ်ခုကိုလည်း ကြိုတင်မြင်ယောင်တဲ့ အနေနဲ့ မက်တတ်ပါသတဲ့။ ဘုရားသခင်. . . ဒါဖြင့် ကျွန်တော့်အိပ်မက်ဟာ တကယ်ဖြစ်လာမယ့် အဖြစ်အပျက် တစ်ခုလေများလား။

ကျွန်တော်ဟာ ဗေဒင် ယတြာ ဆိုတာမျိုးတွေကို သိပ်တော့အယုံအကြည်မရှိလှပေမယ့် အဲ့ဒီအိပ်မက်ရဲ့ ခြောက်လှန့်မှုကြောင့် အိပ်မက်မကောင်းလျှင် ပျောက်အောင်လုပ်နည်း ဆိုတာတွေကို အကုန်လျှောက်လုပ်ရတော့တယ်။ ထမင်းတစ်ဆုပ် ရေတစ်မှုတ်ကို သစ်ပုတ်တိုပေါ် သွားတင်တဲ့နည်းကစပြီး ကျွန်တော့်မွေးနေ့ရဲ့ ဂြိုဟ်ရန်နဲ့စတုရန်းကျတဲ့ အင်္ဂါ ဗုဒ္ဓဟူးနံ သစ်သားပြားတွေခင်းပြီး တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်တဲ့နည်းအထိပါပဲ။

ဒါပေမယ့် ညတိုင်းရောက်ရှိလာတတ်တဲ့ အိပ်မက်ကတော့ ဘယ်လိုမှ ပျောက်ကွယ်မသွားခဲ့သလို အိပ်မက်ထဲက အဖြစ်အပျက်တွေကလည်း ဘယ်လိုမှကွဲလွဲမလာခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်လေ အမျိုးသမီးရဲ့ ဓားမြှောင်ထွက်ပေါ်မလာခင် ဒါမှမဟုတ်လည်း ကျွန်တော့်ရင်အုံထဲ စိုက်မဝင်ခင်ပေါ့။ အိပ်မက်ဟာ ပြီးဆုံးသွားသင့်ပေမယ့် အဲဒီအိပ်မက်ရဲ့ အဆုံးသတ်မှုကတော့ အလွန်ပဲတိကျသေချာလွန်းပါတယ်။ ထိတ်လန့်တကြား သေဆုံးသွားပြီး အိပ်ရာက လန့်နိုး လာရတာတွေ များလာတဲ့အခါ ကျွန်တော်ဟာ ညတွေကိုဖြတ်သန်းဖို့ ဒိုင်ယာစီပင်ရဲ့ အကူအညီကို ရယူ ရပါတော့တယ်။ ဒါပေမယ့် ဝမ်းနည်းစရာ ကောင်းတာတစ်ခုက အိပ်ဆေးဆိုတာဟာ အိပ်မပျော်မှုကိုသာ ကုစားနိုင်ပြီး အိပ်မက်မက်မှုကိုတော့ ဘယ်လိုမှ မတားဆီးနိုင်ခြင်းပါပဲ။

ဒီလိုနဲ့ အိပ်မက်နဲ့ကျွန်တော်ဟာ လုံးထွေးရစ်ပတ်ဖြစ်စွာနဲ့ပဲ မိုးရာသီရဲ့ ညတွေထဲကို ချင်းနင်းဝင်ရောက်လို့ လာခဲ့ပါတော့တယ်။

(၄)

အိပ်မက်ထဲကလို စွတ်စိုဆူညံတဲ့ မိုးဦးကျကာလရဲ့ ညတစ်ညမှာတော့ ကျွန်တော်ဟာ 'ကတိမတည်သူများ' လို့အမည်ရတဲ့ စာအုပ်တစ်အုပ်ကို ကြိုးစားပန်းစား ဖတ်ရှုနေခဲ့တယ်။ စာအုပ်ဟာ ပျင်းရိဖွယ်ကောင်းလှသလို





ကျွန်တော့်မျက်လုံးခေတွကလည်း လေးလံထိုင်းမှိုင်းစွာ အိပ်စက်မှုကို အငမ်းမရ တောင်းဆိုနေကြပြီ။

ဒါပေမယ့် ဒီညအဖို့ အိပ်မက်မမက်ရအောင် မအိပ်ဘဲနေမယ်လို့ ဆုံးဖြတ်ထားပြီးဖြစ်တဲ့ ကျွန်တော်ဟာ ပျင်းရိဖွယ် စာအုပ်အထူကြီးထဲမှာ အာရုံစူးစိုက်နိုင်အောင် အတင်းကြိုးစားနေမိတယ်။

"ဂျိန်း၌ ဖောဖောသီသီချမ်းသာသော အရာများမှာ ကတိများသာဖြစ်လေသည်။ တစ်ယောက်ယောက်ကို ကတိတစ်ခုခုပေးဖို့အတွက် ဂျိန်းဘယ်တုန်းကမှ နှမြောတွန့်တိုခြင်းမရှိခဲ့သလို ထိုကတိကို ပြန်ဖျက်ရန် အတွက်လည်း ဘယ်တုန်းကမှ တုံ့ဆိုင်းတွေဝေခြင်းမရှိခဲ့။ သူပေးခဲ့ပြီး သူပြန်လည်ဖျက်ခဲ့သည့် အကြီးကျယ်ဆုံး ကတိတစ်ခုကတော့. . ."

အထက်ပါဝါကျ မပြီးဆုံးခင်မှာဘဲ ခပ်ကျယ်ကျယ် အသံတစ်ခုက ကျွန်တော့်နားထဲကို ဆူညံစွာ ဝင်ရောက်လို့ လာတယ်။ အဲဒီအသံဟာ ပျဉ်ပြားတစ်ခုကိုဖြစ်စေ၊ စားပွဲခုံ တစ်ခုကိုဖြစ်စေ၊ တံခါးတစ်ချပ်ကိုဖြစ်စေ၊ လက်သီးဆုပ်နဲ့ ထုတဲ့အခါ ထွက်ပေါ်လာတတ်တဲ့ အသံမျိုးနဲ့ ခပ်ဆင်ဆင် တူတဲ့ အသံတစ်ခုပါ။ အဲဒီအသံ ထွက်ပေါ်လာရာအရပ်ကို ခန့်မှန်းကြည့်လိုက်တော့ ဘုရားရေ. . . ကျွန်တော့်အိမ်ရှေ့ တံခါးဆီကပါလား။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ယူဆချက်သာ မမှားဘူးဆိုရင် အိမ်တံခါးအပြင်ဘက်မှာ လက်သီးဆုပ်နှစ်ခုကို မညှာမတာ အသုံးပြုနေတဲ့ တစ်စုံတစ်ယောက် ရှိနေလိမ့်မယ်။ ပြီးတော့ အဲ့ဒီတစ်စုံတစ်ယောက်ဟာ "လူမှုရေး" ဆိုတဲ့စကားလုံးနဲ့ "ယဉ်ကျေးမှု" ဆိုတဲ့ စကားလုံးတွေကို မကြားခဲ့ဘူးသူတစ်ယောက်လည်း ဖြစ်နေလိမ့်မယ်။ တကယ်ဆို ဒီအချိန်ဟာ သန်းခေါင်စာရင်းစစ်လေ့စစ်ထရှိတဲ့အချိန်မျိုး မဟုတ်သလို ဧည့်သည်လာသင့်တဲ့အချိန်မျိုးလည်း မဟုတ်ဘူး။

ဒါပေမယ့် တစ်ညလုံးမအိပ်ဘဲနေဖို့ ဆုံးဖြတ်ထားပြီးဖြစ်တဲ့ ကျွန်တော်ဟာ အဲ့ဒီတစ်စုံတစ်ယောက်ကို လက်ခံတွေ့ဆုံဖို့ ချက်ချင်းပဲ ဆုံးဖြတ်လိုက်ပြီး အိမ်ရှေ့တံခါးဆီကို လျှောက်လာခဲ့တယ်။ ကံကြီးပေလို့သာပဲ။

ကျွန်တော်သာ နည်းနည်းလေး နောက်ကျသွားမယ်ဆိုရင် ကျွန်တော့်အိမ်တံခါးဟာ တစ်ခုခုဖြစ်သွားတော့မှာ အသေအချာပါပဲ။ ကျွန်တော် စိတ်တိုတောင်းစွာ ပြီးတော့ အပြင်ဘက်ဧည့်သည်ဟာ ဘယ်သူဘယ်ဝါဖြစ်မလဲဆိုတာကို စိတ်ဝင်စားစွာ အိမ်တံခါးကို မြန်မြန်ဆွဲဖွင့်လိုက်တယ်။ တံခါးပွင့်သွားတယ်ဆိုရင်ပဲ ကျွန်တော့်အိမ်ထဲကို လေတိုက်သလို ဝင်ရောက်လာကြတာက မိုးရေစက်အချို့နဲ့ တစ်ကိုယ်လုံးစိုရွှဲနေတဲ့ အမျိုးသမီးတစ်ယောက်ပါပဲ။

ဘုရားကယ်တော်မူပါ။



ဒီအမျိုးသမီးဟာ ကျွန်တော့်အိမ်မက်ထဲက အမျိုးသမီးပါပဲလား။

ကျွန်တော်ငေးကြောင် မှင်သက်စွာ အံ့သြနေမိတယ်။ အမျိုးသမီးက ကျွန်တော်မေ့လျော့နေမိတဲ့ တံခါးပြန်ပိတ်ဖို့ကိစ္စကို ကျွန်တော့်ကိုယ်စား ဆောင်ရွက်လိုက်ရင်း ကျွန်တော့်ကို အားကိုးတကြီး မော့ကြည့်တယ်။ ပြီးတော့ ကမန်းကတန်း ကတုန်ကယင်အသံနဲ့. . .

"ကျွန်. . ကျွန်မကို တစ်ခုလောက်ကူညီပါရှင်. . .၊ ကျွန်မရှင့်အခန်းထဲမှာ ခဏလောက်ပုန်းနေပါရစေ၊ ကျွန်မနောက်ကို လူသတ်သမားတစ်ယောက် လိုက်နေလို့ပါ"

အင်း. . . ဒါကလည်း အိမ်မက်ထဲကအတိုင်းပါပဲလား။

ကျွန်တော် သူမကိုအထိတ်တလန့် ငေးကြည့်နေချိန်မှာပဲ သူမက သူမနောက်ကိုလိုက်နေသူဟာ စိတ်ဖောက်ပြန်နေသူ ဖြစ်ကြောင်းနဲ့ စောစောလေးကပဲ လူတစ်ယောက်ကို သူမရှေ့တင် ဓားနဲ့ထိုးသတ်ခဲ့ကြောင်း ကျွန်တော့် အိပ်မက်ထဲကအတိုင်း ဆက်ပြောလာပါတယ်၊ ကျွန်တော်သာ သူမနဲ့ပတ်သက်တဲ့ အိပ်မက်တစ်ခုကို ကြိုတင်မြင်မက်မထားခဲ့ရင် သူမရဲ့စကားတွေကို ယုံကြည်မိလိုက်မှာ အမှန်ပါပဲ။

ကျွန်တော် အမျိုးသမီးရဲ့လက်ထဲကို လှမ်းကြည့်လိုက်တော့ အိပ်မက်ထဲကလို ပြာလဲ့ချွန်မြနေတဲ့ ဓားမြှောင်တစ်ချောင်းကို မတွေ့ရပေမယ့် အဲ့လိုဓားမြှောင်မျိုး

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်း ဝင်ဆံ့နိုင်တဲ့ မိန်းမကိုင် ပိုက်ဆံအိတ် တစ်ခု ကိုတော့ တွေ့လိုက်ရတယ်။

"တဆိတ်ရှင်. . . ကျေးဇူးပြုပြီးတော့. . ."

အိပ်မက်ထဲကအတိုင်း တွေ့ကြုံနေရမှုကြောင့် ငေးကြောင်နေမိတဲ့ ကျွန်တော့်ကို အမျိုးသမီးက အကူအညီ အကာအကွယ်ပေးဖို့ စကားစ လာပြန်တယ်. . .။ ကျွန်တော် အိပ်ခန်းရှိရာဘက်ကို ကမန်းကတန်း လက်ညှိုးညွှန် လိုက်ရင်း. . .

"ဟို. . . အိပ်ခန်းထဲမှာ သွားပုန်းနေလိုက်ပါ"

ကျွန်တော့်စကားဆုံးတယ်ဆိုရင်ပဲ အမျိုးသမီးဟာ အိပ်ခန်းရှိရာဘက်ကို ထိတ်လန့်တကြား အမူအရာနဲ့ ကသုတ်ကရက် ထွက်သွားတော့တယ်။ သူမ အိပ်ခန်းထဲ ဝင်သွားကြောင်း သေချာသွားတဲ့ အချိန်မှာတော့ ကျွန်တော် အိပ်ခန်းတံခါးဝဆီကို ခြေသံလုံလုံနဲ့ လျှောက်လာပြီး အခန်းတံခါးကို အပြင်ကနေ သော့ခတ်လိုက်တယ်၊ အဲဒီ နောက်တော့ အံ့သြတုန်လှုပ်မှု၊ ရေစိုနေတဲ့ အမျိုးသမီးအလှရဲ့ ဆွဲဆောင်မှုတွေကြောင့် တလှပ်လှပ် ဖိုလှိုက်နေတဲ့ ရင်အစုံကို တည်ငြိမ်အောင်ထိန်းရင်း ဒုတိယအကြိမ်မြောက် ထပ်မံ ထွက်ပေါ်လာဦးမယ့် တံခါးခေါက်သံကို စီးကရက်သောက်ရင်း စောင့်ဆိုင်းနေလိုက်တော့တယ်။

(၅)

ကျွန်တော်မျှော်လင့်နေတဲ့ တံခါးခေါက်သံဟာ. . . စီးကရက် တစ်ဝက်မကျိုးခင်မှာပဲ ထွက်ပေါ်လို့လာပါတယ်။ ကျွန်တော် တံခါးသွားဖွင့်ပေးလိုက်တော့ အချိန်မတော် တံခါးလာခေါက်ရတဲ့အတွက် အားနာနေပုံရတဲ့ လူတစ်ယောက် ဟာ ကျွန်တော့်ကို မရဲတရဲကြည့်ရင်း 'အမျိုးသမီး' တစ်ယောက်များ တွေ့လိုက်မိပါသလားလို့ မေးလာတယ်၊ ပြီးတော့. . . အဲဒီအမျိုးသမီးဟာ စိတ်ဖောက်ပြန်နေတဲ့ သူ့ဇနီးဖြစ်ကြောင်းနဲ့ လူတစ်ယောက်ကို သတ်သွားခဲ့ကြောင်း (ကျွန်တော့် အိပ်မက်ထဲကအတိုင်း) ပြောလာပါတယ်။ ကျွန်တော် သူ့ကို ခေါင်းညိတ်ပြလိုက်ရင်း. . .

www.burmeseclassic.com

www.burmeseclassic.com

"လာ. . . ကျွန်တော့်နောက်လိုက်ခဲ့"

အဲဒီနောက်တော့ စိတ္တဇလူသတ်သမား အမျိုးသမီး ပုန်းခိုနေရာ အိပ်ခန်းဆီကို ကျွန်တော်တို့နှစ်ယောက် လျှောက်လာခဲ့ကြတယ်။ အိပ်ခန်းသော့ကိုဖွင့်ပြီး ဝင်လိုက်တယ် ဆိုလျှင်ပဲ ခုတင်ပေါ်မှာ ကျောခိုင်းအနေအထားနဲ့ ထိုင်နေတဲ့ အမျိုးသမီးဟာ ကျွန်တော်တို့နှစ်ယောက်ကို ဖျတ်ခနဲ လှမ်းကြည့်တယ်။ ကျွန်တော့်ဘေးက သူ့ခင်ပွန်းကို တွေ့လိုက် ချိန်မှာတော့ အမျိုးသမီးရဲ့မျက်နှာဟာ အံ့ဩထိတ်လန့်မှုတွေနဲ့ သိသာစွာပျက်ယွင်းသွားတဲ့အပြင် ကျွန်တော်တို့နှစ်ယောက် ကြားက ဖြတ်သန်းပြီး အိပ်ခန်း အပြင်ဘက်ကို ထွက်ပြေးနိုင်ဖို့ အတွက်လည်း စတင်ကြိုးစားတော့တယ်။

ဒါပေမယ့် ဖြစ်နိုင်ချေတွေကို ကြိုတင်တွက်ထားပြီး ဖြစ်တဲ့ ကျွန်တော်ဟာ အိပ်ခန်းတံခါးကို သော့ခလောက်နဲ့ အချိန်မီခတ်ထားနိုင်တဲ့အတွက်• အမျိုးသမီးရဲ့ကြိုးစားမှုဟာ အချည်းအနှီးဖြစ်သွားရရှာပါတယ်။ အဖော်အမျိုးသားက ကျွန်တော့်ကိုလှည့်ကြည့်ရင်း သူ့ကိုဖမ်းချုပ်ဖို့ နှောင်ကြိုးပါ အကူအညီပေးပါလို့. . . ပြောလာတယ်။

သော့ပိတ်ထားတဲ့ အခန်းတစ်ခန်းထဲက အမျိုးသမီး တစ်ယောက်ကို ဖမ်းချုပ်ရတဲ့ကိစ္စဟာ သိပ်မခက်လှပေမယ့် အဲဒီအမျိုးသမီးရဲ့ ရုန်းကန်နေမှုကို တည်ငြိမ်အောင် ကြိုးစားရတဲ့ကိစ္စကတော့ အပော့်ကိုလက်ဝင်လှပါတယ်။



ကြောက်လန့်တကြား ရုန်းကန်လှုပ်ရှားနေတဲ့. . . အမျိုးသမီးရယ်၊ ကျွန်တော်တို့ရယ်၊ သုံးယောက်သား ထွေးလုံးရစ်ပတ် ဖြစ်နေချိန်မှာပဲ အိပ်မက်ထဲက ကျွန်တော့် ရင်အုံကို စိုက်ဝင်ခဲ့ဖူးတဲ့ ပြာလဲ့ချွန်မြနေတဲ့ ဓားမြှောင်ဟာ က်လှည့်ပြလိုက်သလို လက်ခနဲထွက်ပေါ်လာပြီး တစ်စုံ တစ်ယောက်ရဲ့ ရင်အုံထဲကို အရှိန်နဲ့ပြေးဝင် သွားပါ တော့တယ်။ ဝမ်းနည်းဖွယ်ကောင်းလှတဲ့ အဲဒီအဖြစ်အပျက် ဟာ ကျွန်တော်တစ်စုံတစ်ရာ မတားဆီးနိုင်ခင်မှာပဲ ဆိုးရွား လျင်မြန်စွာ ဖြစ်ပျက်လာခဲ့တာပါ။

စိတ္တဇဝေဒနာရှင် အမျိုးသမီးဟာ ကျွန်တော့် ရှေ့မှာတင် လူတစ်ယောက်ကို ထပ်မံသတ်ဖြတ်လိုက်ပြန်ပါပြီ။

အမျိုးသမီးရဲ့ဓားမြှောင်ကြောင့် သွေးတွေစိုရွှဲနေတဲ့ အဖော်အမျိုးသားရဲ့ ရင်အုံကို ကျွန်တော်စိတ်မကောင်းစွာ လှမ်းကြည့်လိုက်မိတယ်။

အဲဒီအချိန်ကျမှ အဖြစ်အပျက်တွေဟာ ကျွန်တော် မျှော်လင့်ထားတာနဲ့ ဆန့်ကျင်စွာ ဖြစ်ပျက်ပြီးစီးနေကြောင်း အံ့တဩသတိပြုလိုက်မိတော့တယ်။ ဓားထိုးခံလိုက်ရသူဟာ ကျွန်တော်ထင်သလို အမျိုးသမီးရဲ့ခင်ပွန်းမဟုတ်ဘဲ သူမ ကိုယ်တိုင်ဖြစ်နေခြင်းပါပဲ၊ အံ့ဩတုန်လှုပ်စွာ နားမလည်နိုင်စွာ အဖော်အမျိုးသားဘက်ကို ကျွန်တော် လှည့်ကြည့်လိုက်တော့။
www.burmeseclassic.com

www.burmeseclassic.com

ဘုရားရေ. . . အိပ်မက်ထဲမှာ ကျွန်တော်တွေ့ခဲ့ရတဲ့ မျက်လုံးအစုံဟာ ဒီလူ့ဆီမှာပါလား၊ သွေးဆာနေတဲ့ သားရဲ တစ်ကောင်လို ပစ္စုပ္ပန်အသိကင်းကွာနေတဲ့ စိတ်ဖောက် ပြန်နေသူတစ်ယောက်လို အဲ့ဒီလူရဲ့ မျက်လုံးတွေဟာ ကြောက်မက်ဖွယ်ရာ တဖျပ်ဖျပ်လက်နေကြတယ်။ ကျွန်တော် အံ့ဩမှင်သက်စွာ ငေးကြောင်နေချိန်မှာပဲ အဲ့ဒီလူရဲ့ ညာလက်ဟာ ကျွန်တော့်ဘယ်ဘက်ရင်အုံဆီကို ရွေ့လျား လာပါတော့တယ်။

အဲ့ဒီနောက်တော့. . . .

သိပ်လှတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ သွေးတွေ ပေကျံနေတဲ့ သိပ်လှတဲ့ ဓားမြှောင်တစ်ချောင်းရဲ့ ထိုးစိုက် လိုက်မှုကြောင့် တအောင့်အကြာမှာပဲ ကျွန်တော်ဟာ တအံ့တဩ သေဆုံးသွားရပါတော့တယ်။

ကျွန်တော်မသေခင် တွေးလိုက်မိတာတစ်ခုကတော့ ခုအဖြစ်အပျက်တွေအားလုံးဟာ အိပ်မက်တစ်ခု ဖြစ်နိုင်တယ် ဆိုတာပါပဲ။

* * * * * * * * * * *

# ခါစ (၃)

"လာသင့်ပြီ နေနန်းနွယ်. . .။
ဘာပဲဖြစ်ဖြစ် ခုလိုညမျိုးမှာတော့
မင်း. . ရောက်လာသင့်ပြီ"

www.burmeseclassic.com

www.burmeseclassic.com

# နေ
# နှင်း
# နှယ်
# ရဲ့
# ည

(၁)

ပြဿနာ၏အစကတော့
ရေကျသံပဲဖြစ်လေသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

(၁)

ထိုအသံကို တင်ဌေးအောင် စတင်သတိထားမိသည်မှာ သိပ်မကြာသေး။

မှတ်မှတ်ရရ သူရင်ဆိုင်ရတော့မည့် စာမေးပွဲရက်ရှည် ကာလကြီးမတိုင်ခင် ရက်အနည်းငယ်အလိုကဖြစ်သည်။ ထိုနေ့က အတော်ညဉ့်နက်သည်အထိ သူစာကျက်နေခဲ့သည်။ ရှည်လျားသော၊ ကွေ့ကောက်ရှုပ်ထွေးသော စကားလုံးများ၊ ဘာသာရပ်ဆိုင်ရာ အခေါ်အဝေါ်များနှင့် သူထွေးလုံးရစ်ပတ်ဖြစ်နေစဉ်မှာပင် ထိုအသံကို သူစတင်သတိထားမိခြင်း ဖြစ်သည်။





အသံက သိပ်အတိုးကြီးမဟုတ်သလို သိပ်အကျယ်ကြီးလည်းမဟုတ်။ အစကတော့ ထိုအသံကို ဘာသံဟု ရေရေရာရာ သူ မခွဲခြားတတ်ခဲ့။ စည်းချက်ညီစွာ ထွက်ပေါ်နေသော ထိုအသံကို သာမန်အသံတစ်ခုအဖြစ်သာ သဘောထားလျက် သူစာကို ဆက်ကျက်နေလိုက်သည်။ သို့သော် စာတစ်ပုဒ် မဆုံးခင်မှာပင် ထိုအသံသည် ဘာသံဖြစ်ကြောင်း သူကောင်းစွာ သတိထားလိုက်မိတော့သည်။ ပျော့ပျောင်း ညင်သာစွာ အဆက်မပြတ်ထွက်ပေါ်နေသော ထိုအသံမှာ ရေမြောင်းအနီး၌ ကြားရလေ့ရှိသော အသံမျိုးဖြစ်သည်။

သေချာတယ်၊ ဒါဟာ ရေကျသံအစစ်ပဲ။

ကျက်လက်စ စာအုပ်ကို ဘေးသို့ချရင်း ထိုအသံကို အာရုံစူးစိုက်ကာ နားထောင်နေမိသည်။ ရေကျသံမှာ ပြင်ညီတစ်ခုပေါ်သို့ ရေလောင်းချသောအခါ ကြားရလေ့ရှိသော တဖြန်းဖြန်း ရေကျသံမျိုးမဟုတ်။ ရေရှိနေသော ရေအိုင် သို့မဟုတ် ရေမြောင်းအတွင်းသို့ ရေစီးကြောင်း အသေးစားတစ်ခု စီးဆင်းပြိုကျသည့်အသံမျိုးဖြစ်သည်။ တစ်နည်းအားဖြင့် အလွန်သေးငယ်သော ရေတံခွန်လေး တစ်ခုမှ ထွက်ပေါ်လာ သည့်ရေကျသံမျိုးဖြစ်သည်။

ထိုရေကျသံ၏ ဆွဲဆောင်မှုက တင်ဌေးအောင်၏ စာကျက်ခြင်းကိစ္စကို ရပ်ဆိုင်းသွားစေခဲ့တော့သည်။ ဒီအသံ ဘယ်ကလာတာလဲ၊ ထိုမေးခွန်းသည် ထိုရေကျသံကြောင့်



www.burmeseclassic.com

www.burmeseclassic.com

သူ၏ဦးခေါင်းအတွင်းသို့ ထိုးခွဲဝင်ရောက်လာကြသော မေးခွန်းများစွာအနက်မှ ပထမဦးဆုံး ဝင်ရောက်လာသည့် မေးခွန်းပင်ဖြစ်လေသည်။

သူ ထိုင်ရာမှထရပ်ရင်း ရေကျသံထွက်ပေါ်ရာအရပ်ကို လိုက်လံရှာဖွေလေတော့သည်။ ထိုရေကျသံသည် သူနေထိုင်ရာ အခန်းကျဉ်းလေး၏ အနီးပတ်ဝန်းကျင် တစ်နေရာမှ ထွက်ပေါ်နေခြင်းဖြစ်သည်။ သူ၏အခန်းကျဉ်း လေးမှာ မိသားစုပိုင် အိမ်မကြီးနှင့် ဝေးကွာရာ ခြံထောင့်၌ ဆောက်လုပ်ထားသည့် ကားဂိုဒေါင်နှင့်တစ်ဆက်တည်း အခန်းကျဉ်လေးဖြစ်သည်။

အခန်းဟံခါးကိုဆွဲဖွင့်၍ သူသည် အခန်း (ကားဂိုဒေါင်) ၏ အပြင်ဘက်သို့ ထွက်လိုက်သည်။ ထို့နောက် မဟူရာရင့်ရောင် အမှောင်ထုအတွင်းသို့ တိုးဝင်ရင်း ရေကျသံထွက်ပေါ်ရာအရပ်ကို လိုက်လံရှာဖွေလေတော့သည်။ မိုးရာသီဖြစ်သော်လည်း မိုးမရွာသော ညတစ်ည၏ သန်းခေါင်ယံအချိန်၌ ထွက်ပေါ်နေသော ရေကျသံနှင့် ထိုရေကျသံအားလိုက်လံရှာဖွေနေသော လူတစ်ယောက် တို့ကို ဆုံစည်းမိစေသော နေရာကတော့ သူ၏အိပ်ခန်း ပြတင်းပေါက်နှင့် တည့်တည့် ခြံစည်းရိုးအစပ်၌ဖြစ်လေသည်။ ထိုနေရာအရောက် ကြိုတင်ပြင်ဆင်ထားခြင်းမရှိပါဘဲ သူတစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ တဖြန်းဖြန်း ထသွားတော့သည်။



ဟင့်အင်း. . . မဖြစ်နိုင်ဘူး။ ဒီနေရာတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ မယုံကြည်နိုင်စွာ ခေါင်းခါယမ်းရင်း ရေကျသံထွက်ပေါ်ရာ မြေပြင်ကို စူးစိုက်ကြည့်လိုက်မိသည်။ ထိုမြေပြင်၌ ရေနှင့်တူသောအရာဟူ၍ ဘာမျှမရှိ။ သို့သော် သူ၏နား၌ ကြားနေရသော ရေတံခွန်အသေးစားလေး၏ အသံမှာ ထိုနေရာမှပင် ထွက်ပေါ်နေခြင်းဖြစ်သည်။ မယုံကြည်နိုင်စွာ အံ့ဩမှင်သက်စွာ မြေပြင်ပေါ်သို့ ဒူးထောက်ထိုင်ချလိုက်မိသည်၊ သည်မှာပင် ရေကျသံနှင့် သူပက်ပင်းတိုးလေတော့သည်။

သူ၏နားတွင်းသို့ တိုးသက်ညင်သာစွာ အဆက်မပြတ်စီးဝင်နေသော ထိုရေကျသံသည် သူထိုင်ချသောနေရာနှင့် တည့်တည့် ဟိုးမြေကြီးအောက်မှ ထွက်ပေါ်နေခြင်းပဲဖြစ်လေသည်။

(၂)

ထိုညမှစတင်၍ သူ၏အိပ်စက်ခြင်းများနှင့် စာကျက်ချိန် အတော်များများကို ထိုရေကျသံက တစ်စစီကိုက်ဖဲ့ခြေဖျက်လေတော့သည်။ တိုးသက်ပျော့ပျောင်းသော်လည်း ညဥ့်နက်ပြီဆိုသည်နှင့် မှန်မှန်ကြီး ထွက်ပေါ်လာတတ်သော

www.burmeseclassic.com

www.burmeseclassic.com

ထိုရေကျသံက သူ့အား ညစဉ်ဆိုသလို ဒုက္ခပေးတော့သည်။ သူ၏ဦးခေါင်းအတွင်း၌ (ဗားတိုင်ပင် ဒိုင်ယာဂရမ်များ၊ ဆပ်စ်ပင်းရှင်း စစ္စတမ်များ၊ အင်ဂျင်နီယာဒီဇိုင်းများအစား) ထိုရေကျသံသာ စီးဝင်နေရာယူတော့သည်။

ရပ်လိုက်စမ်းပါ။ ကျေးဇူးပြုပြီး အဲဒီအသံကို ရပ်လိုက်ကြစမ်းပါ။

သို့သော် ထိုရေကျသံကတော့ ညစဉ် မှန်မှန်ကြီး ထွက်ပေါ်လာမြဲဖြစ်သည်။ ကြာတော့ သူသည်းမခံနိုင်တော့၊ သူ၏အိမ်သားများအား သူ့အိပ်ခန်းပြတင်းပေါက်ဘက်မှ ရေကျသံတစ်ခုကို ကြားနေရကြောင်း ပြောပြလိုက်တော့သည်။ ထိုရေကျသံနှင့်ပတ်သက်သည့် အိမ်သားများ၏ တုံ့ပြန်မှုကတော့ တစ်ယောက်တစ်မျိုးဖြစ်သည်။

တချို့က 'မဖြစ်နိုင်ပါဘူး' ဟုပြော၍ တချို့က အဲဒီအောက်မှာ ရေပိုက်လိုင်းတစ်ခုရှိရဲ့မယ်၊ အဲ့ဒီရေပိုက်လိုင်းက အဲဒီနေရာအရောက်မှာ ပေါက်နေလိမ့်မယ်. . .၊ ဒါကြောင့် အဲ့ဒီရေကျသံ ထွက်လာတာဖြစ်ရမယ်' ဟု ဆိုသည်။ တချို့ကတော့ မိုးတွင်းမို့လို့ ရေတွေကြောင့် မြေအောက်ရေစီးကြောင်းတစ်ခုဖြစ်လာပြီး အဲဒီရေစီးကြောင်းဟာ အဲ့ဒီနေရာအောက်က ဖြတ်သန်းသွားတာဖြစ်ရမယ်' ဟု သုံးသပ်လေသည်။





ထိုသုံးသပ်ချက်မှာ လက်ခံနိုင်လောက်အောင် ဖြစ်နိုင်ချေ များသော သုံးသပ်ချက်ပဲဖြစ်သည်။ ထိုသုံးသပ်ချက်ကြောင့် ရေကျသံ၏ ဆွဲဆောင်မှုမှာ အတော်အသင့်လျော့ပါးသွားရတော့သည်။ သို့သော်. . . ထိုလျော့ပါးသွားခြင်းမှာ ကြာကြာမခံခဲ့။ ရက်အနည်းငယ်အတွင်းမှာပင် ထိုရေကျသံအား ပြန်လည်စိတ်ဝင်တစားဖြစ်ရမည့် ကိစ္စတစ်ခု ပေါ်ပေါက်လာခဲ့သည်၊ ထိုကိစ္စကို. . . ဖြစ်ပွားစေသူကတော့ သူတို့အိမ်သို့ အလည်အပတ်ရောက်ရှိလာသော သူတို့အိမ်၏ ယခင်ပိုင်ရှင်ဟောင်းပဲဖြစ်လေသည်။

ထိုပိုင်ရှင်ဟောင်းအား ခြံထောင့်မှ ရေကျသံတစ်ခု ကြားရကြောင်း ပြောပြလိုက်မိသည်။ ပိုင်ရှင်ဟောင်းက ကြားဖူးနေကျစကားကို ကြားလိုက်ရသည့်ပမာ ဘာမှ မထူးဆန်းသည့်ဟန်မျိုးဖြင့် ခေါင်းတစ်ချက်ညိတ်သည်။ ထို့နောက် အတော်အသင့်ရှင်းနေသည့် အရာမှန်သမျှကို ရှုပ်ထွေးသွားစေမည့်စကားတစ်ခွန်းကို ရေရွတ်လေသည်။ ထိုသူ ရေရွတ်လိုက်သည့်စကားကတော့ "မေတ္တာပို့ပါ" ဟူသည့် စကားပဲဖြစ်သည်။

မေတ္တာပို့ပါတဲ့။ ထိုစကား၏နောက်ကွယ်၌ လျှို့ဝှက်နက်နဲမှုများစွာရှိကြောင်း သူအပါအဝင် အိမ်သားအားလုံးသဘောပေါက်လိုက်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



ဘာကို မေ့တ္တာပို့ရမှာလဲ၊ ဘာအတွက် မေတ္တာပို့ရမှာလဲ၊ တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြသော မေးခွန်းများကို ပိုင်ရှင်ဟောင်းက အပြုံးဖြင့်တုံ့ပြန်ရင်း တစ်လုံးချင်း ပြောပြသည်။ ထိုသူပြောပြသည်မှာ ယခု. . . ရေကျသံ ကြားနေရသောနေရာ (သူ၏အိပ်ခန်းပြတင်းပေါက် အပြင်ဘက် ခြံစည်းရိုးအစပ်၌) ယခင်က ရေတွင်းပျက်ကြီး တစ်ခုရှိပြီး ထိုရေတွင်းပျက်မှာ မြေကြီးများဖုံးလွှမ်းမှုကြောင့် ပျောက်ကွယ်သွားခြင်းဖြစ်ကြောင်း၊ ထိုရေတွင်းပျက်မှာ သာမန်ရေတွင်းပျက်မဟုတ်ဘဲ သိုက်တစ်ခုဖြစ်ကြောင်း၊ ထိုသိုက်ကိုစောင့်သော ဥစ္စာစောင့်မှာ နေနန်းနွယ်ဆိုသည့် မင်းသမီးတစ်ပါးဖြစ်ပြီး သူမမှာ အလွန်ချောမောလှကြောင်း၊ ထို့အပြင် ယခုကြားရသော ရေကျသံမှာ နေနန်းနွယ်က တမင်ဖန်တီးသည့်အသံဖြစ်ပြီး သူ့အလိုလိုပင် ပျောက်ကွယ်သွားတတ်ကြောင်း၊ ၎င်းတို့ နေစဉ်အခါကလည်း ယခုလိုပင် တစ်ခါတစ်ရံ၌ ရေကျသံများ ကြားရတတ်ကြောင်း စသည်တို့ ဖြစ်သည်။

အလွန်စိတ်ဝင်စားဖွယ်ကောင်း၍ အလွန်လည်း ရင်ခုန်ဖွယ်ကောင်းသောအကြောင်းအရာများပဲဖြစ်သည်။ ထိုအကြောင်းအရာများကြောင့် သူရင်ဆိုင်နေရသောအရာမှာ သာမန်ရေကျသံတစ်ခု မဟုတ်ဘဲ အလွန်ချောသည့် ဥစ္စာစောင့်မတစ်ယောက်ဖြစ်ကြောင်း နားလည်လိုက်မိသည်။





ယင်းနားလည်မှုကပင် သူ့အား ဒုက္ခရောက်စေခဲ့ခြင်း ဖြစ်လေသည်။ အကြောင်းကတော့. . . သူတို့အိမ်၏ ယခင်ပိုင်ရှင်ဟောင်း လာလည်သွားသည့်နေ့မှစ၍ အချိန်ရှိတိုင်း နေနန်းနွယ်ဟူသော ဥစ္စာစောင့်မလေး၏ အကြောင်းကိုသာ သူတွေးနေမိတော့သည်။

နေနန်းနွယ်တဲ့၊ သူမဟာ သိပ်ကိုလှသတဲ့၊ ဘယ်လိုလှတာလဲ၊ ပြီးတော့ ဘယ်လောက်လှတာလဲ။

ထိုအတွေးသည် သူ၏ဦးခေါင်းအတွင်းသို့ မကြာခဏ ဝင်ရောက်လာတတ်သော အတွေးဖြစ်သလို၊ သူ၏ စာကျက်ချိန် များကို တစ်စစီ ခွဲဖြဲပစ်သော အတွေးလည်း ဖြစ်လေသည်။ ထိုအတွေးကို သူနည်းမျိုးစုံဖြင့် ကြိုးစား မေ့ဖျောက်ပစ်ခဲ့သည်။ သို့သော်. . . သူမည်မျှပင် ကြိုးစား ကြိုးစား ထိုအတွေးက သူ့အား မကြာခဏဆိုသလိုပင် အနိုင်ရသွားတတ်မြဲဖြစ်သည်။ တစ်ခါတစ်ရံ ရေကျသံကို နားထောင်ရင်း နေနန်းနွယ်၏ ပုံသဏ္ဌာန်ကို စိတ်ကူးဖြင့် ပုံဖော်နေမိလေသည်။

သည်လိုနှင့်ပင် သူဖြတ်သန်းရမည့် စာမေးပွဲရက်များက တိုးဝင်ရောက်ရှိလာခဲ့တော့သည်။ စာမေးပွဲစဖြေသည့် ပထမဆုံးနေ့မှာပင် နေနန်းနွယ်သည် သူ့ကိုလွှမ်းမိုး အနိုင်ရနေကြောင်း သူသဘောပေါက်လိုက်တော့သည်။ ထိုနေ့က စာမေးပွဲခန်းအတွင်း ရေကျသံတသွင်သွင်ကိုသာ



www.burmeseclassic.com

www.burmeseclassic.com

သူကြားယောင်နေမိသည်။ ပို၍ဆိုးသည်က ဂဏန်းတွက်စက် မှန်ချပ်ပေါ်မှာ၊ အဖြေလွှာပေါ်မှာ၊ စာမေးပွဲမေးခွန်းလွှာ ပေါ်မှာ စိတ်ကူးဖြင့် မြင်ယောင်နေမိသော နေနန်းနွယ်၏ ပုံရိပ်က မကြာခဏပေါ်ပေါက်နေခြင်းပဲဖြစ်သည်။ သူ စိတ်ရှုပ်ထွေးစွာ ခေါင်းကိုခါယမ်းလိုက်မိသည်။

ခက်လိုက်တာ၊ ကျေးဇူးပြုပြီး ခဏလောက် ထွက်သွား စမ်းပါ၊ ပြီးတော့ မင်းရဲ့ရေကျသံတွေကို ရပ်ပစ်လိုက်စမ်းပါ။

သို့သော်. . နေနန်းနွယ်နှင့် ရေကျသံကတော့ သူ့အား တိုက်စား သယ်ဆောင်သွားမြဲဖြစ်လေသည်။ သည်လိုနှင့်ပင် စာမေးပွဲကာလ၏ အစပိုင်းရက် အတော် များများကို သူရယ်၊ နေနန်းနွယ်ရယ်၊ ရေကျသံရယ်. . . ထွေးလုံးရစ်ပတ်လျက် ကယောင်ချောက်ချား နိုင်လှစွာ ဖြတ်ကျော်ခဲ့ရသည်။

နေနန်းနွယ်ရယ်. . . မင်း ကိုယ့်ကို မနှောင့်ယှက် စမ်းပါနဲ့၊ ပြီးတော့. . မနှိပ်စက်စမ်းပါနဲ့။

သူ မည်သို့ပင် တောင်းပန်တောင်းပန် နေနန်းနွယ် ကတော့ သူ့အား ပူးကပ်အနိုင်ယူဆဲဖြစ်သည်။ (ဒရောရင်း) Drawing နေ့ခေါ် ပုံဆွဲရမည့်နေ့ကတော့ သူ့အား နေနန်းနွယ် အနှောင့်ယှက်ဆုံးနေ့ပဲ ဖြစ်သည်။ ထိုနေ့က (ဒရောရင်းပေပါ) ပေါ်ရှိ (ဖရွန့်ဗျူး၊ ဆိုဒ်ဗျူး) နေရာများ၌ နေနန်းနွယ်၏ ပုံများကိုသာ ယောင်မှားရေးခြစ်နေမိတော့သည်။



(၃)

စာမေးပွဲပြီးဆုံးကာနီး ၃-ရက်လောက် အလိုမှာတော့ ရင်ဘတ်မွှေး လက်မွှေးထူထူနှင့် ဘောင်းဘီဝတ်ပုဂ္ဂိုလ်ထံသို့ သူရောက်သွားရတော့သည်။

ဆရာဝန်က သူ့အားဦးနှောက်ကြည်ဆေးများ. . . ဖောဖောသီသီပေးသည်။ ဘာမှမတွေးနဲ့၊ ဘာကိုမှ. . (ဝါရီ) မဖြစ်နဲ့။ အိပ်ရေးဝဝအိပ်၊ ခေါင်းကိုကြည်ကြည်ထား။ စာမေးပွဲဆိုတာ သူ့အလိုလို (အိုကေ) သွားလိမ့်မယ် ဟုတ်ပြီလား။

ဟင့်အင်း ဆရာ၊ ဒီကိစ္စဟာ ကျွန်တော်နဲ့ နေနန်းနွယ်နဲ့ ပဲ သက်ဆိုင်တာ။ သူနဲ့ကျွန်တော်တွေ့ရရင် အားလုံး အဆင်ပြေသွားမှာ။





www.burmeseclassic.com

www.burmeseclassic.com

စာကိုညဥ့်နက်တဲ့အထိ မကျက်နဲ့။ ဖြစ်နိုင်ရင် လုံးဝမကျက်နဲ့တော့။ ခင်ဗျားက (ဘရိုက်) ဖြစ်ပြီးသားပဲ။ အရင်ကလည်း အများကြီးကျက်ထားတဲ့ဥစ္စာ။ ဖြေနိုင်မှာပါ။

နေနန်းနွယ်က ဆရာရယ်. . .၊ အဲဒီ. . . ရေကျသံတွေကို. . .။

ကျွန်တော်ပေးတဲ့ဆေးတွေကို မှန်မှန်သောက်ရမယ်နော်၊ ကဲ. . . ဆေးထိုးလိုက်ရအောင်။

နေနန်းနွယ်ရယ်၊ မင်းကိုယ့်ကိုမနှောင့်ယှက်စမ်းပါနဲ့၊ ဖြစ်နိုင်ရင် မင်း ကိုယ်နဲ့လာတွေ့စမ်းပါ။ ကိုယ်. . . မင်းနဲ့တွေ့ချင်တယ်။

ထိုနေ့ည သန်းခေါင်ယံအချိန်မှာတော့ သူ ထိုစကားများကိုသာ ထပ်ခါတလဲလဲ ရေရွတ်နေမိတော့သည်။ သူ၏အိမ်သားများက အစပိုင်းတွင် သူနှင့်အတူတူ လာအိပ်မည်ဟု ဆိုကြသည်။ သို့သော်. . သူကတော့. . . အကြောက်အကန်ငြင်းခဲ့သည်။ ထိုအခါ. . . သူ့အား ကားဂိုဒေါင် အခန်းကျဉ်းလေးထဲ၌ မအိပ်ဘဲ အိမ်မကြီး၌ လာအိပ်ရန်ပြောကြပြန်သည်။ မဖြစ်ပါဘူး၊ အိပ်ရာပြောင်းရင် အိပ်လို့ရမှာမဟုတ်ဘူး၊ ကျွန်တော် ဒီမှာပဲအိပ်မယ်၊ မင်း စာတွေကျက်နေရင်၊ ဟင့်အင်း. . . မကျက်ဘူး ခုပဲအိပ်တော့မှာ။

နောက်ဆုံးတော့ သူ၏အိမ်သားများက သူ့အား လက်လျှော့သွားကြတော့သည်။ သူကတော့ အိမ်သားများ



အိပ်လောက်ပြီဆိုသည်နှင့် အိပ်ရာထဲမှထ၍ အိပ်ခန်းပြတင်းဆီသို့ လျှောက်လာခဲ့သည်။ ထို့နောက်. . . ရေကျသံထွက်ပေါ်ရာ ခြံစည်းရိုးအစပ်သို့ ငေးရီရင်း နေနန်းနွယ်ကိုသာ တမ်းတနေမိတော့သည်။ နေနန်းနွယ်. . . မင်းကိုယ့်ဆီလာခဲ့စမ်းပါ။ ကိုယ် မင်းကိုစောင့်နေပါတယ်။ သို့သော်. . တင်ဌေးအောင်ဆီကို ရောက်မလာခဲ့။ နောက်တစ်နေ့မှာတော့ ကျန်းစပ်သော မျက်လုံးအစုံနှင့် စာမေးပွဲခန်းဆီသို့ သွား၍ **နေနန်းနွယ်၏** အမည်ကိုသာ အဖြေလွှာအပြည့် ရေးနေမိတော့သည်။

စာမေးပွဲ နောက်ဆုံးနေ့မတိုင်ခင် ညမှာတော့ သူသည်းမခံနိုင်အောင် ဖြစ်နေတော့သည်။ ညပေါင်းများစွာ အိပ်ရေးပျက်ထားရသော မျက်လုံးအစုံနှင့် ရေကျသံထွက်ပေါ်ရာ နေရာကို စူးစိုက်ကြည့်ရင်း နေနန်းနွယ်၏ အမည်ကို အမောတကော ရေရွတ်နေမိတော့သည်။ လာသင့်ပြီ နေနန်းနွယ်၊ ဘာပဲဖြစ်ဖြစ် ခုလိုညမျိုးမှာတော့ မင်းရောက်လာသင့်ပြီ။

သူ ဆောက်တည်ရာမဲ့စွာ အသံထွက်၍ ရေရွတ်လိုက်မိသည်။ ထိုအချိန်မှာပင် တိုးသက်ညင်သာစွာ ထွက်ပေါ်နေသော ရေကျသံက ပို၍ကျယ်လောင်လာတော့သည်။ ဖြစ်နိုင်ပါ့မလား။ ဒါ တကယ်ဖြစ်နိုင်ပါ့မလား။ သူမယုံရဲစွာ ပြတင်းပေါက် သံဆန်ကာကို လက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ရင်း ရေကျသံကို အာရုံစူးစိုက် နားထောင်လိုက်မိသည်။ ရေကျသံ ကျယ်လောင်လာခြင်းမှာ အမှန်ပဲ ဖြစ်လေသည်။

ဘုရားရေ. . . ဒါဆို သူမလာတော့မယ်ပေါ့။ နေနန်းနွယ် ရောက်လာတော့မယ်ပေါ့။

အံ့ဩဝမ်းသာစိတ်ဖြင့် သူတစ်ကိုယ်လုံး ကြက်သီးများ တဖြန်းဖြန်းထသွားသည်။ ပြတင်းပေါက် သံဆန်ခါကို ဆုပ်ကိုင်ထားရာမှ ရေကျသံထွက်ပေါ်ရာ ခြံစည်းရိုးစပ်သို့ သွားကြည့်ချင်သော ဆန္ဒတို့ သူ့ရင်တွင်းသို့ စီးဝင်လာတော့သည်။ ကိုယ်လာခဲ့မယ် နေနန်းနွယ်။ မင်းရဲ့နေရာကို ကိုယ်လာခဲ့မယ်။ မင်း အဲ့ဒီနေရာကနေ ကိုယ့်ကိုစောင့်နေစမ်းပါ။ ပြတင်းပေါက်ကို ခွာလျက် အခန်းတံခါးဆီသို့ သူလျှောက်ခဲ့သည်။ ထို့နောက် အခန်းတံခါးကိုဆွဲဖွင့်၍ ရေကျသံထွက်ပေါ်ရာ ခြံထောင့်သို့ ကားဂိုဒေါင်ကိုပတ်ရင်း အပြေးသွားတော့သည်။

သူရောက်သွားတော့ ရေကျသံက စောစောကထပ်ပင် ပို၍ ကျယ်လောင်နေပြီဖြစ်သည်။ သေချာတယ်. . . သူမတကယ် ရောက်လာတော့မှာ၊ ရင်ခုန်ကြည်နူးစွာ ရေကျသံထွက်ပေါ်ရာ မြေပြင်ကို သူ မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။





တစ်စက္ကန့်၊

နှစ်စက္ကန့်၊

သုံးစက္ကန့်၊

စက္ကန့်တွေသာ တစ်စက္ကန့်ပြီးတစ်စက္ကန့် ကုန်လွန်သွားသည်။ ရေကျသံကသာ ကျယ်လောင်သထက် ပို၍ကျယ်လောင်လာသည်။ သို့သော်. . . နေနန်းနွယ်ကတော့ ရောက်မလာခဲ့။ လှုပ်ရှားမှုမဲ့စွာ ငြိမ်သက်လွန်းလှသော ရေကျသံသာ ကျယ်လောက်သထက်ကျယ်လောင်စွာ ထွက်ပေါ်နေသော မြေပြင်ကို စူးစိုက်ငေးရီနေရင်းမှ သူ အားလျော့ကြေကွဲစ ပြုလာတော့သည်။

နေနန်းနွယ်ရယ်. . .။

စိတ်ပျက်ဝမ်းနည်းစွာ အသံထွက်ရေရွတ်ရင်း ရေကျသံထွက်ပေါ်ရာနေရာဆီမှ အကြည့်တို့ကို လွှဲလိုက်မိသည်။ ထိုအချိန်မှာပင် သူမျှော်လင့် တမ်းတနေသော နေနန်းနွယ်ကို မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရလေသည်။

ဖျော့ရီမှိုင်းပျသော မျက်လုံးအစုံနှင့်. . .

ပန်းနုရောင် ပိုးဖဲနန်းတွင်း အဝတ်အစားများနှင့်။

သူမျှော်လင့်နေသော သူမသည် သူနှင့်ဝါးတစ်ရိုက်အကွာ ခြံစည်းရိုးအပြင်ဘက်၌ ရပ်လျက် သူ့အားစိုက်ကြည့်နေသည်။ သူ မယုံရဲစွာ ကြက်သေသေရင်း၊ သူမကိုငေးမောနေမိသည်။ ဝင်းဝါနုညက်သော အသားအရေ၊ ညှို့လျား



www.burmeseclassic.com

www.burmeseclassic.com



ပျော့ပျောင်းသော ဆံချည်မျှင်များနှင့် သူမသည် သူမျှော်လင့်ရင်ခုန်ထားသည် ထက်ပင် အဆပေါင်းများစွာ လှပနေလေသည်။

နေ. . . နန်း. . . နွယ်. . . ။

ထစ်ငေါ့တုန်ယင်သော၊ သံစဉ်နိမ့်မြင့် မမှန်သော စကားသံတစ်ခုက သူ့နှုတ်ဖျားမှ ခုန်ဆင်းသွားတော့သည်။ သူ့အသံကြောင့် သူမ၏မျက်နှာပေါ်၌ ခန့်မှန်းရခက်သော အရိပ်အယောင်တစ်ခု ဖြတ်သန်းသွားသည်။ နေနန်းနွယ်ရယ် ကိုယ်လေမင်းကိုစောင့်နေခဲ့တာ။

တုန်ယင် တိုးလျလွန်းသော သူ့စကားသံတို့က ဆူညံသထက် ဆူညံ၍လာသော ရေကျသံတို့နှင့် ရစ်ပတ်ရောထွေးလို့နေသည်။ သူစိတ်လှုပ်ရှားစွာ ခြံစည်းရိုးနားသို့ တိုးကပ်လိုက်မိသည်။ သူ၏ လှုပ်ရှားမှုကြောင့် ခြံစည်းရိုး အပြင်ဘက်မှ နေနန်းနွယ်က နောက်သို့ခြေတစ်လှမ်း ဆုတ်လိုက်သည်။

ခဏလေး နေနန်းနွယ်၊ ခဏလေး၊ ကိုယ်ပြောတာကို မင်းနားထောင်စမ်းပါ။ ပြီးတော့. . . မင်းကိုယ့်ကို တစ်ခုခု ပြောစမ်းပါ။

သူ အမောတကောနှင့် နေနန်းနွယ်ကို လှမ်းတားလိုက်မိသည်။ သို့သော် နေနန်းနွယ်ကတော့ နောက်သို့သာ



တစ်လှမ်းပြီးတစ်လှမ်း ဆုတ်နေတော့သည်။ မသွားပါနဲ့ နေနန်းနွယ်၊ မသွားပါနဲ့ဦး၊ မင်းထွက်သွားရင် ကိုယ်ရူးလိမ့်မယ် သိရဲ့လား။

ခြံစည်းရိုးအပြင်ဘက်မှ နေနန်းနွယ်ကို သူအော်၍ ပြောနေမိသည်။ သူ့စကားသံတို့က တစ်စထက်တစ်စ ကျယ်လောင်၍လာသော ရေကျသံကဲ့သို့ပင် အမောတကော နိုင်လွန်းလှသည်။ ခြံစည်းရိုးသံတိုင်များကို ကိုင်ရင်းအော်ဟစ်တောင်းပန်နေသော သူ့ကို နေနန်းနွယ် တစ်ချက်ပြုံး၍ ကြည့်သည်။ ထို့နောက် တိတ်ဆိတ်ညင်သာစွာပင် ချာခနဲ လှည့်၍ တစ်လှမ်းချင်း လှမ်းထွက်သွားတော့သည်။ သူကြက်သေ သေစွာ တွေဝေငေးမောနေမိရာမှ ဖျတ်ခနဲအသိဝင်လျက် ခြံတံခါးဆီသို့ အမြန်ဆုံးပြေးတော့သည်။

မသွားနဲ့နေနန်းနွယ်၊ မင်းမသွားပါနဲ့၊ ကိုယ့်ကိုထားခဲ့ပြီး မင်း ထွက်မသွားပါနဲ့၊ တတွတ်တွတ် ရေရွတ်စကားတို့နှင့်အတူ ခြံတံခါးကိုဆွဲဖွင့်ပြီး ခြံပြင်သို့ လှမ်းထွက်လိုက်သည်။ ထို့နောက် ခပ်ဝေးဝေးသို့ရောက်ရှိနေပြီဖြစ်သော နေနန်းနွယ်၏ နောက်သို့သူ အပြေးလိုက်တော့သည်။ ထိုအချိန်မှာပင် ရေကျသံထွက်ပေါ်လာရာ ခြံထောင့်ဆီမှ ဆူညံသံတစ်ခုကို သူကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# (၄)

နောက်တစ်နေ့မနက်တွင် တင်ဋ္ဌေးအောင်တို့နေထိုင်ရာ ရပ်ကွက်ကလေး၌ အတော်အသင့် ထူးဆန်းသော အဖြစ်အပျက်နှစ်ခုဖြစ်ပွားလေသည်။

၁။ အဖြစ်အပျက်တစ်ခုမှာ တင်ဋ္ဌေးအောင်တို့ ခြံထောင့်ရှိ ရေကျသံထွက်ပေါ်ရာ မြေပြင်မှာ ပြိုကျနိမ့်ဆင်း သွားခြင်းပဲ ဖြစ်သည်။

ယင်းတို့ဖြစ်ရခြင်းမှာ မိုးရေများကြောင့် ဖြစ်ပေါ်လာသော မြေအောက်ရေကြော၏ တိုက်စားမှုဖြစ်ကြောင်း နားလည်သူ များက သုံးသပ်ကြလေသည်။

၂။ နောက်အဖြစ်အပျက်တစ်ခုကတော့ နေနန်းနွယ် ဟူသည့် အမည်ကို ဆိမ်းမန်းသလို ရွတ်ဆိုနေသော



စိတ်ဖောက်ပြန် နေသည့် တင်ဋ္ဌေးအောင်ကို ရပ်ကွက်ကလေးနှင့် အတော် ကွာလှမ်းသော ရေအိုင်ကြီးတစ်ခုအနီး၌ တွေ့မြင်ကြရခြင်းပဲ ဖြစ်သည်။ တင်ဋ္ဌေးအောင် စိတ်ဖောက်ပြန်သွားရခြင်းနှင့် ပတ်သက်၍ ဆရာဝန်များက စာမေးပွဲအတွက် အပြင်းအထန် စာကျက်ခြင်းနှင့် အိပ်ရေးပျက်ခံလွန်းခြင်းတို့ကြောင့် ဖြစ်ကြောင်းမှတ်ချက် ချကြသည်။

ထိုအဖြစ်အပျက်နှစ်ခုအပြင် ရပ်ကွက်တွင်းရှိသူများ သတိမထားလိုက်မိသော အချက်တစ်ခုလည်း ရှိလေသည်။

ယင်းမှာ ရပ်ကွက်အစွန်ရှိအိမ်ကြီးသို့ ယမန်နေ့ညဦးပိုင်းကမှ တည်းခိုရန် ရောက်ရှိလာကြသော ဧည့်သည်များ အကြောင်းပဲဖြစ်သည်။ ထိုဧည့်သည်များ ရောက်ရှိလာကြခြင်းမှာ သူတို့နှင့်အတူပါလာသည့် အမျိုးသမီးလေးကို ဆေးကုသရန် အတွက် ဖြစ်လေသည်။ ထိုအမျိုးသမီးလေးမှာ သူမကိုယ်သူမ ဘုရင့်သမီးဟု မှတ်ထင်နေသူဖြစ်ပြီး ရိုးရိုးအဝတ်အစားများ ဝတ်ဆင်ပေး၍မရဘဲ နန်းတွင်းအဝတ်အစားများသာ ဝတ်ဆင်ပေးထားရသည့် ယဉ်ယဉ်လေးနှင့်ရူးနေသူကလေး ဖြစ်သည်။

သူမမှာလည်း မည်သူမှ မသိလိုက်ကြသော ကိုယ်ပိုင်အဖြစ်အပျက်လေးတစ်ခု ရှိပါသေးသည်။ ယင်းမှာ ယမန်နေ့ ညသန်းခေါင်ယံအချိန်က သူမတည်းခိုရာအိမ်ကြီး၏ အပြင်ဘက်သို့ ခေတ္တခဏလမ်းလျှောက်ထွက်သော အဖြစ်အပျက်ပဲ ဖြစ်သည်။ ထိုအဖြစ်အပျက်အသေးစိတ် ကိုတော့ သူမ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင်ကလည်း ပြန်လည်ပြောပြနိုင်မည် မဟုတ်သဖြင့် မည်သို့မျှသိခွင့်ရကြမည်မဟုတ်ပေ။

(၀)

ပြဿနာများ၏ အစကတော့ တိုးသက်ညင်သာသည့် ရေကျသံပဲဖြစ်လေသည်။

* * * * * * * * * *

# ဓာခု (၄)

"မှတ်မိသေးတယ်. . .
အဲ့ဒီညဟာ ခုလိုရေခဲရိုက်ခဲ့ထားရတဲ့ည။
ပြီးတော့. . . ဒီမြို့ကို တရားသူကြီးအဖြစ်
ပြောင်းရွှေ့လာရတဲ့ ပထမဦးဆုံး ည"

www.burmeseclassic.com

www.burmeseclassic.com

ဒ

ညာ

ရ

ဉ

(၁)

သည်ညလဲ ဦးဘညိုတစ်ယောက် အိပ်လို့မပျော်ပြန်ဘူး။ ထုံးစံအတိုင်း လသာဆောင်မှာ ထွက်ထိုင်ရင်း သူ့စိတ်ကို အမြဲတမ်း အနှောင့်အယှက် ပေးနေတဲ့ အမှုအကြောင်းကို စဉ်းစား နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဦးဘညို ဒီအမှု အကြောင်းကို မစဉ်းစားချင်တော့ဘူး. . . ခေါင်းထဲက ထုတ်ပစ်ချင်ပြီ။ စွဲချက်တင်သင့် မတင်သင့် အမိန့်ချပြီး အမှုကိုဆက်စစ်ချင်ပြီ။ ဒါပေမယ့် ခက်တာက သည်အမှု အကြောင်းကို ခေါင်းထဲက ထုတ်ပစ်လို့ မရသလို၊ အမိန့်ချလို့လဲ မရဘူး။ ဦးဘညိုအမျိုးမျိုး ကြိုးစားပြီးပြီ။ သည်အမှုအကြောင်းကို မစဉ်းစားဘဲ နေကြည့်တယ်။ စွဲချက် တင်သင့်မတင်သင့် အမိန့်တွေ ရေးကြည့်တယ်။ ဒါပေမယ့် မရဘူး။ မစဉ်းစားဘဲ နေရင်းနဲ့ကို အမှုအကြောင်းစဉ်းစားဖြစ်တယ်။ အမိန့်တွေ ရေးရင်းနဲ့ တရားခံအောင်ဒင့်မျက်နှာကို မြင်ယောင်တယ်။

ကြာတော့ ဦးဘညို စိတ်ညစ်လာတယ်။ ဘာလုပ်ရမလဲ၊ ဘာလုပ်ရမလဲ၊ သည်အမှုနဲ့ပတ်သက်ပြီး သူတစ်ခုခု လုပ်ချင်တယ်။ ဒါပေမယ့် နေ့တိုင်းအမှုအကြောင်း ထိုင်စဉ်းစားတာကလွဲပြီး သူဘာမှ မလုပ်ဖြစ်ဘူး၊ ဘာမှ မလုပ်နိုင်ဘူး။ အမှုအကြောင်းက အချိန်ပြည့် သူ့ခေါင်းထဲမှာ ရောက်ရောက်နေတယ်။ သူ့ဦးနှောင့်တွေကို တစ်စစီကိုက်ဖဲ့ ချေမွတယ်။ တရားသူကြီးလုပ်သက် ၁၀ နှစ်နီးပါး အတွေ့အကြုံတွေကလည်း သူ့ကိုမကယ်နိုင်တော့ဘူး။ ဘယ်တုန်းကမှ စစ်လက်စအမှုတွေနဲ့ပတ်သက်ပြီး စိတ်အနှောင့်အယှက် မဖြစ်ခဲ့ဘူးတဲ့ ဦးဘညိုဟာ သည်အမှုနဲ့ကျမှ ရှုံးမတတ် ဖြစ်နေရတယ်။



တကယ်တော့ အမှုဟာ ပြောပလောက်အောင် ကြီးကျယ် ခမ်းနားလှတဲ့ အမှုမဟုတ်ဘူး။ လူတစ်ယောက်က လူတစ်ယောက်ကို သတ်တဲ့ သာမန် လူသတ်မှုတစ်မှုပါပဲ။ အမှုဖြစ်ပွားတဲ့နေရာရယ်၊ တရားခံရဲ့ထွက်ဆိုချက်ရယ်ကသာ ဦးဘညိုကို ဒုက္ခပေးနေတာ။ ဘယ်လောက်ထိအောင် ဒုက္ခပေးသလဲဆိုရင် ညညအိပ်လို့မရလောက်အောင်ကို ဒုက္ခပေးတာ။ ဟုတ်တယ်၊ ဦးဘညိုအိပ်မရတာ သည်အမှု ဖြစ်တဲ့ ည ကတည်းကပဲ။ အဲ့ဒီညကို. . . ဦးဘညို မှတ်မိနေသေးတယ်။ အဲဒီညက ခုညလိုပဲ ရေခဲရိုက်ခံထားရတဲ့ သမိုက်ည။ ပြီးတော့. . . သည်မြို့ကို တရားသူကြီးအဖြစ် ပြောင်းရွှေ့ လာရတဲ့ ပထမဦးဆုံးည။ အဲ့ဒီညက ညဦးပိုင်းတစ်လျှောက်လုံး တရားရုံးဝန်ထမ်းတွေ ဖိတ်ကျွေးတဲ့ ညစာစားပွဲနဲ့ ဧည့်ခံပွဲတွေ တက်ခဲ့ရလို့ အိမ်ရောက်တော့ ဦးဘညို တော်တော်ပင်ပန်း နေတယ်။ ဒါနဲ့ အဝတ်အစားလဲပြီး စောစောပဲ အိပ်ရာဝင်ခဲ့တယ်။ အိပ်ရာထဲရောက်လို့ တစ်အောင့်လောက်ကြာတယ်ဆိုရင်ပဲ ဦးဘညိုကို ဒုက္ခပေးမယ့် အဖြစ်အပျက်က စတင်ဖြစ်ပွား တော့တာပဲ။

ဦးဘညို ပထမဦးဆုံး သတိထားမိတာကတော့. . . အသံပဲ။ 'အား' ခနဲ စူးစူးဝါးဝါး အော်လိုက်တဲ့အသံ။ အသံက တော်တော့ကိုကျယ်တယ်။ ဒါပေမယ့် ချက်ချင်းဆိုသလိုပဲ တိမ်ဝင်ပျောက်ကွယ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဦးဘညို အိပ်နေရာက ငေါက်ခနဲ ထထိုင်လိုက်မိတယ်။ အိပ်ချင်စိတ်တွေလဲ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တယ်။ ဘယ်သူအော်သံလဲ၊ ဘာအတွက်အော်တာလဲ၊ ဘယ်နေရာက အော်တာလဲ၊ တရားသူကြီးပီပီ စပ်စုချင်စိတ်က ချက်ချင်း ဝင်ရောက်လာတယ်။ ဒါကြောင့် ခုတင်ဘေးက လက်နှိပ် ဓာတ်မီးကိုယူပြီး အိမ်ပေါ်ကဆင်းလာခဲ့မိတယ်။ ဦးဘညို အိမ်ပြင်ရောက်တော့ တခြားအိမ်တွေလည်း မီးတွေလင်းကုန်ပြီ၊ လမ်းပေါ်ကိုတစ်ယောက်ပြီးတစ်ယောက် ဆင်းလာကြပြီ၊ 'ဘာသံလဲ' 'ဘာဖြစ်တာလဲ' တစ်ယောက်တစ်ပေါက်မေးရင်းနဲ့ အသံလာရာဘက်ကို ဦးတည်ကြတယ်။ ဦးဘညိုလည်း မြို့သူ မြို့သားတွေနဲ့အတူ ရောပြီး လိုက်သွားခဲ့တယ်။ မြို့လေးက ကျဉ်းတော့ အော်သံကြားတဲ့နေရာကို သိပ်မလျှောက်လိုက်ရဘူး၊ ချက်ချင်းပဲ ရောက်သွားကြတယ်။ အော်သံကြားရတဲ့နေရာက မြို့အနောက်ဘက် ချောက်ကမ်းပါးထဲက။

ချောက်ကမ်းပါးထိပ် ရောက်တယ်ဆိုရင်ပဲ ကမ်းပါးစွန်းမှာ မတ်တတ်ကြီး အိပ်ပျော်နေသလို မလှုပ်အယှက် ရပ်နေတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရတယ်။ ပါလာတဲ့ လက်နှိပ်ဓာတ်မီး တွေနဲ့ ဝိုင်းထိုးလိုက်ကြတော့ မြို့ထဲက အရက်သမားအောင်ဒင်။ အောင်ဒင့်မျက်နှာက စိတ်ညို့ခံထားရတဲ့ လူတစ်ယောက်လို ကြောင်တောင်တောင်

ဖြစ်နေတယ်။ ရဲစခန်းက ပုဂ္ဂိုလ်တချို့နဲ့ မြို့သူမြို့သားတွေ အောင်ဒင့်နားကို ပြေးကပ်သွားကြတယ်။ အောင်ဒင့် ပခုံးကိုလှုပ်ပြီး ဘာဖြစ်တာလဲလို့ ဝိုင်းမေးကြတယ်။ အောင်ဒင်က မေးတဲ့လူတွေကို ပြူးကြောင်ကြောင်နဲ့ ပြန်ကြည့်တယ်။ ပြီးတော့ တစ်ခွန်းတည်းအဖြေပေးတယ်။

"မသိဘူး"

ဒါပေမယ့် တစ်အောင့်လောက်ကြာတယ်ဆိုရင်ပဲ အဖြစ်မှန်ကို အားလုံးသိလိုက်ကြတယ်။

သိပ်အနက်ကြီးမဟုတ်သလို၊ သိပ်အတိမ်ကြီးလည်း မဟုတ်တဲ့ ချောက်ထဲမှာ တစ်ခေါင်းလုံး သွေးတွေရွှဲနေတဲ့ ကျောင်းဆရာလေး ကိုလှငွေရဲ့ အလောင်းကိုတွေ့တယ်။ အလောင်းရဲ့ဘေးနားမှာ သွေးစသွေးနတွေပေကျံနေတဲ့ ကျောက်တုံးတစ်တုံးကို တွေ့တယ်။ ပြီးတော့ အဲ့ဒီ ကျောက်တုံးကို အောင်ဒင်တွန်းချထားတဲ့ ခြေရာလက်ရာ တွေ့တယ်။ ဒီတော့ အဲ့ဒီညပဲ အောင်ဒင်ကို လူသတ်မှုနဲ့ ဖမ်းလိုက်ကြတယ်။ နောက်နေ့ ဦးဘညို ပထမဦးဆုံး စထိုင်တဲ့ တရားရုံးမှာ အောင်ဒင့်အမှုကို ပထမဦးဆုံး ရမန်ယူတယ်။

အမှုကတော့ ဒါပဲ။ ရိုးရိုးလေးမှ တကယ့်ကိုရိုးရိုးလေး။

ဒါပေမယ့် ဦးဘညိုကတော့ အဲ့ဒီအမှုဖြစ်တဲ့ ညကစပြီး အိပ်လို့မပျော်တော့ဘူး။ မျက်လုံးထဲမှာ ကြောင်တောင်တောင် ဖြစ်နေတဲ့ အောင်ဒင့်မျက်နှာနဲ့ တစ်ခေါင်းလုံး သွေးတွေရွှဲနေတဲ့



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆရာလေး ကိုလှငွေရဲ့အလောင်းကိုပဲ မြင်ယောင်နေမိတယ်။ နားထဲမှာလည်း 'မသိဘူး' ဆိုတဲ့ အောင်ဒင်ရဲ့အသံကိုပဲ ကြားယောင်နေမိတယ်။ အဆိုးဆုံးကတော့ ချောက်ကမ်းပါးပဲ၊ အမှုဖြစ်ပွားတဲ့နေရာ။ အဲ့ဒီချောက်ကမ်းပါးက ဦးဘညိုရဲ့စိတ်ကို ဒုက္ခအပေးဆုံးပဲ။

ဘာဖြစ်လို့လည်းဆိုတော့ အဲဒီချောက်ကမ်းပါးဟာ မြို့လေးရဲ့အနောက်ဘက်ခြမ်း လောက်လေးတစ်ပစ်လောက်အကွာမှာ ရှိတယ်ဆိုပေမယ့် ဘယ်မြို့သူမြို့သားကမှ အဲ့ဒီချောက်ကမ်းပါး အစွန်နားကိုမသွားကြသလို ချောက်ထဲဆင်းဖို့လည်း မကြိုးစားကြဘူး။ ဒီတော့ ချောက်ကမ်းပါးဟာ မြို့လေးနဲ့ကပ်လျက် တည်ရှိနေပေမယ့် တကယ့်တကယ်တော့ သီးခြားလိုဖြစ်နေတယ်၊ မြို့သူမြို့သားတွေရဲ့ ဥပေက္ခာပြုခြင်းကို ခံထားရတယ်။ အပယ်ခံထားရတယ်။ ဒါတွေက ဦးဘညို ဒီမြို့ကိုစရောက်တဲ့နေ့မှာပဲ သိရတဲ့အချက်တွေ။

ခုတော့. . . အဲ့ဒီလို ဘယ်သူမှမသွားကြတဲ့ ခြေဦးမလှည့်ကြတဲ့ နေရာမှာမှ လူသတ်မှုဖြစ်တယ်ဆိုတော့ ဦးဘညို စဉ်းစားရကျပ်လာတယ်။ ဦးနှောင့်ခြောက်လာတယ်၊ ဒါပေမယ့် ဘယ်သူ့မှဖွင့်မပြောရဲဘူး၊ မတိုင်ပင်ရဲဘူး။ တော်ကြာ တရားခံ အကျိုးဆောင်ရဲ့ နားထဲရောက်သွားပြီး ဒီအချက်နဲ့ထွက်ပေါက် ရှာလာမှာ စိုးရသလို တရားရုံးဝန်ထမ်းတွေကလည်း သူ့ကို ဘာမဟုတ်တာလေးနဲ့ ဒီလောက်တောင်





အတွေးခေါင် ရသလားလို့ ပျက်ရယ်ပြုလာမှာစိုးရတယ်။ ဒီတော့ တစ်ယောက်တည်းပဲ ကြိတ်ပြီးစဉ်းစားတယ်။ အဖြေရှာတယ်။

ဘာဖြစ်လို့ အဲ့ဒီအမှုက အဲဒီချောက်ကမ်းပါးမှာ သွားဖြစ်ရသလဲ။ ဘာဖြစ်လို့ ကျောင်းဆရာလေးက ချောက်အောက်မှာရောက်နေပြီး အောင်ဒင်က ချောက်ပေါ်ရောက်နေရသလဲ၊ သူတို့နှစ်ယောက် ချိန်းထားကြသလား၊ နောက်ပြီး အောင်ဒင်က ကျောင်းဆရာလေးကို သတ်တဲ့နေရာမှာ တခြားလူသတ်လက်နက် ဘာလို့မသုံးသလဲ၊ ဥပမာ. . . ဓားတို့၊ တုတ်တို့၊ သေနတ်တို့ တွေးရင်းနဲ့ ဦးဘညို ဦးနှောက် ခြောက်လာတယ်၊ စိတ်ညစ်လာတယ်၊ တကယ်တော့ ဒီအမှုဟာ ဒီလောက်တွေးနေစရာမလိုဘူး၊ အလောင်းတွေ့တယ်၊ အလောင်းဘေးနားမှာ လူသတ်ပစ္စည်းတွေ့တယ်၊ အဲ့ဒီပစ္စည်းကို အသုံးပြုခဲ့တဲ့ အောင်ဒင်ကိုတွေ့တယ်၊ ဒီတော့ တရားခံဟာ အောင်ဒင်ပဲ၊ ကျောင်းဆရာလေးကို သတ်လိုက်တာ အောင်ဒင်ပဲ၊ ဘယ်သူ့သွားမေးမေး ဒီလိုပဲဖြေမှာပဲ။

ဒါပေမယ့် ဦးဘညိုကတော့တစ်မျိုး၊ သူက သာမန်လူ မဟုတ်ဘူး၊ တရားသူကြီး၊ တရားသူကြီးမှ အင်မတန်ကို သေချာစေ့စပ်တဲ့ တရားသူကြီး၊ အပြစ်မရှိလျှင်လွှတ်ပြီး အပြစ်ရှိလျှင်ရှိသလို အပြစ်ပေးတတ်တဲ့ တရားသူကြီး၊ အောင်ဒင့်အမှုကိုလည်း ဦးဘညိုသေသေချာချာ စဉ်းစားတယ်၊ ခေါင်းမီးထတောက်မတတ် စဉ်းစားတယ်။



www.burmeseclassic.com

www.burmeseclassic.com

အောင်ဒင် တကယ်ကျူးလွန်သလား၊ တကယ် အပြစ်ရှိလား၊ အပြစ်ရှိရင်ကော လူသတ်မှုနဲ့အပြစ်ရှိသလား၊ လူသတ်မှုနဲ့အပြစ်ရှိရင် ပုဒ်မ (၃၀၂) အရ အလုပ်ကြမ်းနဲ့ ထောင်ဒဏ် (၁၀) နှစ်အထိ ဒါမှမဟုတ် တစ်သက်တစ်ကျွန်း အထိ အပြစ်ပေးလို့ရတယ်။ အဲ. . . လူသတ်မှုမဟုတ်ဘဲ လူသေမှုဆိုရင်တော့ သက်သာမယ်၊ (၃၀၄-က) လိုပေါ့လျော့ ခြင်းကြောင့် လူသေတာမျိုးဆိုရင်တော့ ပိုပြီးသက်သာမယ်။ ခုနှစ်နှစ်အထိပဲ အပြစ်ပေးခံရမယ်။ ဒီတော့ အောင်ဒင် ကျူးလွန်တာ ဘာအမှုလဲ၊ လူသတ်မှုလား၊ လူသေမှုလား၊ ဒါမှမဟုတ် မတော်တဆမှုလား။

ဦးဘညို စဉ်းစားတယ်။

နေ့တိုင်း စဉ်းစားတယ်၊ ညတိုင်း စဉ်းစားတယ်၊ အချိန်တိုင်းစဉ်းစားတယ်။ ဒါပေမယ့် ဘယ်လောက်ပဲ စဉ်းစားစဉ်းစား၊ ဘယ်လိုပဲ စဉ်းစားစဉ်းစား၊ ဘယ်တော့မှ အဖြေမရဘူး။ ကြာတော့ ဦးဘညို ရူးချင်လာတယ်။ စိတ္တဇရောဂါသည် တစ်ယောက်လိုဖြစ်လာတယ်။ ညဘက် တွေလည်း မအိပ်နိုင်တော့ဘူး။ ဒီအမှုက သူ့ကို တစ္ဆေသရဲ တစ်ကောင်လို အမြဲတမ်း ခြောက်လှန့်နေတယ်။

ခုလည်း တစ်မြို့လုံး အိပ်မောကျနေတဲ့ ဒီအချိန်မှာ ဦးဘညိုမအိပ်နိုင်ဘူး။ လသာဆောင်က ဂုန်နီခင်းပက်လက် ကုလားထိုင်မှာထိုင်ရင်း အမှုအကြောင်း စဉ်းစားနေမိ



မြန်တယ်။ ပြီးတော့ ဆေးတံကို အငွေ့တထောင်းထောင်း ထအောင်ဖွာရင်း မြို့အနောက်ဘက် ချောက်ကမ်းပါးရှိတဲ့ နေရာကို ခပ်စိမ်းစိမ်း စိုက်ကြည့်နေမိတယ်။ တကယ်တော့ ပိန်းပိတ်အောင် မှောင်နေတဲ့ လမိုက်ညမို့လို့ ချောက်ကမ်းပါးကို ဦးဘညို မမြင်ရပါဘူး။ ဒါပေမယ့် မြင်နေရသလို မမှိတ်မသုန် စိုက်ကြည့်နေမိတယ်။ ကြည့်ရင်းနဲ့လည်း ဒေါသတွေ ဘလိပ်လိပ်ထလာတယ်။

တရားခံကတော့ ဒီချောက်ကမ်းပါးပဲ။ ဒီချောက်ကမ်းပါး ကြောင့် ဒီအမှုဟာ ရှုပ်သထက်ရှုပ်နေရတာ။ စဉ်းစားရကျပ် နေရတာ။ ဒီချောက်ကမ်းပါးသာ မရှိရင် ဒီအမှုဟာ ဒီလောက် စဉ်းစားနေစရာ မလိုတော့ဘူး။

ဦးဘညို ချောက်ကမ်းပါးကို စိုက်ကြည့်နေရင်းနဲ့ ဒေါသထွက်လာတယ်၊ နာကျည်းလာတယ်။ ဒါကြောင့် ပါးစပ်မှာခဲထားတဲ့ ဆေးတံကိုချွတ်ပြီး တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်မိတယ်။

( ၂ )

ဦးဘညို မအိပ်နိုင်ဘဲ အမှုအကြောင်းတွေးရင်း ဘက်တခေါက်ခေါက် ဖြစ်နေတဲ့အချိန်မှာ ဦးဘညိုလိုပဲ မအိပ်နိုင်တဲ့ဘူ နောက်တစ်ယောက်ရှိနေတယ်။ သူကတော့ မြို့အနောက်ခြမ်းက မုန့်ဖုတ်သမား ကိုအောင်စိန်. . .

www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်စိန်ဟာ ဦးဘညိုလို တရားသူကြီး မဟုတ်သလို ဒီအမှုနဲ့လည်း ဘာမှမပတ်သက်ဘူး။ ဒါပေမယ့် သူလဲ ဦးဘညိုလို ဒီအမှုနဲ့ပတ်သက်ပြီး ဦးနှောက်ခြောက် နေရတယ်။ မအိပ်နိုင် ဖြစ်နေရတယ်၊ ခုလည်း အိမ်ရှေ့ ကပြင်မှာ ထွက်ထိုင်ရင်း တောအရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေမိတယ်။ ဒီညတော့ ဒီအမှုအကြောင်းကို မစဉ်းစားမိအောင် အမူး သောက်မယ်လို့ ကိုအောင်စိန် ဆုံးဖြတ်ထားတယ်။ ဒါကြောင့် ရေချိန်လွန်နေတာတောင် မရပ်ဘဲ ဆက်သောက်နေမိတယ်။ ဒါပေမယ့်. . . သောက်နေ ရင်းနဲ့ကို အမှုအကြောင်းက ခေါင်းထဲရောက်လာတယ်၊ ကျောင်းဆရာလေး ကိုလှငွေရဲ့ အလောင်းကိုမြင်ယောင် လာတယ်။

မစဉ်းစားနဲ့. . . မစဉ်းစားနဲ့။ နောက်တစ်ခွက် ထပ်သောက်ချလိုက်၊ အရက်ပုလင်းကို လှမ်းယူပြီး ကိုအောင်စိန် နောက်တစ်ခွက်မှောလိုက်၊ ဒီလိုနဲ့ခေါင်းထဲ ရောက်လာတဲ့ အမှုအကြောင်းကို မောင်းထုတ်လိုက်၊ အရက်တစ်ခွက် သောက်လိုက်နဲ့ ကိုအောင်စိန် တော်တော် မူးလာတယ်။ မူးလာတာနဲ့အမျှ ခေါင်းထဲရောက်လာတဲ့ အမှုအကြောင်းကို ပြန်မောင်းထုတ်ဖို့ခက်လာတယ်။ နောက်ဆုံးတော့ အမှုက သူ့ကိုဝါးမျိုသွားတယ်၊ အမှုအကြောင်းကို သူစဉ်းစား ဖြစ်သွားတယ်။





တကယ်တော့ အမှုအကြောင်း စဉ်းစားတယ် ဆိုတာထက် ကျောင်းဆရာလေး ကိုလှငွေအကြောင်း စဉ်းစားတယ်ဆိုရင် ပိုပြီးမှန်လိမ့်မယ်၊ ကိုအောင်စိန် ကျောင်းဆရာလေးအကြောင်း စဉ်းစားနေမိတယ်။ စဉ်းစားတာ ခုမှမဟုတ်ဘူး။ အမှုစဖြစ်တဲ့ ညကတည်းကပဲ၊ အဲဒီညက ချောက်ထဲအရင်ဆုံးစဆင်းတဲ့လူ၊ ကျောင်းဆရာ လေးရဲ့ အလောင်းနားကို အရင်ဆုံး စရောက်သွားတဲ့လူဟာ ကိုအောင်စိန်ပဲ။ ပြောမယ်ဆိုရင် အဲဒီအချက် တစ်ချက်ကလွဲလို့ ကိုအောင်စိန်နဲ့ ကျောင်းဆရာလေးရဲ့ ပတ်သက်မှုဟာ အခြားမြို့သူမြို့သားတွေနဲ့ ကျောင်းဆရာလေးရဲ့ ပတ်သက်မှု ထက် ဘာမှပိုမထူးဘူး။ အဲဒီလိုဘာမှ ပိုမထူးဘဲနဲ့ ကျောင်းဆရာလေးရဲ့အကြောင်းကို တခြားသူတွေထက်ပိုပြီး စဉ်းစားဖြစ်နေတာကတော့ အံ့ဩစရာကောင်းတယ်။ ခုလဲကြည့်၊ မစဉ်းစားမိအောင် ကြိုးစားရင်းကနေ စဉ်းစား ဖြစ်ပြန်သည်။

သူစဉ်းစားတာက ကျောင်းဆရာလေးချောက်ထဲကို ဘာဆင်းလုပ်သလဲဆိုတဲ့အချက်၊ ဟုတ်တယ်၊ ဒီအချက်က စိတ်ဝင်စားဖို့ကောင်းတယ်။ ကိုအောင်စိန်လို ဒီမြို့မှာမွေးတဲ့ သူတောင် အဲ့ဒီချောက်ထဲကို ဆင်းကြည့်ဖို့ တစ်ခါမှစိတ်မကူး ဘူး။ တခြားမြို့ကနေ ပြောင်းလာတဲ့ကျောင်းဆရာလေးက ဘာဖြစ်လို့ အဲ့ဒီချောက်ထဲကိုဆင်းရသလဲ။ လူမိုက်ည


www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်ကျော်အချိန်မှာ ပေ ၂၀ - လောက်နက်တဲ့ ချောက်ထဲကို ဆင်းရလောက်အောင် ဘာအကြောင်းပြချက် ရှိသလဲ။ ဘယ်လိုအချက်က ကျောင်းဆရာလေးကို ချောက်ထဲ ဆင်းချင်လာလောက်အောင် ဆွဲဆောင်လိုက်သလဲ။ ဒါကို ကိုအောင်စိန်သိချင်တယ်၊ ဒါကြောင့် အဲဒီအဖြေရအောင် ကိုအောင်စိန် စဉ်းစားတယ်။ အသေအချာ စဉ်းစားတယ်။ အပြင်းအထန်စဉ်းစားတယ်။

ဘာကြောင့်လဲ။

ဘာအတွက် ကျောင်းဆရာလေး ချောက်ထဲဆင်းရ သလဲ။

ရည်းစားနဲ့ချိန်းထားသလား။ ဒါမှမဟုတ် ပီယ ဆေးဖော်ဖို့ ဆေးမြစ်ဆေးဥတွေကို လမိုက်ညနက္ခတ်နဲ့ကိုက်ပြီး ဆင်းရှာ တာလား။ ဒါမှမဟုတ် ကျောင်းဆရာပီပီ ဟိုစာအုပ်ဖတ်သည်စာအုပ်ဖတ် လုပ်ရင်း အဲဒီချောက်ထဲမှာ ရတနာသိုက် ရှိတယ်ဆိုတာ သိသွားလို့ဆင်းတူးတာလား။

တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာတစ်ခုခုလည်းဆိုတာ မသိပေမယ့် တစ်ခုခုကြောင့်ဆိုတာကတော့ သေချာတယ်။ အဲဒီတစ်ခုခုကို ကိုအောင်စိန်သိချင်တယ်၊ အရမ်းကို သိချင်တယ်၊ ဒါပေမယ့် ရက်တွေသာ ကြာသွားတယ်။ ကိုအောင်စိန် စဉ်းစားလို့မရဘူး၊ အဖြေရှာလို့မရဘူး။ သည်နေ့ဆို ကိုအောင်စိန် အဖြေရှာမရတာ တစ်လပြည့်တဲ့



နေ့ပဲ။ ဟိုအမှုဖြစ်တာလည်း တစ်လပြည့်တဲ့နေ့ပဲ။ မဖြစ်ဘူး သည်ညတော့ သိမှဖြစ်မယ်၊ သိအောင်ကိုလုပ်ရမယ်။ အရက်ခွက်ကို မော့ချရင်း ကိုအောင်စိန် တွေးနေမိတယ်။

ကဲ. . . ဘယ်ကစမလဲ၊ စဉ်းစားစမ်း။

ဟုတ်ပြီ နံပါတ်တစ် ကျောင်းဆရာလေး ချောက်ကမ်းပါး ဆီကိုသွားတယ်၊ နံပါတ်နှစ် ကျောင်းဆရာလေး ချောက်ထဲ ဆင်းချင်လာတယ်၊ နံပါတ်. . . ။

အို. . . မဟုတ်သေးဘူး၊ ချောက်ထဲ ဆင်းချင်တာက အရင်ဖြစ်မယ်၊ သည်တော့. . နံပါတ်တစ် ကျောင်းဆရာလေး ချောက်ထဲဆင်းချင်လာတယ်။ ဒါလဲ သိပ်တော့မဖြစ်နိုင်ဘူး။

ကိုအောင်စိန် တစ်ယောက်တည်း လုံးလည်ခြာလည် လိုက်နေတယ်။ ပါးစပ်ကလည်း ဆိမန်း မန်းသလို တတွတ်တွတ်နဲ့ ရွတ်နေမိတယ်။ ဒါပေမယ့် အချိန်နဲ့အရက် တွေသာ ကုန်သွားတယ် အဖြေရှာမရဘူး။ နောက်ဆုံးတော့ ကိုအောင်စိန် သည်းမခံနိုင် တော့ဘူး။ ကပြင်လေးပေါ်ကနေ ဝုန်းခနဲ ထရပ်လိုက်မိတယ်။

"ကဲ. . ကျောင်းဆရာလေး ဘာကြောင့် ချောက်ထဲ ဆင်းသလဲ၊ ငါရအောင်စုံစမ်းမယ်"

ဘေးနားမှာ တစ်ယောက်ယောက်ရှိနေသလို ကိုအောင်စိန် အော်ပြောလိုက်တယ်။ ပြောပြီးပြီးချင်းပဲ လက်သုံးလုံးလောက် ကျန်တဲ့ အရက်ပုလင်းကို ခါးကြားထိုးပြီး

www.burmeseclassic.com

www.burmeseclassic.com

ချောက်ကမ်းပါးဆီကို ကိုအောင်စိန်ထွက်လာခဲ့မိတယ်။ လမ်းမှာ အကြောက်ပြေအောင် လေချွန်ချင်ပေမယ့် ကျောင်းဆရာလေး သွားတုန်းက လေချွန်လား မချွန်ဘူးလား ဆိုတာ မသေချာလို့ လေမချွန်ဖို့ပဲ ဆုံးဖြတ်လိုက်မိတယ်၊ ခြေလှမ်း ၆၀ လောက်လှမ်းပြီးတယ် ဆိုရင်ပဲ ချောက်ကမ်းပါး စွန်းဟာ ရုပ်ရှင်ပြကွက်တစ်ခုလို ဘွားခနဲပေါ်လို့လာတယ်၊ ကမ်းပါးစွန်းရောက်တော့ ကိုအောင်စိန် ခဏရပ်ပြီး အရက်ကို တစ်ငုံငုံလိုက်တယ်။ ပြီးတော့မှ ချောက်ထဲဆင်းဖို့ အလွယ်ဆုံး နေရာကိုလိုက်ရှာတယ်။ တွေ့ပြီ. . . ဟောဒီနေရာပဲ။ သည်နေရာဟာ ချောက်ထဲဆင်းဖို့ အလွယ်ဆုံးပဲ၊ ကျောင်းဆရာလေး ဆင်းခဲ့တာလဲ သည်နေရာပဲ ဖြစ်ရမယ်။

ကိုအောင်စိန် ကမ်းပါးစွန်းကနေ လျှောတိုက်ပြီး ဖြည်းဖြည်းချင်းဆင်းလိုက်မိတယ်၊ မှောင်မည်းနေတဲ့ လမိုက် ညမို့လို့ ခြေကုပ်စရာနေရာတွေကို အတော်ပဲရှာယူရတယ်။ တွယ်ကပ်ပေါက်နေတဲ့ အပင်တွေကို ကိုင်လိုက်၊ ကျောက်စွန်း တွေကို လက်နဲ့ထောက်လိုက်နဲ့. . . နောက်ဆုံးတော့ ချောက်အောက်ကို ဘယ်ဘက်ခြေမလန်သွားပြီး ညာဘက်ဒူး နည်းနည်းပွန်းသွားတာကလွဲလို့ အောင်မြင်စွာပဲ ဆင်းနိုင် ခဲ့တယ်။ ချောက်အောက်ရောက်တော့ အမှုဖြစ်တဲ့ညက ကျောင်းဆရာလေး အလောင်းတွေ့တဲ့နေရာကို ကိုအောင်စိန် စမ်းတဝါးဝါးနဲ့ လျှောက်လာခဲ့မိတယ်။ လမိုက်ညချင်း





တူပေမယ့် သည်ညဟာ အမှုဖြစ်တဲ့ညထက်ပိုပြီး မှောင်နေ သလိုပဲ၊ အဲ့ဒီည သည်ချောက် ထဲဆင်းတုန်းက အဖော်တွေနဲ့မို့ ကိုအောင်စိန် ကြောက်ရ ကောင်းမှန်းမသိခဲ့ဘူး၊ ခုတော့ နည်းနည်းကြောက်ချင်လာတယ်။ ဒါကြောင့် လက်ကျန် အရက်ကို တစ်ငုံချင်းအပြတ်ရှင်းနေမိတယ်။ အရက်ကုန် ချိန်မှာပဲ ကျောင်းဆရာလေး အလောင်းတွေ့တဲ့ နေရာကို ကိုအောင်စိန်ရောက်လာတယ်။

ကဲ. . . သည်နေရာပဲ၊ ကျောင်းဆရာလေး အလောင်း တွေ့တာ သည်နေရာပဲ။ ကိုအောင်စိန် တစ်ယောက်ယောက် ကို ရှင်းပြသလို အသံမထွက်ဘဲ အတွေးနဲ့ရှင်းပြနေမိတယ်။ ကောင်းပြီ. . . အဲ့ဒီညတုန်းက ကျောင်းဆရာလေး သည်နေရာ မှာ ဘာလုပ်နေခဲ့သလဲ၊ ထိုင်နေခဲ့သလား၊ ဒါမှမဟုတ် အိပ်နေ ခဲ့သလား။ နေဦး၊ ဟိုညက ကျောင်းဆရာ လေးရဲ့ အလောင်း အနေအထားကို ပြန်စဉ်းစားစမ်း၊ သိပြီ။ ရပ်နေတာဖြစ်ရမယ်။ ဒါကြောင့်မို့ အလောင်းက မှောက်လျက် အနေအထား ဖြစ်နေတာ။

ကိုအောင်စိန် လုံချည်ကိုပြင်ဝတ်ရင်း ကျောင်းဆရာ လေး ရပ်တဲ့ နေရာအတိအကျဟာ ဘယ်နေရာဖြစ်နိုင်မလဲလို့ စဉ်းစားနေမိတယ်။ အမှုဖြစ်တဲ့ညက ကျောင်းဆရာလေးရဲ့ ခြေဖဝါးနှစ်ဖက်ရှိမယ့် နေရာဟာ ကျောင်းဆရာလေးရပ်ခဲ့တဲ့ နေရာပဲဖြစ်ရမယ်လို့ ကိုအောင်စိန်စဉ်းစားလိုက်မိတယ်။


www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် အဲ့ဒီနေရာကို သေသေချာချာလိုက်ရှာပြီး ကျောင်းဆရာလေးအလောင်း လဲကျတဲ့နေရာဘက်ကို မျက်နှာမူပြီး ရပ်လိုက်မိတယ်။

ကဲ. . . အခုဆိုရင် ငါဟာ အမှုဖြစ်တဲ့ညက ကျောင်းဆရာလေး လုပ်ခဲ့တဲ့အတိုင်း အားလုံး လိုက်လုပ်နိုင်ခဲ့ပြီ။ သည်တော့ စဉ်းစားစမ်း။ အဲ့ဒီညက ကျောင်းဆရာလေးဟာ သည်နေရာမှာရပ်ပြီး ဘာလုပ်နေခဲ့သလဲ၊ ဘာတွေဖြစ်ခဲ့သလဲ။

ကိုအောင်စိန်ဟာ အသံမထွက်ဘဲ တတွတ်တွတ်ရွတ်ရင်း ကိုယ့်ကိုယ်ကို ပြန်မေးနေမိတယ်။ တစ်ခေါက်ပြီး တစ်ခေါက် ထပ်ခါထပ်ခါ ပြန်မေးနေမိတယ်။

(၃)

"လေးလိုက်တာ၊ ဘာဖြစ်လို့ ဒီလောက်လေးတဲ့. . . ကျောက်တုံးကို တွန်းချဖို့ ကြိုးစားရတာလဲ"

ကျောက်တုံးဘေးနားမှာထိုင်ရင်း ဦးဘညို စဉ်းစားနေပါတယ်။



ခုဆို. . . အမှုဖြစ်တဲ့ညက အောင်ဒင် တွန်းချခဲ့တဲ့ ကျောက်တုံးနဲ့အရွယ်တူတဲ့ ကျောက်တုံးတစ်တုံးကို. . . ဦးဘညိုရွှေ့ပြီးခဲ့ပြီ။ ဒါပေမယ့်. . . အောင်ဒင် ဘာကြောင့် တွန်းချခဲ့သလဲ။ ဦးဘညို စဉ်းစားလို့မရသေးဘူး။

မဟုတ်သေးဘူး. . . မဟုတ်တာမှ တကယ့်ကို မဟုတ်တာ။ ကျောင်းဆရာလေး ချောက်အောက်မှာ ရောက်နေပြီပဲထား။ ကျောင်းဆရာလေးကို သတ်ချင်တယ်ပဲထား။ သည်လောက်လေးတဲ့ ကျောက်တုံးတစ်တုံးကို အပင်ပန်းခံတွန်းချပြီးတော့တော့ မသတ်သင့်ဘူး။ ဘာဖြစ်လို့ ပြစ်မှုတစ်ခုကို အားသွန်ခွန်စိုက် ကျူးလွန်ချင်ရတာလဲ။ ဘာဖြစ်လို့ သည်လောက်လေးတဲ့ ကျောက်တုံးတစ်တုံးကို အသုံးပြုရတာလဲ။ ဦးဘညို စဉ်းစားရကျပ်လာတယ်။

တစ်ခုခုတော့ တစ်ခုခုပဲ။ တခြားနည်းလမ်းတွေ အများကြီး ရှိလျက်နဲ့ သည်နည်းလမ်းကိုမှ အသုံးပြုရတာဟာ အကြောင်း တစ်ခုခုတော့ ရှိရမယ်။ ဘာအကြောင်းလဲ၊ ဘာအကြောင်းကြောင့် သည်ကျောက်တုံးကိုမှ အသုံးပြုရသလဲ။

ဦးဘညို ထိုင်ရာကထရပ်ရင်း ကျောက်တုံးအနားကို တိုးကပ်လိုက်မိတယ်။

"အောင်ဒင် သည်ကျောက်တုံးကို ဘာဖြစ်လို့ တွန်းချခဲ့သလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘညို အသံထွက်ပြီး ကိုယ့်ကိုယ်ကို ပြန်မေးလိုက်တယ်။ မေးပြီးပြီးချင်းပဲ ကျောက်တုံးကို အားစိုက်ပြီး ချောက်ထဲ တွန်းချလိုက်မိတယ်။

(၄)

သိပ်မကြာပါဘူး။ 'အား' ခနဲ အော်သံကြီးတစ်ခုက မြို့ငယ်လေးကို အိပ်ရာကနေ လှန်နှိုးလိုက်တော့တာပါပဲ။ မြို့သူမြို့သားတွေ လမ်းပေါ်ကို တစ်ယောက်ပြီးတစ်ယောက် ဆင်းလာကြတယ်။

'ဘာသံလဲ' 'ဘာဖြစ်တာလဲ' တစ်ယောက် တစ်ပေါက် မေးရင်း အသံလာရာဘက်ကို လက်နှိပ်ဓာတ်မီး တဝင်းဝင်းနဲ့ ဦးတည်ကြတယ်။ ချောက်ကမ်းပါး ထိပ်ရောက်တော့ 'မတ်တတ်ကြီး အိပ်ပျော်နေသလို' မလှုပ်မယှက်ရပ်နေတဲ့ ဦးဘညိုကိုတွေ့ရတယ်။ မြို့သူမြို့သား တွေ ဦးဘညိုနားကို ပြေးကပ်သွားကြတယ်။ ဦးဘညိုရဲ့ ပခုံးကိုလှုပ်ရမ်းရင်း





'ဘာဖြစ်တာလဲ' လို့ ဝိုင်းမေးကြတယ်။ ဦးဘညို မေးတဲ့လူတွေကို ပြူးကြောင်ကြောင်နဲ့ ပြန်ကြည့်တယ်။ ပြီးတော့ တစ်ခွန်းတည်း အဖြေပေးတယ်။

"မသိဘူး"

* * * * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com

# ဓာစု (၅)

"လင်နှင့် မယား(လျှာနဲ့သွား)ဆိုတဲ့စကား
ကျပ်လည်းကြားဖူးပါရဲ့။ဒါပေမဲ့ ခက်တာက
သူကချည်း (သွား) ဖြစ်နေတဲ့ကိစ္စပဲ"

www.burmeseclassic.com

www.burmeseclassic.com

နှောင်
ကြိုး
လေး
တစ်
မျှင်

(၁)

တောက်. . .။

အလကားမိန်းမ၊ နည်းနည်းမှ အလိုက်ကမ်းဆိုးမသိတဲ့ မိန်းမ။ ချစ်လို့အလိုလိုက်ထားတယ်ဆိုပြီး သက်သက်အခွင့်အရေး ယူတဲ့မိန်းမ။ ညည်သည်တွေပါမှန်း မပါမှန်းမသိ။ စိတ်ကောက်ရမဲ့ အချိန်မဟုတ်မှန်းမသိ။ ထစ်ခနဲဆို စိတ်ဆိုး စိတ်ကောက်ဖို့လောက်ပဲ စဉ်းစားနေတာ။ "လူမှုရေး" ဆိုတဲ့ကိစ္စများ သူ့အမေက သင်မပေးလိုက်ဘူး မှတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နဲ့၊ သူငယ်ချင်းတွေပါလာတယ်ဆိုတာ သိရက်နဲ့ အိပ်ခန်းထဲကနေ ဟိုဟာကန်လိုက် ဒီဟာထုလိုက်နဲ့ တဒုန်းဒုန်း လုပ်နေတယ်။ ဒါကျုပ်ကို သက်သက်အရှက်ခွဲတာ အရွဲ့တိုက်တာ၊ မလုပ်နဲ့မဟုပ်ပါဘူးလုပ်ပါ၊ ဒါပေမဲ့ အခြေအနေနဲ့ အချိန်အခါ ကိုတော့ ရွေးတတ်အုံးမှပေါ့ ခုတော့ သူငယ်ချင်းတွေရှေ့မှာမှ ဝုန်းခနဲ ဒိုင်းခနဲ။

(၂)

တကယ်ဆို ကျုပ်ကိုယ်တိုင်ကလည်း အပြစ်မတင် လှပေဘူး။ ဟုတ်တယ်လေ ညားကာစကတည်းက စည်းနှင့် ကမ်းနှင့် ပုံသွင်းနိုင်ခဲ့ရင် ခုလိုလူရှေ့သူရှေ့ မျက်နှာပျက်ရ ကိစ္စမျိုး ဖြစ်မှာမဟုတ်ဘူး။ ဒါပေမဲ့လည်း အခက်သားလား ကျုပ်ကသူ့ကို ပုံသွင်းနိုင်ဖို့နေနေသာသာ ကျုပ်ကိုယ်တိုင် တောင် သူ့ပုံစံခွက်ထဲ ရောက်ရောက်သွားတာခဏခဏပါပဲ အစစ်ပဲ။ ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရနဲ့ တင်းကြပ်လိုက်တဲ့ စည်းကမ်းဆိုတာများ၊ ပြောရအုံးမယ် တစ်ခါတုန်းက သူကျုပ်ကို အမိန့်တစ်ခုထုတ်ဖူးတယ်၊ ညခုနှစ်နာရီကျော်ရင် အပြင်မထွက်ရတဲ့။ ကာဖြူး ဆိုပါတော့။





အဲ့ဒီတုန်းကများ ကျုပ်မှာ လက်ဖက်ရည်သောက်ချင် တာတောင် (၇)နာရီကျော်သွားလို့ အပြင်မထွက်ခဲ့ရဘူး။ အဲ့ဒီလောက်အထိသူငယ်ချင်းတွေက ကျုပ်ကိုကင်ပွန်းတပ် ကြပါတယ်၊ (မ-ယ-က)တဲ့။ မယားကြောက်ပေါ့။ ကျုပ်ဘာမှ ပြန်မပြောပါဘူး။ ရယ်နေလိုက်တယ်။ တကယ်တော့ ကျုပ်ကိုကျုပ်အသိဆုံးပါ။ ကျုပ်သူ့ကိုအလိုလိုက်တာ၊ အနွံအတာခံတာဟာ ကြောက်လို့ မဟုတ်ပါဘူး။ ချစ်တာ သနားတာ၊ အဲ့ဒါတင်လား ဆိုတော့ မဟုတ်သေးပါဘူး။ အဓိကအချက်တစ်ခုရှိပါသေးတယ်။

ဘာလဲဆိုတော့ သူကကျုပ်ထက်(၇)နှစ်လောက် ငယ်နေတဲ့ကိစ္စပဲ။ အသက်တင်ခုနှစ်နှစ် ငယ်တာမဟုတ်ပါဘူး၊ အရပ်ကလည်း (၇)လက်မလောက်ပုသေးဗျား။ ကျုပ်တို့ နှစ်ယောက်တွဲသွားရင် တစ်ချို့မသိတဲ့သူဆို မောင်နှမလား၊ ဘဝရီးလားတောင် ထင်ကြတာ။ အဲ့ဒီလောက်ထိအောင်ကို ငယ်တာ။ တကယ့်ပီဘိ ကလေးသာသာရယ်။ အဲ့ဒီတော့ ကျုပ်လည်း မိန်းမငယ်ငယ်ယူမိတဲ့ အခြားအခြားသော ယောကျ်ားတွေ အတိုင်းပေါ့ဗျား။ အလိုလိုက်သည်းခံခြင်း၊ အတတ်ပညာကို တစ်ဖက်ကမ်းခတ် တတ်မြောက်သူ ဖြစ်မှန်းမသိ ဖြစ်လာရတော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

(၃)

ကျုပ်ကအဲ့ဒီလိုအလိုလိုက်လို့ ကျုပ်တို့အိမ်ထောင်ရေး နားအေးပါးအေး ရှိလိမ့်မယ်လို့များ မထင်လိုက်လေနဲ့၊ မှားသွားမယ် ကိုယ့်လူ။ ခဏခဏ စကားများပါတယ်၊ တကျတ်ကျတ်ပဲ။ ဘာတဲ့ လင်နှင့်မယား (လျှာနှင့်သွား)တဲ့ ကျုပ်လည်း ကြားဖူးပါရဲ့။ ဒါပေမယ့် ခက်တာက သူကချည်း သွားဖြစ်နေတာပဲ။ ထစ်ခနဲဟော့ဆို စတင်ပေါက်ကွဲသူက သူပဲ။

ကျုပ်လည်း တတ်နိုင်သလောက် သည်းခံတာပါပဲ၊ တစ်ခါတစ်လေတော့လည်း (ဆိုပါတော့) ရုံးမှာ သိပ်ပင်ပန်း လာတဲ့နေ့တို့ စိတ်မကြည်လင်ဖြစ်တဲ့ နေ့တို့၊ ဆိုရင် သည်းမခံနိုင်တော့ဘူး။ ပြန်ပြောပစ်လိုက်မိတယ်၊ အဲ့ဒီလိုများ ပြန်ပြောပစ်လိုက်လို့ကတော့ ကျုပ်တို့အိမ်ဟာ နေရင်း



ထိုင်ရင်း၊ ဘောစနီးယားဖြစ်သွားတော့တာပဲ။ အဲ့ဒီအချိန်မှာ အပစ်အခတ်ရပ်ဆဲရေးတို့ ဧစ့်စပ်ဆွေးနွေးဖို့များ အနားတော့ သွားမကပ်လိုက်လေနဲ့၊ နာသွားမယ်မှတ်။

သူမုန်တိုင်းဆင်နေပြီဆိုရင် လွတ်ရာကျွတ်ရာ တစ်နေရာရာမှာ ကုပ်ကုပ်ကလေး သွားထိုင်နေပေရှော့ပဲ။ အဲ့ သူ့ရဲ့ ပါးစပ်ရော လက်ရောခြေကုန်လက်ပန်း ကျနေပြီ ဆိုရင်တော့ ရပြီ။ သူ့နားသွားပြီး စိတ်ရှည်လက်ရှည်ချော့ရုံပဲ။ ချော့တယ်ဆိုတာကလည်း ခဏပါပဲ၊ များသောအားဖြင့် သူဖာသာပြန်ပြီး စိတ်ပြေသွားတာပါပဲ။ သူမှာ အဲ့ဒါတစ်ခုတော့ တော်တော်ကောင်းတယ်။ သူများမိန်းမတွေလို အကြာကြီး စိတ်မကောက်တတ်တာပါပဲ။ ဒါပေမဲ့ ဆိုးတာတစ်ခုလည်း ရှိတယ်။ ဘာလဲ ဆိုတော့ ခဏခဏစိတ်ကောက်တဲ့ကိစ္စပဲ။

(၄)

သူနဲ့ပြဿနာတက်တိုင်း ကျုပ်ဘက်က အလျှော့ ပေးလိုက်လျှော့တာချည်းပါပဲ။ ဒါပေမယ့်တစ်ခါတုန်းကတော့ တော်တော့် ကို ဒေါသဖြစ်ခဲ့ ဖူးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မှာ ဝါသနာတစ်ခုတော့ရှိတယ်။ အားတဲ့အချိန် ပျင်းတဲ့အချိန်တွေမှာ ဝတ္ထုတိုလေးတွေ ရေးတတ်တယ်။ ဘာရယ်တော့ မဟုတ်ပါဘူး။ ဒီလိုပဲ ရေးပြီး သိမ်းထား လိုက်တာပါပဲ။ ဝါသနာတူ သူငယ်ချင်းတွေနဲ့ ဆိုရင်တော့ ထုတ်ပြဖြစ်တယ်။ ဒီလောက်ပါပဲ။

တစ်နေ့တော့ ကျုပ်မောမောနဲ့ ရုံးကပြန်လာတယ်။ အဲ့ဒီမှာ မရွှေချောဘာလုပ်ထားတယ်မှတ်သလဲ။ ကျုပ်ရေး ထားတဲ့ (သူနဲ့ ရပြီးမှ ပထမဆုံးရေးထားတဲ့) ဝတ္ထုကို တစ်စစီဖြစ်အောင် ဆုတ်ပြီး ကျုပ်ရဲ့ စာကြည့်စားပွဲပေါ်မှာ တင်ထားလေရဲ့၊ ကျုပ်ဗျာ၊ ဒေါသဖြစ်လိုက်တာ ဘာပြော ကောင်းမလဲ၊ ကျုပ်အမြတ်တနိုး တန်ဖိုးထားတဲ့အရာကို ရက်ရက် စက်စက်လုပ်ထားတာ။ နောက်ပြီး အဲ့ဒီဝတ္ထုကလဲ သူငယ်ချင်း စာရေးဆရာတစ်ယောက်က "ကောင်းတယ်ဗျာ မဂ္ဂဇင်းတိုက် ပို့ပါလား"လို့ ချီးမွမ်းထားတဲ့ ဝတ္ထု။

အဲ့ဒီဝတ္ထုကိုမှ ဆုတ်ဖြဲထားတာ။ ပြန်ကူးဖို့တောင် ခပ်ခက်ခက်ရယ်။ ကျုပ်အဲ့လို ဒေါသဖြစ်နေတဲ့အချိန်မှာ သူကတော့ အိပ်ရာပေါ်မှာ မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို စိမ်ပြေနပြေထိုင်ဖတ်နေတယ်။ လက်ရှိဖြစ်ပျက်နေတဲ့ ကိစ္စအားလုံးဟာ သူနဲ့ဘာမှ မပတ်သတ်တဲ့ ပုံစံမျိုးနဲ့ပေါ့။

ကျုပ်လည်း ဒေါကန်ကန်နဲ့ သူနားသွားပြီး ဒါဘယ်သူ လုပ်ထားတာလဲမေးတော့ သူက ကျုပ်ကိုမော့ကြည့်ပြီး ပြုံးပြုံးလေး ပြန်ဖြေတယ်။





"မီး လုပ်ထားတာလေ"

ဘာကြောင့်လုပ်သလဲဆိုတော့ ဘာပြောတယ် ...တ်သလဲ၊ သူ့အကြောင်းမပါလို့တဲ့၊ ကြည့်စမ်းဗျာ၊ ...ထဲမှာသူ့အကြောင်း ထည့်မရေးထားတာနဲ့ပဲ၊ အဲဒီဝတ္ထုကို ...စ်ရတယ်လို့၊ ဘယ်လောက်များနဘန်ကျင်းဖို့ ကောင်းလိုက် ...သလဲဆိုတာ၊ ကျုပ်ဗျာ စိတ်ဆိုးလိုက်တာဆိုတာ အသားကို ...ဆတ်ဆတ် တုန်တယ်၊ သူသာ ကျုပ်နဲ့ရွယ်တူချင်းဆိုရင် ...တီးပစ်လိုက်ချင်ပြီ။

သူကလဲ ကျုပ်စိတ်ဆိုးသွားတာ ချက်ချင်းရိပ်မိပုံရတယ်၊ ...တင်းလိုက်ချော့တယ်၊ သူ့ထက် အသက်ခုနှစ် နှစ် ...ယောက်ကြီး တဲ့ယောက်ျားကို ချော့ပုံကလည်း ကြည့်ဦး၊ ...ယ်လောက် သင်းသလဲဆိုတာ ၊

"ညီး ကလဲဟယ် ဒေါသကြီးပဲ" တဲ့။

တော်ရုံတန်ရုံ ကိစ္စတွေဆိုရင်တော့ သူချော့ပုံနဲ့ ...ျုပ်အရည်ပျော်ကျသွားနိုင်တယ်၊ ဒါပေမဲ့ ခုကိစ္စကျတော့ ...ဘူး၊ သူ့ကို စကားမပြောဘဲ (၃)ရက်လောက် နေပစ် ...တ်တယ်၊ ဖြစ်ဖြစ်ချင်းနေ့ကဆို အိမ်မှာတောင်မအိပ်ဘဲ ...ငယ်ချင်းတစ်ယောက်အိမ်မှာ သွားအိပ်ပစ်လိုက်တယ်၊

အဲ့ဒီကိစ္စပြီးကတည်းက သူလည်း တော်တော် ဆင်ခြင် ...သွားတယ်၊ ကျုပ်စိတ်ဆိုးမယ့် ကိစ္စမျိုးဆို မလုပ်ရဲတော့ဘူး၊ ...ျုပ်ကလဲ စိတ်ဆိုးခဲတယ်၊ စိတ်ဆိုးပြီဆိုရင်လည်း မပြေဘူး။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်" ဆိုလည့်မကြည့်တော့တဲ့ လူစား။ ဒါကြောင့်
ကျုပ်ဆုတောင်းခဲ့တာ။ အဲလို စိတ်ဆိုးဒေါသဖြစ်မယ့်ကိစ္စမျိုး
ထပ်မဖြစ်ပါစေနဲ့လို့ ဆုတောင်းခဲ့တာ။

(၅)

သူကိုယ်ဝန်မရခင်ကတည်းက တောင်းခဲ့တဲ့ ကျုပ်ဆု
တောင်းဟာ သူကိုယ်ဝန်(၇)လ လောက်အထိပြည့်ခဲ့ပါရဲ့
တိတိကျကျ ပြောရရင် မနေ့ကထိ ဆိုပါတော့။ ဒီအတော
အတွင်းမှာ အနည်းအကျဉ်းပါးကိုက်နားကိုက်ဖြစ်တာကလွဲလို့
ကြီးကြီးကျယ်ကျယ် ပြဿနာမျိုး မပေါ်ပေါက်ခဲ့ဘူး။ အဲ
. . ဒီနေ့ မနက်တော့ ပြဿနာက စတော့တာပဲ။

ဖြစ်ပုံက ဒီလို။ ဒီနေ့က ရုံးပိတ်ရက်လည်းဖြစ်တယ်
အိမ်မှာလည်း အနည်းအကျင်းလိုအပ်တာတွေရှိတော့
ကျုပ်မင်္ဂလာဈေးကို ပစ္စည်းလေး ဘာလေး၊ တိုတိုထွာထွာ
ဝယ်ဖို့သွားခဲ့တယ်။ ပထမတော့ သူ့ကိုပါခေါ်ဦးမလို့ပါပဲ
သူ့ဗိုက်ပူပူကြီးကို ကာကွယ်စောင့်ရှောက်နေရတာနဲ့တင်
ခရီးမတွင်မှာစိုးလို့ ကျုပ်တစ်ယောက်တည်းပဲ သွားလိုက်
တယ်။ အဲဒီမှာ ဈေးရောက်တော့ ကျောင်းတုန်းက သူငယ်ချင်း



နှစ်ယောက်နဲ့ မမျှော်လင့်ပဲ တွေ့တယ်။ နှစ်ယောက်စလုံး
နယ်ကချည်းပဲ တစ်ယောက်ကလားရှိုးက၊ တစ်ယောက်က
မန္တလေးက။ မနက်ဖြန်ပြန်ကြတော့မှာမို့ ဈေးဝယ်လာတာတဲ့။
မတွေ့တာကြာတဲ့ သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရတာဆိုတော့
ကျုပ် တော်တော် ဝမ်းသာသွားတယ်။ အချိန်ရရင် အေးအေး
ဆေးဆေးပြောကြရအောင်ဆိုတော့ သူတို့နှစ်ယောက်က
ခေါင်းညိတ်တယ်။ စားသောက်ဆိုင်တစ်ဆိုင်ဆိုင်ကိုသွားပြီး
ဘီယာသောက်ရင်းပြောကြတာပေါ့တဲ့။

ဒီတော့ ကျုပ်စဉ်းစားတယ်။ စားသောက်ဆိုင်မှာ
ဆိုတော့ကြာမယ်။ အိမ်က မဗိုက်ကလည်း စိတ်ပူနေလိမ့်မယ်။
အဲဒီတော့ တစ်ချက်ခတ်နှစ်ချက်ပြတ်ဆိုသလို ကျုပ်အိမ်လည်း
သိသွား အောင် ကျုပ်အိမ်မှာလိုက်သောက်ဖို့ပြောတော့ သူတို့
သဘောတူကြတယ်။ ဒါနဲ့ ဘီယာဝယ်ပြီး ကျုပ်အိမ်ချီတက်
ကြရောဆိုပါတော့။

အိမ်ရောက်တော့ ထုံးစံအတိုင်းပဲ ကျုပ်သူငယ်ချင်း
နှစ်ယောက်နှင့် သူ့ကိုမိတ်ဆက်ပေးတယ်။ ကလေကချေလို့
မထင်အောင် သူငယ်ချင်းနှစ်ယောက်ရဲ့ ဂုဏ်ပုဒ်တွေကို
ပြောပြလိုက်ရသေးတယ်။ အဲဒီ အထိတော့ အိုကေပဲ။ ဘာမှ
ပြဿနာမရှိဘူး။ ကျုပ်လည်း မီးဖိုထဲဝင်ပြီး ဘီယာဘူးတွေ
ရေခဲစိမ်ဖို့ လမ်းမှာဝင်ဝယ်လာတဲ့ ရေခဲကို ဖလပ်ဖ်ဘူးထဲ
ခွဲထည့်နေတဲ့အချိန်မှာတော့ မရွှေချောက ကျုပ်နားလာပြီး
စပ်စုတယ်။

www.burmeseclassic.com

www.burmeseclassic.com

"အဲ့ဒါ ဘာလုပ်ဖို့လဲဟင်" တဲ့၊ ကျုပ်က ဘီယာရေခဲစိမ်ဖို့လို့ ပြောပြလိုက်တယ်။ အဲ့ဒီမှာတင် မရွှေချောမျက်နှာကိုမဲ့ပြီး ဗိုက်ကြီး ကော့လန်ကော့လန်နဲ့ အိမ်ထဲကို ဝင်သွားတော့တာပဲ။ အဲ့ဒီကတည်းက ကျုပ်လည်း ထင်တော့အထင်သား။ သိုင်းဝတ္ထုတွေထဲကစကားနဲ့ ပြောရရင် အန္တရာယ်ရဲ့ အငွေ့အသက်ကို ခံစားလိုက်ရတယ်ပေါ့ဗျာ။ ဒါပေမယ့် သိပ်ဆိုးဆိုးဝါးဝါးကြီးဖြစ်မယ် မထင်ဘူး။ ဒါကြောင့်လည်း ရှိတာလေးတွေ ကိုယ့်ဖာသာကိုယ် ကြော်လှော်ပြီး ကျုပ်တို့ဝိုင်းစလိုက်ကြတယ်။

အဲ. . ဝိုင်းစလို့ ဘီယာ(၂)ဘူးလောက် ကုန်ရုံရှိသေးတယ်။ စောစောက ကျုပ်ပြောခဲ့သလို ပေါ့ဗျာ။ အိပ်ခန်းထဲကနေ ဝုန်းခနဲ ဒိုင်းခနဲ ကျုပ်ကို တိုက်စစ်ဆင်တော့တယ်။ ကျုပ်ဆိုတာ သူငယ်ချင်းတွေရှေ့မှာ မျက်နှာကို ဘယ်လိုထားရမှန်းမသိဘူး။ ဟိုကောင် နှစ်ကောင်ကလည်း ကျုပ်ကိုကြည့်လိုက်နဲ့ မျက်စိမျက်နှာကို ပျက်နေကြပြီ။

ကျုပ်လည်း တော်တော် ဒေါကန်သွားတယ်။ ဘယ်နဲ့မဆိုးနဲ့ မဟုတ်ဘူး။ ဒီပြင်အချိန်တွေ ဆိုးစမ်းပါ။ ခုဟာ ငယ်ချင်းတွေ ရှေ့မှာမှ ။ သူငယ်ချင်းဆိုတာကလည်း တိုင်းတွေ့ရတဲ့ သူငယ်ချင်းမဟုတ်ဘူး။ တစ်ခါတစ်လေမှ ( ှရတဲ့ နယ်ကသူငယ်ချင်း။ နောက်ပြီး ဒီကောင် နှ ကောင်က ကျောင်းတုန်းက ကျုပ်အပေါ် အရမ်းကောင်း



ခဲ့တာ။ ဒါကြောင့် နယ်မပြန်ခင် ကောင်းကောင်း မွန်မွန်လေး ဧည့်ဝတ် ပြုလိုက်ချင်တယ်။ ဘာဘဲဖြစ်ဖြစ် ခုဧည့်ခံပွဲလေးကို အေးအေး ဆေးဆေးပြီးသွားစေချင်တယ်။ ကျုပ်ချက်ချင်းပဲ ထိုင်ရာကထပြီး အိပ်ခန်းထဲဝင်လာခဲ့တယ်။ ဒေါ်သကို ဘတ်နိုင်သလောက် ထိန်းပြီး သူ့ကိုရှင်းပြလိုက်တယ်။ ဧည့်သည်တွေမပြန်ခင် ခဏသည်းခံပါ။ ဧည့်သည်တွေ ပြန်သွားမှ ကြိုက်တာလုပ်လို့ သူ့ကိုကောင်းကောင်း မွန်မွန်ပဲ ပြောပြလိုက်တယ်။ သူကတော့ ကျုပ်ကိုဘာမှ ပြန်မပြောဘူး။ မျက်နှာရှုံ့မဲ့ပြီး ဟိုဘက် လှည့်သွားတယ်။

ကျုပ်လည်း ဒီလောက်ပြောရင်တော့ နားလည်မှာပဲလို့ ထင်ပြီး အိပ်ခန်းထဲကပြန်ထွက်လာခဲ့တယ်။ အဲဒီလို လှည့်ထွက်လို့ ဧည့်ခန်းထဲကနေ ထိုင်ရုံရှိသေးတယ်။ အခန်းထဲကနေ ဝုန်းခနဲ နောက်တစ်ခါ ထပ်ဆောင့်တယ်။ ဒိတ်ထဲမှာ ထောင်းခနဲဖြစ်သွားတယ်။ ဒီလောက်တောင်းပန်နေတဲ့ကြားက တဝုန်းဝုန်းလုပ်နေတယ်။ ဟိုကောင်နှစ်ကောင်ကတော့ ဖင်တကြွကြွဖြစ်နေတဲ့ အနေအထားကနေ မတ်တပ်ရပ်တဲ့ အဆင့်ကိုပြောင်းလဲလိုက်ကြတယ်။ချိန်းထားတာလေးတွေ ရှိလို့ ပြန်လိုက်အုံးမယ်လို့ ပြောတယ်။ ကျုပ်သိတာပေါ့ ဘာအချိန်းအချက်မှ မရှိဘူး။ ဒါကျုပ်မိန်းမကြောင့် ပြန်တာ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တော်တော့ကို အားနာသွားပေမယ့်၊ ဘာပြန်ပြောရမှန်းမသိဘူး။ ခက်တာက နေပါဦးလို့တားရင်လည်း ကျုပ်ပဲဆက် အရှက်ကွဲမှာ၊ ဒါကြောင့်အသာပဲ ခေါင်းညိတ်လိုက်ရတယ်။ တံခါးနားရောက်တော့. . ။

"မိန်းမဆိုတာ ကိုယ်ဝန်ရှိရင် ဒီလိုပဲ ဒေါသကြီးတယ်၊ သည်းခံပေါ့ကွာ" တဲ့။

ကလေးအဖေဖြစ်တော့မယ့် ကျုပ်ကို မိန်းမမရသေးတဲ့ နှစ်ယောက်ကပြန်ပြီး ဆုံးမသွားကြတယ်။

(၆)

သူတို့နှစ်ယောက်ပြန်သွားတာနဲ့ ချက်ချင်းပဲ ကျုပ်အိပ်ခန်းထဲကို ဝင်လာခဲ့တယ်။ မရွှေချောကတော့ ခုတင်ပေါ်မှာ ခွေခေါက်ပြီး အိပ်ချင်ယောင်ဆောင်နေလေရဲ့၊ ကြည့်စမ်းပါဦး၊ ဗိုက်ကြီးသည်တဲ့။ အိပ်နေပုံက ကျွမ်းဘားမယ်လား အောက်မေ့ရတယ်၊ တွန့်လိမ်ကောက်ကွေး လို့။

ဒီပြင်အချိန်တွေဆိုရင်တော့ ဒီလိုအိပ်တာဟာ ဗိုက်ထဲက ကလေးတစ်ခုခုဖြစ်သွားနိုင်တယ်၊ ဘာညာနဲ့ ဂရုဏာဒေါသောနဲ့ ကျုပ်ဆူမိမှာပဲ။ ဒါပေမယ့် ခုချိန်မှာတော့



ကျုပ်ဒေါသဖြစ်လွန်းလို့ အဲဒါတွေ မတွေးမိတော့ဘူး။ ခုတင်နားမတ်တတ်ရပ်ရင်း. . .

"မင်းရိုင်းလှချည်လား"လို့ လှမ်းပြောလိုက်တယ်။ ဒီတော့မှ အိပ်ချင်ယောင်ဆောင်နေရာကနေ သူမျက်လုံးဖွင့်ကြည့်ပြီး မတ်တတ်ရပ်ရင်း

"ရိုင်းတာမဟုတ်ဘူး"တဲ့ ပြန်ပြောတယ်။

"ဘာ ဧည့်သည်တွေရှိမှန်းသိရက်နဲ့ အခန်းထဲကနေ ဘဝုန်းဝုန်း တဒိုင်းဒိုင်းနဲ့ ဆူဆောင့်နေတာဟာ ရိုင်းတာမဟုတ်လို့ ယဉ်ကျေးတာလား. . ."

ကျုပ်ဒေါသဖြစ်ဖြစ်နဲ့ အော်မေးလိုက်တော့ သူက ကျုပ်ကို မျက်လုံးလှန်ကြည့်ပြီး ကျုပ်အော်တဲ့ အသံအကျယ်အတိုင်း ပြန်အော်တယ်။

"အဲဒါတွေ မီးမသိဘူး မီးက ကိုကိုအရက်သောက်မိမှာစိုးလို့ ကိုကို့သူငယ်ချင်းတွေ မြန်မြန်ပြန်သွားအောင် စေတနာနဲ့လုပ်ပေးတာ"

မြတ်စွာဘုရား . . ကျုပ်ကပဲ သူ့ကိုပြန်ပြီး ကျေးဇူးတင်ရမယ့်ပုံပါလား၊ ကိုကို အရက်သောက်မိမှာစိုးလို့တဲ့၊ လာလာချည်သေး။

"မင်းအပိုတွေပြောမနေနဲ့ မီးမီး၊ ဘီယာဆိုတာ မင်းသိရက်သားနဲ့ သက်သက်လုပ်တာ။ ထားပါတော့ အဲဒီဘီယာကို မသောက်စေချင်ဘူးဆိုရင်လဲ မီးဖိုထဲမှာ ရေခဲခွဲတုန်းက ပြောပါလား၊ ငါမသောက်ဘဲနေမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုနော်၊ မီးကို မင်းနဲ့ငါနဲ့မပြောနဲ့"

သူကကျုပ်ကို တအားပြန်အော်တယ်။ ရန်ဖြစ်နေတာတောင်မှ ကိုကိုတို့မီးတို့ဆိုတဲ့ အခေါ်အဝေါ်လေးတွေသုံးပြီး ရန်ဖြစ်ချင်တယ်ထင်ပါရဲ့၊ သူအဲ့လိုပြန်အော်လိုက်တော့ ကျုပ်လဲရုတ်တရက် ကြောင်သွားပြီး ဘာပြန်ပြောရမယ်ဆိုတာတောင် မသိတော့ဘူး။

တကယ်တော့ သူပေးတဲ့ဆင်ခြေတွေဟာ တစ်ခုမှ ယုတ္တိမရှိဘူး။ ကျုပ်သိတာပေါ့။ ကျုပ်သူငယ်ချင်းတွေရှေ့မှာ တမင်သက်သက်ကျုပ်ကို နာမ်နှိမ်တာ။ ဒါကြောင့် ဒေါသဖြစ်ဖြစ်နဲ့ တောက်တစ်ချက်ခေါက်ရင်း 'ဒီပုံအတိုင်းဆိုရင်တော့ မင်းနဲ့ငါရှေ့လျှောက် လွယ်မှာမဟုတ်ဘူး" လို့ပြောလိုက်မိတယ်။ ဒီတော့ သူကကျုပ်ကို ခပ်တည်တည်စိုက်ကြည့်ပြီး ပြန်ပြောတယ်။ "ဒါဆိုလဲမပေါင်းနဲ့လေ" တဲ့။ တကယ်တော့ ဒါဟာ အမြဲတမ်း ကလန်ကဆန်လုပ်တတ်တဲ့ သူ့အကျင့်အတိုင်း ကျုပ်ကို ကလန်ကဆန်လုပ်ပြီး ပြောလိုက်တာပါပဲ။ ဒါပေမယ့် ကျုပ်စိတ်ထဲမှာတော့ ထောင်းခနဲဖြစ်သွားတယ်။

ဒါကြောင့် နံရံမှာချိတ်ထားတဲ့ အင်္ကျီကိုကောက်စွပ်ပြီး အိပ်ခန်းထဲကထွက်လာခဲ့တယ်။ သူကလဲ ဗိုက်ကြီးကို ကော့လန်ကော့လန်နဲ့ သယ်ရင်း ကျုပ်နောက်က လိုက်လာတယ်။ တကယ်တော့ အဲဒီအချိန်မှာ ကျုပ်ဘာမှ ရေရေရာရာ မဆုံးဖြတ်ရသေးဘူး။ အိမ်ရှေ့တံခါးကို



ဆွဲဖွင့်လိုက်တဲ့ အချိန်အထိ ကျုပ်ခေါင်းထဲမှာရှိတာက လောလောဆယ် အိမ်ထဲကနေ ခဏထွက်သွားဖို့ပဲ။

ဒါပေမယ့် အဲဒီအချိန်မှာ သူကကျုပ်ကို စကားတစ်ခွန်း လှမ်းပြောတယ်။

"အဝတ်အစားတွေ တစ်ခါတည်းယူမသွားဘူးလား" တဲ့။ သူ့မေးခွန်းကြောင့် ကျုပ်ရင်ထဲမှာ ဆစ်ခနဲနာကျင်သွားတယ်။

တကယ်တော့ ကျုပ်စိတ်ဆိုးပြီး ခုလိုတစ်နေရာကို ထွက်သွားဖို့ လုပ်နေတဲ့အချိန်မှာ သူတားသင့်တယ်။ မတားတောင် ငြိမ်ငြိမ်လေးနေသင့်တယ်။ ခုလိုအဆင်းဘီးတပ်တဲ့ စကားမျိုး မပြောသင့်ဘူး။ သူအဲ့လိုပြောလိုက်တဲ့အတွက် ကျုပ်ဘာဖြစ်သွားတယ်ထင်သလဲ။ ကျုပ်ပြောပြမယ်။

ကျုပ်ဆုံးဖြတ်ပြီးသားဖြစ်သွားတယ်။ ဟုတ်တယ် ဒီမိန်းမနဲ့ကျုပ်ဆက်ပေါင်းနေစရာ မလိုတော့ဘူး။ ဒါကြောင့် သူ့စကားကို ကျုပ်ခပ်ရိုင်းရိုင်းပဲ အဖြေပေးလိုက်တယ်။

"မင်းနောက်ယောကျ်ားအတွက် ယူထားလိုက်"

ကျုပ်စကားကြောင့် သူတွေခနဲဖြစ်သွားတယ်။ အောက်နှုတ်ခမ်းကို သွားနဲ့ကိုက်ပြီး ခပ်စူးစူးစိုက်ကြည့်တယ်။ ပြီးတော့ ချာခနဲလှည့်ထွက်သွားတယ်။


www.burmeseclassic.com

www.burmeseclassic.com

(၇)

တကယ်တော့ သူအဲဒီလို ချာခနဲလှည့်ထွက်သွားတယ် ဆိုရင်ပဲ ကျုပ်တို့နှစ်ယောက်ဟာ ကျောခိုင်းပြီးသား ဖြစ်သွားတယ်။ ကျုပ်လဲအသာလေး ထွက်လာရုံပဲ။ ကျုပ်ကလဲတစ်မျိုး၊ သွားပြီပေါ့ဆိုရင် နောက်ပြန်လှည့်ကြည့်တတ်တဲ့ လူစားမျိုး မဟုတ်ဘူး။ အင်မတန် မာနကြီးတဲ့ကောင်။ ဒါကြောင့် ကျုပ်တို့နှစ်ယောက်ရဲ့ ဇာတ်လမ်းဟာ ထာဝရ နိဂုံးချုပ်သွားမယ်လို့ ဆိုနိုင်တယ်။

ဒါပေမယ့် ကံကောင်းတယ်ပဲ ခေါ်ရမလား ကံဆိုးတယ်ပဲ ပြောရမလားတော့ မပြောတတ်ဘူး။ သူအဲဒီလို လှည့်ထွက်သွားတဲ့ကိစ္စဟာ မအောင်မြင်ဘူး။

ဖိနပ်ချွတ်မှာချထားတဲ့ ခြေသုတ်ခုံကို ခလုတ်တိုက်ပြီး သူ့ကိုယ်ဟာယိုင်သွားတယ်။ သူဟန်ချက်ကို သူပြန်ထိန်း



သေးပေမယ့် မရဘူး။ ထိန်းရင်းထိန်းရင်းနဲ့ပဲ နောင်ဆုံးပြိုလဲသွားတယ်။ ပထမတော့ ကျုပ်လဲကြောင်နေသေးတယ်။ နောက်မှသတိဝင်ပြီး သူ့ကိုပြေးပွေ့လိုက်တယ်။ လက်မတင်ကလေးပဲ သူ့ကိုယ်ထိခါနီးမှာ ကျုပ်ပွေ့မိရက်သား ဖြစ်သွားတယ်။ သူကြောက်သွားတယ်ထင်ပါရဲ့။ မျက်လုံးကို မှိတ်ပြီး အသက်ကိုပြင်းပြင်းရှူနေတယ်။ နောက်မှမျက်စိပွင့်လာပြီး ကျုပ်လက်ကိုပုတ်ထုတ်တယ်။ ပြီးတော့ ပြောသေးတယ်။

"မထိနဲ့"တဲ့။

ဘယ်လောက်များ မေတ္တာပျက်စရာ ကောင်းလိုက်သလဲ။ ကျုပ်ကစေတနာနဲ့လဲ ဝင်ပွေ့ပေးရသေးတယ်။ ပြီးတော့ ရန်လဲအတွေ့ခံရသေးတယ်။

"အိမ်ပေါ်က ဆင်းမလို့မဟုတ်လား။ ဘာလုပ်နေတာလဲ၊ သွားပါတော့လား"

သူ့ကိုဆက်ပြီး ပွေ့ထားမိတဲ့ ကျုပ်ကိုမော့ကြည့်ပြီး ခပ်မာမာလှမ်းပြောတယ်။ သူ့စကားကြောင့် ကျုပ်ပြုံးလိုက်မိတယ်။ ရင်ထဲမှာ ဒေါသတွေ တော်တော်လျော့သွားတယ်။

ဒါကြောင့် ဖြူနီးဆို သူ့ဗိုက်ပူပူလေးကို ကုန်းနမ်းရင်း ကျုပ်ခပ်တိုးတိုးလေးပြောလိုက်တယ်။

"သားသားလေး မွေးပြီးမှသွားမယ်'. . . လို့။

**********

www.burmeseclassic.com

www.burmeseclassic.com

## စာစု (၆)

"ကယ်ကူလေတာ ခလုတ်နှိပ်ခြင်းသည် အသံမထွက်ဟု နားလည်ထားသော်လည်း စာမေးပွဲခန်းတစ်ခုလုံး ကယ်ကူလေတာ နှိပ်သံတို့ဖြင့် ဆူညံနေသည် ဟု သူခံစားရသည်။"

www.burmeseclassic.com

www.burmeseclassic.com

ကယ်
ကျွ
လေ
တာ
တ
ချွေ

(၁)

လှိုက်ခနဲဖြစ်သွားသော ရင်အစုံနှင့်အတူ ဆရာ့ကို တစ်ချက် မော့ကြည့်မိသည်၊

ဆရာ၏မျက်နှာတွင် စာနာနားလည်မှု အရိပ်အယောင်တချို့ ယှက်သမ်းနေသည်။

ဘုတ်ခင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာကြက်ပေါ်ရှိ ကေဒီကေ ပန်ကာ၏ လည်ပတ် အဟုန်ကြောင့် တဖျပ်ဖျပ်လှုပ်ခါနေသော ဆရာ့ စားပွဲပေါ်ရှိ အင်ဂျင်ဒိုင်ယာဂရမ် စာရွက်ကို အကြောင် ငေးကြည့် နေမိသည်။

တစ်ဖက်ခန်းရှိ ဝပ်ရှော့အတွင်းမှ သရုပ်ပြဆရာ အသံက လေနှင့်အတူ လွင့်ပျံလာသည်။

ဒီတော့ အင်ဂျင်တစ်လုံးရဲ့ အဖက်ရှန်ဆီကို ရှာ ဆိုရင် အင်းတိတ်စတုတ်မှာ ဝင်နိုင်တဲ့ လောင်စာထု စက်အား အကောင်းဆုံးအချိန်မှာ ဝင်နိုင်တဲ့ လောင်စာထု ဒါတွေ သိဖို့လိုတယ်။

ဆိုပါတော့ ဟောဒီအင်ဂျင်ရဲ့ (အဖက်ရှန်ဆီ) ရှာမယ်ဆိုရင် ဒီမှာရေးထားတဲ့ ကိန်းဂဏန်းတွေအ ကယ်ကူလေတာနဲ့ရှင်းကြည့်၊ ဒါဆို အဖြေထွက် ဟုတ်ပလား"

ဆက်ရှင်ဘီမှ ကျောင်းသားများအား ရှင်းပြနေခြ သိထားလျက်ကပင် ကယ်ကူလေတာ ဟူသော အ အနှုန်းကြောင့် ခန္ဓာကိုယ်သည် ဆတ်ခနဲတုန်သွား၏။

ကယ်ကူလေတာ (သို့မဟုတ်) ဂဏန်းတွက် ဟူသော ဝေါဟာရကို တစ်ယောက်ယောက်က သုံး ကြားတိုင်း ကိုယ့်ကိုယ်ကို ရှက်ရွံ့အားငယ်စွာ ခံစားခဲ့ရ



ထိုအရာကို အခိုက်အတန့်အားဖြင့် မေ့လျော့ထား နိုင်ရန် အခါအားလျော်စွာ ကြိုးစားခဲ့ဖူးသည်။

သို့သော် မဖြစ်နိုင်တော့ကြောင်းကို ကြေကွဲစွာ သိမြင်လာသောအခါ ရင်မှာမွန်းကျပ်စွာ ခံစားရသည်။

(၂)

ဆရာ့အခန်းမှ ထွက်လာပြီးနောက် အတန်းတက်ရန် အတွက် မှန်ဆောင်ဘက်သို့ လျှောက်လာမိသည်။ သပြေ ဆောင်ထဲမှ ထွက်လာကြဟန်တူသော ကောင်မလေး နှစ်ယောက်က အတန်းမီရန်အတွက် သူ့ရှေ့မှ အလောတကြီး ဖြတ်လျှောက်သွားကြသည်။

မရည်ရွယ်ဘဲနှင့် အကြည့်တို့ကို ဝေ့ဝဲလိုက်မိစဉ်မှာပင် ကောင်မလေးတစ်ယောက်၏ လက်ထဲမှာ ကိုင်ထားသည့် အရာတစ်ခုကြောင့် ရင်သည် ဆတ်ခနဲတုန်လှုပ်၏။

မိန်းမကိုင် ပိုက်ဆံအိတ်အရွယ် အမည်းရောင် လေးဖြင့်ထောင့် သားရေအိတ်ကလေး၊ တစ်နည်းအားဖြင့် သူ့အားအမြဲလိုလို ခြောက်လှန့်နေခဲ့သောအရာ။

ထိုအိတ်ကလေးထဲတွင် ဘာရှိသည်ကို ဖွင့်ကြည့်စရာ မလိုဘဲနှင့် သူသိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲတွင် ကိန်းဂဏန်းများကို လိုသလိုစေခိုင်းနိုင်သော တစ္ဆေတစ်ကောင်ရှိသည်။

(သို့မဟုတ်) FX.82/100 ဆိုင်းယင့်တစ်ဖစ် ကယ်ကူလေတာ တစ်လုံးရှိသည်။

ထိုအရာကိုပိုင်လျှင် လော့ဂ်ျစာအုပ် ကိုင်စရာမလို၊ ပေါင်းနုတ်မြှောက်စား သိချင်သော ကိန်းဂဏန်းများကို ခလုတ်နှိပ်၍ ထည့်လိုက်ရုံမျှနှင့် စက္ကန့်ပိုင်းအတွင်း လိုချင်သော အဖြေထွက်လာမည်။

မှန်ဆောင်လှေကားထစ်များပေါ်သို့ ရောက်သောအခါ မရည်ရွယ်ဘဲနှင့် ထိုင်ချလိုက်မိသည်။ အတန်းတက်ရန်ရှိနေသေးသော်လည်း တက်ဖြစ်ရန် မကြိုးစားချင်တော့၊ အထူးသဖြင့် ကိန်းဂဏန်းများနှင့် ထွေးလုံးရစ်ပတ်လုပ်ရသောယခုလိုအချိန်မျိုးတွင် တက်ချင်စိတ်ကုန်ခန်းနေတတ်သည်။

အိတ်ထဲမှ သောက်လက်စ သုခိတာအဝိုင်ကို ထုတ်၍ မီးညှိဖွာရှိုက်လိုက်သည်။

ဝေ့ဝဲလိပ်တက်သွားသည့် အဆိပ်ငွေ့များကို ငေးကြည့်ရင်း ဆရာပြောလိုက်သော စကားများကို ကြား ယောင်နေမိသည်။

မနှစ်က ဖိုင်နယ်အိတ်ဇမ်းတွင် (၄) ဘာသာဂုဏ်ထူးဖြင့် အောင်ပြီး ယခုနှစ် မစ်တမ်းတွင် (၄) ဘာသာကျသော သူ့အား ကရုဏာဒေါသောဖြင့် ဆုံးမလိုက်သော ဆရာ့စကားတိုင်းမေ



မေတ္တာတရား၏ အငွေ့အသက်များ မကင်းကြောင်း သူနားလည်မိသည်။

မစ်တမ်းကျရုံသာမက ကျောင်းခေါ်ချိန် မပြည့်ခြင်းကိုပါ ဆရာမေးလာသည်။

ဘာဖြစ်လို့လဲ၊ ဘာအခက်အခဲရှိသလဲ၊ ဆရာ့ကိုပြောပါဟု ဆိုသော်လည်း သူဘာမှပြန်မဖြေဖြစ်ခဲ့။

ဒီထွက်တဲ့ (၄) ဘာသာရော ကျတဲ့ (၄) ဘာသာပါ သင်္ချာနှင့်ပတ်သက်သော ဘာသာများဖြစ်နေ၍ အံ့သြကြောင်း ဆရာကပြောလာသောအခါ ရှက်ရွံ့အားငယ်စွာ ခံစားခဲ့ရသည်။

ထူးချွန်စွာ အောင်မြင်ခဲ့ခြင်းနှင့် ဆိုးရွားစွာ ကျဆုံးရခြင်းတို့၏ ဆက်စပ်မှုကို ဆရာတွက်ဆနေပေလိမ့်မည်။

ပူလောင် မွန်းကျပ်စွာဖြင့် ပင့်သက်တစ်ခုကို ရှိုက်လိုက်မိသည်။ ဖင်ကပ်မျှသာကျန်သော ဆေးပေါ့လိပ်ကို နောက်ဆုံးအကြိမ် ဖွာလိုက်စဉ်မှာပင် (brake time) အတွက် ထိုးလိုက်သည့် လျှပ်စစ်ခေါင်းလောင်းသံကို ကြားရသည်။

ထိုအသံကို သူမုန်းသည်။ အထူးသဖြင့် နေ့လယ် (၁၁) နာရီတိတိတွင် စူးရှစွာအော်မြည်လေ့ရှိသော ထိုအသံကို မုန်းသည်။

ထိုအသံကြားတိုင်း သူ့သွေးတို့ ဆူဝေလာတတ်သည်။ လည်ချောင်းတစ်လျှောက် ပူလောင်ခြောက်ကပ်လာတတ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ဆေးလိပ်တိုကို ဒေါသတကြီး ပစ်ပေါက်လိုက်မိချိန်တွင် ဝမ်းအိုဖိုက်ထဲမှ ထွက်လာသော သူငယ်ချင်းနှစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုင်ရာမှထ၍ သူတို့ဆီသို့ လျှောက်လာမိသည်။

(၃)

အသံသေတ္တာအတွင်းမှ စူးရှစွာထွက်ပေါ်နေသော နိုင်ငံခြားဖြစ်ဂီတက တုန်ခါမှုများစွာဖြင့် နားစည်ကို ရိုက်ခတ်သည်။

(မင်းသာဆန္ဒရှိရင် အောင်မြင်နိုင်ပါတယ်) ဟူသော သီချင်းစာသားက သူ့အား အခိုက်အတန့်အားဖြင့် နှေးသာ ထိုင်သာဖြစ်စေသည်။

သီချင်းဆုံးသွားချိန်၌ ထွက်ပေါ်လာသည့် တစ်ဖက် စားပွဲမှ ကျောင်းသား၏ ထမင်းဘူးဖွင့်သံက ခါတိုင်း အချိန်များထက် ပို၍ကျယ်လောင်နေသည်ဟု ထင်မိသည်။

ရည်ရွယ်ချက်မဲ့စွာ ထိုကျောင်းသား၏ စားပွဲသို့အကြည့် ရောက်မိသည်။

အနီရောင် လက်သုတ်ပဝါပေါ်မှ စတီးရောင် က်လက်ထနေသည့် ထမင်းဘူးတစ်ဘူးကို တွေ့ရသည်။ ဘူးထဲမှာ ဘာရှိမလဲ၊ ထမင်းရယ် ဟင်းရယ်ပေါ့။

ရုတ်တရက် ဝမ်းဗိုက်ထဲမှ အောင့်သလိုလို ဖြစ်လာသည်။ စားပွဲပေါ်မှ ရေနွေးကြမ်းခွက်ကိုယူ၍ မော့သောက်လိုက်မိသည်။

(ဒီအချိန်ဆို အမေတို့လဲ ထမင်းစားနေကြရောပေါ့၊ လက်ကော ပြောင်အောင်မှ ဆေးကြပါ့မလား၊ စက္ကူအိတ် ကပ်တယ်ဆိုတာ ညာဘက်လက်ညှိုးမှာ ကော်တွေက အမြဲတမ်းခြောက်ကပ်နေတတ်တာ မဟုတ်လား။)

"လက်ဖက်ရည် သုံးခွက်"

ရုတ်တရက် ထွက်ပေါ်လာသော သူငယ်ချင်း၏ အသံက သူ၏အတွေးတို့ကို ရပ်ဆိုင်းစေသည်။

'ကို . . မသောက်ဘူး' ဟု အလျှင်အမြန် ဝင်၍ ပြောဖြစ်သည်။

"တစ်ခါတစ်လေ သောက်စမ်းပါ၊ ငါရှင်းပါ့မယ်" ဟူသော သူငယ်ချင်း၏ အသံတွင် စာနာ နားလည်မှုများစွာ ပါဝင် နေကြောင်း သတိထားလိုက်မိသည်။

သူ့တွင် အသွားအပြန် ကားခငွေလေးကျပ်နှင့်ဆေးလိပ်ဖိုး တစ်ကျပ်မှလွဲ၍ ပိုက်ဆံအပိုမပါတတ်ကြောင်း သူတို့နားလည် ကြသည်ပဲ။

သူငယ်ချင်းတစ်ယောက်က လွယ်အိတ်အတွင်းမှ ကယ်ကူလေတာကိုထုတ်ရင်း. . .


www.burmeseclassic.com

www.burmeseclassic.com

"ဓာတ်ခဲကုန်သွားတယ်ကွာ၊ ညနေကြရင် မြို့ထဲမှာ သွားရှာရအောင်"

"လစ်သီယမ် မဟုတ်လား၊ ခုတလောအဝင်နည်းလို့ ဈေးတွေတက်နေတယ်၊ ရှာလို့ရရင် ကံကောင်းပဲ၊ သရီးဖစ်ဖတီး ကိုင်တဲ့ကောင်တွေတော့ ခံပေါ့ကွာ၊ 82-100 ကိုင်တဲ့ ကောင်တွေက အကြောင်းမဟုတ်ဘူး၊ ပဲလိုက်တဲ့ ဓာတ်ခဲက ဘယ်နေရာဝယ်ဝယ် ဖောချင်းသောချင်းပဲ' ဟု ကျန်တစ်ယောက်က ဝင်ပြောသည်။

"ဘယ်တတ်နိုင်မလဲကွာ၊ စက် (Calculater) မရှိလို့က ဖြစ်မှမဖြစ်တာ၊ ရအောင်ရှာဝယ်ရမှာပေါ့"

သူတို့နှစ်ယောက်ပြောသော စကားများကို နားထောင်ရင်း သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ဘာမှတော့ ဝင်မပြောဖြစ်။ စက်မရှိလျှင် မဖြစ်သည်ကို သူကပိုသိသည် ပဲလေ။

မစ်တမ်းဖြေစဉ်က သူ့တွင် စက်မပါခဲ့။

မနှစ်က ဖိုင်နယ်အိတ်ဇမ်းဖြေစဉ် သူငှားကိုင်ခဲ့သည့် (82-B) စက်ပိုင်ရှင်နှင့်ကလည်း ယခုနှစ်တွင် ကံဆိုးစွာ ဖြေဆိုချိန်ခြင်း လာ၍တူနေသဖြင့် စက်ငှား၍မရခဲ့။

ထို့ကြောင့် စက်မပါဘဲ မစ်တမ်းဝင်ဖြေခဲ့ရ၏။

သူ့အနေနှင့် ကယ်ကူလေတာအစား ဟော့ဘောလ်ပင် တစ်ချောင်း၊ လေ့ဂရစ်သမ် စာအုပ်တစ်အုပ်၊ ပြီးတော့



ဦးခေါင်းခွံအောက်မှ ဖြူဖြူအဆိုင်အခဲတို့ကို ပေါင်းစပ်၍ ကိန်းဂဏန်းများနှင့် တိုက်ပွဲဝင်ခဲ့သည်။

မေးသမျှ ပုစ္ဆာတိုင်းကိုရသော်လည်း မြောက်မြား လှစွာသော ကိန်းဂဏန်းများကို ဖြေရှင်းနေရခြင်းက အချိန်ကို ကြန့်ကြာစေသည်။ တစ်မှသုညအထိ ဂဏန်း(၁၀) လုံးက ပုံသဏ္ဍာန်မျိုးစုံဖြင့် သူ၏ဦးနှောင့်ကို ပျော်ရွှင်စွာ ကိုက်ဖဲ့ စားသုံးခဲ့ကြသည်။

ကယ်ကူလေတာနှင့်တွက်လျှင် စက္ကန့်ပိုင်းမျှသာ ကြာမည်ဖြစ်သော ကိန်းတန်းတစ်ခုသည် သူ့အား မိနစ်ပေါင်း များစွာ ကြာမြင့်စေသည်။

အဖြေလွှာ နှစ်မျက်နှာပြည့်ရန် အကြမ်းစာရွက် (၄) မျက်နှာအသုံးပြုခဲ့ရသည်။

ကယ်ကူလေတာ ခလုတ်နှိပ်ခြင်းသည် အသံမထွက်ဟု နားလည်ထားသော်လည်း စာမေးပွဲခန်း တစ်ခုလုံး ကယ်ကူလေတာ နှိပ်သံတို့ဖြင့် ဆူညံနေသည်ဟု သူခံစား ရသည်။ ဂျောက်. . . ဂျောက်. . ဂျောက်. . ဂျောက် ဟူသော အသံမျိုးစုံက စူးရှပြင်းထန်စွာ သူ့အားဝိုင်းဝန်းထိုးနှက်ကြသည်။

"မြန်မြန်ဖြေလေ" ဟု ကိုယ့်ကိုယ်ကို အားပေးရင်း သူကြိုးစား၍ ဖြေဆိုခဲ့သည်။

လူသားတစ်ယောက်၏ ကြိုးစားနိုင်စွမ်း ရှိသမျှ အစွမ်းကုန် ကြိုးစားခဲ့ခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . . အချိန်စေ့ ခေါင်းလောင်းထိုးသံက သူ့အား အနှေးပ်ကြီးပြတ် ဖြစ်သွားစေခဲ့သည်။

အဖြေလွှာပေါ်မှ ကိန်းဂဏန်းများက သူ့အား ဝိုင်းဝန်းလှောင်ပြောင်သလို ခံစားခဲ့ရသည်။

လူသားတစ်ဦးနှင့် ကိန်းဂဏန်းများ၏ တရားမျှတမှုကင်းမဲ့သော တိုက်ပွဲတွင် ဆိုးရွားစွာ သူရှုံးနိမ့်သွားပြီဖြစ်ကြောင်း နာကြည်းစွာ နားလည်လိုက်မိသည်။

ထိုစာမေးပွဲတွင် သင်္ချာနှင့်ပတ်သက်သော ဘာသာရပ်တိုင်း၌ သူကျရှုံးခဲ့သည်။

ကယ်ကူလေတာ (သို့မဟုတ်) နတ်မိစ္ဆာ။

ထိုအရာကို ပိုင်ဆိုင်ရန် လိုအပ်နေပြီဖြစ်ကြောင်း ကြေကွဲစွာ သိမြင်လာရသည်။

သူ့အနေဖြင့် ထိုအရာကို ပိုင်ဆိုင်ရန် ဘယ်တုန်းကမှ မကြိုးစားခဲ့။ ကြိုးစားရန်လည်း အင်အားမရှိ။

ကျောင်းတက်ရန် လမ်းစရိတ်ပင် အဒေါ် တစ်ယောက်က တစ်လတစ်ရာ ထောက်ပံ့နေသဖြင့် သူ့အဖို့ အသက်ရှူချောင့်နေခြင်းဖြစ်သည်။

ရံဖန်ရံခါ အမေ့ဆန်အိုးထဲသို့ ဆန်တစ်ပြည်စ နှစ်ပြည်စ ဝယ်ထည့်ပေးလိုက်ရသော နေ့မျိုးတွင် သူ. . ကျောင်းပျက်ရသည်။

သူ့အနေဖြင့် သူလိုချို့တဲ့သော သာမန် ဂျီတီအိုင် ကျောင်းသားလေးတစ်ယောက်အနေဖြင့် (အနည်းဆုံးတောင်



၇၀၀/၈၀၀ လောက်ပေးရသော) ဂျပန်လုပ် လူကြီးစားစရာပစ္စည်း အသေးအမွှားလေးတစ်ခုကို ပိုင်ဆိုင်ရန် အခွင့်အလမ်းမှာ နည်း-နည်းလှသည်။ သူ့အတွက် စိတ်ကူးယဉ်စရာဟူ၍ တစ်ခုသာရှိသည်။

မနှစ်က လျှောက်သော်လည်းမရဘဲ၊ ယခုနှစ်မှ ကောင်း ထောက်မစွာ ရခဲ့သော ပညာသင်ထောက်ပံ့ကြေး (စတိုင်ပင်) ပင်ဖြစ်သည်။

စတိုင်ပင်ငွေကို သူတစ်ပြားတစ်ချပ်မှ အထိအပွန်းခံခဲ့။ သူ့အိပ်ရာခေါင်းရင်းရှိ ဝါးကျည်ထောက်ထဲသို့ အစဉ်မှန်မှန် ထည့်ခဲ့သည်။

သက်ပြင်းတစ်ချက်ချရင်း အပေါ်ကြောများ တင်းနေပြီဖြစ်သော လက်ဖက်ရည် တစ်ငုံငုံလိုက်မိသည်။

အချိုပေါ့ပေါ့ ကျဲတောက်တောက် လက်ဖက်ရည်တစ်ငုံက ပူလောင်နေသော သူ၏ဝမ်းဗိုက်ကို အတော်အသင့်နေသော ထိုင်သာဖြစ်သွားစေသည်။

လမ်းထိပ် ကင်းတဲမှ နာရီသံချောင်းခေါက်သံ ၁၀ ချက်ကြောင့် ကြည့်လက်စစာအုပ်ကိုပိတ်ရင်း မတ်တတ်ထရပ်လိုက်မိသည်။

တစ်နေ့တာ ပင်ပန်းနွမ်းနယ်ခဲ့သမျှအတွက် အနားယူဦးမည်။ ထို့နောက် မနက် ၄ နာရီထိုးလျှင် အိပ်ရာထ၊ စာကြည့်၊ ကျောင်းသွား၊ အိမ်ပြန်ရောက်လျှင် စက္ကူအိတ်ကပ်၊ ၁၁ နာရီထိုးလျှင် အိပ်၊ ဤသို့ဖြင့် သံသရာလည်ရဦးမည်လေ။

www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းနွမ်းနယ်နေသော ခန္ဓာကိုယ်ကို ဖျာပေါ်သို့ လှဲချရင်း ညနေက ဓာတ်ခဲဆိုက်ရှာ ဝယ်ရသည့်အကြောင်းများ ခေါင်းထဲသို့ဝင်လာသည်။

အဆီပြန်နေသော မျက်နှာ၊ အလိုရမ္မက်ကြီးသော မျက်နှာ၊ ဆေးဆိုးပန်းရိုက်မျက်နှာ၊ မြူဆွယ်မျက်နှာ၊ မျက်နှာပေါင်းများစွာကိုငေးရင်း သူတို့သူငယ်ချင်း ၃ ယောက် ဓာတ်ခဲ လိုက်ရှာကြသည်။ ဈေးကြီးသောဆိုင် ဈေးမကြီးသော်လည်း ပစ္စည်းညံ့သောဆိုင် စသည့်ဆိုင်ပေါင်းများစွာကို ဝင်ရင်း မေးရင်းဖြင့် နောက်ဆုံး ၁၁ဝ ဆိုသော လစ်သီယမ်ဓာတ်ခဲကို ၈၅ ကျပ်ဖြင့် ဈေးတည့်၍ဝယ်ဖြစ်ကြသည်။

သည်တုန်းက ဆိုင်ရှေ့ရှိ ရှိုးကေ့စ်များထဲမှ အနက်ရောင်၊ ငွေရောင်၊ ကယ်ကူလေတာများစွာတို့ သူတပ်မက်စွာ ငေးမော ကြည့်ဖြစ်ခဲ့သည်။ ၈၂, ၈၂ အေ ၈၂ ဘီ၊ ၁၀၀, ၃၅၀ ဆိုလာဆဲလ် ပြီးတော့ တီဗီနှင့် တွဲသုံးနိုင်သော အက်ဆေး ၆ ပုဒ်လောက် ရိုက်ထည့်ထားပြီး လိုချင်သောအချိန်တွင် ပြန်ဖွင့်၍ဖတ်နိုင်သော ၆၀၂ ဂီလိုပရိုဂရမ်နှင့် ကယ်ကူလေတာများ။

များစွာသော ထိုကယ်ကူလေတာတို့ကို ယခုချိန်တိုင်အောင်ပင် မျက်လုံးထဲမှာ မြင်ယောင်နေဆဲဖြစ်သည်။

"ငါဝယ်ရင်တော့ အိတ်တီတူး ရှိုးရှိုးပဲဝယ်မယ်၊ ဒါမှ ဓာတ်ခဲဖိုးသက်သာမှာ"





"ပြီးတော့ အိတ်တီတူးက အကြမ်းလဲခံတယ်၊ အွန်အော့ ခလုတ်ကလဲ စိတ်ချရတယ်"

"အပေါ်ကတော့ ပလတ်စတစ်နဲ့အုပ်ထားမှဖြစ်မယ်၊ ဒါမှ ပွန်းတာတို့ ချွေးစားတာတို့ သက်သာမှာ"

"ကျောင်းရက်ရှည်ပိတ်တဲ့အခါမှာတော့ ဆားမပေါက်အောင် ဓာတ်ခဲကို ထုတ်ထားရမယ်"

အဆက်စပ်မဲ့ အတွေးတို့ကို တွေးရင်းမကြာမီ သူ အိပ်ပျော်သွားခဲ့သည်။

အိပ်မက်ထဲတွင် ကက်စီယို ကယ်ကူလေတာ ကုမ္ပဏီမှ ဘုတ်အဖွဲ့ချယ်ယာမင်နှင့် တွေ့သည်ဟု အိပ်မက်မက်သည်။

ဘုတ်အဖွဲ့ချယ်ယာမင်က သူ့ရှေ့တည့်တည့်တွင် ရပ်နေသည်။ ထို့နောက် ဘောင်းဘီအိတ်အတွင်းမှ မည်းမည်း ရှည်ရှည် အရာတစ်ခုကိုထုတ်၍ သူ့မျက်နှာ ရှေ့တည့်တည့်တွင် ထောင်ပြသည်။

အမည်းရောင် လေးထောင့် သားရေအိတ်ကလေး တစ်ခုဖြစ်သည်။

အောက်ဘက်နားတွင် (CASIO-10) ဟု ရေးထားသည်။ အက်ဖ်အိတ် ၈၂ ဒါမှမဟုတ် ၁၀၀ ကယ်ကူလေတာ တစ်လုံး ဖြစ်သည်။

သူ ထိတ်လန့်ကြောက်ရွံ့စွာ နောက်သို့ခုန်ဆုတ်လိုက်မိသည်။ ချယ်ယာမင်၏လက်က ရှေ့သို့ပိုတိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာရှေ့တည့်တည့်တွင် ကယ်ကူလေတာက ဘယ်ညာ ယိမ်းပြသည်။

သူ အော်ဟစ်ငြင်းဆန်ရန် ကြိုးစားလိုက်မိသည်။

သို့သော်. . . ဘာသံမှမထွက်၊ အာခေါင်တစ်ခုလုံး ခြောက်ကပ်နေသည်။

ချယ်ယာမင်က ပြုံးရင်း 'မင်းအတွက်လေ' ဟု ဂျပန်လို ပြော၏။

မင်းအတွက်လေတဲ့၊ မယုံကြည်နိုင်စွာဖြင့် ချယ်ယာမင်ကို စိုက်ကြည့်နေမိသည်။

ချယ်ယာမင်က အိတ်ကလေးကိုချွတ်လိုက်ပြီး အတွင်းမှ ကယ်ကူလေတာကို ထုတ်ပြသည်။

အမည်းရောင် ကိုယ်ထည်ပေါ်တွင် ငွေရောင်လိုင်းလေး ပါပြီး ထိုပေါ်တွင် အက်ဖ်အိတ် အိတ်ဘီတူး ဟု ရေးထားသည်။

ပြီးတော့ ကြည်လဲ့နေသည့် မီးခိုးရောင် လေးထောင့်မှန်ကွက်ကလေး။

ထိုမှန်ကွက်ကလေး၏ အောက်တွင် ခလုတ်လေးတွေ တန်းစီနေသည်။ ဆိုင်း၊ ကော့၊ တန်းဂျင့်၊ ဒီဂရီ၊ မန်မိုရီ၊

လှလိုက်တာ ရင်ထဲမှ တိုးတိုးလေးရေရွတ်လိုက်မိသည်။ ပြီးတော့ ကယ်ကူလေတာလေးကို မြတ်နိုးစွာ ထိကိုင်ရန် လက်လှမ်းလိုက်မိသည်။





သို့သော်. . . ချယ်ယာမင်က စက်ကိုင်ထားသော လက်ကို ရုတ်တရက် နောက်သို့ဆုတ်လိုက်သည်။

ပြီးတော့ ကျန် လက်ဝါးတစ်ဖက်ကို ဖြန့်ပြသည်။

သူ နားမလည်နိုင်စွာ ချယ်ယာမင်ကို မော့ကြည့်လိုက်မိသည်။ ချယ်ယာမင်က ပြုံးရင်း 'ပိုက်ဆံလေ' ဟု ဂျပန်လို ပြန်ပြောသည်။

ပိုက်ဆံ၊ အို. . . ဟုတ်တာပေါ့၊ ပိုက်ဆံပေးရမှာပေါ့၊ ခေါင်းရင်းမှ ဝါးကျည်ထောက်ကို လှမ်းယူပြီး ခွဲလိုက်မိသည်။

ထို့နောက် အထဲမှ ပိုက်ဆံအထပ်လိုက်ကို နှိုက်၍ ချယ်ယာမင်ကို လှမ်းပေးလိုက်မိသည်။

ချယ်ယာမင်က သူပေးသောပိုက်ဆံများကိုကြည့်ပြီး ရုတ်တရက် သူ့လက်ကိုပုတ်ထုတ်ပစ်လိုက်သည်။ သူ့လက်ထဲမှ ပိုက်ဆံများ လေထဲသို့ လွင့်မျောကုန်ကြသည်။

မနက်စာ အငတ်ခံ၍စုထားသော သူ၏ပိုက်ဆံများ၊ အစာအိမ်ရောဂါအဖြစ်ခံ၍ စုထားသော သူ၏ပိုက်ဆံများ၊ အိမ်အတွက် လိုအပ်ချက်ကိုပင် မဖြည့်ဆည်းပဲ တစ်ကိုယ်ကောင်း ဆန်စွာ စုထားသော သူ၏ပိုက်ဆံများ လေထဲသို့ လွင့်မျောကုန် ကြသည်။

သူ အရူးအမူးဖြင့် လေထဲမှ ပိုက်ဆံများကို လိုက်ဖမ်း မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နှမြောတသစွာ သူ၏ပိုက်ဆံများကို ငေးကြည့်မိသည်။ သူ၏ ၅ ကျပ်တန်၊ ၁၀ တန်၊ ၁၅ ကျပ်တန် ပိုက်ဆံများသည် ရန်ကုန် အင်းစိန် ကားလက်မှတ်များ ဖြစ်နေသည်ကို အံ့သြစွာတွေ့ရသည်။ မယုံကြည်နိုင်စွာ ကြက်သေသေသွားမိသည်။

"အို . . မဟုတ်ဘူး၊ ဒါ. . . ဒါ. . . မဖြစ်နိုင်ဘူး ဟင့်အင်း. . . ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ကြောက်လန့်တကြား အော်ဟစ်လိုက်မိသည်။ ချယ်ယာမင်က သူ့အဖြစ်ကိုကြည့်ပြီး သဘောကျစွာ . . . တဟားဟားရယ်နေသည်။

ထို့နောက် ချာခနဲလှည့်ထွက်သွား၏။

ချယ်ယာမင်၏ ညာဘက်လက်ထဲတွင် ကိုင်သွားသော ကယ်ကူလေတာကို နှမြောစွာ သူငေးကြည့်နေမိသည်။

"သွားပြီ သူပြန်ယူသွားပြီ"

ဝမ်းနည်းကြေကွဲစွာဖြင့် သူငိုချလိုက်မိသည်။ သူ့ေ တွင် ရန်ကုန် အင်းစိန်ကားလက်မှတ်များ ပြန့်ကျဲ နေ၏။

အိပ်ရာမှ လန့်နိုးလာသောအခါ သူ့တစ်ကိုယ်လုံး ချွေးစေးတို့ဖြင့် ရွှဲနစ်နေသည်။

ပါးပြင်ပေါ်မှ မျက်ရည်များကြောင့် အိပ်မက်မက်ရင်း သူတကယ် ငိုနေမိကြောင်း သတိထားမိသည်။



အိပ်နေရာမှလူးလဲထ၍ ခေါင်းရင်းမှ ဝါးကျည်ထောက်ဘူးကို အမောတကော ရှာဖွေမိသည်။

ဘုရားစင်အောက် စင်လေးနံဘေးတွင် ချိတ်ထားသော ဝါးကျည်ထောက် စုဘူးကို လက်ဖြင့်စမ်းမိသည်။

ချိတ်ထားရာမှ ဖြုတ်၍ ရင်ခွင်ထဲတွင် ပွေ့ပိုက်ထားလိုက်မိသည်။ တစ်စုံတစ်ခုသော အကြောင်းကြောင့် လွတ်ထွက် သွားမည်ကို စိုးရိမ်သည့်အလား အလန့်တကြား တင်းကြပ်စွာ ပွေ့ပိုက်ထားမိသည်။

အိပ်မက်မက်ရင်း ငိုထားမိသောကြောင့် တွဲလွဲခိုနေသော မျက်ရည်တစ်စက်သည် မျက်ခွံထောင့်စွန်းမှတစ်ဆင့် ဘူး၏ ပိုက်ဆံထည့်သော အပေါက်ထဲသို့ လိမ့်ဆင်းသွားသည်။

"စာမေးပွဲကြီးမတိုင်ခင် ကယ်ကူလေတာ တစ်လုံးတော့ ဝယ်ဖြစ်ကောင်းပါရဲ့" ဟုတွေးရင်း. . . . .။

* * * * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

# စာစု (၇)

"ရုပ်ပတ်ဝန်းကျင်ကို တိုးတက်အောင်
ဖန်တီးလွန်းတာကြောင့် အဲ့ဒီရုပ်ပတ်ဝန်းကျင်ရဲ့
ဩဇာခံအဖြစ် ကျရောက်ပြီး
နောက်ဆုံး. . . .
အဲ့ဒီ ရုပ်ပတ်ဝန်းကျင့်ကြောင့်ပဲ. . . ."

www.burmeseclassic.com

www.burmeseclassic.com

# ကွန်မျူတာတစ္ဆေ

(၁)

အံ့သြစိတ်ဖြင့် ကြက်သေသေနေမိသည်။

ရုတ်တရက် ဘာဆက်လုပ်ရမည်ဟု မစဉ်းစားတတ် လောက်အောင်ပင် ဖြစ်နေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

၁။ (ကွန်ပျူတာတစ္ဆေ)

အံ့ဩစိတ်ဖြင့် ကြက်သေ သေနေမိသည်။

ရုတ်တရက် ဘာဆက်လုပ်ရမည်ဟု မစဉ်းစားတတ်လောက်အောင်ပင် ဖြစ်နေတော့သည်။

ဘာလုပ်ရမလဲ။

ဘာလုပ်ရင် ကောင်းမလဲ။

သည်လိုအဖြစ်မျိုး သူတစ်ခါမှ မကြုံဘူးခဲ့။ ကုမ္ပဏီမှာ အလုပ်မဝင်ခင်ကကော အလုပ်ဝင်ပြီး နှစ်နှစ်တာ ကာလတစ်လျှောက်မှာကော... တစ်ခါမှ မကြုံဘူးသည့်ကိစ္စ။ ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ဘူးသည့် ကိစ္စ။

တစ်ခုခုတော့ သူအမြန်ဆုံးလုပ်မှ ဖြစ်တော့မည်။



အံ့ဩတုန်လှုပ်စွာ မယုံကြည်နိုင်စွာ စာတန်းကို ဒုတိယအကြိမ် ထပ်ဖတ်လိုက်သည်။

"လူတို့၏ အခန်းကဏ္ဍသည် တဖြည်းဖြည်း မှေးမှိန်လာပြီ။ မကြာမီ လုံးဝပျောက်ကွယ်သွားတော့မည်"တဲ့။

ဘာသဘောလဲ သည်စာတန်းဟာ ဘာအဓိပ္ပာယ်လဲ...။

တစ်ခုခုတော့ မှားနေတာဖြစ်လိမ့်မယ်။ တစ်စုံတစ်ရာသည် အလွန်တရာ ကြီးကျယ်ခမ်းနားစွာကို မှားယွင်းနေတာဖြစ်ပေလိမ့်မည်။

၁။ (ကွန်ပျူတာ)

သူ့ကို သူ့ငယ်ချင်းတချို့က ပြောကြသည်။ "ကွန်ပျူတာကို ကိုးကွယ်သူ"တဲ့။ "ကွန်ပျူတာရဲ့ သားကောင်"တဲ့ သည်တုန်းက သူရယ်နေလိုက်သည်။ ဘာပဲပြောပြော၊ ဘယ်လိုပဲ သတ်မှတ် သတ်မှတ် သူကတော့ အပြုံးမပျက်။ ဟက်ဟက်ပက်ပက် ရယ်မောနေလိုက်သည်။ ပြောပါစေလေ။ ဘာဖြစ်တာလိုက်လို့ အထင်ကြီးစရာကောင်းလို့ ကွန်ပျူတာကို အထင်ကြီးတာ.., ကိုးကွယ်တာဟာ အဆန်းလား။ သည်လိုပင် သူတွေးမိခဲ့သည်။

တကယ်တော့ ကွန်ပျူတာနှင့် သူ စတင်ရင်းနှီးခဲ့ခြင်းသည် စက်မှုကျောင်းသားဘဝမှ စခဲ့သည်။ သည်တုန်းက

www.burmeseclassic.com

www.burmeseclassic.com

ကွန်ပျူတာတော့ မဟုတ်သေး၊ ကွန်ပျူတာ၏ သားဖြေး အရွယ်လောက်သာရှိသည့် ကယ်ကူလေတာနှင့် ဖြစ်သည်။

ကယ်ကူလေတာ လက်ဝါးသာသာ အရွယ်လောက်သာ ရှိတဲ့ ကွန်ပျူတာ ပေါက်စလေး၊ သည်ကောင်လေးက သူ့ ဦးခေါင်းခွံအောက်က ဖြူဖြူအစိုင်အခဲများထက်ပင် ပို၍ လျင်မြန်စွာ ကိန်းဂဏန်းများနှင့် ကစားပြလိုက်သည့်အခါ သူသည် ကောင်လေးကို လွှတ်အထင်ကြီးသွားခဲ့သည်။ အဲဒီအချိန်ကစပြီး သူ ကွန်ပျူတာကို စိတ်ဝင်စားလာခဲ့ခြင်း ဖြစ်သည်။

ဘယ်လိုများ လုပ်ထားပါလိမ့်၊ သည်လောက် သေးသေး မွှားမွှား အရာကလေးက သည်လောက် ကြီးကြီးမားမား ကိစ္စကြီးတွေကို စွမ်းဆောင်နိုင်အောင် ဘယ်လိုလုပ်ပြီး တော့များ တီထွင်ထားပါလိမ့်။ စိတ်ဝင်စားစရာ ကောင်း လိုက်တာ။ သည်ချောက်တီးချောက်ချက် အကောင်ကလေးက ဘာဖြစ် လို့များ သည်လောက်တောင် တော်နေရတာလဲ။

သည်လိုနှင့်သူ ကွန်ပျူတာလေ့လာရေး စခဲ့သည်။ ကွန်ပျူတာ၊ ကွန်ပျူတာ. . .။ ကွန်ပျူတာဟာ ဘယ်လို အကောင်လဲ၊ သည်ကောင်က ဘာလဲ။ စာအုပ်တွေ ဝယ်၍ လေ့လာခဲ့သည်။ နားလည်သူတွေကို လိုက်ရှာပြီး မေးမြန်း ခဲ့သည်။ ကွန်ပျူတာ သင်တန်းတွေတက်ခဲ့သည်။ တဖြည်း ဖြည်းနှင့် သူကွန်ပျူတာနှင့် ရင်းနှီးကျွမ်းဝင်လာခဲ့သည်။





ပြီးတော့ သူငယ်ချင်းတွေ ပြောသလိုပင် ကွန်ပျူတာကို ကိုးကွယ် လာခဲ့မိသည်။

သူ ကျောင်းပြီးသောအခါ ဂျပန်သို့ (ရှိုးဂျော့) ထွက်သည်။ နဂါစကီမှ စည်သွတ်ဘူးစက်ရုံတွင် တစ်လ ယမ်းတစ်သိန်း နှစ်သောင်းနှင့် အလုပ်ရခဲ့သည်။ အလုပ် လုပ်ရင်းနှင့် ကျောင်းတစ်ဖက်တက်သည်။ ကျောင်းကတော့ သူ့ဝါသနာ အတိုင်း "ကွန်ပျူတာကျောင်း" ပင်ဖြစ်သည်။ ကွန်ပျူတာ သင်တန်းပေါ့။ သင်တန်းမှ အောင်လက်မှတ်လေး တစ်ခုရအောင် (၆) လ တိတိ အပင်ပန်းခံခဲ့ရသည်။

အောင်လက်မှတ်ရတော့ သူအလုပ်သစ် ထပ်ရှာ ခဲ့သည်။ ဂျပန်မှာ အလုပ်တွေက ပေါများလွန်းသည်။ နေရာတိုင်းမှာ အလုပ်ရနိုင်သည်၊ ပန်းကန်ဆေးမလား၊ ဆာကေးရောင်းမလား၊ အထည်စက်ရုံမှာ လုပ်မလား၊ တိုးဆိုင်မှာ ဝင်မလား၊ ပေါလိုက်တဲ့အလုပ်တွေ။

ဒါပေမယ့် သူကတော့ အောင်လက်မှတ်ကို လက်တစ်ဖက်ကကိုင်ရင်း ခေါင်းတယမ်းယမ်းနှင့်ငြင်းခဲ့သည်။ အလုပ်ကူရှာပေးတဲ့လူတွေကိုလည်း "အီး. . . အ" ပေါ့။ "အာရိကားတိုး" ပေါ့။ ဘာလုပ်ရအောင်လဲ. . . သည်အလုပ် မျိုးတွေ။ သူလိုချင်တာ ဒါမျိုးမဟုတ်။ သည်အလုပ်မျိုး မဟုတ်။

သူ လိုချင်သည်က ကွန်ပျူတာနှင့် တစ်နည်းမဟုတ် တစ်နည်း ဆက်နွယ်ရင်းနှီးသော အလုပ်မျိုး၊ ဖြစ်နိုင်ရင်

www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာ ကိုင်ရတဲ့အလုပ်မျိုး။ သည်လိုအလုပ်မျိုးကို သူရှာခဲ့သည်။ ကံကောင်းချင်တော့ သူလိုချင်သော အလုပ်မျိုး ရခဲ့သည်။

လျှပ်စစ်ပစ္စည်းထုတ်လုပ်သော ကုမ္ပဏီတစ်ခုမှာ ဖြစ်သည်။ သူတို့ထည့်ခိုင်းချင်သော အချက်အလက်များကို ကွန်ပျူတာထဲသို့ ရိုက်ထည့်ပေးရမည်။ သူတို့လိုချင်သောအခါ ပြန်ထုတ်ပေးရမည်ဖြစ်သည်။ ဒါပဲဖြစ်သည်။ ဒါလောက်ကတော့ ဘာပင်ပန်းတာမှတ်လို့. . .။ (Key) တွေနှိပ်ပြီး ရိုက်ထည့် ပေးလိုက်ရုံပေါ့။ လွယ်လွယ်လေးပဲ ဥစ္စာ၊ အိုကေပေါ့။

သည်လိုနှင့် သူအလုပ်ဝင်ခဲ့သည်။ အစကတော့ ပါစင်နယ် ကွန်ပျူတာ (Personal computer) လောက်ကိုသာ ကိုင်ရမည်ဟု သူထင်ခဲ့သည်။ သို့သော် တကယ်ကိုင်ရသောအခါ (IBM) အိုင်ဘီအမ် ကွန်ပျူတာကြီး ဖြစ်နေသည်။

အလုပ်စဝင်သည့်နေ့က ကွန်ပျူတာကြီးကို ငေးကြည့်ပြီး အံ့ဩနေမိသည်။ ကွန်ပျူတာ၏ ခလုတ်ကလေး တွေကို ပွတ်သပ် ကိုင်တွယ်ရင်း ကွန်ပျူတာ မျက်နှာပြင်တွေကို စိမ့်စိမ့်ကြည့်ရင်း နှင့် သူပျော်ရွှင်နေမိ၏။ ကျောင်းတုန်းက ရည်းစားတစ်ယောက်၏ နာမည်ကို အစွဲပြုပြီး ထိုကွန်ပျူတာကို “မဒမ်ဗိုက်” ဟု အမည်ပေး လိုက်မိသည်။

ဤသို့ဖြင့် “မဒမ်ဗိုက်” နှင့်သူ အလုပ်ပေါင်းများစွာ တွဲ၍ လုပ်ဖြစ်ခဲ့သည်။ မှတ်မှတ်ရရ နှစ်နှစ်ရှိပြီဖြစ်သည်။ ထိုနှစ်



နှစ်အတွင်း သူရော မဒမ်ဗိုက်ရော တစ်ခါမှ မမှားဘူးခဲ့။ သူလိုချင်သည့် အချက်အလက်မှန်သမျှကို “မဒမ်ဗိုက်” က တိကျမှန်ကန်စွာဖြင့် ချက်ချင်းပြန်၍ အမြဲပြပေးခဲ့သည်ချည်းဖြစ်သည်။

ယခုတော့. . . “မဒမ်ဗိုက်” သည် မယုံကြည်နိုင်လောက်အောင်ပင် သူ့အား မှားယွင်းသော၊ ဘာမှ မသက်ဆိုင်သော အကြောင်းအရာတစ်ခုကို ထုတ်ပေးခဲ့ပြီဖြစ်သည်။

## ၂။ (တစ္ဆေ)

ကွန်ပျူတာမျက်နှာပြင်ပေါ်တွင် ပေါ်နေသည့် စာကြောင်း တို့ကိုဖတ်ရင်း တစ်ခုခုတော့ မှားနေပြီဟု သူတွေးလိုက်မိသည်။ ဘာဖြစ်တာပါလိမ့်၊ ဟိုတလောက အမေရိကားမှာဖြစ်သလိုမျိုး ကွန်ပျူတာ ဗိုင်းရပ်တို့၊ ကွန်ပျူတာပိုးတို့ မဒမ်ဗိုက်မှာ ဖြစ်နေခြင်း များလား။ ဒါမှမဟုတ်. . . သူကြားခဲ့ဖူးသည့် ကလေးနှစ်ယောက် စစ်တိုက်တာကြောင့် ပင်တဂွန်က ကွန်ပျူတာတွေ ဒုက္ခဖြစ်ခဲ့ရသလိုမျိုး မဒမ်ဗိုက်မှာ လာဖြစ်ခြင်းများလား။

www.burmeseclassic.com

www.burmeseclassic.com



အဲ့သည်တုန်းက ကလေးနှစ်ယောက်က တစ်ယောက် ကွန်ပျူတာတစ်လုံးစီနဲ့ စစ်တိုက်ကြတာဆိုပဲ။ ဒီဘက်က တင့်ကား ဘယ်နှစ်စင်းကို ဘယ်လမ်းကြောင်းကလွှတ်၊ ဟိုဘက်ကလည်း အက်ဖ် (F) လေယာဉ်ပျံ ဘယ်နှစ်စင်း ပြန်လွှတ်။ တစ်ခါ ဒီဘက် ကွန်ပျူတာကလည်း ဘယ်လမ်းကြောင်းမှာ လေယာဉ်ပစ် အမြောက် ဘယ်နှစ်လက်ရှိသလဲ တွက်ချက်ပြီးပြန်ပစ်။ ဒီလိုနဲ့ တပ်ရင်းဘယ်လောက် ကျဆုံးတယ်၊ လေယာဉ်ဘယ်နှစ်စင်း ကျတယ်၊ ဘယ်ဘက်က အရေးသာသွားတယ် တွက်ချက်ပြီး ကစားလိုက်ကြတာ ပင်တဂွန်က ကွန်ပျူတာတွေမှာ သွားပြီး အနှောင့်အယှက် ဖြစ်တော့တာပဲ။

သူတို့နှစ်ယောက် ဆော့လိုက်တာနဲ့ ပင်တဂွန်မှာ ဒေါ်လာသန်းချီပြီး ဆုံးရှုံးသွားခဲ့ရသည်ဟု ဆိုသည်။

ခုလည်း မဒမ်ဝိုက်မှာ အဲ့လိုဖြစ်တာများလား။ အံ့ဩစိတ်တို့ဖြင့် ဟိုတွေးဒီတွေးနှင့် တောင်စဉ်ရေရာမရ လျှောက်တွေးနေမိသည်။

ဒါလည်း သိပ်တော့မဖြစ်နိုင်ပါဘူးလေ။ မဒမ်ဝိုက်သည် မိခင်ကွန်ပျူတာနှင့် ဆက်သွယ်ထားသည့် ကွန်ပျူတာမျိုးမဟုတ်။ သီးခြားကွန်ပျူတာ သက်သက်သာဖြစ်သည်။

*ညက အိပ်ရေးပျက်ထားလို့ အိပ်ချင်မူးတူးနဲ့* လျှောက်မြင်နေတာ ဖြစ်မှာပါလေ။ ဖြေဖျောက်ကာတွေးရင်း

မေးချင်သည့် အချက်များကို ခလုတ်နှိပ်၍ ပြန်မေး မိသည်။ သို့သော် အံ့ဩစရာကောင်းလောက်အောင်ပင် မပေါ်လာသည့် စာတန်းသာ ပြန်၍ပေါ်လာပြန်သည်။ တို့၏ အခန်းကဏ္ဍသည် တဖြည်းဖြည်းမှေးမှိန် ကွယ်လာပြီ။ မကြာမီ လုံးဝပျောက်ကွယ်သွား မည်"။

ဘာတွေဖြစ်နေတာလဲ။ ဘာဖြစ်လို့ ဒီစာတွေပဲ ပြန်ပြန် လာရတာလဲ။ အံ့ဩစိတ်ဖြင့် ဘာလုပ်ရမှန်းမသိဖြစ်နေ သည်။ 'ဘာတွေဖြစ်နေတာလဲ' ဟူသော အမေးကို မရိုက်ရာ ရိုက်ထည့်လိုက်မိသည်။ တကယ်တော့... သို့လုပ်မိခြင်းသည် အလွန်ကလေးဆန်ခြင်းပင်ဖြစ်သည်။ န်း (Return) ဟူသည့် အဖြေတောင်းသော တ်ကိုနှိပ်ရင်း ဒါဟာ အဓိပ္ပာယ်မရှိတဲ့ မေးခွန်းပါဟု ရှက်နှင့် တွေးလိုက် မိသေးသည်။

သို့သော် ထိုမေးခွန်း၏အဖြေကို မဒမ်ဝိုက်က အဖြေ ပေးလာသောအခါ သူ ကြက်သေ သေသွားမိသည်။

"ရှင်တို့လူတွေဟာ... တဖြည်းဖြည်း မှေးမှိန်လာပြီ ကို ပြောတာပါ" တဲ့။

ဘုရားရေ... သူနဲ့မဒမ်ဝိုက်နဲ့ ခလုတ်နှိပ်ရင်း တွေ အချိုအချ ပြောနေမိတာပါလား ဒါ... ဒါ *ယ်မှ ဟုတ်ရဲ့လား၊ အိပ်မက်များ မက်နေတာလား။*

www.burmeseclassic.com

www.burmeseclassic.com

"ဘာအဓိပ္ပာယ်လဲ"

သူ မေးလိုက်မိသည်။

"ရှင်တို့ဟာ ရုပ်ပတ်ဝန်းကျင်ကို တိုးတက်အော
ဖန်တီးတယ်။ အဲ့လို ဖန်တီးရင်းနဲ့ ရှင်တို့ဟာ ရုပ်ပတ်ဝန်း
သြဇာခံတွေ ဖြစ်မှန်းမသိ ဖြစ်လာရပြီဆိုတဲ့ အဓိပ္ပာယ်

မဖြစ်နိုင်တာပဲ ဒါ လုံးဝမဖြစ်နိုင်တဲ့ကိစ္စ။ လူတွေ
ထားတဲ့ ရုပ်ဝတ္ထုတွေကို လူတွေကပြန်ပြီး သြဇာခံရ
အဓိပ္ပာယ်မရှိလိုက်တာ။

"မဖြစ်နိုင်ဘူး"

"ဖြစ်နိုင်တာပေါ့၊ သိပ်ဖြစ်နိုင်တာပေါ့ ရှင်
ရုပ်ဝတ္ထု ပစ္စည်းတွေကို တိုးတက်ကောင်းမွန်အော
ဖန်တီးခဲ့ကြတယ်၊ တကယ်တော့ ဒီလိုဖန်တီးတာ
အဲဒီရုပ်ဝတ္ထုတွေအပေါ်မှာ မှီခိုအားကိုးချင်တဲ့ စိတ်ကြေ
ရှင်တို့ဟာ ကားတွေ၊ ရထားတွေ၊ တယ်လီဖုန်း
ရုပ်မြင်သံကြားတွေ တီထွင် ခဲ့တယ်။ ပြီးတော့ အဲဒါတွေ
မှီခိုလာတယ်၊ အားကိုးလာတယ်၊ အထူးသဖြင့် ကွန်ပျူတာ
ကွန်ပျူတာကို ရှင်တို့ အားကိုးလွန်းတယ်။ ယုံကြည်
လွန်းတယ်၊ မှီခိုလွန်းတယ်၊ ဒီလိုနဲ့တဖြည်းဖြည်း ကွန်ပျူ
မရှိရင် မဖြစ်တော့တဲ့ အခြေအနေမျိုး ရောက်လာတ

မဒမ်ပို့က်ပြောတာလည်း ဟုတ်သလိုလို
အရှိသားဟု သူတွေးလိုက်မိသည်။ ဟုတ်တယ်၊ ကွန်ပျူ



ယုံကြည် စိတ်ချစွာ မှီခိုအားကိုးလာကြတယ် ဆိုတာကတော့ အမှန်ပဲ။

တစ်ခါတုန်းက သူဖြစ်ခဲ့ဖူးသည်။ စက်မှုကျောင်းသား ဘဝတုန်းက ဖြစ်သည်။ ကျောင်းမှ အိမ်သို့ပြန်အလာ သူရော သူ့ကယ်ကူလေတာပါ မိုးမိပြီး ရွှဲရွှဲစိုကုန်ကြသည်။ သူကတော့ ကိုးလ်တက်ပလက် တစ်လုံးကြောင့် နှာစေးချောင်းဆိုး မဖြစ် လောက်သော်လည်း သူ့ကယ်ကူလေတာလေးကတော့ 'ရှော့' ဖြစ်သွားခဲ့သည်။ ဒါကိုမသိဘဲ ညကျတော့ သင်္ချာတွက်သည်။ အဲဒီမှာ ဒုက္ခဖြစ်တော့သည်။

အရင်တစ်ခါ တွက်ခဲ့ဖူးသည့် ပုစ္ဆာဖြစ်သော်လည်း အရင်အဖြေနှင့် မကိုက်ဘဲဖြစ်နေ၏။ ဘာဖြစ်တာလဲ. . .။ ဘာကြောင့်(၃) မျက်နှာလောက်ရှည်သော ပုစ္ဆာကို အစအဆုံး အပြစ်လိုက်ရှာရတော့သည်။ သည်မှာပင် အပြစ်တွေ့သည်။ အရင်တစ်ခါတွက်တုန်းက (၁၂) အစား (၁၂) ကို တစ်ဟု တွက်ထားပြီး ယခုအခါ သုည ဟုတွက်ထားသည်။

ကကန်းအနှိပ်မှားတာ ဖြစ်မှာပေါ့။ ကယ်ကူလေတာကို ယူ၍ ထပ်နှိပ်ကြည့်သည်။ (၁၂ အစား ၁၂ ညီမျှခြင်း ဝ) ပဲဖြစ်နေသည်။ ဒါဆိုရင်တော့ အရင်တစ်ခါတွက်တုန်းက မှားတာဖြစ်မှာပေါ့။ သည်လိုပဲ သူတွေးခဲ့မိသည်။ ကယ်ကူ လေတာကတော့ မမှားနိုင်ဟု သူယုံကြည်ခဲ့သည်။

အရာရာ ကယ်ကူလေတာကို အားကိုးလွန်း သောကြောင့် ဘာမှမဟုတ်သည့် ပေါင်းနှုတ်မြှောက်စား

www.burmeseclassic.com

www.burmeseclassic.com



လေးကိုပင် မှားသည် မှန်သည် မဝေခွဲနိုင်လောက်အောင်ပင် သူဦးနှောင့်က ထုံထိုင်း သွားခဲ့သည်။ ဇဝေဇဝါဖြစ်သွားခဲ့ရသည်။ နောက်မှ အနားမှာစာကျက်နေသော (၅) တန်းကျောင်းသူ တူမလေးကြောင့် အဖြေမှန်ကို သိခဲ့ရသည်။

"၁၂ အစား ၁၂ ဟာ တစ်ပဲရတယ် ဦးဦးရဲ့ မှတ်ထား" တဲ့။

ဤမျှအထိ သူ ကယ်ကူလေတာ (ကွန်ပျူတာ) ကို ယုံကြည်ခဲ့သည်။ အားကိုးခဲ့သည်၊ ထိုသို့ မှီခိုအားကိုးယုံနဲ့ပဲ သူဟာ ကြွေးခံ ဖြစ်ရတော့မှာလား။ (မှီခိုခြင်းဟာ ကြွေးခံ ဖြစ်ခြင်းရဲ့ အကြောင်းရင်းလား) မဒမ်ပိုက်ကို သူပြန်မေးလိုက်မိသည်။

"ဒါပေါ့၊ ဥပမာ. . . ခွေးဟာ သူ့သခင်ကို မှီခိုတယ်၊ သားသမီးဟာ မိဘကို မှီခိုတယ်။ အားနည်းတဲ့သူဟာ အင်အားကြီးတဲ့သူကို မှီခိုတယ်။ ကိုယ်တိုင်မရပ်တည်နိုင်လို့ ဒီလိုမှီခိုလိုက်တာနဲ့ မှီခိုသူဟာ အမှီခိုခံရတဲ့သူရဲ့ ကြွေးအောက်ကို အလိုလိုရောက်သွားတော့တာပဲ၊ ကြွေးခံ ဖြစ်သွားတော့တာပဲ"

မဒမ်ပိုက်၏ ရှင်းလင်းချက်များသည် စဉ်းစားစရာပင် ဖြစ်သည်။ ဖြစ်နိုင်တာပဲ။

"ဟုတ်ပါပြီ၊ ဒါကတော့ သက်ရှိအချင်းချင်း မှီခိုလို့ ကြွေးခံ ဖြစ်တာပဲ၊ မင်းတို့က သက်မဲ့ပဲ၊ ဘယ်လိုလုပ်ပြီး ကြွေး လွှမ်းမိုးနိုင်မှာလဲ"





"ဒါကတော့ ရှင်တို့လုပ်ခဲ့သလိုပဲပေါ့၊ ရှင်တို့ဟာ သက်ရှိသတ္တဝါတွေထဲမှာ အသိဉာဏ်အရှိဆုံးဆိုပြီး တခြားသတ္တဝါတွေကို လွှမ်းမိုးလာတယ်၊ ဖိနှိပ်ခြယ်လှယ်လာတယ်၊ တခြားသတ္တဝါတွေဟာ ရှင်တို့ရဲ့ ကြွေးခံတွေ ဖြစ်လာရတယ်. . . .။

"ဒီလိုပဲ ရှင်တို့ထက် အသိဉာဏ်ပိုရှိတဲ့ သတ္တဝါ နောက်တစ်မျိုး ပေါ်လာခဲ့ရင် အဲဒီနောက်ပေါ်လာတဲ့ သက်ရှိသတ္တဝါရဲ့ ဖိနှိပ်မှုကို၊ လွှမ်းမိုးမှုကို ရှင်တို့တုံ့ပြန်ခံရမှာပဲ၊ အဲဒီသက်ရှိရဲ့ ကြွေးခံတွေဘဝကို ရှင်တို့ မလွှဲမသွေ ရောက်လာရမှာပဲ"

"ဟုတ်ပြီ. . . ထားပါတော့၊ ဒါပေမယ့် မင်းတို့က သက်မဲ့ပဲ"

"ရှင်တို့ရဲ့ မတရားတီထွင်ဖန်တီးချင်လွန်းတဲ့ စိတ်ကြောင့် သက်မဲ့တွေဟာ မကြာခင် သက်ရှိဖြစ်လာတော့မှာပါ။ ဖြစ်လာတဲ့ သက်ရှိတွေဟာလဲ ရှင်တို့ထက်ပိုပြီး သာလာလိမ့်မယ်၊ ဖန်တီးရှင်နဲ့ အဖန်တီးခံတွေမှာ ဖန်တီးခံရသူဟာ အမြဲတမ်း သာတတ်တာ ထုံးစံပဲလေ၊ ဥပမာ ရှင်တို့ဆိုရင်လဲ ကမ္ဘာဦးလူသားတွေ ကနေစပြီး မျိုးဆက်တွေဟာ တဖြည်းဖြည်းနဲ့ အစစအရာရာ သာလွန်ကောင်းမွန်လာတယ်၊ တိုးတက်လာတယ်၊ ဉာဏ်ရည်ကော၊ လူနေမှုအဆင့်အတန်းရော၊ စိတ်ပိုင်းဆိုင်ရာရော မူလမျိုးဆက်တွေထက်ပိုပြီး သာလာတယ်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ ရှင်တို့ရဲ့ ဖန်တီးမှုကြောင့် မွေးဖွားလာမယ့် ကျွန်မတို့ဟာလဲ ရှင်တို့ထက်ပိုပြီး တိုးတက်သာလွန်လာမယ်၊ ဥပမာ. . ရှင်တို့ဟာ ခရီးတစ်ခုကို မြန်မြန်မသွားနိုင်လို့ မြန်မြန်သွားနိုင်မယ့်ကားကို တီထွင်တယ်၊ ဒါကြောင့် ကားဟာ ခရီးသွားတဲ့နေရာမှာ ရှင်တို့ထက်သာသွားတယ်။ နောက်ပြီး ရှင်တို့ဟာ အချက်အလက်တွေအများကြီးကို ရှင်တို့ရဲ့ ခေါင်းသေးသေးလေးမှာ ထည့်မထားနိုင်ဘူး၊ ချက်ချင်းထုတ်မယူနိုင်ဘူး. . . .

"ဒါကြောင့်. . . ကွန်ပျူတာကို ရှင်တို့ဖန်တီးလာတယ်၊ ကွန်ပျူတာက ရှင်တို့ထက် ဉာဏ်ရည်ပိုင်းမှာ သာသွားပြန်တယ်၊ အဲ့ဒီလိုပဲ ရှင်တို့ဖန်တီးလိုက်တဲ့ ရှင်တို့ထက် သာသွားတဲ့ အရာတွေဟာ အများကြီးပဲ၊ အဲ့ဒီအများကြီးကို တစ်ခုတည်း အဖြစ် ပေါင်းစပ်လိုက်တဲ့အခါ အရာရာမှာ ရှင်တို့ထက်သာတဲ့ သက်ရှိအသစ်တစ်မျိုး ဖြစ်လာလိမ့်မယ်"

အံ့ဩတုန်လှုပ်ခြင်းနှင့် စိုးရိမ်ထိတ်လန့်ခြင်းတို့ကို တစ်ပြိုင်တည်း ခံစားလိုက်ရသည်။ သူမပြောသလိုများ ဖြစ်လာလေမလားဟု စိုးရိမ်စိတ်က ရင်ထဲသို့ ဝင်ရောက်လာ၏။

"ရှင့်မျက်စိထဲမှာ မြင်ယောင်လာအောင် အဲဒီအသစ်ဖြစ်လာမယ့် သက်ရှိရဲ့ပုံစံကို ကျွန်မပြောပြမယ်၊ ဥပမာ ရိုဘော့ (Robot) ပေါ့၊ ရိုဘော့ စက်ရုပ်တွေဟာ. . . ရှင်တို့



တွေအတိုင်း တံမြက်စည်းလှဲနိုင်တယ်၊ ကြမ်းတိုက်နိုင်တယ်၊ ်ဖိဖျော်နိုင်တယ်. . .

"နောက်တစ်ခုက ကွန်ပျူတာ၊ ကွန်ပျူတာဟာလည်း တို့လိုပဲ စဉ်းစားနိုင်တယ်၊ တွေးခေါ်ဝေဖန်နိုင်တယ်၊ ပ်တဲ့ အချက်အလက်တွေသာ ရှိလို့ကတော့ ဘာမဆို ာ်ချက် ပေးနိုင်တယ်၊ ရှင်တို့ထက်တောင် သာအောင် ်ပေးနိုင်တယ်၊ ပရိုဂရမ် (Program) သာရှိလျှင် ပန်းချီ လား၊ ချက် (စစ်တုရင်) ထိုးမလား၊ သီချင်းစပ်မလား လုံး ရှင်တို့ထက်သာတယ်. . . .

"အဲဒီတော့. . . အဲဒီစက်ရုပ်နဲ့ကွန်ပျူတာကို ပေါင်းစပ် ်မယ်ဆိုရင် ခန္ဓာကိုယ် တည်ဆောက်ပုံအားဖြင့် တို့ထက် သန်မာကြံ့ခိုင်ပြီး ဉာဏ်ရည်အားဖြင့် ရှင်တို့ထက် ်မြက် သာလွန်တဲ့ သက်ရှိအသစ်တစ်မျိုးဖြစ်လာလိမ့်မယ်၊ ပျူတာ ရိုဘော့. . ပေါ့။

"အဲဒီ ကွန်ပျူတာ ရိုဘော့ကြောင့် ရှင်တို့တဖြည်းဖြည်း ်နိမ့်သွားလိမ့်မယ်၊ ဘယ်လိုမှေးမှိန်မလဲဆိုတော့ ကွန်ပျူတာ ဘော့က ရှင်တို့နေရာကို ဝင်ယူလာလိမ့်မယ်။

သူတို့ဟာ ရှင်တို့ထက် ဦးနှောင့်ပိုကောင်းပြီး မှန်ကန် တဲ့ ဆုံးဖြတ်ချက်တစ်ခုကို မြန်မြန်ဆန်ဆန်နဲ့ ချနိုင်တယ်။ ဘော့ နိုင်ငံရေးနယ်ပယ်မှာ သူတို့ကို လူကြိုက်များလ မယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး အနုပညာနယ်မှာလည်း သူတို့ပဲ ကြီး
လာလိမ့်မယ်၊ ဘာလို့လဲဆိုတော့ သူတို့က ပန်းချီဆွဲလဲ ဗီ
ဆိုတို့၊ ဗင်ဂိုးတို့ထက် သာအောင်ဆွဲနိုင်တယ်၊ ဝတ္ထုရေး
ဟာရိုးရော်ဘင်တို့ ဂျက်ကီကောလင်းတို့ထက်သာအော
ရေးနိုင်တယ်၊ ဒါကြောင့် နေရာတိုင်း သူတို့ဖြစ်လာမ
စက်ရုံအလုပ်ရုံလဲ သူတို့၊ ကားမောင်းလဲ သူတို့၊ ပန်း
ဆေးလဲ သူတို့. . .

"ဒီတော့ ရှင်တို့ဟာ ဘာမှလုပ်စရာမလိုတော့
တဖြည်းဖြည်း အရည်အသွေးတွေ ကျလာမယ်၊ ရှေ
လာမယ်. . .

"ဒီကြားထဲ ဟစ်တလာလို လူမျိုးစွဲဝါဒ ကြီးမား
ကွန်ပျူတာရှိဘော့ တစ်ယောက်တစ်လေများ ပါလာ
ကတော့ ရှင်တို့ရဲ့ဘဝဟာ မတွေးဝံ့စရာဘဲ၊ ကမ္ဘာပေါ်
ကွန်ပျူတာ ရိုဘော့ကလွဲပြီး လူတွေတစ်ယောက်မှ မရှိစေ
ရာဇသံ တစ်ချက်ပေးလိုက်ရင် ရှင်တို့တွေ အားလုံ
ပျောက်ကွယ် သွားရလိမ့်မယ်. . . .

"ရုပ်ပတ်ဝန်းကျင်ကို တိုးတက်အောင် ဖန်တီးသူ
တာကြောင့် အဲဒီရုပ်ပတ်ဝန်းကျင်ရဲ့ ဩဇာခံ အဖြ
ကျရောက်ပြီး၊ နောက်ဆုံး ရုပ်ပတ်ဝန်းကျင်ကြောင့်ပဲ ရှင်တို့
ပျောက်ကွယ် သွားလိမ့်မယ်"





ရုတ်တရက် ကြောက်ရွံ့ထိတ်လန့်ခြင်းတို့ဖြင့်
တစ်ကိုယ်လုံး တုန်ယင်နေသည်။ ကွန်ပျူတာ၏ မျက်နှာပြင်ပေါ်
ငေးကြည့်ရင်း ချွေးစေးတွေ ပြန်နေမိသည်။

ဒါဟာ. . . ခြိမ်းခြောက်တာလား။

ဒါမှမဟုတ်. . . တမင်သက်သက် နောက်ပြော
နေတာ များလား။

(၃)

၃။ (ကွန်ပျူတာ တစ္ဆေ)

ကျွန်တော်တွေ့တာကတော့ ပျောက်ကွယ် သွား
လိမ့်မယ် ဆိုတဲ့ စာကြောင်းတစ်ကြောင်းတည်းပဲ။ ဒါပေမ
ဒါကလည်း ခင်ဗျား အိပ်ပျော်သွားရင်း ယောင်ပြီး
ရိုက်ထည့်လိုက်မိတာ ဖြစ်မှာပေါ့။ ကျွန်တော်ဝင်လာ
အချိန်မှာ ကီး (Key) တွေပေါ် လက်တင်ပြီး ခင်ဗျ
အိပ်ပျော်နေတာ တွေ့ရတာပဲ။

ထားပါလေ. . ၊ ဒါဟာ အိပ်မက်တစ်ခုပေါ့၊ ထမင်း
တစ္ဆေခြောက်သလိုမက်တဲ့ အိပ်မက်မျိုးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတယမ်းယမ်းနှင့် မယုံကြည်နိုင်စွာ ငြင်းပယ်နေသော တာနာတိုကို ငေးကြည့်ရင်း သက်ပြင်းတစ်ချက်ကို ချလိုက်မိသည်။ ထို့နောက် စားပွဲပေါ်မှ (Ice Tea) ကို တစ်ငုံ သောက်ရင်း ဆိုင်ထဲသို့ မျက်စိကစားလိုက်တော့. . .

ကောင်တာဘေး အညိုရောင်မှန်ချပ်ကို ထွင်းဖောက်လျက် ဆိုင်အတွင်းဘက်မှ ပန်းကန်ဆေးစက် တစ်ခုကို သူတွေ့လိုက်ရသည်။

ပန်းကန်ဆေးစက်။

(သို့မဟုတ်)

ပန်းကန်ဆေးသောစက်ရုပ်။

စိုးရိမ်စိတ်တစ်ခုက ရင်ထဲသို့ ထိုးခွဲဝင်ရောက်၍ လာတော့သည်။

ဘုရား. . . ဘုရား။ မဒမ်ဗိုက်ပြောသလိုများ တကယ် ဖြစ်လာဦးမှာလား။

ဟင့်အင်း. . . မဖြစ်နိုင်ပါဘူးလေ။

ဒါဟာ. . . အိပ်မက်ပဲဥစ္စာ၊ ဟုတ်တယ်. . . အိပ်မက်တစ်ခုပါပဲ။

ခေါင်းကိုခါယမ်းရင်း. . သူဖြေသိမ့်တွေးလိုက်မိသည်။

သို့သော်. . .

ရင်ထဲက စိုးရိမ်စိတ်ကတော့. . . . .

* * * * * * * * * * *

# စာစု (၈)

"ဘုရားကယ်တော်မူပါ၊ သူ့အတွက်
လိုအပ်နေတဲ့ ပြတင်းပေါက် တစ်ခုခုကို
အချိန်မီ ရှာတွေ့နိုင်ပါစေ"

www.burmeseclassic.com

www.burmeseclassic.com

# မြ တောင်း ပေါက် ကာ လေ

(၁)

သူစိုးရိမ်နေခဲ့သော ထိုအဖြစ် အပျက်သည် မှေးခနဲ ဓာိပ်ပျော် သွားခဲ့ပြီး သိပ်မကြာခင်မှာပင် အမှန်တကယ်ကို ဖြစ်ပွားလာ ခဲ့ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၂)

ယခင်အကြိမ်များစွာကလိုပင် ကြမ်းတမ်းအေးစက်သော လက်ဖဝါးနှစ်ဖက် သူ့ရင်ဘတ်ပေါ်သို့ လေးလံစွာ ကျရောက်လာခဲ့ခြင်းဖြစ်သည်။

အညှာအတာမဲ့စွာ ရက်စက်လွန်းသော ထိုလက်နှစ်ဖက်၏ လုပ်ကြံမှုက သူ့ရင်အစုံကို ပေါက်ကွဲလုမတတ် တင်းကျပ်လာစေ သလို သူ၏ အသက်ရှူခြင်းကိုလည်း ချွတ်ချော် လွဲမှားလာစေခဲ့သည်။ ထို့နောက်တော့. . . ထုံးစံအတိုင်း တုန်လှုပ်ချောက်ချားမှု၊ ဖိုလှိုက်မောပန်းမှုတို့နှင့်အတူ သူအိပ်ရာမှ လန့်နိုးလာရတော့သည်။

သူ အိပ်ရာမှ နိုးနိုးချင်း အထိတ်တလန့် သတိပြုမိသောကိစ္စကတော့ ယခင့်ယခင် ပုံစံများအတိုင်း သူ့တစ်ကိုယ်လုံး





ချွေးစေးတို့ဖြင့် ရွှဲနစ်နေကြခြင်းနှင့် သူ၏ အသက်ရှူမှုတို့ ရပ်တန့်လုနီးပါး ပျက်ယွင်းနေကြခြင်းပဲ ဖြစ်သည်။ ပိန်းပေါက်မတတ် မည်းမှောင်နေသော အိပ်ခန်းလေးအတွင်း သူ၏ အသက်ရှူလေပြွန်မှ ကြပ်တည်းပြတ်တောင်းစွာ ထွက်ပေါ် နေသော တရှိုးရှိုး မြည်သံတို့ဖြင့် ဆူညံလျက် ရှိလေသည်။

သူအိပ်နေရာမှ ကြောက်လန့်တကြား ထထိုင်ရင်း အသက်ရှူမှု ရပ်တန့်မသွားစေရန် ခက်ခဲပင်ပန်းစွာ သွေးရူးသွေးတန်း ကြိုးစားနေမိသည်။ သို့သော်အခန်းလေး အတွင်း ရှူစရာလေ မရှိတော့သည့်အလား သူ၏ ကြိုးစားမှုမှာ အချည်းနှီးသာ ဖြစ်နေတော့သည်။

ဘုရားသခင်။

သည်ပုံအတိုင်းဆိုရင်တော့ သိပ်မကြာခင် သူသေရလိမ့်မယ် ထင်ပါရဲ့။

အဆုတ်အတွက် လိုအပ်သောလေမရှိမှုက သူ့တစ်ကိုယ်လုံးကို တုန်ယင်အေးစက်လာစေသလို အားပင်ကုန်ခန်းစွာ မှိန်ဖျော့နွမ်းလျ လာစေသည်။ သွေးပျက်ဖွယ်ကောင်းလှသော ထိုအဖြစ်အပျက်မှ လွတ်မြောက်ရုန်းထွက်နိုင်ရန် ကာကွယ်မှုတစ်စုံ တစ်ရာ အချိန်မီ လိုအပ်နေကြောင်း သူသတိပြုမိသော်လည်း ဘယ်လိုကာကွယ်မှုမျိုး ဖြစ်သင့်သည်ဆိုတာကိုတော့ သူစဉ်းစား၍ မရ။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ဘာပဲဖြစ်ဖြစ် သူ၏ အသက်ရှူခြင်း ရပ်တန့်မသွားအောင်တော့ သူတစ်စုံတစ်ရာ လုပ်ဆောင်ရပေလိမ့်မည်။ အထူးသဖြင့် ကိုယ့်မြို့ကိုယ့်ရွာမဟုတ်သော နယ်မြို့လေးတစ်မြို့မှ သူငယ်ချင်းတစ်ယောက်ပိုင် အိမ်တစ်အိမ်၏ အိပ်ခန်းငယ်လေး အတွင်းမှာတော့ သူအကြောင်းမဲ့ မသေဆုံးချင်ပါ စိုးရိမ်တကြီး အတွေး တွေနှင့်အတူ ပြူလဲလုလု ဖြစ်နေသော သူ၏ ခန္ဓာကိုယ်ကို ကြိုးစားအားတင်းရင်း အိပ်ရာပေါ်မှ သွေးရူးသွေးတန်း ထရပ် လိုက်မိသည်။

(၃)

တကယ်တော့ သူ့အား တစ်လလျှင် တစ်ကြိမ်လောက် မှန်မှန်ကြီး ဒုက္ခပေးလေ့ရှိသော အက်စ်ပတ်ချ် မော်ဒီ အက်စ်သမာနှင့် ပတ်သက်၍ သူစိုးရိမ်ခဲ့ရသည်မှာ ဤခရီး မစတင်မီကတည်းကပင် ဖြစ်လေသည်။

ဇာတိမြို့သို့ ခေတ္တ အလည်ပြန်မည့် သူငယ်ချင်းဖြစ်သူ ကိုဝေက သူ့အား အလည်အပတ် သဘောမျိုးဖြင့် အဖော်လိုက်ခဲ့ရန် ဖိတ်ခေါ်လာစဉ်အခါက လိုက်သင့် မလိုက်သင့် ဆုံးဖြတ်ရာ၌ ထို ASTHMA အက်စ်သမာ



ဂါကိုပါ သူ မမေ့မလျော့ ထည့်သွင်းစဉ်းစား ဖြစ်ခဲ့သည်။ အေးချမ်း တိတ်ဆိတ်သည့် ဟောင်ပေါ်မြို့လေးတစ်မြို့ ဖြစ်သော ကိုဝေတို့၏ ဇာတိမြို့သည် သူလို ပန်းနာသမား တစ်ယောက် အတွက် အလည်အပတ်သွားသင့်သည့် မြို့တစ်မြို့ ဖြစ်နိုင် မဖြစ်နိုင်ကို စဉ်းစားရင်းသူ တွေဝေ နေခဲ့မိသည်။ သို့သော် ကိုဝေက . . .

"ခင်ဗျားလို ပန်းချီဆရာတစ်ယောက်အတွက် ကျွန်တော်တို့မြို့လေးက အကောင်းဆုံး စကက်ချ်တွေကို ဆက်ဆောင်ပေး လိမ့်မယ်။ အဲဒီအတွက် ကျွန်တော်ရဲရဲကြီး အာမခံတယ်။ စိတ်ချလက်ချသာ လိုက်ခဲ့စမ်းပါ"

ဟု ဆွဲဆောင်လာသော အခါမှာတော့ သူစိတ်ဝင်စား သာတော့သည်။ ထို့ကြောင့်ပင် ကိုဝေ၏ ဖိတ်ခေါ်မှုကို ခေါင်းညိတ် လက်ခံလျက် သည်ခရီးကို သူလိုက်ခဲ့ခြင်း ဖြစ်သည်။ ခရီးလမ်းအတွက် လိုအပ်သော ပစ္စည်းများဖြစ်သည့် ဆာကူရာဆေးဘူးများ၊ စုတ်တံများနှင့် စကက်ချ်ကောက်ရန် ကြမ်းစာအုပ်များကို သူမပျက်မကွက် ယူဆောင်လာခဲ့သလို သူ၏ ပန်းနာရောဂါအတွက် ခုခံကာကွယ်ရေးပစ္စည်းဖြစ်သည့် အိပ်ရာခေါင်းရင်းမှ (အက်စ်သမာနှင့် ပတ်သက်သည့် ဆေးလုံးများ စုပေါင်းထည့်ထားသည်) အညိုရောင် ဆေးပုလင်းကြီးအား တစ်ပါတည်း ယူဆောင်လာရန်ကိုလည်း သူမမေ့လျော့ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ကိုဝေတို့အိမ်ရောက်မှ သိရသော ကံဆိုး
တစ်ခုက သူယူလာသော ဆေးပုလင်းမှာ အက်စ်သမာ
ပတ်သက်သည့် ဆေးပုလင်းမဟုတ်ဘဲ အားဆေးပုလ
ဖြစ်နေခြင်းပဲ ဖြစ်သည်။ ထိုသို့ ကံဆိုးစွာ လွဲမှားခဲ့သည့်
သူ၏ နာတာရှည် ပန်းနာရောဂါအား ဘယ်တုန်းက
လျှော့မတွက်ခဲ့သော သူသည် အက်စ်သမာဆေး တစ်စုံတစ်
ရရှိနိုင်ရန် ချက်ချင်း စဉ်းစားမိခဲ့ပါသေးသည်။

သို့သော် ထိုကိစ္စကို အကောင်အထည်ဖော်
မဖြစ်နိုင်တော့သည့် ဝမ်းနည်းဖွယ် အကြောင်းအချက်တို့
ထိုဆေးလုံးများ ရရှိနိုင်သည့် တစ်ခုတည်းသော ဆေးပေး
သည် ကိုဝေတို့အိမ်နှင့် ငါးမိုင်ကျော် ဝေးကွာနေခြင်း
အချိန်ကလည်း နေဝင်ဖြိုးဖျ အချိန်ဖြစ်နေခြင်းပဲဖြစ်သည်
'ခင်ဗျားအတွက် အရေးကြီးရင် ကျွန်တော် သွားဝ
ပေးမယ်လေ၊ ဒါမှမဟုတ်လဲ ကျွန်တော့်ညီကို လွှတ်ပြီး
ဝယ်ခိုင်းလိုက်မယ်'။

ကိုဝေ သဘောကောင်းစွာဆိုလာသော်လည်း
သူအားနာစွာ ငြင်းဆန်ပစ်ခဲ့သည်။ 'နေပါစေ၊ မနက်
သွားဝယ်တာပေါ့၊ နောက်ပြီး ကျွန်တော့်ရောဂါက ညတိုင်း
မဖြစ်တတ်ပါဘူး၊ တစ်ခါတလေမှသာ ဖြစ်တာပါ'။

အရေးမကြီးသည့်ပမာ ဟန်လုပ် ငြင်းဆန်ဖြစ်
သော်လည်း ရင်ထဲမှာတော့ စိုးရိမ်စွာ ပူပန်နေမိသည်
ဘုရားရေ. . . တကယ်လို့များ ဒီညသာ ရင်ကြပ်လာခဲ့ရင်. . .





အို . . . မဖြစ်နိုင်ပါဘူး။ ငါ့ရောဂါက နေ့တိုင်းဖြစ်တတ်တာမျိုးမှ မဟုတ်တာ။ နောက်ပြီး ရင်မကြပ်တော့တာလည်း ဘယ်လောက်ကြာခဲ့ပြီလဲ။ မေ့တောင်မေ့နေလောက်ပြီ။ ရင်ထဲမှ အတွေးတို့ကို အားတင်း ဖြေဖျောက်ရင်း ကိုဝေတို့ မိသားစုနှင့်အတူ ညစာစားလိုက်သည်။ မစားဘူးသော ထူးထူးဆန်းဆန်း ဟင်းမျိုးဆိုလျှင် သဘောကျလေ့ရှိသော သူ့အတွက် စုံလင်လှသော တောင်ပေါ်ဟင်းများက သူ့အား စားနေကျအတိုင်းတာထက် ပိုမိုစားဖြစ်စေခဲ့သည်။ စားပြီးမှ သတိရလိုက်မိသော ဆရာဝန်ညွှန်ကြားမှုတစ်ခုက (ပန်းနာသမားသည် အစာကို ဗိုက်တင်းအောင် မစားရ။ ညပိုင်းတွင် ပို၍လျှော့စားရမည်။ အထူးသဖြင့် မိုးချုပ်လျှင် မည်သည့်အစာမှ မစားရ။)

ကြည့်စမ်း. . .။ ပန်းနာသမားတစ်ယောက် လိုက်နာသင့်တဲ့ စည်းကမ်းချက်တစ်ခုကို သူ ချိုးဖောက်မိပြီးဖြစ်နေပါပေါ့လား။ ထိုစိုးရိမ်စိတ်က သူ့အား ဒုက္ခပေးလေတော့သည်။

ညစာစားပြီး လက်ဆွဲမီးအိမ်၏ အကူအညီဖြင့် ကိုဝေက သူအိပ်ရမည့်အခန်းကို လိုက်ပို့ပေးခဲ့သည်။ ခရီးပန်းလာသဖြင့် စောစော အနားယူပါ ဟူသော သဘောလည်းဖြစ်သည်။ မီးမရှိသော အရပ်ဖြစ်သဖြင့် သူ့အား အိပ်ခန်းတွင်းသို့ လိုက်လံပို့ဆောင် ပြီးသည်နှင့် တစ်အိမ်လုံး အိပ်ရာဝင်သွား



www.burmeseclassic.com

www.burmeseclassic.com

ကြသော်လည်း သူကတော့ ညကြီးသန်းခေါင် ရင်များကြပ်လာလေမလားဟူသော စိုးရွံ့ စိတ်ဖြင့် တထင့်ထင့် ဖြစ်စွာတော်တော်နှင့် အိပ်မပျော်ခဲ့။ သို့သော် ရထားတစ်တန်ကားတစ်တန်ဖြင့် ခရီးပန်းလာမှုကြောင့် သူ၏အိပ်မပျော်မှုမှာ သိပ်တော့ကြာရှည်မခံခဲ့ပါ။

တအောင့်အကြာ၌ ပင်ပန်းနွမ်းနယ်မှုတို့နှင့်အတူ သူမေ့ခနဲ အိပ်ပျော်သွားခဲ့မိလေသည်။ ထိုသို့ အိပ်ပျော်ပြီး သိပ်မကြာခင်မှာပင် သူစိုးရိမ်နေသော အဖြစ်အပျက်က သူ့ဆီသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

(၄)

ရင်အစုံ မောက်ကြွလျက် တရှိုးရှိုးမြည်သံတို့ ဆူညံစွာ သူ အသက်ကိုခက်ခဲပင်ပန်းစွာ ကြိုးစားရှူရှိုက်နေမိသော်လည်း သူ့အဆုပ်အတွက် လိုအပ်သောလေပမာဏ ရရှိအောင်တော့ သူဘယ်လိုမှ မတတ်နိုင်ပါ။ တစ်စုံတစ်ယောက်က သူ့လည်ပင်းကို ညှစ်ထားသည့်ပမာ သူ၏ အသက်ရှူမှုမှာ တစ်စထက် တစ်စ ကျပ်တည်းခဲယဉ်းလာတော့သည်။

သေချာပါတယ်၊ ဒီပုံ အတိုင်းဆိုရင်တော့ သူတကယ် လဲကျ သေဆုံးရတော့မှာပါ။ တစ်ခါမှ မကြုံဖူး လောက်အောင်



ဆိုဝါးပြင်း ထန်လှတဲ့ ပန်းနာရောဂါရဲ့ ခု တစ်ကြိမ် တိုက်ခိုက်မှုကို သူဘယ်လိုမှ ခုခံနိုင်တော့မှာ မဟုတ်တာ အမှန်ပါပဲ။

မည်းမှောင်နေသော အိပ်ခန်းအတွင်း ဒယိမ်းဒယိုင် ခြေလှမ်းတို့ဖြင့် ကူကယ်ရာမဲ့စွာ လျှောက်လှမ်းရင်း ဘုရားသခင်၏ စောင်မမှုကိုသာ သူပြင်းပြစွာတောင့်တနေမိတော့သည်။ ထိုအချိန်မှာပင် 'လေ' ဟူသော ဝေါဟာရ တစ်ခုက သူ့ဦးနှောက်အတွင်းသို့ ထူးခြားစွာ ထိုးခွဲဝင်ရောက်လာခဲ့သည်။ လေ ၊ ဟုတ်တယ်။ ခုချိန်မှာ သူ့အတွက် အရေးတကြီး လိုအပ်နေတာဟာ သန့်ရှင်းလတ်ဆတ် တဲ့ လေပါပဲ။

သူချက်ချင်းပင် ပြတင်းပေါက်ကို သတိရလိုက်မိသည်။ သူ၏ ဆက်လက် အသက်ရှင်ရပ်တည်နိုင်မှုအတွက် လိုအပ်သောလေတို့ကို ဆောင်ကျဉ်းပေးနိုင်မည့် တစ်ခုတည်းသော အရာမှာ ပြတင်းပေါက်ပဲဖြစ်သည်။ ယိုင်နဲ့သော ခြေလှမ်းတို့ဖြင့် ပြတင်း ပေါက်တစ်ပေါက်ပေါက် ရှိနိုင်မည့် နေရာဆီသို့ လျှောက်လှမ်းလာမိသည်။

ထို့နောက် အိမ်နံရံကို လက်ဖဝါးနှစ်ဖက်ဖြင့် တရွေ့ရွေ့ စမ်းရင်း ပြတင်းတံခါးတစ်ချပ်ချပ်ကို သွေးရူးသွေးတန်း သူစတင် ရှာဖွေလေတော့သည်။

ဘုရား ကယ်တော်မူပါ။ သူ့အတွက် လိုအပ်နေတဲ့ ပြတင်းပေါက်တစ်ခုခု အချိန်မီ ရှာတွေ့နိုင်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com



လဲပြိုလုလု ခန္ဓာကိုယ်ကို အားတင်းရင်း အပြင်းအထန် ကြိုးစားရှာဖွေနေချိန်မှာပင်, သူ့လက်ဖဝါးတစ်ဖက်က အေးစက်မာကြောသော ပြင်ညီတစ်ခုကို စမ်းသပ်တွေ့ရှိလိုက်သည်။ သူရှာဖွေနေသော ပြတင်းပေါက်တစ်ခု၏ မှန်ချပ်ဖြစ်လေသည်။ ထိုမှန်ချပ်မှ တဆင့် လက်ဝါးနှစ်ဖက်ကို ဖွေ့ယမ်း စမ်းသပ်လျှက် ပြတင်း တံခါး၏ လက်ကိုင်ကို ထပ်မံရှာဖွေလိုက်နိုင်သော်လည်း တံခါးချက်ကို တော့ အလွယ်တကူ ရှာဖွေမတွေ့။ ထို့အတူ သူ၏ကျန်းမာရေးအခြေအနေကလည်း ထိုတံခါးချက်ကို အချိန်ယူ ရှာဖွေနိုင်လောက် အောင် အခြေအနေ မပေးတော့ပါ။ မတတ်နိုင်၊ မနက်ကျမှ ကိုဝေကို သူတောင်းပန်လိုက်တော့မည်။

ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချရင်း လည်ပင်းမှ မာဖလာကို ဆွဲယူလျှက် သူ၏ညာလက်မှာ ရစ်ပတ်လိုက်သည်။ ထို့နောက် ပြတင်းတံခါး၏ မှန်ချပ်ကို မာဖလာပတ်ထားသော လက်သီးဖြင့် ထိုးခွဲလိုက်တော့သည်။

အေးမြသော ညဥ့်လေက ကွဲကြေသွားသော ပြတင်း မှန်ချပ်ပေါက်မှတဆင့် သူ့မျက်နှာဆီသို့ အရှိန်ပြင်းစွာ တိုးဝှေ့လာ ကြသည်။ ရင်အစုံကိုမောက်ကြွလျှက် လတ်ဆတ် ရှင်းသန့်သော လေထုကို သူအငမ်းမရ ရှူရှိုက်လိုက်သည်။

စောစောက ပေါက်ကွဲထွက်မတတ် တင်းကြပ်နေခဲ့သော ရင်အစုံမှာ ညဥ့်လေအေးအေး၏ အချိန်မီ



ဝင်ရောက်လိုက်မှု ကြောင့် သိသာစွာ ပြေလျော့လာသလို သူ၏အသက်ရှူမှု မှာလည်း ချောမွေ့ ပြေသာလာတော့သည်။

ကံကြီးပေလို့သာပဲ။

နည်းနည်းလေးသာ နောက်ကျသွားခဲ့မယ်ဆိုရင် သူ့ရဲ့အသက်ရှင်မှုဟာ ရပ်တန့်သွားတော့မှာ အသေအချာပါပဲ။

ပြတင်းတံခါးလက်ကိုင်ကို အားပြုရင်း လတ်ဆတ်သော လေညှင်းတို့ကို သူ၏အဆုတ်ထဲသို့ ကျေနပ်အားရစွာ ရှိုက်သွင်း နေမိသည်။

နောက်ထပ် ၁၀ မိနစ်လောက် အကြာမှာတော့ ရှင်းသန့်သော ညဥ့်လေ၏အကူအညီဖြင့် ပန်းနာရင်ကြပ်ရောဂါကို အောင်မြင်စွာ တွန်းလှန်နိုင်သော သူသည် အိပ်ရာဆီသို့ ပြန်လာပြီး ရင်ဘတ်ပေါ်သို့ စောင်ထူထူလွှမ်းလျှက် အေးချမ်းစွာ အိပ်ပျော် သွားလေတော့သည်။

## (၇)

မနက်စာအတွက် ပြင်ဆင်ထားသော မြီးရှည်နှင့် လက်ဖက်ရည်တို့ အေးကုန်မည်စိုးသဖြင့် သူငယ်ချင်းကို နှိုးရန် အပေါ်ထပ် သို့ သူတက်လာခဲ့သည်။ အိပ်ခန်းထဲရောက်တော့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း ပန်းချီဆရာမှာ တရှုံ့ရှုံ့ဟောက်လျက် နှစ်ခြိုက်စွာ အိမ်မောကျနေသဖြင့် သူနိုးရန်အားနာသွားမိသည်။

ထို့ကြောင့် သူ့ဘာသာသူ နိုးလာမှပဲ ကျွေးတော့မည်ဟု စိတ်ကူးလျက် သူငယ်ချင်း၏ ကုတင်ဘေးမှ လှည့်ထွက်ရန်ပြင် လိုက်သည်။ သို့သော် ချက်ချင်းပင် ခုတင်နှင့်ခပ်လှမ်းလှမ်း ကြမ်းပြင်ပေါ်မှ အရာတချို့ကြောင့် သူ့ခြေလှမ်းတို့ တုံ့ဆိုင်း သွားကြသည်။

မှန်ကွဲစတွေပါလား။

အင်း . . . ဒါဟာ ကြွက်ခုပ်တဲ့နေရာမှာ သောင်းကျန်း လွန်းတဲ့ ကျေားကြီးရဲ့ လက်ချက်ဖြစ်မှာပဲ။

သို့သော် ချက်ချင်းပင် ထိုအတွေးမမှန်နိုင်ဟု သူဆုံးဖြတ်လိုက်မိသည်။ ညက အိပ်ခန်းတံခါးကို သူကိုယ်တိုင် ပိတ်ပေးခဲ့သဖြင့် ကျေား ဤအခန်းအတွင်းသို့ ဘယ်လိုမှ ဝင်နိုင်မည်မဟုတ်ပါ။ အိမ်အပြင်ဘက်မှ ခုန်ပျံကျော်လွှားပြီး ဝင်ရအောင်ကလည်း ဤအခန်းမှာ ပြတင်းပေါက် တစ်ပေါက် တလေပင်ရှိသော အခန်းမဟုတ်။

ရှေးဟောင်း ကျွန်းဘီဒိုကြီးတစ်လုံး၏ တံခါးမှန်တစ်ချပ် ကွဲကြေနေရခြင်း၏ အကြောင်းအရင်းကို သူစဉ်းစား၍မရစွာ ဦးနှောက်ခြောက်သွားတော့သည်။ သို့သော် ဘာပဲဖြစ်ဖြစ် ဧည့်သည်ဖြစ်သူ ပန်းချီဆရာနိုးမလာခင် ထိုမှန်ကွဲစများကို ရှင်းလင်းဖို့ကတော့ သူ့တာဝန်ပဲ ဖြစ်လေသည်။

* * * * * * * * *

# စာစု (၉)

လောဘဆိုတာ လူသားတွေအတွက်
မရှိမဖြစ် လိုအပ်တဲ့ ( Essential force ) တစ်မျိုးပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဇ
တာ
ဆို
လူ
သား
များ

(ဇာတ်ဖွင့်)

သူတို့သည် အထည်ကြီးပျက်များဖြစ်လေသည်။

ထို့ကြောင့် တစ်ချိန်က ချမ်းသာခဲ့ကြသူများဟု မှတ်ယူနိုင်ပါသည်။ သူတို့၏ အိမ်ကလေးမှာ ဆင်းရဲသားရပ်ကွက် အတွင်းရှိ ခပ်ကုပ်ကုပ်အိမ်လေးတစ်ခုပင် ဖြစ်သော်လည်း အိမ်တွင်း အပြင်အဆင်များကတော့ အခြား သူငါ ဆင်းရဲသားအိမ်များနှင့် များစွာ ကွာခြားလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အိမ် ဧည့်ခန်း၌ အမျိုးအစား ကောင်းသော်လည်း နှစ်ကြာနေပြီဖြစ်သဖြင့် အနည်းငယ် ဟောင်းနွမ်းနေပြီ ဖြစ်သော ရေဒီယိုဂရမ်တစ်လုံးကို ခံညားစွာ တွေ့မြင်နိုင် လေသည်။ သို့သော် အတွင်းရှိစက်ပစ္စည်းများမှာ ရောင်းစားထားပြီး ဖြစ်သဖြင့် အခွံသက်သက်မျှသာ ဖြစ်လေသည်။ ထို့အပြင် ဇာတ္တိပါစပေါ်၌ ပန်းချီများ၊ ဂဏန်းများရေးဆွဲထားသည့် ပြက္ခဒိန်လှလှလေးများကို လည်း နံရံအပြည့်တွေ့မြင်နိုင်သည်။ သို့သော် ထိုပြက္ခဒိန်များက ညွှန်ပြသော ခုနှစ်သက္ကရာဇ် တို့ကတော့ အိုမင်းရင့်ရော် နေကြပြီ ဖြစ်သည်။

ထိုမျှသာမက သူတို့၏အိမ်လေး၌ လူကုံတံများ သုံးလေ့သုံးထရှိသော အသုံးအဆောင်များစွာကို တအံ့တဩ တွေ့မြင်နိုင်သော်လည်း ထိုပစ္စည်းများအား ဝယ်ယူထား သည်မှာ ကြာမြင့်လှပြီဖြစ်သဖြင့် ဟောင်းနွမ်းဆွေးမြည့် နေကြောင်း အထူးဖော်ပြရန် လိုမည်မထင်ပေ။

သူတို့သည် ဆင်းရဲနေကြပြီဖြစ်သော်လည်း ရွှေထီးဆောင်း ခဲ့စဉ်အချိန်က အပြုအမူများကို မစွန့်လွှတ် နိုင်ကြသေးပေ။ တစ်ပတ်တစ်ခါ ကားသစ်လဲတိုင်း 'ပစ်ချာ' ဟု သူတို့သုံးနှုန်းလေ့ရှိသော ရုပ်ရှင်ကြည့်ခြင်း ကိစ္စကို ပြင်းပြစွာ အကောင် အထည် ဖော်ချင်ကြပါသေးသည်။ သို့သော် ထိုဆန္ဒအား လမ်းထိပ်ဗွီဒီယိုရုံ၌ ငွေနှစ်ကျပ်အကုန်ခံ ခြင်းဖြင့် ဖြေဖျောက် နေတတ်ကြပြီ ဖြစ်သည်။



သူတို့သည် ထမင်းစားလျှင် ဇွန်းခက်ရင်းဖြင့်ပင် စားနေကြသေးသော်လည်း သူတို့စားသော ဟင်းများမှာ အများအားဖြင့် ငါးပိရည်နှင့် တို့ဇရာများသာ ဖြစ်နေတတ် ပေသည်။ သို့သော် ထိုငါးပိရည်နှင့် တို့စရာကိုပင် ဇွန်းခက်ရင်း ဖြင့် ကျွမ်းကျင်စွာ စားတတ်နေကြပြီဖြစ်သည်။

ထို့ပြင် ထမင်းစားပြီးတိုင်း ကော်ဖီသောက်သော အလေ့မှာ ယခုတိုင် မပျောက်နိုင်သေးသည့် သူတို့၌ ခိုင်မာစွာ စွဲကပ်နေသော အလေ့ အကျင့်တစ်ခု ဖြစ်လေသည်။ သို့သော် ကော်ဖီဟု သူတို့ခေါ်သောအရာမှာ ကော်ဖီမှုန့်၊ ထန်းလျက်နှင့် ရေနွေး တို့ကိုရော၍ မွှေနှောက်ထားသည့် မည်းညစ်ညစ် အရည်ကျဲကျဲများ ဖြစ်ပြီး ထိုအရည်များကိုပင် နှစ်ခြိုက်ခုံမင်စွာ သောက်သုံးနေ တတ်ကြပြီ ဖြစ်သည်။

တစ်နည်းအားဖြင့် သူတို့သည် အထည်ကြီးပျက် ရောဂါကို စွမ်းစွမ်းတမံ ခုခံနေကြသူများသာ ဖြစ်သည်။ သူတို့ဆိုသည်မှာ ဆေးဆရာ၊ တရားဟောဆရာမနှင့် ၎င်းတို့၏သား ကဗျာဆရာတို့ ဖြစ်လေသည်။

(၁)

ဆေးဆရာသည် ခေတ်ကောင်းစဉ်အခါက ကားအမျိုး မျိုး ပြောင်းလဲစီးခဲ့သူဖြစ်သဖြင့် ကားအကြောင်းကို ကောင်းစွာ နားလည်သူဖြစ်သည်။ သို့သော် သူနားလည်သော ကားများမှာ

www.burmeseclassic.com

www.burmeseclassic.com

တစ်ချိန်က ခေတ်စားခဲ့သည့် စကိုဒါ၊ ဖီးယက်၊ ဗောက်စ်ဝက်ဂွန် ကားများ ဖြစ်ပြီး အက်စ်အီး၊ ဟွန်ဒါအက်ကော့နှင့် အီးအက်ဖ်အိုင်၊ စီးဒိုင်းအင်ဂျင်များအကြောင်းကိုမူ သူနားမလည် တော့ပေ။

သူသည် ရွှေဆိုင်ဖွင့်ခဲ့ဖူးသူ တစ်ယောက် ဖြစ်သဖြင့် ဆယ့်သုံးပဲနှစ်ပြား ဘယ်ကြိုးတစ်ကုံးကို အခေါက်ချွတ်လျှင် အချိန် မည်မျှလျော့မည်ကိုလည်းကောင်း၊ စိန်၏ အသား အပျော့အမာကိုလည်းကောင်း၊ ကျောက်စိမ်း၏ ကွမ်းချက်ကို ကြည့်၍ အရည်မည်မျှ စိုက်မည်ကို လည်းကောင်း ကောင်းစွာ နားလည် တတ်ကျွမ်းသူ တစ်ယောက် ဖြစ်သော်လည်း ယနေ့ ရွှေဈေးနှင့် စိန်ဈေး မည်မျှ ပေါက်သည်ကိုတော့ သူမသိတော့ပါ။

သူသည် တစ်ချိန်က နာရီဆိုင် ဖွင့်ခဲ့ဖူးသူလည်း ဖြစ်သည်။ ထို့ကြောင့် တစ်တိုနီ၊ ရိုးလက်စ်နာရီများကို တစ်စစီ ဖြုတ်နိုင် တပ်နိုင်လုအောင် ကျွမ်းကျင်လှသော်လည်း ကက်စီယိုကွတ်စ် အကြောင်းကိုတော့ သူလိုက်၍မမီတော့ပေ။

မျက်မှောက်ကာလ၏ ခပ်ဝေးဝေး တစ်နေရာ၌ နောက်ကျန်ရစ်ခဲ့ပြီ ဖြစ်သော်လည်း စွယ်စုံတတ်ကျွမ်းသော ဆေးဆရာသာ စီးပွားရေးပြန်လုပ်ပါက မုချအောင်မြင် ရမည်ဟု သူ့မိတ်ဆွေများက တစ်ထစ်ချ ယုံကြည်ကြသည်။ ထို့ကြောင့် သူ့အား စီးပွားရေး တစ်ခုခုပြုလုပ်ရန် ထိုမိတ်ဆွေ များက အားတတ်သရော တိုက်တွန်းတတ်ကြသော်လည်း သူကတော့ ခေါင်းယမ်း ငြင်းဆန်တတ်မြဲ ဖြစ်သည်။





" ဘာလုပ်မှာလဲဗျာ၊ ငွေဆိုတာ စိတ္တသုခကိုပေးနိုင်တဲ့ အရာမှမဟုတ်တာ၊ စိတ်တစ်ခု ယုတ်ကိုးဆယ်တဲ့၊ လူမှာ စိတ်ဟာ အရေးကြီးဆုံးပဲ၊ ဒီတော့ စိတ်ချမ်းသာမှုကို မပေး နိုင်တဲ့ အဲဒီငွေတွေကို ကျူပ်ကဘာလို့ အပင်ပန်းခံပြီး လိုက်ရှာ နေရမှာလဲ၊ စိတ်မဝင်စားပါဘူးဗျာ"

ဆေးဆရာ စိတ်ဝင်စားသည်က ရှင်အဋ္ဌဂေါဏ၊ အာဒိကပ္ပဒ္ဒာရသိမ်၊ ရှင်နာဂသိန်၊ ပုဂ္ဂလပညတ်စသည် တို့ဖြစ်သည်။ သူသည်။ ဆေးကျမ်း၊ ဓာတ်ကျမ်းများ ဖတ်ခြင်းဖြင့်သာ တစ်နေ့တာ၏ အချိန်များစွာကို သုံးစွဲ နေတတ်သူ ဖြစ်သည်။

ထို့ကြောင့် ဆေးဆရာ၏ မိတ်ဆွေများမှာ ဆေးဆရာ တစ်ယောက်တော့ တရားရသွားပြီဟု တအံ့တသြ ရေရွတ် ပြောဆို နေတတ်ကြလေသည်။

(၂)

တရားဟောဆရာမသည် တစ်ချိန်က ရိုက်စ်ကွက်ကား ဟော့ပလိပ်တို့နှင့်ခလုတ်နှိပ်၍ ထမင်းဟင်းချက်ခဲ့ဖူး ဖြစ်သည်။ သို့သော် ယခုအခါမှာတော့ ထင်းမီးဖိုမှ မီးခိုး



www.burmeseclassic.com

www.burmeseclassic.com

များကြောင့် မျက်ရည်များ ဝဲနေသည့်ကြားမှပင် ထမင်းအိုးဟင်းအိုးများကို ဆက်တိုက် ချက်ပြုတ်နေတတ်ပြီ ဖြစ်သလို၊ တစ်ရက်ကို ငွေသုံးရာနှင့်လောက်ငှအောင် ဈေးဝယ်နေတတ်ပြီ ဖြစ်လေသည်။

သူမသည် မက်စ်ဖိုက်တာ၊ ရက်ဗလွန်၊ ချာလီတို့အစား ဒေါ်သီသနပ်ခါးကို အစားထိုး အသုံးပြုနေတတ်သလို အိုမာခယမ်၊ ရာဘင်ဒြာနတ်တဂိုး၊ ဟာရိုးရော်ဘင်နှင့် ဂျက်ကီကောလင်းတို့အစား ဗုဒ္ဓ၏ မမွေအမြုတေလို၊ ရတနာသုံးပါးဂုဏ်ကျေးဇူးလို ပရိတ်ကြီး ပါဠိတော်လို စာအုပ်များကို ဖတ်ရှုနေတတ်ပြီ ဖြစ်သည်။

ထိုအနီးအနား အိမ်ရှင်မများမှာ တရားဟော ဆရာမကို တလေးတစား အားကျတတ်ကြပြီ ညနေစောင်းလျှင် သူမ၏အိမ်သို့ သူမဟောမည့်တရားများကို နားထောင်ရန် လာရောက်တတ်ကြလေသည်။ တရားဟော ဆရာမကလည်း မမောတန်း တရားဟောတတ်သည်။ သူမဟောပြောလေ့ ရှိတတ်သည်က. . .

"လောကကြီးမှာ သင်္ခါရဆိုတဲ့ တရားတစ်ခုက လွဲရင် ဘာမှ ထာဝရမတည်မြဲဘူး၊ နောက်ပြီး သင်္ခါရဆိုတဲ့ သဘောတရားကိုက ထာဝရမတည်မြဲခြင်း၊ အစိုးမရခြင်းလို့ဆိုတော့ လောကကြီးမှာ တည်မြဲတဲ့အရာရယ်လို့ ဘယ်မှာ ရှိတော့မှာလဲ။ ဒီတော့ ဘာမှမတည်မြဲတဲ့ လောကကြီးမှာ တစ်ခုခုကို တည်မြဲအောင် လုပ်တာဟာ သက်သက်ရူးတာပဲ" ဟူ၍ လည်းကောင်း . . .





ငွေဆိုတာ ရုပ်သက်သက်ပဲ။ ရုပ်ဟာ ရုပ်ကိုပဲ ဖန်တီးလို့ရမယ်။ နာမ်ကို ဖန်တီးလို့မရဘူး. . . ဟူ၍လည်းကောင်း ဖြစ်သည်။

သူမ၏တရားများကြောင့် သူမသည် လက်ရှိဘဝကို ကျေနပ်စွာ လောကကြီးကို ရင်ဆိုင်နေသူဟု အိမ်ရှင်မများစွာက ယုံကြည်စွာ လေးစားနေကြခြင်းလည်း ဖြစ်လေသည်။

(၇)

ကဗျာဆရာသည် နူးညံ့ဈေးကြီးသော အနှီးစများ အကောင်းစားဘေဘီပေါင်ဒါများ၊ ဆီဦးထောပတ်များ၊ အချိန်ပြည့် နာနီ (ကလေးထိန်း) များဖြင့် လောကကြီးထဲသို့ ခန်းနားစွာ ရောက်ရှိလာခဲ့သော်လည်း သူလူမှန်းသိတတ်စ အရွယ်မှာတော့ ဂျပန်ဖိနပ်တိုဖြင့် အကျီကော်လံအစုတ်ဖြင့် လောကကြီးကို ရင်ဆိုင်နေရသူ တစ်ယောက်ဖြစ် နေလေသည်။

ချမ်းသာခြင်းဟူသည်ကို မစွတ်မပွတ်သာ မပြည့်မဝ ခံစားခဲ့ရရှာသော ကဗျာဆရာသည် သူ၏မိဘများအား


www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေး လုပ်ငန်း တစ်ခုခုပြုလုပ်ရန် (သူ လူပျိုပေါက် အရွယ်တုန်းက) အငမ်းမရ တိုက်တွန်းခဲ့ ဖူးလေသည်။

သူသည် လောက၌ မချမ်းသာချင်သူမရှိဟု ယုံကြည် ခဲ့သူဖြစ်သလို 'ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပဲ' ဟု တွင်တွင်ပြော၍ မိမိ၏ပျင်းရိခြင်းကို ဖုံးကွယ်တတ်သော လူများထဲတွင် သူမပါဝင်ဟု ကိုယ့်ကိုယ်ကို ယုံကြည်သူလည်း ဖြစ်သည်။ သို့သော် သူ့မိဘ များက. . .

'ကံ ကံရဲ့အကျိုးပေါ့ကွယ်၊ တို့တတွေ ကံမကောင်းလို့ ဆင်းရဲခဲ့ကြပေမယ့် ကံကောင်းတဲ့တစ်နေ့ ပြန်ပြီး ချမ်းသာ လာနိုင်တာပဲ လောကမှာ ကံမရှိရင် ဉာဏ်ရှိပေမယ့်လဲ မွဲတတ်တယ် သားရဲ့'

ဟု ပြောလာသောအခါမှာတော့ သူ့မိဘများ၏ ရောင့်ရဲနိုင်မှုအတွက် သူနားမလည်နိုင်စွာ တအံ့တဩ ဖြစ်ခဲ့ရလေသည်။ မည်သို့ပင်ဆိုစေ နောက်ဆုံးတော့ သူသည်လည်း သူ့မိဘများနည်းတူ အထည်ကြီးပျက် ရောဂါနှင့် နေသားတကျဖြစ်သွားခဲ့ရသလို တင်းတိမ်ရောင့်ရဲနိုင်မှု ကိုလည်း မွေးမြူနိုင်ခဲ့လေသည်။ ထိုနေ့မှစ၍ ကဗျာတစ်ပုဒ် ရေးကာ သူ၏ အိပ်ရာခေါင်းရင်း၌ ကပ်ထားလိုက်တော့သည်။

အိုနာဆစ်ရဲ့ဇိမ်ခံကား၊
အလကားပေးမယ်ဆိုရင်တောင်၊
ဓာတ်ဆီထည့်စရာ၊
ပိုက်ဆံမရှာနိုင်လို့ ငြင်းရလိမ့်မယ်။
ဟောင်းဝပ်ဟူးရဲ့ တစ်နှစ်စာ ဝင်ငွေလည်း
မရချင်နေပါစေ၊
ရှော့ဖဲလားအလုပ်
စိတ်ရှုပ်စရာကောင်းတယ်၊
ပေါ့ကျတစ်ခွက်
ဂျိုးသိန်းတစ်လိပ်နဲ့
နေ့စဉ်မှန်မှန် အသက်ဆက်နေရမယ်ဆိုရင်ပဲ၊
ဘဝဟာ
ကျေနပ်စရာကောင်းနေပါပြီ။
(မစ္စတာ) ဒေးကာနက်ဂျီရယ် ဟူသတတ်။

(၄)

ရပ်ကွက်တွင်းမှ လူများ၏ သတိမူမိသမျှတော့ [...]ကို့မိသားစု၏ နေ့စဉ်ဖြတ်သန်းမှုမှာ သမားရိုးကျဆန့်ကာ [...]င်းလွန်းလှလေသည်။

ကဗျာဆရာသည် မိုးလင်းသည်နှင့် လွယ်အိတ်တစ်လုံး [...]ယ်ကာ မြို့ထဲရှိ မဂ္ဂဇင်းတိုက်ပေါင်းစုံ လေထန်ကုန်းစသည့်



www.burmeseclassic.com

www.burmeseclassic.com



နေရာများသို့ လှည့်လည်သွားလာ နေတတ်ပြီး မိုးချုပ်မ (တစ်ခါတစ်ရံ ရီဝေလေးလံစွာ) အိမ်ပြန်လာတတ်သည်။

တရားဟောဆရာမကတော့ မနက်ခင်းအချိန်များတ ထမင်းဟင်းချက်ခြင်း၊ ရှည်လျားသော ဘုရားရှိခိုးခြင် စသည်တို့နှင့် အချိန်ဖြုန်းလေ့ရှိပြီး နေ့လယ်နေ့ခင်းနှင့် ညနေဘက်များမှာတော့ တရားစာအုပ်များ ဖတ်ရှုခြင်း မမောနိုင်မပန်းနိုင် တစ်ယောက် ယောက်ကို တစ်ရားတစ်ခ ဟောကြားခြင်းတို့ဖြင့် အချိန်ဖြုန်းတတ်လေသည်။

ဆေးဆရာကတော့ မိုးလင်းပြီဆိုသည်နှင့် လမ်းထိ လက်ဖက်ရည်ဆိုင်လေးသို့ သွားထိုင်တတ်ပြီး တွေ့ရ ကြုံရာလူကို ဗေဒင်ဟောပေးတတ်လေသည်။ သူဟော သည်မှာ အများအားဖြင့် မှန်ကန်တတ်သဖြင့် နေ့စဉ်လိုလိုပ လက်ဖက်ရည်ဖိုးအကုန်ခံ၍ ဗေဒင်မေးချင်သူများ ရှိနေ တတ်သည်။ သူသည် ဗေဒင်ဟောခြင်းသာမက ဆေးကုခြင် ၌လည်း လူကြိုက်များသူ ဖြစ်ပြန်သည်။

သူဆေးကုပုံက လူနာခေါ်စရာမလိုဘဲ နာမည်ပြောပြ ရုံနှင့်ပင် အလုပ်ဖြစ်သော ပုဂ္ဂလပညတ်နည်းဖြစ်သည် လူနာ၏ နာမည်ကိုကြည့်၍ နေဂိုဏ်းသမား၊ လဂိုဏ်းသမား ခွဲခြားပြီး ပါပစာ၊ သောမစာ ဓာတ်စာ ပေးလိုက်ခြင်းဖြစ်သည် (တစ်ခါတစ်ရံ သူ့ဆေးချက်များက လူနာရှင်များ) အထိတ်တလ ဖြစ်စေလောက်သည့် (အပြင်ဖျားနေသူကို ရှောက်သီးသုတ်



စားခိုင်းခြင်းမျိုး၊ ရေခေါင်းလောင်း ချိုးခိုင်းခြင်းမျိုး) ဖြစ်နေတတ်သော်လည်း သူ့ပညာ အစွမ်းထက်ကြောင်း ကိုတော့ ပျောက်သွားသူတိုင်းလိုလို တအံ့တသြလက်ခံကြရ သည်။

လဆန်းရက်နှင့် လလယ်ရက်၊ တစ်လလျှင် နှစ်ခါလောက် မြို့ထဲသို့ လွယ်အိတ်တစ်လုံးနှင့် ထွက်သွားတတ်သည်မှအပ ဆေးဆရာ၏ ပုံမှန်လည်ပတ်ကတော့ ထိုအတိုင်းပဲ ဖြစ်သည်။

သူတို့သည် ရှိတာလေးကို ထုခွဲစားသောက်ရင်း ထိုသို့ပင် အေးစက်တိတ်ဆိတ်စွာ နေထိုင်ခဲ့ကြလေသည်။ သို့သော် သူတို့ မည်သို့ပင်နေထိုင်စေကာမူ ထိုရပ်ကွက်အတွင်းမှ လူများကတော့ သူတို့အား ပုံပြင်ထဲမှ ဇာတ်လိုက်များသဖွယ် ထင်မှတ် ကြည်ညိုနေကြမြဲပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

(ဇာတ်လယ်)

ဆေးဆရာ၊ တရားဟောဆရာမနှင့် ကဗျာဆရာတို့အာ
ကြည်ညို|လေးစားစွာ အားကျနေသူ များစွာရှိသည်
မယုံကြည်သူ တစ်ယောက်လည်း ထိုရပ်ကွက်အတွင်
ရှိနေခဲ့သည်။

ထိုသူမှာ နိုင်ငံရေးသမားဟောင်းတစ်ဦး ဖြစ်ခဲ့ဖူးသူ
ဖြစ်သလို အတွေးအခေါ် ပညာရပ်များစွာ လိုက်စားခဲ့ဖူးသည်
ရှေ့နေ တစ်ယောက်လည်းဖြစ်လေသည်။ သူသည်
ဆေးဆရာတို့အား ဟန်ဆောင် ရောင့်ရဲနေကြ သူများဟု
သယဝင်နေတတ်သူ ဖြစ်သည်။

အကယ်၍ တစ်စုံတစ်ယောက်က ဆေးဆရာတို
မိသားစု၏ လောဘကင်းစွာ ရောင့်ရဲနိုင်မှုကို သူ့ရှေ့



ချိုးမွန်းခန်း ဖွင့်လာပါက သူသည် ဟက်ဟက်ပက်ပက် ရယ်မောရင်း ဤသို့ တုံ့ပြန်တတ်လေသည်။

သည်လိုရှိတယ်၊ လူရယ်လို့ဖြစ်လာရင် လောဘ၊ ဒေါသ၊ မောဟဆိုတာ ရှိမှာပဲ။ လောဘမရှိတဲ့ လူရယ်လို့မရှိဘူး။ လောဘ မရှိရင်လည်း လူလို့ သတ်မှတ်လို့မရတော့ဘူး။ တစ်ခုတော့ ရှိတယ်။ ဦးနှောက် လူစဉ်မမီတဲ့ လူနဲ့ စိတ်မမှန်တဲ့ လူဆိုရင်တော့ မပြောတတ်ဘူး။ သာမာန် ဦးနှောက်ရှိသူတိုင်း ကတော့ လောဘရှိမှာပဲ၊ နည်းနည်းရှိတာနဲ့ များများရှိတာပဲ ကွာမယ်။

ကျုပ်တို့ လူတွေဆိုတာက တယ်ပြီး ရှေ့ရေးနောက်ရေး ပူပင်တတ်ကြတယ်။ အဲလို ပူပင်သောကတွေ ရှိလာပြီဆိုရင် အဲဒီသောက က လွတ်မြောက်ဖို့ မသိစိတ်က အလိုလို နှိုးဆော်လာတော့တာပဲ။ အဲဒီ နှိုးဆော်မှုကနေ လောဘဆိုတာ ပေါ်ပေါက်လာရတယ်။

ဥပမာတစ်ခု ပြောမယ်ဗျာ။ ခင်ဗျားဟာ သဲကန္တာရ တစ်ခုထဲမှာ သုံးလေးရက်လောက် မျက်စိလည်လမ်းမှားပြီး အားပြတ် လုမတတ် အစာငတ်ရေငတ် ဖြစ်နေခဲ့မယ်။ အဲဒီအချိန်မှာ ကံကောင်းချင်တော့ မပျံနိုင်တဲ့ ငှက်ကလေး တစ်ကောင်ကို တွေ့မယ် ဆိုပါတော့. ခင်ဗျားဘာလုပ်မလဲ။ စဉ်းစားနော်. . . ခင်ဗျားဟာ အားပြတ်ပြီး အစာမစားရရင် ငါတော့ သေမှာပဲဆိုတဲ့ သောကတွေ အရမ်းကို ဖိစီး နေတဲ့အချိန်၊ ဘာလုပ်မလဲ။

www.burmeseclassic.com

www.burmeseclassic.com


ရှင်းရှင်းလေးပဲ လူဆိုတာ ကိုယ့်အသက်ကိုတော့ ချစ်ကြတာချည်းပဲ၊ သည်တော့ ငှက်ကလေးကို ခင်ဗျား သတ်စားရော ဆိုပါတော့၊ ဒါဟာ လောဘပဲ ။ သူ့အသား စားချင်လို့ သူ့အသက်ကိုသတ်ရင် ပါဏာတိပါတာကံထိုက်တဲ့ လောဘပဲ၊

တကယ်တော့ လောဘဆိုတာ သောက, ကနေ ပေါက်ဖွား လာတတ်တဲ့ (ဆင်းရဲဒုက္ခ လွတ်မြောက်လိုမှု) တစ်မျိုးပဲ၊ ဒါဟာ တကယ့်ကိုလက်ခံရမယ့် သိပ္ပံနည်းကျပဲ၊ ဒါကိုမတွေးမိတဲ့လူတွေက. . ငါဟာ လောဘမရှိဘူးလို့ ထင်နေကြတာ၊

ရှေ့နေကြီးသည် သူယုံကြည်ရာ လူတိုင်း လောဘရှိသင့်ကြောင်းတရားကို အာပေါင်အာရင်းသန်သန်နှင့်လည်း ဟောပြော တတ်ပြန်လေသည်၊

"လောဘဆိုတာ လူတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ အရာပဲ ကျောက်ဂူတွေနဲ့နေခဲ့တဲ့ ကမ္ဘာဦးလူသားတွေမှာ လောဘရှိခဲ့လို့ သာကျုပ်တို့ရဲ့ လူနေမှုအဆင့်အတန်းဟာ ခုလောက် တိုးတက်လာခဲ့ရတာ၊ တကယ်လို့ သူတို့မှာသာ လောဘမရှိခဲ့ရင် လောဘကြောင့် သားကောင်များများ ဖမ်းနိုင်ဖို့ လက်နက်ကိရိယာနဲ့ အဲ့ဒီသားကောင်ကို အရသာရှိရှိ ကင်စားနိုင်ဖို့ မီးတို့၊ အရှက်လုံဖို့ အဝတ်အထည်တို့၊ မိုးလုံလေလုံနေနိုင်ဖို့ အိမ်တို့၊ အဲ့ဒါတွေ မတီထွင်ခဲ့ရင်



ကျုပ်တို့ရဲ့ လူနေမှု အဆင့်အတန်းဟာ ခုချိန်ထိ ကျောက်ခေတ်မှာပဲ ရှိနေဦးမှာပါပဲ ။ လောဘကြောင့်သာ အရာရာ တိုးတက်လာခဲ့ရတာ၊ လောဘဆိုတာ လူသားတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ ( Essential Force) တစ်မျိုးပဲ၊

သည်တော့ လူတိုင်း၊ လူတိုင်းဟာ ငါ့အတွက် . . .

ငါ့မိသားစုအတွက်၊ ငါ့တိုင်းပြည်အတွက် စတဲ့ အတ္တကို လက်ကိုင်ထားပြီး လိုအပ်တဲ့လောဘမျိုးနဲ့ အားကြိုးမာန်တက် အလုပ်လုပ်သင့်တယ်၊ ဒါမှလည်း ကျုပ်တို့ တိုင်းပြည်ကြီး ပိုပြီး တိုးတက်နိုင်မယ်"

ဤသည်မှာ လူစုစုတွေတိုင်း မမောနိုင် မပန်းနိုင် ဟောပြောတတ်သည့် ရှေ့နေကြီး၏ မူပိုင် ( Speech ) တစ်ခုဖြစ်သလို ဆေးဆရာတို့ မိသားစုအား ပုတ်ခတ်မှု တစ်မျိုးလည်း ဖြစ်လေသည်၊ ထိုကိစ္စအတွက် မခံမရပ်နိုင်သူများက ဆေးဆရာတို့ မိသားစုအား သွားရောက်တိုင်တန်းတတ်သော်လည်း ဆေးဆရာတို့ကတော့ အေးဆေးစွာပင်၊ ခွင့်လွှတ်လိုက်ပါဟု တုန့်ပြန်တတ်လေသည်။ ထို့ကြောင့် ရှေ့နေကြီး၏ 'စကားလုံး လုပ်ကြံမှု' များမှာ ထိရောက်မှုမရှိဟု ယူဆရမည် ဖြစ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



(၁)

ရာသီဥတုသာယာသည့် ညနေခင်း တစ်ခုမှတော့ ရပ်ကွက်အတွင်းရှိ လူအများ တအံ့တဩဖြစ်သွားကြရမည့် ဆေးဆရာတို့ အိမ်သို့ ရွှေနေကြီး အလည်အပတ် ရောက်ရှိလာခြင်းဟူသော ကိစ္စတစ်ခု ဖြစ်သွားခဲ့လေသည်။ ထိုသို့ ရွှေနေကြီး သွားရောက်လည် ပတ်ခြင်းနှင့် ပတ်သက်၍ တစ်ချို့က ဆေးဆရာမိသားစုအား လောဘရှိသင့်ကြောင်း တရားချရန် သွားရောက်ခြင်းဖြစ်မည်ဟု ယူဆ၍ တချို့ကတော့ ပွင့်လင်းစွာ ပုတ်ခတ်စော်ကားရန် သွားခြင်း ဖြစ်မည်ဟု ထင်မြင်ကြသည်။

ရွှေနေကြီး ရောက်ရှိသွားသောအချိန်သည် ထုံးစံအတိုင်း ဆေးဆရာမိသားစုနှင့် ရပ်ကွက်အတွင်းမှ လူအချို့ တရားအကြောင်း ဆွေးနွေးနေကြသော အချိန် ဖြစ်သည်။ မလာစဖူး ထူးဆန်းစွာ ရောက်ရှိလာသော ရွှေနေကြီးကြောင့် လူအတော် များများမှာ အံ့ဩစိတ်ပျက် သွားကြသော်လည်း ဆေးဆရာတို့ မိသားစုကတော့ ရွှေနေကြီးအား လှိုက်လှဲစွာ ကြိုဆိုလေသည်။

ရွှေနေကြီးသည် ဧည့်ပရိတ်သတ်များနှင့် အတူ ရောနှောဝင်ထိုင်ရင်း သူ့ကြောင့်ရပ်ဆိုင်းသွားရသည့် ဆွေးနွေးလက်စ သက္ကာယဒိဋ္ဌိအကြောင်းကို ဆက်လက် ဆွေးနွေးရန် တိုက်တွန်းလိုက်သည်။ ထို့အပြင် ဆေးဆရာအား သက္ကာယဒိဋ္ဌိ ဆိုတာ ဘာလဲ ဆရာ' ဟုပင် ခပ်တည်တည် မေးမြန်းလိုက်လေသည်။ ရွှေနေကြီး၏ မေးခွန်းကြောင့် စကားဝိုင်းအတွင်းမှ လူများစွာက သဘောမကျဟန်ဖြင့် နှာခေါင်းရှုံ့ကြသော်လည်း ဆေးဆရာကတော့ အေးဆေးစွာပြုံးရင်း ရွှေနေကြီး၏ အမေးကို အဖြေပေးလိုက်သည်။

" သက္ကာယဒိဋ္ဌိ ဆိုတာ အထင်အရှားရှိတဲ့ ရုပ်နာမ် အပေါ် အထင်အမြင် မှားတာမျိုးပေါ့၊ ဆိုပါတော့ ဟောဒီ ကျွန်တော့် လက်ထဲကမီးခြစ်ကို ခင်ဗျား ကြည့်လိုက်၊ မြင်တယ်နော်၊ ဒါကို ငါမြင်တာလို့ ခင်ဗျားက မှတ်မယ်။ အဲ့ဒါဟာ သက္ကာယဒိဋ္ဌိ"

" ကျွန်တော်သိပ်မရှင်းဘူး"

" ဒီလိုလေ . . . တကယ် မြင်သိစိုက်မှာ ရှိတာက မျက်စိရုပ်ရယ်၊ မြင်ရတဲ့ မီးခြစ်ရဲ့အဆင်းသဏ္ဌာန်ရယ်၊

www.burmeseclassic.com

www.burmeseclassic.com

မြင်သိမှု နာမ်ကလေးရယ် ဒါပဲရှိတာ၊ ငါဆိုတာ မရှိဘူး ဒါကို ငါမြင်တာ ငါသိတာလို့ သွားမှတ်တာဟာ အမှတ်မှားတာပဲ၊ စိတ်၊ စေတသိက် ရုပ်ဆိုတဲ့ ပရမတ္ထတရား ခန္ဓာငါးပါး အပေါ်မှာ အဲ့လို အထင်အမြင်မှားတာဟာ သက္ကာယဒိဋ္ဌိပဲ၊ အဲ့ဒီလို သက္ကာယဒိဋ္ဌိတွေ ဝင်လာပြီ ဆိုရင် လူတွေဟာ ဘာဖြစ်သလဲဆိုရင် ငါတော့ ဆင်းရဲနေပြီလို့ထင်လာတယ်။ ချမ်းသာရင်လဲ ငါတော့ ချမ်းသာပြီလို့ ထင်လာကြတယ်၊ သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဆိုတဲ့ ဝေဒနာသုံးပါးကို အမှန်အတိုင်း သဘောမပေါက်ကြတော့ဘူး။ အဲ့ဒီလို သဘောမပေါက်ကြတဲ့ အတွက် ဆင်းရဲတဲ့လူက ချမ်းသာဖို့၊ ချမ်းသာတဲ့လူကလဲ ပိုပြီးချမ်းသာဖို့ မိုးလင်းက မိုးချုပ် အလုပ်ရှုပ်ကြရတယ်။ အဲ့ဒီသံသရာထဲကမလွတ်နိုင်ဘဲ တဝဲလည်လည်နဲ့ဒုက္ခ ရောက်ကြရတယ်"

ဆေးဆရာ၏ စကားအဆုံး ရှေ့နေကြီးမှာ မေးစေ့ကို လက်ဖြင့်ပွတ်လျက် ကြမ်းပြင်ကို စူးစိုက်ငေးမောကာ ငြိမ်သက်သွားတော့သည်။ (ရှေ့နေကြီး၏ ပုံမှာ တစ်စုံတစ်ရာကို အလေးအနက်နှင့် အပြင်းအထန် စဉ်းစားနေပုံမျိုးဖြစ်သည်ဟု ထိုစကားဝိုင်း အတွင်းရှိလူများက နောင်အခါ ပြန်လည် ပြောဆိုခဲ့ကြသည်)။

အရင်းစစ်တော့လောဘပဲ၊ လောဘကြောင့် ဆင်းရဲတဲ့ လူတွေက ချမ်းသာချင်ကြတယ်။ ချမ်းသာတဲ့ လူတွေကလည်း





ပိုပြီး ချမ်းသာချင်တယ်။ ဒီလောဘကို မသတ်နိုင်သရွေ့ လူတွေဟာ ဆင်းရဲသည်ထက် ဆင်းရဲ နေကြရဦးမှာပဲ"

တစ်ချိန်လုံး ငြိမ်သက်နေခဲ့သော တရားဟောဆရာမ ဝင်ပြောလာသည့် 'လောဘ' ဟူသော ဝေါဟာရကြောင့် ရှေ့နေကြီး အနည်းငယ် ခေါင်းထောင်၍လာသည်။ ဘေးနားမှ လူများက ရှေ့နေကြီး တစ်စုံတရာ တုံ့ပြန် လာလိမ့်မည်ဟု ထင်ကြသော်လည်း ဘာမှမပြောဘဲ တရားဟောဆရာမ၏ စကားကိုသာ နှုတ်ဆိတ်စွာ နားထောင်နေလေသည်။

" တကယ်တော့ ဒုစရိုက်မှုမှန်သမျှကို ကျူးလွန်စေတာဟာ အဘိဇ္ဈာလို့ ခေါ်တဲ့ အဲ့ဒီလောဘပဲ။ လောဘ ကြောင့် လူတွေဟာ ဒေါသဖြစ်တယ်။ မောဟဖြစ်တယ်။ အဲ့ဒီလို မနောဒုစရိုက်ကံတွေကိုပါမကဘူး။ ဝစီဒုစရိုက် ကံတွေကိုပါ ကျူးလွန်ကြတယ်. . .။

ခေါင်းရွက်ဗျက်ထိုး ဈေးသည်ကနေ ရွှေဆိုင်ပိုင်ရှင် အထိ လောဘကြောင့် လိမ်လည်တာတွေ၊ ရုန့်ရင်းကြမ်းတမ်း တဲ့ စကားတွေကို နိစ္စဓူဝ ထမင်းစား ရေသောက် ပြောဆို လာကြတယ်၊ ဒါတင်လားဆိုတော့ မဟုတ်သေးဘူး၊ လောဘကြောင့် သူများ ပစ္စည်းခိုးတယ်၊ သူများ အသက် သတ်တယ်၊ အဲ့ဒီလို ကာယဒုစရိုက်ကံတွေကိုပါ ကျူးလွန် ကြတယ်၊ တွေးကြည့်ရင် တကယ့်ကို ကြောက်စရာ ကောင်းတဲ့ လောဘပဲ၊ ဒါကြောင့် လူတွေဟာ လောဘကို နည်းနိုင်သမျှ နည်းအောင် ထိန်းသင့်တယ်၊ လောဘတစ်ခု ဝင်လာပြီဆိုရင်


www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီ လောဘကြောင့် ငါဟာ ဘယ်လိုအမှားတွေ ကျူးလွန်မိနိုင်သလဲလို့ တွေးပြီး ကြောက်သင့်တယ်"

ထိုနေ့က ရွှေနေကြီးသည် ဆေးဆရာနှင့် တရားဟောဆရာမတို့ တစ်ယောက်တစ်လှည့်စီ ရှင်းပြခဲ့ကြသည့် လောဘတရား၏ ကြောက်စရာကောင်းပုံများ အကြောင်းကို တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်ခဲ့သလို၊ စကားဝိုင်းသိမ်းတော့လည်း တစ်စုံတစ်ရာ ချေပငြင်းခုန်ခြင်း မရှိဘဲ ထူးဆန်းစွာပင် တိတ်တဆိတ် ပြန်သွားခဲ့လေသည်။

ထို့ ထက်ပို၍ ထူးဆန်းသော ကိစ္စမှာ လမ်းထိပ်အကြော်တဲတွင်လည်းကောင်း၊ ဆိုက်ကားဂိတ်၊ လက်ဖက်ရည်ဆိုင်တွင်လည်းကောင်း ဟောပြောနေကျ ဖြစ်သည့် ရွှေနေကြီး၏ လောဘရှိသင့်ကြောင်းတရားများကို ထိုနေ့မှစ၍ မကြားရတော့ခြင်းဘဲ ဖြစ်လေသည်။

(ဇာတ်သိမ်း)

(ဗိတာဇုံလူသားများဟု ကြိုတင်အမည်ပေးထားခဲ့သည့်၊ လိုအပ်သည်ထက် ပိုမိုရှည်လျားနေခဲ့သော ဤဝတ္ထုတိုကို လဆန်းရက်တစ်ရက်၌ အပြင်မှပြန်လာသော ဆေးဆရာနှင့် ဆေးဆရာ ပြန်အလာကို စိတ်စောစွာ စောင့်မျှော်နေခဲ့သော တရားဟော ဆရာမတို့၏ အချီအချစကားပြောခန်းများဖြင့်





အကျဉ်းချုံး၍ သိမ်းပါမည်။)

ထိုနေ့က ဆေးဆရာတို့ လင်မယား အပြန်အလှန် ပြောဆိုခဲ့ကြသည့် ဒိုင်ယာလော့များမှာ အောက်ပါအတိုင်း ဖြစ်သည်။

တရားဟောဆရာမ။ ။ ပြန်လာပြီလား . . . ၊ အခြေအနေ ဘယ်လိုလဲ။

ဆေးဆရာ ။ ။ မဟန်ပါဘူးကွာ။

တရားဟောဆရာမ။ ။ ဒါဖြင့် ဒီအပတ်လဲ သွားပြန်ပြီပေါ့။

ဆေးဆရာ။ ။ အေးကွာ၊ Numerology ကော၊ ဂြိုလ်စီးဂြိုလ်နင်းကော၊ ဓာတ်ရိုက် ဓာတ်ဆင်ကော၊ ဒီကြားထဲ ပိုသေချာအောင်ဆိုပြီး ခရစ်လျှာနာမူရတီးနဲ့ ဖရိုက်ရဲ့ အိမ်မက်ကျမ်းနဲ့ပါ ဖမ်းထားသေးတယ်။ တောက် . . . ဒါတောင် ကပ်ပြီးလွဲ သေးတယ်ကွာ။

စကားအဆုံး ဆေးဆရာသည် လွယ်အိတ်ထဲမှ အရာများကိုထုတ်၍ စားပွဲပေါ်သို့ စိတ်ဆိုးမာန်ဆိုး လုံးချေ ပစ်တင်လိုက်လေသည်။ ဆေးဆရာ ပစ်တင်လိုက်သော အရာများမှာ ဂဏန်းသုံးလုံးစီ စီတန်းရေးသားထားသည့် ဘတ်စ်ကား လက်မှတ်အရွယ် ငွေရပြေစာဖြတ်ပိုင်းလေးများ ဖြစ်လေသည်။

ဗိတာဇုံ - အပေါ်ရံချို၍
အတွင်း၌ ခါးသောဆေးလုံး

* * * * * * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

"တာဘို ကားအနီးလေးမောင်းသွားသည့် ကောင်လေးတစ်ယောက်ကြောင့် ချာလီထီးအနီလေးဆောင်းထားသည့် ကောင်မလေးတစ်ယောက်မှာ ရွှံ့ရေတွေပေကျံ သွားရတာကတော့. . .

ဘယ်လိုမှ ကဗျာမဆန်သည့် ကိစ္စပင်ဖြစ်သည်"

www.burmeseclassic.com

www.burmeseclassic.com

# ကာရန်ပျက်ကဗျာ

(၁)

ဖျတ်ခနဲပွင့်အာလာသည့်
စတော်ဘယ်ရီရောင် အပြုံးကလေး
တစ်ခုကို မြတ်နိုးစွာ ငေးကြည့်ရင်း
ကားတံခါးကို ဖွင့်ပေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတာကြာပြီလား. . . ဟူသော ရေရွတ်နေကျ စကားတစ်ခုနှင့်အတူ ရင်ခုန်ဖွယ်ရာ ကိုယ်သင်းနံ့ဖြင့် တစ်ကားလုံး မွှေးပျံ့သွားစေရင်း ကားတွင်းသို့ သူမ ဝင်ထိုင်လာသည်။ သူမကားပေါ်ရောက်သည်နှင့် ထုံးစံအတိုင်း ကားဘီးတာရာပွတ်သံ တကျွီကျွီ မြည်အောင် အရှိန်နှင့်မောင်းထွက်လိုက်သည်။

" ဟော့ . . . ဖြည်းဖြည်းမောင်းလေ"

ဆင်စွယ်ရောင် လက်ဖဝါးနုနုလေးနှင့် သူ့ပခုံးကို ပုတ်ရင်း ကောင်မလေး လှမ်းပြောသည်။ သူဘာမှ ပြန်မပြောဘဲ ပခုံးတစ်ချက် တွန့်ပြလိုက်မိသည်။ ကားမောင်းလျှင် ဘယ်တော့မှ ဖြည်းဖြည်းမမောင်းတက်သောသူနှင့် ကားစီးလျှင် အမြဲတမ်း ဖြည်းဖြည်းမောင်းနော်ဟု ပြော၍ စီးတတ်သောသူမတို့ မှန်အလုံပိတ်ထားသော ကားတစ်စီး အတွင်း အတူတကွ ရှိနေကြခြင်းမှာ နည်းနည်းတော့ အံ့ဩစရာကောင်းလေသည်။ သို့သော် . . . ယိုသို့ အတူတူ ရှိနေခြင်းအတွက် သူစိတ်အနှောင့်အယှက်မဖြစ်ပါ။ ရုတ်တရက် ဝါသွားသော မီးပွိုင့်ကို ဖြတ်မောင်းရင်း သူမနှင့် စတင်ဆုံဆည်းခဲ့သည့်နေ့ကို သူအမှတ်ရလိုက်မိသည်။

ထိုနေ့သည် မိုးအလွန်ရွာသော နေ့တစ်နေ့ ဖြစ်လေသည်။ ထိုသို့ မိုးအလွန်ရွာသော နေ့တစ်နေ့မှာ အလွန် ချစ်စရာကောင်းသော ကောင်မလေးတစ်ယောက်နှင့်



ဆုံဆည်းရလိမ့်မည်ဟု ဘယ်တုန်းကမှ သူ မမျှော်လင့်မိခဲ့။ သို့သော် . . . အံ့ဩစရာ ကောင်းလောက်အောင်ပင် ဝင်ဒါမီယာ (သံလွင်လမ်း) ဟုခေါ်သော ချိုင့်အလွန့်ပေါ်သည့် လူကုံထံလမ်းလေး တစ်လမ်းပေါ်မှာ သူမကို သူစတွေ့ခဲ့သည်။

တာဘိုကားအနီလေး မောင်းသွားသည့် ကောင်လေး တစ်ယောက်ကြောင့် ချာလီ ထီးအနီးလေး ဆောင်းထားသည့် ကောင်မလေးတစ်ယောက်မှာ ရွှံ့ရည်တွေပေကျံ သွားရသည် ကတော့ ဘယ်လိုမှ ကဗျာမဆန်သည့် ကိစ္စဖြစ်သည်။ ထိုသို့ ကဗျာမဆန် စွာပင် သူနှင့်သူမစတင် ဆုံစည်းခဲ့ကြခြင်း ဖြစ်လေသည်။

" ရှင် ကားမမောင်းတတ်ဘူးလား"

သည့်တုန်းက ကားရပ်၍ ဆင်းတောင်းပန်သော သူ့အား ကောင်မလေးက ကက်ကက်လန်အောင် ရန်တွေ့ ခဲ့သည်။

နဖူးပေါ်ဝဲကျလာသည့် ဆံနွယ်လေးများကို သပ်တင်ရင်း နှင်းဆီရောင် နှုတ်ခမ်းထူထူကို သွားနှင့် ဖိကိုက်ရင်း မျက်တောင် ကော့ရှည်ကြီးများကို ပုတ်ခတ်ပုတ်ခတ်လုပ်လျက် စူးရဲစွာ စိုက်ကြည့်ရင်း စိတ်ဆိုးနေခဲ့သည့် သူမ၏ အမူအရာ လေးကို သည့်တုန်းကတည်းက သူချစ်သွားခဲ့သည်။

"တောင်းပန်ပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

ဟူသော သူ့စကားကို လစ်လျူရှုလျက် ချာခနဲ လှည့်ထွက်သွားသော သူမ၏ နောက်ကျောကို ရိုးရိုးသားသား ငေးကြည့်ရင်း မိုးရေများထဲမှာ သူကျန်ရစ်ခဲ့သည်။

နောက်မှ ကားထဲသို့ပြန်ဝင်ရင်း သူမနောက်သို့ ဖြည်းဖြည်းလေးမောင်း၍ လိုက်လာခဲ့မိသည်။ သူ့ဘဝ၌ ပထမဆုံးအကြိမ် အဖြစ် ကားကို ဖြည်းဖြည်းလေး မောင်းဖူးခြင်းဖြစ်သည်။ တစ်လိမ့်ချင်းမောင်း၍ လိုက်ပါလာသည့် ကားနီနီလေးထဲမှာ မိုးရေတွေ စိုရွှဲနေသည့် သူ့ကို တစ်ချက် လှည့်ကြည့်၍ မျက်စောင်းထိုးရင်း ခြံတစ်ခြံထဲသို့ သူမ ဝင်ရောက်ပျောက်ကွယ်သွားခဲ့သည်။

ထိုနေ့မှစ၍ အကျီအဖြူ ထဘီကာကီရောင်နှင့် ဝင်ဒါမီယာထဲမှ ကောင်မလေး တစ်ယောက်ကြောင့် သူ၏ အိမ်မက်များမှာ လှပလာခဲ့ရလေသည်။ ထို့အတူ ထိုကောင်မလေး ရုံးသွားရုံးပြန် အချိန်များ၌ အရိပ်သဖွယ် ကပ်၍ လိုက်ပါတတ်သော ကောင်လေး တစ်ယောက်သည် လည်း ထိုနေ့မှစ၍ ပေါ်ပေါက်လာခဲ့ရလေသည်။

(၂)

ကားကို အာရုံစူးစိုက်လျှက် ခပ်ကြမ်းကြမ်းမောင်း နေသော ကောင်လေးကို သူမ ငေးကြည့်နေမိသည်။

အသားညိုညို ဆံပင်တိုတိုနှင့် စကားပြောလျှင် ...ဆတ်ဆတ်ပြောတတ်သော ရေဘင်မျက်မှန်အနက်ကို ...ပူပူ မပူပူ အမြဲတမ်းတင်ထားတတ်သော ကော်လာကတုံး ...ဖြူ ကချင်လုံချည်နှင့် သည်ကောင်လေးကို သူမချစ်လိမ့် ...ည်ဟု ဘယ်တုန်းကမှ မထင်မိခဲ့။

သူမ၏ ချစ်သူသည် အသားဖြူဖြူ အရပ်ရှည်ရှည်၊ ...ကားပြောလျှင် ယဉ်ယဉ်ကျေးကျေး ပြောတတ်သည့် ...သူတတ် တစ်ယောက်သာ ဖြစ်ရမည်ဟု သူမ စိတ်ကူးယဉ် ...ခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် . . . မယုံနိုင်စရာ ကောင်းလောက်အောင်ဝ
တစ်ခါတုန်းက သူမနှင့်အုဘောက်ကျခဲ့ဖူးသည့် ကျွတ်ဆတ်ဆ
ထုံပေပေနှင့် ကောင်လေးသည် သူမ၏ တရားမဝင်ချစ်သူ
ဖြစ်လာခဲ့သည်။ သူနှင့် သူမ စကားများ ပြီးကြ ကတည်းက
သူသည် သူမနောက်ကို တကောက်ကောက် လိုက်ခဲ့သည်
သူမ၏ ရုံးတက်ချိန်များ၊ ရုံးဆင်းချိန်များ၌ အနီရောင်ရဲ
ကားလှလှလေးကို မှိန်ခွဲ့ရပ်ရင်း သူမအား စူးစိုက်ငေးကြည့်
တတ်သော သူကြောင့် သူမ၏ ခြေလှမ်းတို့ မှားမတ
ဖြစ်ခဲ့ရသည်။

သူ ငါ့ကို ဘာဖြစ်လို့များ လိုက်လိုက်ကြည့်နေရတာလဲ

ထိုမေးခွန်းသည် သူမအား အလွန် စိတ်အနှော
အယှက် ဖြစ်စေသော မေးခွန်းတစ်ခုဖြစ်သလို၊ သူမအား
အလွန် စိတ်လှုပ်ရှားစေသော မေးခွန်းလည်းဖြစ်လေသည်။
ထိုမေးခွန်းကို သူမကြာကြာမစဉ်းစားလိုက်ရ၊ အကြောင်း
ကတော့ ထိုမေးခွန်း၏ အဖြေမှာ ရက်အနည်းငယ်
အတွင်း၌ပင် သူမဆီသို့ ရောက်ရှိလာခြင်းကြောင့် ဖြစ်သည်။

"ကျွန်တော် ခင်ဗျားနဲ့ မိတ်ဆွေဖြစ်နိုင်မလား"

အလွန်ရယ်စရာကောင်းသော ချည်းကပ်နည်းပဲ
ဖြစ်သည် သို့သော် . . . ထိုချည်းကပ်နည်းကြောင့်ပင် သူနှင့်
သူမ မိတ်ဆွေများ ဖြစ်သွားခဲ့ကြသည်။ သည့်နောက်တော့
သူမအား ရုံးကြိုခြင်းဟူသည့်ကိစ္စကို ခပ်တည်တည်နှင့်ပင်
သူဆောင်ရွက်တော့သည်။



သို့သော် . . . ညနေတိုင်း သူမအား ရုံးကြိုတတ်
သည်မှအပ သူ့ဘက်မှ ဘာတစ်ခုမှ မစတင်ခဲ့သလို ဘာတစ်ခု
မှလည်း ဖွင့်ဟပြောဆိုခြင်းမရှိခဲ့။ ယုတ်စွအဆုံး သူ့အိမ်
အကြောင်း၊ သူ့မိသားစုအကြောင်းပင် သူမအား မပြောခဲ့၊
သူ့အမည်နှင့် သူ့ကားနံပါတ်မှလွဲ၍ သူ့အကြောင်း သူမ
ဘာမှသိခွင့်မရ၊ ထို့အတူ သူမကြောင်းကိုလည်း သူမမေး။

တကယ်ဆို မကြာခင် ချစ်သူတွေ ဖြစ်ကြတော့မယ့်
လူနှစ်ယောက်ဟာ ဒီလောက် သူစိမ်းဆန်ဖို့ မကောင်းပါဘူး။
ဘာဖြစ်လို့ လဲဟင်။တစ်ယောက်အကြောင်းတစ်ယောက်
သိစရာ မလိုဘူး လို့များ သူယူဆထားသလား။

သူမစိတ်အလိုမကျစွာ တွေးရင်း သူ့ဘက်သို့ လှည့်လိုက်
မိသည်။ သူကတော့ ထုံးစံအတိုင်း သူ့ရှေ့မှကား တွေကိုသာ
ကျော်တက်ရန် စိတ်ဝင်စားနေတော့သည်။

"ကော်ဖီ သောက်ကြမလား"

ကားကို စိတ်ပါလက်ပါမောင်းနေသော သူ့ကို
ငေးကြည့်ရင်း သူမစကားစလိုက်သည်။ သူ သူမဘက်သို့
ခေါင်းတစ်ချက်ငဲ့ ကြည့်သည်။

"သောက်ချင်လို့လား"

"ဟုတ်ဖူးလေ . . . သောက်ရင် ကောင်းမလားလို့"

သူ ဟက်ခနဲ တစ်ချက်ရယ်ရင်း. . .

"ပိုက်ဆံမပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

သူ့စကားကြောင့် သူမ သဘောကျစွာ ရယ်လိုက်မိသည်။

" ဘယ်လို သူဌေးသားလဲကွယ်၊ လမ်းသွားတာ ပိုက်ဆံမပါဘူးရယ်လို့"

" ဘယ်သူက သူဌေးသားလို့ပြောလဲ"

သူ့အသံက အနည်းငယ်မာဆတ်သွားသည် သူဌေးသားဟု သူ့နောက်ပြောင် ခေါ်ဝေါ်တိုင်း ယခုလိုပင် သူ့စိတ်ဆိုးတတ်မြဲဖြစ်သည်။ ဤအချက်သည် သူနှင့်ပတ်သက်၍ သူမသတိထားမိသော အချက်များထဲမှ အလွန်ရယ်စရာကောင်းသောအချက်ပဲ ဖြစ်သည်။

" တို့ ဒီနေ့ လခထုတ်လာတယ်သိလား"

" အဲ့တော့ ဘာဖြစ်လဲ"

" အဲတော့ တို့က ဧော်ဖီတိုက်မယ် သူက လိုက်သောက်ပေါ့ ဟုတ်ပလား"

သူ လေတစ်ချက်ချွန်ရင်း ကားကို ခပ်ကြမ်းကြမ်းဆွဲကွေ့လိုက်သည်။



(၃)

" စားလေ"

ဆိတ်သား မုန့်ကိုဝါးရင်း မုန့်ပန်းကန်ကို သူမရှေ့သို့ တွန်းပို့ပေးလိုက်သည်။ သူမခေါင်းညိတ်ရင်း မုန့်တစ်ခု လှမ်းယူသည်။ ထိုသို့ လှမ်းအယူမှာပင် စားပွဲစွန်းမှ သူ၏ရေဘင့်မျက်မှန်မှာ သူမလက်နှင့်တိုက်မိပြီး အောက်သို့ ပြုတ်ကျသွားသည်။

" ဘာဖြစ်သွားသလဲမသိဘူး"

မျက်မှန်ကို ကမန်းကတန်း ငုံ့ကောက်ရင်း သူမ စိုးရိမ်စွာပြောသည်။

" ဘာမှမဖြစ်ပါဘူး"

သူခပ်အေးအေးပင် သူမလက်ထဲမှ သူ၏ မျက်မှန်ကို တစ်ချက်လှမ်းကြည့်ရင်း ပြန်ပြောလိုက်သည်။ တကယ်လည်း မျက်မှန်မှာ ဘာမှမဖြစ်။


www.burmeseclassic.com

www.burmeseclassic.com

ထိုမျက်မှန်မှာ သူ့အဘိုးကြီးနှင့် လုပ်ငန်းချင်းပတ်သက်နေသော နိုင်ငံခြားသားတစ်ဦးက သူ့အား လက်ဆောင်ပေးသွားခြင်းဖြစ်သည်။ သည် သောင်းကျော်တန် လက်ဆောင်တစ်ခုဟာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရဲ့ ကြမ်းပြင်ပေါ်မှာ အလဟဿ ဖြစ်သွားမယ်ဆိုရင်တော့ အလွန်နှမြောစရာကောင်းပေလိမ့်မည်။

သူ၏မျက်မှန်ကို လက်ကိုင်ပဝါနှင့် ပွတ်တိုက်ပေးနေသော ကောင်မလေးကိုကြည့်ရင်း သူ့လို နှမြောတတ်သားပဲဟု သူတွေးလိုက်မိသည်။ သူ၏ အနက်ရောင်မျက်မှန်လေးပေါ်၌ ပြေးလွှားနေသော သူမ၏ ဆင်စွယ်ရောင်လက်ချောင်း သွယ်သွယ်လေး များကို စိတ်ဝင်တစား ငေးမောနေမိသည်။ ခုချိန်မှာသာ သူမကိုရည်းစားစကား ပြောလိုက်ရင် သူမ ဘယ်လိုများ ဖြစ်သွားမလဲ။ သေချာတာ တစ်ခုကတော့ သူ့မျက်မှန်ကို ပွတ်တိုက်ပေးနေတဲ့ သူမရဲ့ လက်ကလေးတွေ ဆတ်ခနဲတုန့်ပြီး ရပ်သွားကြမှာပဲ။

အလွန်ရင်တုန်စရာကောင်းသော သူ့အတွေးကလေး မဆုံးခင်မှာပင် သူ့ပခုံးကို ခပ်ကြမ်းကြမ်းပုတ်ရင်း နှုတ်ဆက်သံတစ်ခုကို သူကြားလိုက်ရသည်။ သူခေါင်းမော့ကြည့်လိုက်တော့ သူ့ အဘိုးကြီးနှင့် ဂေါက်ရိုက်ဖော်ရိုက်ဖက် ရွှေကိုင်းမျက်မှန်နှင့်လူကြီးကို တွေ့လိုက်ရသည်။



" ဩော် . . . ဦးပါလား၊ လက်ဖက်ရည် လာသောက်တာလား"

" အေးကွ ဘယ်လိုလဲ မင်းအဘိုးကြီး နေကောင်းရဲ့လား"

သူဝတ်ကျေတန်းကျေပင် ခေါင်းညိတ်ပြလိုက်မိသည်။ ခုလို ကောင်မလေးနှင့် အတူတူသွားလာသည့် အချိန်မျိုး၌ အသိတစ်ယောက်ယောက်နှင့် တိုးတာမျိုးကို သူသဘောမကျ။ ဒီလူကြီးသာ သူတို့ဝိုင်းတွင် ထိုင်ပါက အလွန် စိတ်အနှောင့်အယှက် ဖြစ်စရာ ကောင်းပေလိမ့်မည်။ အတွေးတို့နှင့် သူစိတ်ရှုပ်ထွေးနေစဉ်မှာပင် ရွှေမျက်မှန်လူကြီးက သူ့အား နှုတ်ဆက်ရင်း အခြား ဝိုင်းတစ်ဝိုင်းဆီသို့ ဦးတည်သွားတော့သည်။ သူစိတ်ပေါ့ပါးစွာ လေပူတစ်ချက်မှုတ်ထုတ်ရင်း ကောင်မလေးဘက်သို့ လှည့်လိုက်သည်။

ကောင်မလေးမှာ ယခုအချိန်အထိ သူ၏မျက်မှန်ကို စိတ်ဝင်တစား ပွတ်တိုက်ပေးနေဆဲဖြစ်သည်။

(၄)

ကားကို ဂိုထောင်ထဲသို့ သွင်းပြီး ကားတံခါးပိတ်နေစဉ်မှာပင် ဟိုင်းလပ်ကားမောင်းသော ကောင်လေးက သူ့နားသို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားကို အဘိုးကြီးခေါ်နေတယ်"

" ဘာအတွက်လဲ"

" သိပါဘူးဗျာ၊ ယုံးစံအတိုင်း ဆူဖို့ဆဲဖို့ တစ်ခုခု ဖြစ်မှာပေါ့"

သူ ထိုကောင်လေး၏ စကားကို ပြုံးရင်း အိမ်ဘက်သို့ ထွက်လာခဲ့သည်။ သူအိမ်ပေါ်ရောက်တော့ ငွေစက္ကူများကို ရေတွက်နေသောအဘိုးကြီးက သူ့ကို တစ်ချက်မော့ကြည့်သည်။ ဆူဖို့ဆဲဖို့ဟူသည့် ကောင်လေး၏ အထင်မှာ မမှန်ကြောင်း သူချက်ချင်း သတိပြုလိုက်မိသည်။

" ရော့ "

ငွေစက္ကူတစ်ထပ်ကို အဘိုးကြီးက သူ့ဘက်သို့ ကမ်းပေးသည်။ သူအသာအယာလှမ်းယူပြီး အိတ်ကပ်ထဲသို့ ထည့်လိုက်သည်။

" မနက်ဖြန် စောစောလာကွာ"

ထုံးစံအတိုင်း ပြောစရာရှိတာပြောပြီးသည်နှင့် အဘိုးကြီး ခေါင်းငုံကာ သူအလုပ်သူ ဆက်လုပ်နေတော့သည်။

သူ လမ်းပေါ်ရောက်တော့ ကောင်းကင်တစ်ခုလုံးမှာ လိမ္မော်ရောင်တို့နှင့် စွန်းထင်ပေကျံနေလေသည်။ လက်ထဲမှ စီးကရက် ကိုဖွာရှိုက်ရင်း 'မနက်ဖြန်စောစော လာကြိုနော်' ဟူသည့် ကောင်မလေး၏စကားကို ဖျတ်ခနဲ ကြားယောင်လိုက်မိသည်။



သူမလည်း ကောင်းကင်တစ်ခုလိုပါပဲလေ။ ဟောဒီ သူ့အပေါ်က လိမ္မော်ရောင် ကောင်းကင်လိုမျိုးပေါ့။ ကောင်းကင် ဆိုတာဟာ မော့ကြည့်ပြီး စိတ်ကူးယဉ်လို့ ကောင်းတာတစ်ခု ကလွဲပြီး ဘယ်လိုမှထိတွေ့ဆုပ်ကိုင်လို့ မရတဲ့ အရာပါပဲ။

မြင့်မားသောအရာကို မိုက်မဲစွာ မျှော်မှန်းမိခြင်းမှာ သူ၏အမှားပဲဖြစ်သည်။ တကယ်တော့ ဝင်ဒါမီယာလို နေရာမျိုး မှာနေပြီး ရုံးတစ်ရုံးမှာ ဂုဏ်သရေရှိစွာ အလုပ်လုပ် နေသော ကောင်မလေးနှင့် သင်္ဘောကုန် ထုတ်ကုန် ကုမ္ပဏီတစ်ခု ၏ ဒရိုင်ဘာတစ်ယောက်ရဲ့ ဘဝဟာ ဘယ်လိုမှ ဆက်စပ်၍ မရနိုင်ကြောင်း သူ သဘောပေါက်ဖို့ကောင်းသည်။

လက်ထဲမှ စီးကရက်တိုကို တောက်ထုတ်လိုက်ရင်း သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ဒီအချိန်ဆို သူမ ဘာလုပ်နေမလဲ။ အိပ်ရာထဲမှာ နွားနွားနေနေလှဲရင်းအဖုံး လှလှလေးနဲ့ ဝတ္ထုစာအုပ်တွေ ဖတ်နေမလား အချိုရည် တစ်ခုခုသောက်ရင်း ဗွီဒီယို တစ်ခွေခွေကို အပျင်းပြေ ထိုင်ကြည့်နေမလား၊ ဒါမှမဟုတ် ကားလှလှလေးနဲ့ ရုံးလာလာ ကြိုတတ်တဲ့ ကောင်လေးတစ်ယောက်အကြောင်းများ စဉ်းစားနေလေမလား။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ်ထွေး မှုန်းကျုပ်စွာ ခဲလုံးတစ်လုံးကို ဆတ်ခနဲ လှမ်းကန်လိုက်မိသည်။ နားထဲမှာတော့ မနက်ဖြန်စောစော လာကြိုနော် ဟူသော ကောင်မလေး၏ အသံနှင့် ' မနက်စောစောလာကွာ' ဟူသော ကုမ္ပဏီပိုင်ရှင် အဘိုးကြီး၏ အသံတို့ကို တစ်လှည့်စီ ကြားယောင်နေမိသည်။

(နောက်ဆက်တွဲ)

သုံးသောင်းကျော်တန် ဂျင်းဂျက်ကက်ကို ဆပ်ပြာတိုက်ရင်း အသားညိုညို ဆံပင်တိုတိုနှင့် ကောင်လေးကို သူမသတိရနေမိသည်။

သူဒီလိုပဲနေတော့မယ် ထင်ပါရဲ့။ ညနေတိုင်း ရုံးလာကြိုရင်း၊ မြုံစိစိလုပ်ရင်း ဘာတစ်ခွန်းမှ မပြော၊ ဘာတစ်ခွန်းမှ မမေးဘဲ နေရင်းပေါ့။

သူ့အကြောင်း တွေးမိသည်နှင့် နာကြင်ကြေကွဲမှု တစ်မျိုးက သူမရင်ထဲသို့ ထိုးခွဲဝင်ရောက်လာတော့သည်။



ခေါင်းကို ဆတ်ခနဲခါယမ်းလျက် ဂျက်ကက်ကို ဆပ်ပြာနံ့အောင် တိုက်နေစဉ်မှာပင် ရေချိုးခန်းဆီသို့ လှမ်းလာသော မေမေ့ ခုံဖိနပ်သံ တခွပ်ခွပ်ကို သတိပြုလိုက်မိသည်။

" သမီး . . . အဲ့ဒါ နောက်မှဆက်လျှော်၊ လောလောဆယ် မေမေ ထမင်းပွဲပြင်မလို့ ခဏ လာကူစမ်းပါဦး"

မေမေ့စကားကြောင့် လျှော်လက်စ ဂျင်းဂျက်ကက်ကို ဇလုံထဲသို့ပြန်ထည့်ရင်း လက်ဆေးလိုက်သည်။ ထိုအချိန်မှာပင် ရေဘင်မျက်မှန်အနက်နှင့် ကောင်လေး၏ ပုံရိပ်က သူမ အတွေး၌ လူးလွန့်လာပြန်သည်။

မဖြစ်နိုင်ပါဘူးလေ။ ကားတစ်စီးနဲ့ တစ်နေကုန် အချိန်ဖြုန်း နေတတ်တဲ့ သူဌေးသားတစ်ယောက်နဲ့ သူများအိမ်မှာခိုကပ်နေပြီး အောက်ခြေသိမ်း လုပ်ပေးနေရတဲ့ အိမ်ဖော် တစ်ယောက်ရဲ့သမီးဟာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

" သမီး မြန်မြန်လာလေ"

ရေချိုးခန်း အပြင်ဘက်မှ မေမေ့ ခေါ်သံကြောင့် ကျလုကျဆဲ မျက်ရည်စတို့ကို မျက်တောင်ခတ်၍ ထိန်းရင်း . . .

" လာပြီ. . . မေမေ"

ဟု သူမ ပြန်အော်လိုက်မိသည်။

* * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

# ဓာစု (၁၁)

'ထူးခြားမှုမဲ့ အခန်းလေးတစ်ခန်းကို ဝေးမောရင်း အကြိမ်ပေါင်းမရေမတွက်နိုင်တဲ့ ပင့်သက်မောတို့ကို ခြွေဖွဲ့ရင်း. . .

ပါးလျှလွှန်းလှတဲ့ မျှော်လင့်ချက် လျော့ရဲရဲကို နောက်တစ်ညအတွက်. . . သိမ်းဆည်းရင်း. . .

ဒီညလည်း သူပြန်ရဦးမှာပါပဲ။'

www.burmeseclassic.com

www.burmeseclassic.com

# ကာရံပါးပါးကဗျာ

## (၁)

တဖွဲဖွဲကျနေသော ဆီးနှင်းထု၏ အောက်တွင် မြို့ငယ်ကလေးမှာ အအေးမိနေသော လူမမာတစ်ယောက်ပမာ ကွေးကွေးလေး အိပ်မှောကျနေလေသည်။ တစ်ချက်တစ်ချက် ဆွဲဆွဲငင်ငင် အူလိုက်သော ညစောင့်ခွေးတို့၏ အသံမှအပ ပတ်ဝန်းကျင်တစ် ခုလုံးမှာ ဆိတ်ဆေးပန်းချီကားတစ်ချပ်ပမာ ရင့်ကျက်တည်ငြိမ်လွန်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ကံကော်ပင်အောက် သစ်သားခုံတန်းလျား လေးတွင် ထိုင်ရင်း (၄၀) အား မီးလုံးလေး ထွန်းညှိထားရာ တစ်ခုသော အခန်းလေးဆီသို့ မျက်တောင်မခတ် သူငေးကြည့်နေမိသည်။ (ဗစ်တိုးရီးယား) ခေတ် အိမ်အိုအိုကြီး၏ ထောင့်စွန်း၌ရှိသော ထိုအခန်း ကလေးသည် ဝရန်တာတစ်ခုပါသည့် အပေါ်ထပ် အခန်းလေး ဖြစ်သလို သူအားညပေါင်းများစွာ ဤနေရာသို့ ရောက်ရှိ လာစေရန် ဆွဲဆောင်နိုင်စွမ်းသည့် အခန်းတစ်ခု လည်းဖြစ်သည်။ ထို့အပြင် သူ၏ချစ်လှစွာသော ကောင်မလေး နေထိုင်ရာ အခန်းတစ်ခုလည်း ဖြစ်နေပြန်သည်။

မှိန်ဖျော့နီကြင်သော မီးရောင်ကြောင့် ဝရန်တာလေး၏ တစ်ဖက်တစ်ချက်၌ရှိသော ပြတင်းပေါက်ရှည်ရှည်ကြီး နှစ်ပေါက်မှာ လိမ္မော်ရင့်ရောင်လိမ်းကျံလျက် ရှိသည်။ ထိုပြတင်းပေါက်တို့မှတစ်ဆင့် သူမ၏ အရိပ်အယောင်တို့ကို အမောတကော သူရှာဖွေနေ မိသည်။ သို့သော် အခန်း ကလေးမှာသူမရှိရဲ့လားဟု သံသယဖြစ်ရလောက်အောင်ပင် လှုပ်ရှားမှုတို့ ငြိမ်သက်လွန်းလှသည်။

(သူမ အိပ်ပျော်နေပြီထင်ပါရဲ့။ ဒါမှမဟုတ်လည်း အောက်ထပ်ဧည့်ခန်းရဲ့ မီးလင်းဖိုရှေ့မှာ အိမ်သားတစ်ယောက် ယောက်နဲ့ စကားလက်ဆုံ ကြနေမှာပေါ့။)

ဖြေသိမ့်တွေးတို့ကို သူတွေးနေမိသည်။ သို့သော် ချက်ချင်းဆိုသလိုပင် သူ၏ အတွေးတို့မမှန်နိုင်ဟုဆုံးဖြတ် မိပြန်သည်။



(တကယ်တော့ သူ့ ကိုသိပ်ချစ်တဲ့ သူမဟာ ခုလိုရာသီရဲ့ ခုလိုညတစ်ညကို အိပ်စက်ခြင်း၊ စကားပြောခြင်းတွေနဲ့ အလဟဿ ကုန်ဆုံးစေမှာ မဟုတ်ပါဘူး။ ဒါ. . . သိပ်ကို သေချာတယ်။ သို့မ သူ့ကို သတိရနေမှာပါ . . .။

သူ့ကို သတိရတိုင်း သူမ လုပ်လေ့ရှိသလို သူပေးခဲ့ဖူးတဲ့ စာဟောင်း(၁၃) စောင်ကို တစ်စောင်ပြီးတစ်စောင် ထုတ်ဖတ်နေလိမ့်မယ်။ ပြီးတော့ သူမရဲ့ ပိုက်ဆံအိတ် လေးထဲမှာ ထည့်ထားတတ်တဲ့ သူ့ရဲ့လိုင်စင်ဓာတ်ပုံလေးကို ထုတ်ကြည့် နေလိမ့်မယ်။ ပြီးရင် သူမ ငိုမယ်။ ဒါမှမဟုတ်လည်း အိပ်ယာ ပေါ်မှာ ခွေခွေလေး လှဲလျောင်းရင်း သူနဲ့ နောက်ဆုံး တွေ့ခဲ့တဲ့ နေ့ အကြောင်းကိုတွေးရင်း မျက်ရည်ကျ နေလိမ့်မယ်။)

ဖြေသိမ့်တွေးတို့က တဖွဲဖွဲကျနေသည့် ဆီးနှင်းထု အောက်မှ သူ့တစ်ကိုယ်လုံးကို နွေးထွေးသွားစေသည်။ သိပ်သည်းလွန်း လှသော နှင်းမှုန်တို့ကို ဖြတ်သန်းလျက် သူမ၏ အခန်းလေးဆီသို့ သူအကြည့်တို့က မမှိတ်မသုန် စူးစိုက် ငေးမောနေမိသည်။ ညသည် တစ်စထက်တစ်စ ရင့်ရော် နက်ရှိုင်း၍လာသလို အအေးဓာတ်ကလည်း စူးရှ၍လာသည်။

သူကတော့ သူမ၏ အရိပ်အယောင်တို့ကို ရှာဖွေ နေမိဆဲပင်။ ပါးလှလွန်းလှသော မျှော်လင့်ချက်လေးနှင့်အတူ ဤနေရာကို လာထိုင်ရင်း သူမ၏ အခန်းကလေးကို သူစောင့်ကြည့်နေခဲ့မိသည်မှာ ဘယ်နှစ်ညရှိပြီလဲပင် သူ

www.burmeseclassic.com

www.burmeseclassic.com

မမှတ်မိတော့။ သေချာတာ တစ်ခုကတော့ သူမနှင့် ခွဲခွာရသည့်နေ့မှစ၍ ဤနေရာသို့ ညစဉ်ဆိုသလို သူရောက်လာတတ်ခဲ့သည်။ လိမ္မော်ရောင် ပြတင်းပေါက်ရှည်ရှည်နှစ်ပေါက်ကို စိုက်ငေးရင်း ဝရန်တာတံခါးဖွင့်၍ ထွက်လာမည့်သူမ၏ လှုပ်ရှားသံကိုမျှော်လင့်ရင်း ကုံကော်ပင်အောက်ခုံတန်းလျားလေးဘေး၌ပင် အေးမြသော ညများစွာကို သို့ကုန်ဆုံးစေခဲ့သည်။

(တကယ်ဆို သူမ သိဖို့ကောင်းပါတယ်။ သူမရဲ့ချစ်သူဟာ သူမရဲ့ မျက်နှာသွယ်သွယ်လေးကို မြင်တွေ့နိုင်ဖို့ အခွင့်အရေး လေးတစ်ခုအတွက် ဟောဒီနေရာကို ညတိုင်းလိုလို ရောက်ရောက်လာတတ်တယ်ဆိုတာ သူမရိပ်မိဖို့ကောင်းပါတယ်။ ဝရန်တာကို ထွက်မလာတောင်မှ အနည်းဆုံးအခန်းထဲကနေ အရိပ်အရောင်ပြဖို့ ကောင်းတာပေါ့။ ဒါမှမဟုတ်လည်း သူမ တီးနေကျ ဂစ်တာ အိုလေးနဲ့ သူမတီးနေကျ သီချင်းတစ်ပုဒ်ပုဒ်ကို သူကြားအောင် တီးပြသင့်တာပေါ့။)

ငြိမ်သက်လွန်းလှသော အခန်းလေးကို ငေးမောရင်းအားလျော့ကြေကွဲခြင်းတို့က ရင်ထဲသို့ စူးရှနက်ရှိုင်းစွာ တိုးဝှေ့ဝင်ရောက်လာသည်။

ခပ်ဝေးဝေးမှ ခွေးအူသံတို့က သူပြန်ရန် အချိန်သင့်ပြီဖြစ်ကြောင်း သတိပေးနေသည့်နှယ်။ အုန်းလက်ကြိုကြား၌





တ်ဆွဲ ထားသော လဝန်းသစ်သီးကို ငေးကြည့်ရင်း ပင့်သက်စ်ချက်ကို သူ ရှိုက်လိုက်မိသည်။

(ဒီညဟာလည်း အရင်အရင်ညတွေလိုပါပဲ၊ ထူးခြားမှုမဲ့အခန်းလေးတစ်ခန်းကို ငေးမောရင်းအကြိမ်ပေါင်း မရေတွက်နိုင် တဲ့ ပင့်သက်မောတို့ကို ခြွေဖွဲ့ရင်း ပါးလျလွန်းတဲ့မျှော်လင့်ချက် လျော့ရဲရဲကိုနောက်တစ်ညအတွက် သိမ်းဆည်းရင်း သူပြန်ရဦးမှာပါပဲ)

အေးစက်စက်ခုံတန်းလျားလေးပေါ်မှ ဖြည်းညင်းစွာထရပ်ရင်း သူမ၏ အခန်းလေးဆီသို့ နောက်ဆုံးအကြိမ်မော့ကြည့် လိုက်မိသည်။

မှုန်ဝါးထူထပ်လွန်းလှသော နှင်းထုကို ဖြတ်လျက်ဝရန်တာလေးဆီသို့သူ့အကြည့်ရောက်မှာပင် (နှစ်ပေါင်းများစွာ သူစောင့် စားနေခဲ့သော ဖြစ်ရပ်တစ်ခုကို) အံ့သြဖွယ်ရာ တွေ့မြင်လိုက်ရသည်။

တံခါးလေးကိုဖွင့်လျက် ဝရန်တာသို့ သူမထွက်လာခြင်းပင် ဖြစ်သည်။

အနက်ရောင်ဆွယ်တာအကျီကို ဝတ်ဆင်ထားသော ဆံပင်ရှည်ရှည်ကြီးများနှင့် ပါးလုလု သူမသည် ဝရန်တာထောင့်စွန်း ဆီသို့ လေထဲမှ လွင့်မျောလာသည့်နှယ် ခပ်ဖြည်းဖြည်း လျှောက်လှမ်း၍လာသည်။ အံ့သြခြင်း၊ ကြည်နူးခြင်း၊ မယုံကြည်နိုင်ခြင်း တို့နှင့်အတူ မလှုပ်မယှက်ငေးစိုက်ငေးကြည့်နေမိသည်။ သူမသည် ကုံကော်ပင်အောက်



www.burmeseclassic.com

www.burmeseclassic.com

မှာ မိန်းမော ရပ်ငေးနေသည့်သူ့အား သတိထား မိဟန်မတူ ဝရန်တာထောင့်စွန်းရှိ ခုံလေးတွင်ဝင်ထိုင်ရင်း ဝရန်တာလက်ရန်းပေါ်သို့ လက်နှစ်ဖက်ကိုတင်ကာ လက်မောင်းပေါ်သို့ ပါးအပ်လျက် လဝန်းဆီသို့ ငေးမောနေလေသည်။ ထို့နောက် ယခင်က သူ့အား ဆိုပြနေကြ သီချင်းတစ်ပုဒ်ဖြစ်သည့် (လက်တစ်ဘီမီး Letit Be me ) တေးသွားကို ခပ်တိုးတိုးလေး ဆိုညည်းလေသည်။ လရောင်ဖြင့် ရွှန်းလဲ့နေသော သူမ၏ ဆံချည်မျှင်တို့က ပခုံးနှင့်လက်မောင်း တို့မှတဆင့် ဝရန်တာလက်ရန်းကို ကျော်လွန်လျက် ကျဆင်းယိမ်းနွဲ့လျက်ရှိသည်။ တေးသွားညည်းနေသည့် သူမကို ငေးမောရင်း သူမ၏ သီချင်း၌ နစ်ဝင်မျောပါနေမိသည်။

. . . တို့နှစ်ယောက် 'အချစ်' ကို ကိုယ်စီ တွေ့ခဲ့ကြချိန်မှာပဲ ပြည့်ပြည့်စုံစုံ ကုံလုံတဲ့မေတ္တာတရားကို ကိုယ်တိုင်တွေ့ခဲ့ပါတယ်။ တကယ်လို့ ချိုမြတဲ့ မင်းရဲ့အချစ်သာ မရှိရင် ကိုယ့်ဘဝဟာ ဘာတွေများ ဆက်ဖြစ်နေမှာလဲကွယ် . . .

တိုးညင်းလွန်းလှသော သူမ၏တေးသွားတို့က သံပြိုင်ပိုဒ်အဆုံးဘွင် တိမ်ဝင် ပျောက်ကွယ်၍ သွားလေသည်။ အမှတ်မဲ့ အကြည့်စူးစူးတို့ သူမ၏ ပါးပြင်နုပေါ်သို့ ဖြတ်သန်းခိုက်မှာပင် မျက်ရည်စီးကြောင်းနှစ်ခုကို သတိပြုလိုက်မိသည်။ ရင်အစုံသည် ဆို့နင့်ကြေကွဲမှုတို့နှင့်အတူ ဖွဖွလှုပ်ခတ်၏။ ကံကော်ပင်အောက်မှ တိုးထွက်လျက် သူမဆီသို့ ရွေ့လျားချင်သော ခြေလှမ်းတို့ကို သူအတင်းထိန်းချုပ်နေမိသည်။



(မသွားပါနဲ့၊ သူမ အံ့ဩ ထိတ်လန့်သွားအောင် မလုပ်ချင်စမ်းပါနဲ့၊ နှင်းဆီရောင် မျက်နှာသွယ်လေးနဲ့ တိုးညင်းတဲ့ သီချင်းသံလေးကို ကြားရရုံနဲ့ပဲ ကျေနပ်ဖို့ကောင်းပါတယ်။ ညပေါင်းများစွာ စောင့်စားနေခဲ့တဲ့ အခွင့်အရေးလေးဟာ ခုလေးတင်ပဲ ပြည့်ဝခဲ့ပြီ မဟုတ်လား။ ဘာဖြစ်လို့များ ထပ်ပြီး စွန့်စားချင်ရတာလဲ။)

ရှုန်းကြွလာသည့် ဆန္ဒတို့ကိုမျိုသိပ်ရင်း တိတ်ဆိတ်ငြိမ်သက်စွာ သူရပ်နေမိသည်။ သူ့ကိုမမျှော်လင့်ဘဲ တွေ့လိုက်ရသည့် အတွက် သူမအံ့ဩထိတ်လန့်သွားမှာကို သူမလိုလားပါ။

သူမ အံ့ဩအောင် လုပ်ချင်သောဆန္ဒတို့ သူ့မှာမရှိ။ သို့သော် သူစိုးရွံ့ ချုပ်ထိန်းနေသည့် ကြားမှာပင် သူမလိုလားသော အဖြစ်အပျက်က ဖြစ်ပွားလာခဲ့သည်။

ဝရန်တာ ထောင့်စွန်းဆီမှ မျက်ဝန်းညို အစုံသည် လပြည့်ဝန်းဆီမှတစ်ဆင့် ကူးပြောင်းလျက် သူရှိရာသို့ ဖြည်းညင်းစွာ ရွေ့လျား၍လာသည်။ မတွေ့ပါစေနဲ့ ဟူသော ဆုတောင်းကို ပြီးဆုံးအောင်မှ မရေရွတ်နိုင်ခင်မှာပင် သူ့ကို သူမ တွေ့မြင်သွားခဲ့သည်။ သူ့ကိုယ်ပေါ်၌ ရပ်တန့်သွားသော အကြည့်စူးစူးတို့နှင့်အတူ ဝိုင်းစက်သွားသော နှုတ်ခမ်းလွှာပေါ်မှ အံ့ဩရေရွတ်သံ တစ်ခု လွင့်စဉ်ကျလာလေသည်။

(ခုတော့ သူမတွေ့သွားခဲ့ပြီပေါ့။ ဘယ်လိုပဲ ပုန်းကွယ်တိုးလျှိုးနေခဲ့ပေမယ့် သူမ သူ့ကို တွေ့သွားခဲ့ပြီ။)

www.burmeseclassic.com

www.burmeseclassic.com



သူ ကိုယ်သူ သတိမထားမိခင်မှာပင် သူ့ခန္ဓာကိုယ်က ကုံကော်ပင်အောက်မှ လရောင်အောက်ဆီသို့ ရွေ့လျား နေမိသည်။

သူမရှိရာ ဝရန်တာလေး၏အောက်ဘက် မြက်ခင်း စိမ်းစိမ်းပေါ်သို့ အရောက်တွင် တုံ့ခနဲ ရပ်လိုက်မိသည်။ ထို့နောက် တစ်ယောက်ကို တစ်ယောက်ရီဝေစွာ ငေးကြည့် နေမိသည်။ မျက်ရည်တို့ဖြင့် စိုစွတ်ရွှန်းလဲ့နေသော အဓိပ္ပာယ် ဖော်ယူရန် ခက်ခဲသော သူမ၏အကြည့်တို့က စူးရှနက်ရှိုင်း လွန်းလှသော ခံစားမှု တစ်မျိုးကို သူ့အား ခံစားစေသည်။

(တစ်ခုခုပြောပါ ချစ်သူ၊ ဘာပဲဖြစ်ဖြစ်ပေါ့ ဟောဒီ အကြည့်စူးစူးတွေထက်ပိုပြီး နားလည်ရလွယ်ကူမယ့် စကားတစ်ခုခုကိုပြောစမ်းပါ။)

အသံမဲ့စွာ ရေရွတ် တောင်းပန်နေမိသော သူ့အတွေးတို့ အဆုံးမှာပင် 'ကိုကိုရယ်' ဟူသော ရေရွတ်သံနှင့်အတူ ငိုရှိုက်သံ သဲ့သဲ့က သူ့ဆီသို့ လွင့်ပျံ့၍လာသည်။ သူ့ရင်သည် ကျွမ်းမြည့်နင့်သီးစွာ ခံစားလိုက်ရသည်။ တကယ်ဆို ဝေးကွာနေတဲ့ ချစ်သူတစ်ဦးကို ပြန်တွေ့တဲ့ အချိန်မှာ ငိုရှိုက်တာထက် ပိုပြီးလေးနက်တဲ့ အလုပ်တစ်ခုခုကို သူမလုပ်ဖို့ ကောင်းတာပေါ့။ ဘာဖြစ်လို့များ မျက်ရည်တွေ နဲ့နှုတ်ဆက်ဖို့ သူမကြိုးစားချင်ရတာပါလဲ။ ခပ်ဝေးဝေးမှ ခွေးအူသံတို့က ကျယ်လောင်စူးရှစွာ ထွက်ပေါ်လာပြန်သည်။





(တစ်ခုခုပြောစမ်းပါ ချစ်သူရယ်၊ တအောင့်ကြာရင် ကိုယ်သွားရတော့မှာ)။

သို့သော် . . . သူ့ကို ရီဝေစွာ ငေးကြည့်ရင်း တသိမ့်သိမ့် ငိုရှိုက်နေသော သူမထံမှ စကားသံ တစ်စုံတစ်ရာ မကြားရ။ ဝမ်းနည်းစွာ ရှိုက်ငိုနေသော သူမကို အငိုရပ်အောင် သူ နှစ်သိမ့်ချင်သည်။ သူမ၏ ပခုံးသားအိအိလေးကို ဖွဖွဆုပ်ကိုင်ရင်း အားပေးစကားကို သူပြောချင်သည်။ သို့သော် . . . သူ့၌ ထိုအခွင့်အရေးတို့ မရနိုင်တော့ သူမနှင့် သူ့အကြား အလွှာပေါင်းများစွာ ခြားနားခဲ့ပြီး ဖြစ်သည်။

ရင့်ရော် အိုမင်းလွန်းလာသော ညကိုကြည့်ရင်း ပြန်သင့်ပြီ ဟူသော အတွေးက ရင်သို့ တိုးဝှေ့လာသည်။ သူမ၏မျက်နှာကို နောက်ဆုံးအကြိမ်အဖြစ် မြတ်နိုးစွာ မော်ကြည့်လိုက်မိသည်။ ငိုကြွေးထားသဖြင့် ရဲနီနေသော နှာသီးဖျားနှင့် အောက်နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားသော သူမ၏မျက်နှာက ခွဲခွာခဲ့ရသည့် နေ့တုန်း ကလိုပင် ကြေကွဲဖွယ်ကောင်းလှသည်။ သွားတော့မယ် . . . ဟူသော နှုတ်ဆက်စကားကို ရင်ထဲမှ ခပ်တိုးတိုး ရေရွတ် လိုက်မိစဉ်မှာပင် သူမ၏ နှုတ်ခမ်းအစုံက တဆတ်ဆတ် တုန်ယင်လှုပ်ခတ်၍ လာသည်။ မှိုင်းညို့လွန်း လှသော သူမ၏ မျက်နှာက တစ်စုံတစ်ရာကို ခက်ခဲပင်ပန်းစွာ ဆုံးဖြတ် ထားသည့်နှယ်။ သူမ ဘာပြော တော့မည်ကို အာရုံကြို ရိပ်မိလိုက်သော နှလုံးသားသည် နင့်ခနဲ ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

( မပြောပါနဲ့ချစ်သူ၊ အဲ့ဒီရေရွတ်စကားကိုတော့. . . ကိုယ်မကြားပါရစေနဲ့။ ကိုယ် မင်းဆီ လာချင်ပါသေးတယ်။ မင်းရဲ့ မျက်နှာနုနုကိုလည်း ကိုယ်တွေချင်ပါသေးတယ်။)

သူ၏ တောင်းပန်အတွေးကို မဆုံးခင်မှာပင် သူမ၏ နှုတ်ဖျားဆီမှ ရေရွတ်သံတို့ ထွက်ပေါ်၍လာသည်၊ သူဝမ်းနည်းကြေ ကွဲစွာ နားနှစ်ဖက်ကို အလန့်တကြား ပိတ်လိုက်မိသည်။ သို့သော် . . . သူမ၏ အသံတို့ဇ လက်ဖဝါးအစုံကို ထွင်းဖောက်လျက် နားစည်မှတစ်ဆင့် နှလုံးသည်းပွတ်သို့တိုင် စိမ့်ဝင်၏။

(၂)

ချစ်သူ၏ အမျှဝေသံအဆုံးမှာပင် သူ၏ ခန္ဓာကိုယ်သည် အလွန်ဝေးကွာရာ အရပ်တစ်ပါးသို့ မျောလွင့်၍ သွားလေသည်။

* * * * * * * *

# ခါစု (၁၂)

"အသည်းဟင်းချက်တိုင်း အသည်းကိုသာ ရွေး၍
စားတတ်သော၊ အစားအသောက်နှင့်ပတ်သတ်လျှင်
အလိုရမ္မက်ကြီးသော သူမရှေ့မှ ဤအမျိုးသားသည်
သူမအား အိမ်မက်ထဲအထိပင်
ရင်ခုန်ထိတ်လန့်စေနိုင်သူဖြစ်သည်"

www.burmeseclassic.com

www.burmeseclassic.com

# အ
# သည်း
# ဟင်း
# တစ်
# ခွက်

(၁)

အကယ်၍မောင်သာ နေ့လယ်က အကြောင်းကို စကားစ ဖြစ်ခဲ့လျှင် သို့မဟုတ် သူမ၏ လက်ရာ ကြက်အသည်းအမြစ်ဟင်း၏ အရသာနှင့် ပတ်သက်၍ ပြစ်တင် ဝေဖန်ခဲ့လျှင် သူမငိုချလိုက်မိလေ မည်လား မပြောတတ်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကံကောင်းထောက်မစွာ မောင်သည် နေ့လယ်က အဖြစ်အပျက်ဆီသို့ စကားဦးမတည်ခဲ့သလို ကြက်အသည်းအမြစ်ဟင်းနှင့်ပတ်သတ်၍လည်း တစ်စုံတစ်ရာ မှတ်ချက်မချခဲ့။ ဟင်းဆီများဝေ့နေသော နှုတ်ခမ်းအစုံကို တင်းတင်းစေ့လျက် ပါးစပ်ထဲမှ အသည်းဖတ်ကို ဝါးရင်း နောက်တစ်ကြိမ် ပါးစပ်ထဲထည့်ရန် အသည်းဖတ်ကို ခတ်ရင်းဖြင့် ထိုးစိုက်၍ အသင့်ပြင်နေသော မောင့်ကို သူမရီဝေစွာ ငေးစိုက်ကြည့်နေမိသည်။ အသည်းအမြစ်ဟင်းချက်တိုင်း အသည်းကိုသာ ရွေးချယ်၍ စားတတ်သော အစားအသောက် နှင့် ပတ်သတ်လျှင် အလွန်အလိုရမ္မက်ကြီးသော သူမရှေ့မှ ဤအမျိုးသားသည် သူမအား အိပ်မက်ထဲ ထိပင် ရင်ခုန်ထိတ်လန့်စေနိုင်သူ ဖြစ်သည်။

"ငါ သူ့ကို ဘာဖြစ်လို့များ ချစ်ခဲ့မိတာပါလိမ့်"

ဘယ်တုန်းကမှ အဖြေမရခဲ့သလို ဘယ်တော့မှလည်း အဖြေရနိုင်လိမ့်မည် မဟုတ်သော ထိုမေးခွန်းသည် သူမအား အုံ့ဩ စရာကောင်းလောက်အောင် တည်ငြိမ်သွားစေကာ စောစောက အော်ဟစ်ငိုကြွေးမိမတတ် ပျက်ယွင်းလုလု ဖြစ်နေသော သူမ၏ စိတ်ဘိုကို ပြန်လည်အနယ်ထိုင်စပြုစေသည်။

"တစ်ခါတည်း ဝင်စားလိုက်ပါလား"



တိတ်ဆိတ်နေမှုကို ရင်မဆိုင်ဝံ့သည်လား၊ သူမ၏ ည်ငြိမ်နေမှုကို သဘောမကျသည်လား၊ မပြောတတ် ာင်ရှုတ်တရက် စကားစသည်။

"ဟင့်အင်း၊ ကျွန်မမဆာသေးလို့ပါ"

အဖျားခတ်တုန်ခါခြင်းမရှိအောင် သတိကြီးစွာ ားလိုက် သော်လည်း သူမ၏အသံက သတိထားစရာ ာလောက် အောင်ပင် ပကတိတည်ငြိမ်လျက်ရှိသည်။ င်းနည်းနည်း ဟင်းများများစားတတ်သော မောင့်ပန်းကန် သို့ အသည်းဖတ် များကို ရွေးဆယ်ထည့်ပေးလိုက်ရင်း တစ်ကြိမ်ဟင်းထည့် ပေးရတာဟာ နောက်ဆုံးအကြိမ်များ နေလေမလားဟု တွေးလျက်လှိုက်ခနဲ ဝမ်းနည်းသွားမိပြီးမှ အတွေးကို သူမဘာသာ ပြန်လည်ချေဖျက်လိုက်သည်။

"စားလို့ကောင်းရဲ့ လားမောင်"

သူမ၏ မေးခွန်းက သာမန်ဇနီးသည်တစ်ယောက်၏ းခွန်းမျိုးဖြစ်သလို ခေါင်းညိတ်အဖြေပေးလာသည့် င့်အပြုအမူ ကလည်း သာမန်ခင်ပွန်းသည်တစ်ယောက်၏ ပြုအမူမျိုးသာဖြစ်ပါလိမ့်မည်။ သို့သော် ဝမ်းနည်းစရာ ာင်းသည်မှာ မောင်နှင့်သူမအကြား သာမန်ဟူသော နေအထားသည် နေ့လည်ကတည်းကပင် လွင့်ပါး ာက်ကွယ်ခဲ့ပြီဖြစ်သည်။

ဒါကို မောင်သတိထားမိပါရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အရာရာကို အလေးအနက်မထားတတ်သော မောင်သည် သူမတို့နှစ်ယောက်ကြား၌ စိတ်နှလုံးကြေကွဲဖွယ် ကိစ္စတစ်ခုနေ့လယ်က ပေါ်ပေါက်ခဲ့ဖူးကြောင်း သူဖတ်ထား ရှိသော အပျော်ဖတ် ဝတ္ထုဇာတ်လမ်းများကို မေ့ပစ်လိုက်သလို မေ့ပစ်ပြီး ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ခင်ထွေးကြောင့်မဟုတ်ဘူးမမ၊ တကယ်ပါ ခင်ထွေး စခဲ့တာ မဟုတ်ပါဘူးဟူသော ငိုသံတို့ဖြင့် ထစ်ငေါ့တုန်ယင် နေရှာသည့် ညီမလေး၏စကားသံကို ယခုတိုင်အောင် စိတ်မသက်မသာဖြစ်စွာကြားယောင်နေမိသည်။ သည်တုန်းက ညီမလေးအခြေအနေမှာ စိုးရိမ်စရာကောင်းလောက်အောင် ဆိုးဆိုးဝါးဝါးရှိလှပါသည်။

သူမရော ဘာထူးပါလဲ။ သူမကိုယ်တိုင်လည်း ထိုစဉ်က ကိုယ့်ကိုယ်ကို သတ်သေမတတ် စိတ်ဓာတ်တို့ ပျက်ယွင်းစွာ ဖရိုဖရဲဖြစ်ခဲ့ရသည်။

အကယ်၍ သူမသာခေါင်းကိုက်ဝေဒနာ တစ်ခုတည်း ရှောင်တခင် မခံစားခဲ့ရလျှင် နာကျင်ကြေကွဲဖွယ် ထိုအဖြစ် အပျက်နှင့် သူမဆုံစည်းခဲ့ရမည်မဟုတ်ပါ။ သို့သော် ကံကြမ္မာ၏ ဆိုးဝါးသော လှည့်စားမှုက စူးရှပြင်းထန်သည့် ခေါင်းကိုက် ဝေဒနာတစ်ခုအား သူမထံသို့ပို့ဆောင်ပေး ခဲ့သည်။ ထို့ကြောင့်ပင် သုသေသနဌာနတစ်ခု၏ ဓာတ်ခွဲခန်း တစ်ခု အတွင်း ပစ္စည်းကိရိယာများနှင့် အလုပ်ရှုပ်ခဲ့ ရာမှ နေ့ဝက် ခွင့်ယူ၍ အိမ်ပြန်ခဲ့ခြင်းဖြစ်သလို ရင်နင့်ဖွယ်ရာ



ထိုအဖြစ် အပျက်နှင့်ရင်ဆိုင်လိုက်ရခြင်းလည်း ဖြစ်သည်။ တကယ်တော့ အိမ်ရှေ့၌ ရပ်ထားသော မောင့်ကားကို တွေ့ကတည်းက အခြေနေအရပ်ရပ်ကို သူမနားလည် သဘောပေါက်ခဲ့ဖို့ ကောင်းပါသည်။ နေ့လည်တစ်နာရီ ဟုသော အချိန်သည် အလွန်အလုပ်များသော ဌာနတစ်ခုမှ အရာရှိတစ်ယောက် ဖြစ်သော မောင့်အတွက်အိမ်ပြန်ရောက်ဖို့ စောလွန်းတဲ့အချိန် မဟုတ်ပါလား။ မောင်ဘာဖြစ်လို့များ အစောကြီး အိမ်ပြန်ရောက်နေပါလိမ့်။

ဇဝေဇဝါ သံသယဝင်စရာကောင်းသော အတွေး ဖြစ်ပါလျက်ညံ့ဖျင်းနုံချာသော သူမကတော့ တစ်စုံတစ်ရာ သံသယမဖြစ်ခဲ့။ သူမနှင့် လက်မထပ်ခင်ကပင် ရည်းစားပေါင်း မြောက်မြားစွာ ထားခဲ့ပြီး (သူမအပါအဝင်) ထိုရည်းစားများစွာ အား မျက်ရည်ကျစေသော မောင့်အကျင့်စရိုက်နှင့် နောက်ခံသမိုင်းတို့ကို နားလည်ထားခဲ့ပါလျက် မောင့်အပေါ် ယုံကြည်စိတ်ချထားမိတဲ့ သူမအတွက် အဲဒီအဖြစ်အပျက်ဟာ ထိုက်တန်တဲ့ရလဒ်ပါပဲ။

တကယ်ဆို မောင်ဆင်ခြင် ဖို့ကောင်းပါတယ်။ မောင့်ကို အချစ်ကြီးစွာ သည်းခံခွင့်လွှတ်တတ်သော မိန်းမတစ်ယောက် ကို မသနားတောင်မှ နယ်ကနေ အားကိုးတကြီး သူမတို့အိမ်မှာ မှီခို လာနေရှာတဲ့ ညီမလေးကိုတော့ ငဲ့ညှာဖို့ ကောင်းတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ထွေး တစ်ယောက်ရော မတွေ့ပါလား"

ရုတ်တရက်ထွက်ပေါ်လာသော မောင့်စကားသံ အတွေးတို့၌ နစ်မျောနေမိသော သူမကို ပုတ်ခတ်လှုပ်နှိုး လိုက်ကာ သူမ၏တည်ငြိမ်မှုတို့ကိုလည်း ယိမ်းယိုင်သွား စေသည်။

"သူအိပ်နေတယ်"

ကိုယ့်အသံဟုပင် မယုံကြည်နိုင်လောက်အောင် အသံ တစ်ခုက သူမနှုတ်ဖျားမှတွန်းထိုးထွက်ပေါ်၍လာသည် သို့သော် သူမအချိန်မီပင် ကိုယ့်စိတ်ကိုပြန်လည် ထိန်းသိမ်း လိုက်ပြီး သက်ပြင်းတစ်ချက်ကိုရှိုက်လိုက်သည်။

"ကျွန်မ ဗေလီယံတိုက်ထားလို့ပါ။ ခုချိန်မှာတော့ သူအိပ်ပျော်ဖို့လိုအပ်တယ်လေ"

သူမစကားကြောင့် မောင်သူမကို ဖျတ်ခနဲမော့ကြည့် သည်။ သို့သော် သူမအကြည့်ကိုရင်မဆိုင်ရဲသလို ချက်ချင်း ခေါင်းပြန်ငုံ့သွားပြီး ပန်းကန်ထဲမှ အသည်းဖတ်ကိုသ ဇွန်းခတ်ရင်းဖြင့် တိတ်ဆိတ်စွာ ဖဲ့နေတော့သည်။



## (၂)

သူနားမလည်သည်မှာ သူမ၏သွေးအေးတည်ငြိမ်မှု ပင်ဖြစ်သည်။

သူ့အား အမြဲလိုလို အလျှော့ပေးသည်းခံခဲ့သော်လည်း မိန်းမကိစ္စနှင့် ပတ်သက်လျှင်တော့ ဘယ်တုန်းကမှ မယဉ်ကျေး ခဲ့ဖူးသော သူမသည် ယခုစိတ်ရှည် တည်ငြိမ်နေခြင်းက အံ့ဩဖွယ်ကောင်းလှသည်။ တကယ်တော့ နေ့လည် ကတည်းကမှ သူမထံမှ ပေါက်ကွဲမှု တစ်စုံတစ်ရာကို သူမျှော်လင့်နေခဲ့ခြင်းဖြစ်သည်။ သို့သော် အံ့ဩတုန်လှုပ်ဖွယ် အဖြစ်အပျက်နှင့် ပက်ပင်းတိုးခဲ့သည့်တိုင် သူမ သူ့အား စူးရှဝင်းလက်စွာ စိုက်ကြည့်နေခဲ့သည်မှအပ တစ်စုံတစ်ရာ မရိုင်းပျခဲ့၊ ဘာလုပ်ရမှန်းမသိဘဲ ငေးကြောင်မှိုင်တက်



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့မိသော သူ့ကိုပင် မောင်ရုံးပြန်သွားဖို့သင့်ပြီနဲ့ တူတယ်ဟု အကြံပေးခဲ့ပါသည်။

သူမ၏ အကြံပေးမှု လက်ရှိအခြေအနေမှ ရှောင်ခွာထွက်ပြေးလိုမှုတို့ဖြင့် ခင်ထွေးနှင့် သူမအပါးမှ ထွက်ခွာလာခဲ့ပြီး ကားတစ်စီးနှင့်ဦးတည်ရာမဲ့စွာ လျှောက်မောင်းနေခဲ့မိသည်။ အကယ်၍သူသာ ဆက်နေမည်ဆိုလျှင် ဘာတွေများ ဆက်ဖြစ်မှာပါလိမ့်။ သည်းမခံနိုင်စွာ သူမ ပေါက်ကွဲမယ်နဲ့တူပါရဲ့။ ဘာဘဲဖြစ်ဖြစ် သုံးမယောက်စလုံးအတွက် သွေးပျက်ဖွယ်ကောင်းသော ထိုအချိန်နှင့် ထိုနေရာမှ ရှောင်ခွာထွက်လာနိုင်ခဲ့ခြင်း အတွက်ယခုတိုင်အောင် သူစိတ်သက်သာရာရနေမိသည်။

သို့သော် အကြွင်းမဲ့သော လွတ်ငြိမ်းချမ်းသာနိုင်ခွင့်ကိုတော့ သူမမျှော်လင့်နိုင်ပါ။ သူမ၏ တုန့်ပြန်မှုတစ်စုံတစ်ရာအား ရင်ဆိုင်နိုင်အောင် သူအတော့်ကို သတ္တိမွေးယူခဲ့ပါသည်။ စူးရှဝင်းလက်သော အကြည့်တစ်ချက်ဖြင့် ကြည့်ခဲ့ရုံနဲ့တော့ သူမကျေနပ်နိုင်လိမ့်မည်မဟုတ်ပါ၊ သို့သော် အံ့ဩစရာကောင်းသည်မှာ ဖရိုဖရဲဖြစ်နေသော စိတ်ဓာတ်တို့ကို စုစည်းလျက် သူမ၏ ပေါက်ကွဲမှု တစ်ခုခုအတွက် သူအိမ်ပြန်လာခဲ့သော ညနေစောင်း၌ သူမအေးဆေးစွာ ထမင်းပွဲပြင်ဆင်နေခြင်းပင် ဖြစ်သည်။ ဒါဟာ ဒေါသဖြစ်ဖွယ်အခြေအနေတစ်ခုခုနဲ့ ရင်ဆိုင်ခဲ့ရတဲ့ အိမ်ထောင်ရှင်မ



တစ်ယောက်ရဲ့ နာကျည်းမှုတဲ့လား။ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါ။ သူမ၏ အပြုအမူတို့အား ယခုထက်ပိုမိုဆိုးရွားစွာ သူမျှော်လင့်ထားခဲ့ပါသည်။

ပြင်းထန်စူးရှတဲ့ စကားလုံးတွေနဲ့ ပစ်ပေါက်တဲ့ အပြုအမူမျိုး၊ အနည်းဆုံးတော့ မိန်းမပီပီ အော်ဟစ်ငိုကြွေးလိုက်တာပဲဖြစ်ဖြစ် ပေါ့။ သို့သော် သူ့အထင်နှင့် ဆန့်ကျင်စွာ သူမတည်ငြိမ်အေးစက်နေခဲ့ပြီး ထမင်းပွဲကိုသာ စိတ်ရှည်လက်ရှည်ပြင်ဆင်နေခဲ့သည်။ ဟင်းနံ့ရရုံနှင့် သူကြိုက်သော အသည်းဟင်းဖြစ်ကြောင်းထမင်းစားပွဲကိုလှမ်းကြည့်စရာမလိုပဲ သူအကဲခတ်နိုင်ခဲ့သည်။ ဒါဟာ သူရဲ့ အပြစ်တွေအတွက် သူမရဲ့ တုန့်ပြန်မှုတဲ့လား။

"ထမင်းအရင်စားလိုက်ကြရအောင်၊ ပြီးတော့မှ စကားပြောကြတာပေါ့"

ဘုရားတရလောက်အောင်ပင် သူမအသံက တည်ငြိမ်လှပါသည်။ အသည်းဟင်းဆိုလျှင် ဣန္ဒြေ မဆောင်နိုင်သူပီပီ သူထမင်းစားပွဲ၌ တိတ်ဆိတ်စွာ ဝင်ထိုင်လိုက်တော့ သူမက ပြုနေကျအတိုင်း သူ့ပန်းကန်ထဲသို့ ထမင်းခူးထည့်ပေးပြီး အသည်းဖတ်တို့ ခပ်ထည့်နေခဲ့သည်။ သူမ၏ ပုံမှန်တည်ငြိမ်နေနိုင်မှုတို့က သူ့အား မယုံကြည်နိုင် လောက်အောင် ဖြစ်စေခဲ့သလို ထမင်းအရင်စား လိုက်ကြရအောင်ဟု ပြောဆိုလိုက်တစ်ခါတည်း ဝင်မစားခြင်းကလည်း ထူးခြားနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

မိန်းမတစ်ယောက်၏ ထိုကဲ့သို့ သွေးအေးနေမှုကို သူသဘော မကျပါ။ ခင်ထွေးရော ဟု စကားစလျက် သူမ၏ဒေါသတို နိုးဆွရန်ကြိုးပမ်းခဲ့သော်လည်း၊ သူ၏ ကြိုးပမ်းမှုတ မအောင်မြင်ဘဲ သူ့ပန်းကန်ထဲသို့သာ သူမအသည်းဖတ်တွေ တစ်ဖတ်ပြီးတစ်ဖတ် ခပ်ထည့်ပေး နေခဲ့သည်။

(၃)

"တော်ပြီလား မောင်။ စားလို့မြိန်ရဲ့လား"

ဇွန်းခက်ရင်းကို ပူးလျက် ထမင်းစားခြင်းအား အဆုံး သတ်လိုက်သော မောင့်ကို သူမမော်ကြည့်ရင်းမေးတော့ မောင် အေးဆေးစွာ ခေါင်းညိတ်သည်။ ပြီးမှ စကားစရှာ သလိုမျိုးဖြင့် အသည်းအမြစ်ကနည်းနည်းခါးသလိုပဲဟု ရေရွတ်လျက် သောက်ရေခွက်ကို တစ်ဝက်ခန့် သောက်လိုက် သည်။ ခါးသလိုပဲ ဟူသော မှတ်ချက်ကြောင့်သူမ နာကျင်စွာ ပြုံးရင်း မောင်ကအသည်းတွေချည်းရွေး စားတာကိုး ဟု ပြောလိုက်တော့ မောင့်အကြည့်တွေက သူမထံသို့ဖြတ်ခနဲ ရောက်ရှိလာသည်။





"အသည်းဆိုတာမျိုးက နည်းနည်းတော့ခါးသက်သက် နိုင်တာပေါ့ မောင်ရဲ့ အစားများရင် ပိုပြီးခါးတယ်လို့ ထင်ရတယ်"

မောင်ဘာမှပြန်မပြောဘဲ ဟင်းဆီဝေ့နေသော နှုတ်ခမ်း များတို့ကို လက်သုတ်ပဝါဖြင့် သုတ်လိုက်သည်။ မောင့်နှုတ်ခမ်း တွေက လှလိုက်ကြတာ။ အဲဒီနှုတ်ခမ်းတွေနဲ့ အမျိုးသမီး များစွာရဲ့ အသည်းတွေကို မောင်ဖဲ့ခြွေစားသုံးခဲ့တာပဲ ထင်ပါရဲ့။

"အသည်းလိုပဲ များများစားရင် ခါးသလိုထင်ရတာ တစ်ခုရှိသေးတယ်"

သူမ၏ အဆက်အစပ်မဲ့ စကားကို မောင်နားမလည်စွာ စိတ်ဝင်စားသွားလျက် ဘာလဲဟု ဇဝေဇဝါမေးသည်။

"ခု ကျွန်မတို့ဓါတ်ခွဲခန်းမှာ စမ်းသပ်ရတဲ့ အဆိပ် တစ်မျိုးပေါ့"

"အဆိပ်"

မောင်ထိတ်လန့်သလို ရေရွတ်လိုက်သည်။

"ဟုတ်တယ်၊ အဲ့ဒီအဆိပ်က အရောင်အဆင်း အနံ့ အရသာ မရှိဘူး။ ဘယ်လိုအရည်မျိုးထဲမဆို ပျော်ဝင် လွယ်တယ်။ အပူပေးပြီး ချက်ရတဲ့ ဟင်းတစ်ခွက်ထဲဆိုရင် ပိုပြီးပျော်ဝင်လွယ်တာပေါ့။ အဆိပ်ခတ်ခံရတဲ့ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း တော်တော်နဲ့ စစ်ဆေးတွေ့ဖို့မလွယ်ဖူး။သူရဲ့ အားနည်းချက်က အခတ်များရင်မဆိုသလောက် ခါးသက်သက် နိုင်တာပဲ"

လက်ထောက်မါတ်ခွဲခန်းမှူးဖြစ်သူ သူမ၏စကားများက မောင်တစ်စုံတစ်ရာစောဒက တက်နိုင်မည့် စကားမျိုး မဟုတ်သလိုတစ်စုံတစ်ရာ ဝင်ရောက်ဆွေးနွေးနိုင်မည့် စကားလည်း မဟုတ်ပါ။ထိတ်လန့်မှု နားမလည်မှုတို့ဖြင့်သာ မောင်သူမကို စူးရှစွာ စိုက်ကြည့်လာလေသည်။

"မပြောပလောက်တဲ့ ပြစ်ချက်လေးရှိပေမဲ့ သူ့ရဲ့ ထိရောက်မှုကတော့ အရမ်းတာသွားတယ်။ အသည်းအမြစ် ဟင်းလို ဟင်းတစ်မျိုးထဲကို အဲဒီအဆိပ်မီးခြစ်ဆံခေါင်းလောက် ထည့်လိုက်ရင်. . . . . "

သူမ၏ စကားမဆုံးခင်မှာပင် မောင်ဝုန်းခနဲထရပ်သည်။ မောင့်မျက်နှာက စိုးရိမ်ထိတ်လန့်မှု၊ ဒေါသဖြစ်မှုတို့ဖြင့် အုံ့ဩဖွယ်နီမြန်းလျက် ခက်ထန်ကြမ်းတမ်းနေသည်။

"အဲဒီလို အဆိပ်မိတဲ့လူဟာ အလိုလိုဒေါသကြီးလာတယ်၊ ပြီးတော့ ရင်ခုန်မြန်လာတယ်တဲ့၊ နောက်ဆုံးတော့. . ."

"တော်စမ်း"

မောင့်ရဲ့ ဒေါသတကြီးအော်ဟစ်လိုက်မှုက သူမစကားသံကို ဖုံးလွှမ်းကာ ရပ်တန့်သွားစေသည်။



"လက်စသတ်တော့ မင်းငါ့ကို ယုတ်မာလိုက်တယ်ပေါ့ ဟုတ်လား။အသည်းဟင်းထဲမှာ အဆိပ်ခတ်လိုက်တယ် မဟုတ်လား"

မောင့်ဒေါသက နူးညံ့သည့် မောင့်မျက်နှာနုနုကို အရုပ်ဆိုးစေလှပါသည်။

"သိပ်ဒေါသမကြီးပါနဲ့ဝမောင်၊ မောင့်မှာသွေးတိုးနဲ့ နှလုံးရှိတယ် မဟုတ်လား၊ မောင့်သူငယ်ချင်း ဒေါက်တာ အောင်ဝင်းကလည်း ဒေါတကြီးတာဟာ မောင့်အသက် အန္တရာယ်ကို ဒုက္ခပေးနိုင်တယ်လို့ ပြောထားတယ်လေ"

"ဒေါသမကြီးရဘူး ဟုတ်လား၊ ခုလိုအခြေအနေမျိုးကို ဒေါသမကြီးဘဲတည်တည်ငြိမ်ငြိမ်နဲ့ နေရမှာလား"

စိတ်ဖောက်ပြန်သွားသူတစ်ယောက်ပမာ သွေးရှူး သွေးတန်း အော်ဟစ်ရင်း စားပွဲခုံကို ထုလိုက်သည်။ ထို့နောက် မျက်နှာရှုံ့မဲ့လျက် ရင်ဘတ်ကိုလက်နှင့်ဖိရင်း သူမတစ်စုံတစ်ရာ မတားဆီးနိုင်ခင်မှာပင် ထမင်းစားပွဲပေါ်သို့ မောင့်ခန္ဓာကိုယ် ပြိုလဲကျဆင်း လာတော့သည်။

မလှုပ်မယှက်ငြိမ်သက်သွားသော မောင့်ကိုကြည့်ရင်း ကွာရှင်းပြတ်စဲဖို့ စကားတောင်ပြောခွင့်မရလိုက်ပါလား ဟု သူမတွေးတောလိုက်မိပါသည်။ စိတ်မကောင်းဖြစ်မှု အကြာကြီးငြိမ်သက်ငေးငူနေမိပြီးမှ မောင့်သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာအောင်ဝင်း ထံသို့ ဖုန်းဆက်ရန် ထိုင်ရာမှ ထရပ်လိုက်လေသည်။

နောက်ဆုံးပေါ် အဆိပ်အကြောင်းပြောပြနေရာမှ ဒေါ်တတကြီး လဲကျသေဆုံးသွားသော မောင့်သေဆုံးမှုသည် ဦးနှောက်သွေး ကြောပြတ်ခြင်းလား။ နှလုံးရောဂါ၏ ဆိုးဝါးစွာ တိုက်ခိုက်မှုကြောင့်လားဆိုသည်ကိုတော့ ဒေါက်တာ အောင်ဝင်း ကသာ အဆုံးအဖြတ်ပေးနိုင်ပါလိမ့်မည်။

တယ်လီဖုန်းရှိရာသို့ မသွားမီမောင့်မျက်နှာအနီး ဟင်းပန်းကန်ထဲမှ အသည်းတစ်ဖတ်ကို ကောက်ယူဝါး လိုက်တော့ သူမ၏ လက်ရာအသည်းဟင်းက မောင်ပြောသလို အမှန်တကယ်ပင် ခါးသက်သက်ဖြစ်၍နေလေသည်။

* * * * * * * * * * 

# ခန်း (၁၃)

" မူးလာပြီဆိုရင် မျက်ရည်တွေ ဝေ့ဝဲပြီး ဆို့နစ်ကြေကွဲသံကြီးနှင့် သေသွားရင်ကောင်းမယ်ဗျာ၊ ဟောဒီကောင်ကြီး မြန်မြန်သေသွားရင် ကောင်းမယ်လို့ ဘသိန်းလှ မကြာခဏ ရေရွတ်လေ့ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com

# ဘာ
# သိန်း
# လှ
# အာ
# ရက်
# ဗို
# သောက်
# ဖြစ်
# ခြင်း
# အာ
# ကြောင်း

(၁)

ပြောမယ်ဆိုရင် ဘသိန်းလှရဲ့ အဖြစ်က ရယ်ရခက် ငိုရခက်။

www.burmeseclassic.com

www.burmeseclassic.com



ဘသိန်းလှဆိုတာက သူတို့သောက်ဖော် သောက်ဖက်တွေထဲမယ် အသက်အကြီးဆုံး။ ပြီးတော့ ပညာလည်း အတတ်ဆုံး ခုခေတ်လုံးချင်းဝတ္ထုတွေထဲက ဇာတ်လိုက်တွေ ပညာတတ်တယ်ဆိုတာ ဘသိန်းလှ အိပ်နေသလောက် ပဲရှိတယ်။ ဘာသာစကား ငါးမျိုးလောက်ကို ထုံးလိုချေ ရေလိုနှောက် နိုင်တယ်။ အဘိဓာန်တစ်ချက်လှန်စရာမလိုဘဲ ရေးနိုင်၊ ဖတ်နိုင်၊ ပြောနိုင်တယ်။ ဒါပေမယ့် ခုအချိန်မှာတော့ အဲဒီပညာတွေဟာ အရက်မူးလာတဲ့အခါ ကိုယ့်ကိုယ်ကို ပြန်ဆဲဖို့လောက်ပဲ ဘသိန်းလှ အသုံးချတော့တယ်၊ အဲ ခြွင်းချက်အနေနဲ့ သူ့အိမ်အနားက ကောင်လေးတစ်ယောက်စ နှစ်ယောက်စကို အင်္ဂလိပ်စာ ပြပေးပြီး အရက်ဖိုးရှာတာတော့ ရှိတာပေါ့။

ညနေတိုင်ပြီဆို အမြည်းတစ်ပွဲနဲ့ အရက်တစ်လုံးဖိုး အင်္ကျီအိတ်ကပ်ထဲထည့်ပြီး ကြယ်နီကို ဘသိန်းလှ ရောက်လာလေ့ရှိတယ်၊ ကြယ်နီဆိုတာက သူတို့အုပ်စု ပုံမှန်ထိုင်နေကျ အရက်ဆိုင်ပေါ့။ ညနေငါးနာရီမှာ ဆိုင်ဖွင့်ပြီး ညဆယ့်တစ်နာရီ ထိုးထားတာနဲ့ ဆိုင်ထဲက လူတွေအကုန် အပြင်ဆွဲထုတ်ပြီး တံခါးပိတ်တတ်တဲ့ အရက်ဆိုင်၊ ကြယ်နီရဲ့ အချိန်တိကျလိုက်ပုံက ငါးနာရီမထိုးမချင်း ဘယ်တော့မှ ဆိုင်တံခါးမဖွင့်ဘူး။ တကယ်လို့ ငါးမိနစ်ဆယ်မိနစ်စောပြီး ဖွင့်မိလို့ ဆိုင်ထဲသောက်မယ့် လူဝင်ရင်လည်း ငါးနာရီထိုးခါနဲ့မထိုးမချင်း အဲဒီလူရဲ့ဝိုင်းကို ဘယ်တော့မှ အရက်ပုလင်းလာမချဘူး။ အဲလောက် ထိအောင်ကို တိကျတယ်။ ဆိုင်ပိုင်ရှင်ကို ကြယ်နီ ပြောနေကျ စကားတစ်ခွန်းရှိတယ်။



“လူတစ်ယောက်ဟာ ဘဝမှာ တစ်ခုခုကိုတော့ လေးစားဖို့လိုတယ်။ မိဘ၊ ဆရာသမား၊ ဒါမှမဟုတ် တရားဥပဒေ။ အဲဒါကိုမှ မလေးစားဘူးဆိုရင်တောင် အချိန်ကိုလေးစားသင့်တယ်။ အဲဒါကျုပ်ရဲ့ ကျင့်စဉ်ပဲ”

ကိုကြယ်နီ အချိန်ကိုလေးစားသလို သူတို့ အုပ်စုကလည်း ကိုကြယ်နီဆိုင်က ရေရောတယ်ဆိုရုံလေး ရောထားတဲ့အရက်ကို လေးစားတယ်၊ ဒီခေတ်ကြီးမယ် ရေမရောတဲ့ အရက်ဆိုတာကလည်း ရှားပေသကိုး။ ဒီတော့ ရောချင်းရော ရေနည်းနည်းပဲ ရောတဲ့ ကိုကြယ်နီအရက်ကို သူတို့အားပေးကြတယ်၊ ညနေစောင်းပြီဆိုတာနဲ့ သူတို့ အုပ်စုတွေ တစ်ယောက်ပြီး တစ်ယောက် ဆိုသလို ကိုကြယ်နီ ဆိုင်ကို ရောက်လာကြတယ်။ အဲဒီနောက် ရည်ရွယ်ချက်မျိုးစုံ အကြောင်းပြချက်မျိုးစုံနဲ့ ကိုကြယ်နီအရက်ကို သောက်ကြတော့တာပါပဲ။

ရွှေနေ ကိုဗလကတော့ ရှင်းတယ်။ သူက အရက်ကို ကြိုက်လို့သောက်တာ။ အဲ ရုံးစာရေးကိုငွေမင်းကတော့ အရက်ကို ရစ်ချင်လို့ သောက်တယ်။ သူက မိန်းမကြောက်ရသူပေကိုး နောက်ပြီး ရုံးမှာကလည်း အအော်ခံရ အငေါက်ခံရဆိုတော့ ညနေစောင်းပြီ ဆိုတာနဲ့ ကိုကြယ်နီဆိုင်ရောပြီး

www.burmeseclassic.com

www.burmeseclassic.com



သူ့အောင့်လုံးတွေကို ဖောက်ခွဲပစ်တော့တာပါပဲ။ ဘောလုံးပွဲရှိတဲ့ နေ့များဆိုရင် ကိုကြွယ်နီဆိုင်တင်မကဘူး။ ဘောလုံးပွဲထိအောင် သူဒေါသတွေကို သွားဖောက်ခွဲ ပစ်လေ့ရှိတယ်။ တစ်ခါက ပါးစပ်နဲ့တင် ဖောက်ခဲ့လို့ အားမရဘဲ လက်ထဲက ပြောင်းဖူးရိုးနဲ့ ကွင်းထဲပစ်လိုက်လို့ စခန်းကိုတစ်ညအိပ် အလည်ရောက်သွားတဲ့ အထိပါပဲ။ ကိုဌေးမင်းရဲ့ အောင့်လုံးတွေက အဲ့လောက်အောင်ကို များပါတယ်။

ပန်းချီဆရာ ကိုရွှေကို ဆိုးဟန်ရဲ့ အကြောင်းပြချက်က တစ်မျိုး၊ သူက တစ်နေ့လုံး ဆေးရောင်တွေနဲ့ လုံးထွေးခဲ့ရသူမို့ ဘာဆေးရောင်မှမပါတဲ့ အရက်ဖြူနဲ့ သူ့မျက်လုံးအမြင်အာရုံကို လာဆေးကြောတာပါတဲ့။ ပြောမယ်ဆိုရင်တော့ တစ်ယောက်တစ်မျိုး စီပါပဲ။ အဲဒီထဲမယ် ဘသိန်းလှရဲ့ အကြောင်းပြချက်က စိတ်ဝင်စားစရာ အကောင်းဆုံးပဲ။ သူက အရက်ကို သောက်ချင်လို့ သောက်တာတဲ့။

မူးလာပြီဆိုရင် မျက်ရည်တွေဝေ့ဝဲပြီး ဆို့နင့်ကြေကွဲသံကြီးနဲ့ "သေသွားရင်ကောင်းမယ်ဗျာ။ ဟော့ဒီကောင်ကြီး မြန်မြန် သေသွားရင်ကောင်းမယ်" လို့ ဘသိန်းလှ မကြာခဏ ရေရွတ်လေ့ရှိတယ်။ သူ့အဖြစ်ကလည်း သေချင်တယ်လို့ ညည်းညူရလောက် အောင်ကို ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ခဲ့ပေသကိုး။ ပြောမယ်ဆိုရင် ဘသိန်းလှရဲ့အဖြစ်ကို လွန်ခဲ့တဲ့လေးနှစ် မဟာသိပ္ပံတက်နေတဲ့ အချိန်လောက်က စရလိမ့်မယ်။



(၂)

အဲဒီတုန်းက ဘသိန်းလှဟာ ခုလိုမျိုးအရက်ကို တစ်နေ့လုံးသောက်ဖို့ မပြောနဲ့ ဘီယာနံ့တောင် မခံနိုင်ဘူးဆိုပဲ။ ဘီယာနံ့များ ရှူမိရင် သူ့ခမျာတစ်နေ့လုံး ခေါင်းမူးလို့ မဆုံးနိုင်ဘူးတဲ့။ အဲ့လောက်ထိအောင်ကို ရိုးသားခဲ့တာ။ နောက်ပြီး ခုလိုမျိုး အထီးကျန်ဘဝမျိုးလည်း မဟုတ်ဘူး။ သူ့မှာအလွန်လှတဲ့ နန်းခင်အေး ဆိုတဲ့ ချစ်သူ တစ်ယောက် ရှိတယ်။ နန်းခင်အေးက ကွတ်ခိုင်သူ၊ ဘသိန်းလှက မြစ်ဝကျွန်းပေါ်သား။ သူတို့ ဖူးစာက ဆန်းကြယ်သလို သူတို့ရဲ့ အချစ်ကလည်း လက်ဖျားခါ လောက်တယ်။

အဲ့ဒီတုန်းက တက္ကသိုလ်မယ် သူတို့နှစ်ယောက်အကြောင်းကို မသိတဲ့လူဆိုတာ ခပ်ရှားရှား၊ ဘသိန်းလှက နန်းခင်အေးကို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဖီးပေးနေတာမျိုး၊ ဘသိန်းလှကို နန်းခင်အေးက ခြေသည်းလက်သည်းလှီးပေးနေတာမျိုးဆိုတာ မမြင်ချင်မှ အဆုံး၊ အချို့ကောင်လေးတွေ ကောင်မလေးတွေဆိုရင် သူတို့ နှစ်ယောက်ကို အားကျပြီး သမီးရည်းစားတွေ ဖြစ်ကုန်ကြတဲ့ အထိ သူတို့ရဲ့အချစ်က သည်းခဲ့ကြတာ။

ကျောင်းပြီးတာနဲ့ လက်ထပ်မယ် ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဘသိန်းလှ တစ်ဖက်တစ်လှမ်းက ငွေရှာတယ်၊ အင်္ဂလိပ် ပြင်သစ် ဝတ္ထုအချို့ကို ရှဲဒိုးဘာသာပြန်ပေးတယ်၊ ဂျပန်စာ လိုက်ပြတယ်၊ အတော်အတန် ငွေစုမိလာတော့ လက်ထပ် ပြီးတဲ့အခါ နေဖို့ နှစ်ဦးသဘောတူအိမ်ခန်းလိုက်ရှာ ကြတယ်။ ကျောင်းလည်းပြီး အိမ်ခန်းလည်းရှာပြီးတဲ့အခါ မိဘကို အကျိုးကြောင်း ပြောပြမယ် ဆိုပြီး နန်းခင်အေးနယ်ပြန်တယ်။ ပြန်လာရင် လက်ထပ်မယ်ပေါ့။ ဘသိန်းလှလည်း နယ်က မိဘတွေဆီ သူ လက်ထပ်တော့မယ့် အကြောင်း စာလှမ်း ရေးတယ်။ ပြီးတော့ ငှားထားတဲ့အိမ်လေးကို နန်းခင်အေး အကြိုက် ပြုပြင်မွမ်းမံရင်း နန်းခင်အေးပြန်အလာကို စောင့်တယ်။

ဒါပေမယ့် ရက်တွေသာကြာသွားတယ်၊ နန်းခင်အေး တော်တော်နဲ့ ပြန်ရောက်မလာဘူး၊ ရောက်လာပြန်တော့ လည်း သူကိုယ်တိုင် မဟုတ်ဘူး၊ စာတစ်စောင်၊ စာမှ ကျွန်မရှင့်ကို မယူနိုင်တော့ပါဘူး ဆိုတဲ့ဖြတ်စာ၊ မိန်းမများ





ဘယ်လောက် နားလည်ရ ခက်လိုက်ပါသလဲ။ တကယ်ဆို အဲဒီအချိန်က ဘသိန်းလှ အရက်သမားဖြစ်သင့်တယ်။ ဒါပေမယ့် ကံကြမ္မာက သူ့အပေါ် ကောင်းရှာတယ် ထင်ပါရဲ့ ဘသိန်းလှ အရက်သမား မဖြစ်သေးဘူး။ အသား ဆတ်ဆတ် တုန်အောင် နာကြည်းဒေါသ ဖြစ်တာပဲ ရှိတယ်။

အဲဒီစိတ်နဲ့ တစ်ခါမှ မရောက်ဖူးတဲ့ ကွတ်ခိုင်ကို သူလိုက်သွားတယ်။ နန်းခင်အေးကို သွားတွေ့ပြီး ပက်ပက် စက်စက်ပြောတယ်၊ နှစ်ပြားမတန်အောင်ပြောတယ်။ သူတတ်သမျှ ဘာသာပေါင်းစုံနဲ့ဆဲတယ်။ အားရပါးရ ပါးရိုက်တယ်၊ နောက် သူဇာတိမြို့ကလေးကိုအပြီး ပြန် လာတယ်၊ ပြောမယ်ဆိုရင် အဲဒီအချိန်အထိလည်း ဘသိန်းလှ အရက်မသောက်ဖြစ်သေးဘူး။

တကယ်သောက်ဖြစ်တာက နောက်သုံးလေးလအကြာ ကိစ္စတစ်ခုနဲ့ ရန်ကုန်ကိုသွားဖြစ်ရာကနေ နန်းခင်အေးရဲ့ သူငယ်ချင်းမတစ်ယောက်နဲ့ တွေ့ပြီးမှသောက်ဖြစ်တာ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီသူငယ်ချင်းမကတစ်ဆင့် နန်းခင်အေးရဲ့ အဖြစ်မှန်ကို သိခဲ့ရတာကိုး။ ဖြစ်ပုံကဒီလို။ နန်းခင်အေးက မွေးရာပါ တီဘီရောဂါရှင်။ ဆေးပေါင်းစုံ သောက်ပေမယ့်လည်း သူ့ရောဂါက ထူပြီး သက်သာမလာဘူး။ နောက်ဆုံး ဘသိန်းလှနဲ့ ယူခါနီး အထူးကုဆရာဝန်ကြီး တစ်ယောက်ဆီ သွားပြကြည့်တော့မှ သူ့ရောဂါက



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး မပျောက်နိုင်တဲ့အပြင် ဘသိန်းလှကို ဆိုးဆိုးဝါးဝါး ကူးစက်နိုင်ကြောင်းသိလာရသတဲ့။ အဲ့ဒါကြောင့် ဘသိန်းလှနဲ့ ယူရင် ဘသိန်းလှကို ရောဂါကူးမှာဆိုးလို့ သူ့အပေါ် စိတ်နာမုန်းသွားပါစေတော့ဆိုပြီး ဖြတ်စာခ့ လိုက်တာတဲ့။

ဒီတော့မှ ဘသိန်းလှတစ်ယောက် ရင်ကွဲပက်လက် ဖြစ်ရတော့တာပါပဲ။ နားကြည်းစိတ်နဲ့ နန်းခင်အေးအပေါ် ရင့်ရင့်သီးသီး ပြောခဲ့တာတွေ၊ ပါးရိုက်ခဲ့မိတာတွေကို နောင်တရပြီး ယူကျုံးမရစိတ်နဲ့ ဘသိန်းလှတစ်ယောက် လေလွင့်သွားလိုက်တာဟာ နောက်ဆုံး တစ်နေ့ကို အရက် တစ်လုံးမသောက်ရရင် ခြေတုန်လက်တုန် ဖြစ်ရတဲ့ အထိပါပဲ။ တကယ်တော့ ဘသိန်းလှ အရက် သောက်ဖြစ်တာ ဟာ ရိုးသားဖြူစင်တဲ့ ချစ်သူအပေါ် စော်ကားမိတဲ့ ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်တဲ့စိတ်နဲ့ သောက်ဖြစ်တာ။ တစ်နည်းအားဖြင့် ကိုယ့်ဘဝကို အရက်နဲ့ ကိုယ့်ဘာသာကို ပြန်ပြီး သေကြောင်း ကြံစည်တာ။

တကယ်တော့ တစ်နေ့ကို အရက်တစ်လုံးဆိုတဲ့ နှုန်းဟာ ဘသိန်းလှရဲ့ ဆန္ဒကိုသိပ်မကြာခင် ပြည့်ဝသွားစေ နိုင်တဲ့ ပမာဏပါ။ ဒါပေမယ့် သူတို့အားလုံးက ဘသိန်းလှကို အဲ့လောက်ထိ မဖြစ်စေချင်ကြဘူး။ မိန်းမတစ်ယောက်ကြောင့် ဘဝကို အရက်ထဲနှစ်မြုပ် ထားတဲ့ ဘသိန်းလှကို အားလုံးတ



ဝိုင်းပြီးသနားကြတယ်။ နန်းခင်အေးနဲ့ပတ်သက်တဲ့ အတိတ်က ကိစ္စတွေကို မေ့နိုင်လောက်အောင်လည်း ဘသိန်းလှကို ဝိုင်းပြီးဖျောင်းဖျကြတယ်။

ဒါပေမယ့် ဖျောင်းဖျတဲ့ခါမှ ဖျောင်းဖျရော ဘသိန်းလှ ကတော့ ဘယ်လိုမှမမေ့နိုင်ခဲ့ဘူး ဒါကြောင့်လည်း ညနေတိုင်ပြီ ဆိုရင် အမြည်းတစ်ပွဲနဲ့ အရက်တစ်လုံးဖိုး အိတ်ကပ်ထဲထည့်ပြီး ကိုကြွယ်နီဆိုင်ကို ဘသိန်းလှ ပုံမှန်ရောက်ဖြစ် နေခဲ့တာပါပဲ။

(၃)

ပညာတတ်တစ်ယောက်ဖြစ်လျက်နဲ့ ကိုယ့်ကိုယ်ကို အနစ်မွှန်းခံနေတဲ့ ဘသိန်းလှအဖြစ်ကို မကြည့်ရက်တဲ့ သူတွေထဲမှာ ငါးခြောက် ကုန်သည် ကိုအေးလှဆိုတဲ့လူက ရှေ့ဆုံးကပါတယ်။ သူငယ်ငယ်ကလေးကတည်းက ဘသိန်းလှကို အားကျလေးစားခဲ့သူပေကိုး။ နောက်ပြီး ပြောမယ်ဆိုရင် သူ ဆယ်တန်းအောင်ခဲ့တာ ဘသိန်းလှရဲ့ ကျေးဇူးတွေ မကင်းဘူး၊ ဒါကြောင့်လည်း ဘသိန်းလှရဲ့ ရင်ထဲက အစွဲကိုချွတ်ဖို့ နေ့စဉ်မပြတ် သူကြိုးစားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

အရက်ကို မကြိုက်လှပေမယ့် ညနေတိုင်း ဘသိန်းလှနဲ့ အတူ ကိုကြယ်နီဆိုင်ကို လိုက်တယ်။ တစ်နေ့တစ်လုံးစ နှစ်လုံးစနဲ့ ဘသိန်းလှကို ဖျောင်းဖျတယ်။ အတိတ်က အကြောင်းတွေကို မေ့ပစ်ဖို့နားချတယ်။ ဒါပေမယ့်လည်း ပြောပြီးပါပကော။ ဘသိန်းလှကတော့ မမေ့ရေးချ မမေ့ထဲကပဲ။ သူက မေ့ဖို့ပြောလေ ဘသိန်းလှကပိုပြီး သတိရလေ။ သူက "ပြီးခဲ့တာတွေလည်း ပြီးပြီပဲဗျာ"လို့ အစချီလေ ဘသိန်းလှ မျက်ရည်ဝဲလေ။

ကြာတော့ ကိုအေးလှ နည်းနည်း စိတ်ဓာတ်ကျလာတယ်။ ဒါပေမယ့် ဘသိန်းလှရဲ့ အစွဲကို မကျွတ်ကျွတ်အောင် ချွတ်မယ်ဆိုတဲ့ သူ့ရဲ့ဆုံးဖြတ်ချက်ကိုတော့ မစွန့်လွှတ်သေးဘူး။ တစ်နေ့နေ့တော့ သူရအောင် ချွတ်နိုင်လိမ့်မယ်လို့ ယုံကြည် နေတုန်းပဲ။ ယုံကြည်တဲ့ အတိုင်းလည်း ဘသိန်းလှရဲ့ဘဝကို ပြောင်းလဲပစ်နိုင်မယ့် နည်းလမ်းတွေကို သူနေ့စဉ်မပြတ် စဉ်းစားတယ်။ သူ့ခေါင်း ထဲမယ် အချိန်ပြည့် ဘသိန်းလှကို အရက်ပြတ်အောင် လုပ်နိုင်ဖို့အကြောင်းပဲ ရှိတယ်။ ဘသိန်းလှရဲ့ ရင်ထဲက နန်းခင်အေး ကို ဆွဲထုတ်နိုင်ဖို့ အကြောင်းပဲ ရှိတယ်။

ဒါပေမယ့် ရက်တွေသာ တစ်ရက်ပြီးတစ်ရက် ကုန်သွားတယ်။ လတွေသာ တစ်လပြီးတစ်လ ကြာသွားတယ်။ သူ့ရည်ရွယ်ချက်ကို အထမြောက်စေမယ့် နည်းလမ်း တစ်စုံတစ်ရာ သူရှာမတွေ့နိုင်ခဲ့ဘူး။ ဒီလိုနဲ့ ဘသိန်းလှရဲ့



အဖြစ်ကို မချင့်မရဲ ဖြစ်ပြီး နေလာလိုက်တာ တစ်ရက်တော့ တိုက်ဆိုင်မှုလို့ပဲ ဆိုရမလား။ ကံကောင်းထောက်မမှုလို့ပဲ သတ်မှတ်ရမလား မဆိုနိုင်ဘူး။ ဘသိန်းလှကို အရက်ပြတ်အောင် လုပ်နိုင်မယ့် နည်းလမ်းတစ်ခုကို သူတွေ့လာခဲ့တယ်။

တွေ့ပုံကဒီလို သူက ငါးခြောက်ကုန်သည်ပီပီ ရန်ကုန်ကို မကြာခဏတက်ရတယ်။ ရန်ကုန်ကိုတက်တိုင်းလည်း သူနဲ့ရင်းနှီးတဲ့ ပွဲရုံက လူမှန်သမျှကို သူတို့မြို့က ဘသိန်းလှ ဆိုတဲ့ လူတစ်ယောက်အကြောင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ မကြာခဏ ပြောပြတတ်တယ်။ ကြာတော့ ပွဲရုံကလူတွေက မမြင်ဘူးရင်သာ နေမယ်။ ဘသိန်းလှဆိုတဲ့ နာမည်ကိုတော့ ကောင်းကောင်းကြီး နားရည်ဝလာကြတယ်။ အဲဒီကနေ သူတို့မိတ်ဆွေ ကိုအောင်ဝင်းဆိုတဲ့ သူကိုပြန်ပြောရာက ကိုအောင်ဝင်းနဲ့ ကိုအေးလှတို့ ဆုံစည်းဖြစ်ခဲ့ကြတာပဲ။

ကိုအောင်ဝင်းဆိုတာက ကျောင်းတုန်းက ဘသိန်းလှနဲ့ တော်တော်ရင်းရင်းနှီးနှီး တွဲဖြစ်ခဲ့ကြတဲ့ သူငယ်ချင်း။ ဒီတော့ ဘာပြောကောင်းမလဲ နဂိုကမှ ဘသိန်းလှအကြောင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောပြချင်နေတဲ့ ကိုအေးလှက ကိုအောင်ဝင်းကို ဆိုင်တစ်ဆိုင်ခေါ် သွားပြီး ဘသိန်းလှအကြောင်း ရင်ဖွင့်တော့တာပါပဲ။ နန်းခင်အေးရဲ့ တီဘီရောဂါကနေစပြီး နောက်ဆုံး ဘသိန်းလှရဲ့ လက်ရှိ အရက်စံချိန်အထိ ဆိုပါတော့ စကားလည်းဆုံးရော ကိုအောင်ဝင်းက -

www.burmeseclassic.com

www.burmeseclassic.com



"နန်းခင်အေးကြောင့်သာ အရက်သောက်ဖြစ် နေတာဆိုရင် ဒီကောင်အရက် ပြတ်သွားစေရမယ်ဗျာ။ ကျွန်တော် ရဲရဲကြီး ကတိပေးတယ်" တဲ့။

ကတိပေးရဲလောက်အောင်လည်း နန်းခင်အေးနဲ့ ဘသိန်းလှရဲ့ ဇာတ်လမ်းတွေထဲမှာ ဘသိန်းလှမသိသေးတဲ့ မြုပ်ကွက်တွေက ရှိနေခဲ့တာကိုး။ အဲဒီမြုပ်ကွက်ကတော့ နန်းခင်အေးရဲ့ မွေးရာပါတီဘီရောဂါဆိုတာပါပဲ။ နန်းခင်အေးမှာက ဘသိန်းလှအပြင် သူ့မြို့မှာလည်းရည်းစား တစ်ယောက်ရှိတယ်။ ဘသိန်းလှကို လက်ထပ်ခါနီး သူမြို့ပြန်တော့ ရည်းစားက ဘယ်လိုကနေဘယ်လို စည်းရုံးလိုက်တယ် မပြောတတ်ဘူး။ နန်းခင်အေး တစ်ယောက် ငယ်ရည်းစားနောက်ကို ကောက်ကောက်ပါသွားတော့တာပဲ။ အဲဒါကြောင့်လည်း ဘသိန်းလှဆီကို ဖြတ်စာပို့လိုက်တာ။

ဒါပေမယ့် သူ့ဆီကို ဘသိန်းလှ လိုက်လာလိမ့်မယ်လို့ မထင်ဘူး။ တကယ်လည်း ဘသိန်းလှလိုက်လာပြီး ရန်တွေ့ရော နန်းခင်အေးတစ်ယောက် တုန်လှုပ်ရတော့တာပဲ။ ဟုတ်တယ်လေ၊ သူက ငါးရံ့နှစ်ကောင် တစ်ပြိုင်တည်း ဖမ်းခဲ့သူမဟုတ်လား၊ နောက်ပြီး အဲသည်အကြောင်းသာ ဘသိန်းလှသိသွားလို့ သူနဲ့ သူ့ငယ်ရည်းစားရဲ့ အိမ်ထောင်မှုရေးကို ဆက်ပြီးနှောင့်ယှက်နေရင် မခက်ပါလား၊ ဒီတော့ မိန်းမညာဏ်ပဲ ဆိုပါစို့၊ ကြံမိကြံရာ သူ့သူငယ်ချင်းမ



တစ်ယောက်နဲ့ တိုင်ပင်ပြီး မွေးရာပါတီဘီရောဂါသည် ဖြစ်လာရတော့ပါပဲ။

အဲဒီအကြောင်းလည်း ကိုအေးလှသိရော ဝမ်းသာလိုက်ပုံများ မဟာကံထူးရှင် ကံစမ်းမဲပေါက်တဲ့ အတိုင်းပါပဲ။ ကိုအောင်ဝင်း ကိုလည်းထိုင်ရှိခိုးမတတ် ကျေးဇူးတင်သွားတယ်။ ကိုအောင်ဝင်းကလည်း ကျောင်းတုန်းကတည်းက ဘသိန်းလှကို လေးစားခင်မင်ခဲ့ သူဆိုတော့ ဘသိန်းလှရဲ့ နစ်မွန်းနေတဲ့ဘဝကို မဖြစ်ဖြစ်အောင် ကယ်တင်မယ်လို့ ခိုင်ခိုင်မာမာကြီး ဆုံးဖြတ်ချက်ချလိုက်တယ်။ သူ့အစီအစဉ် ပိုပြီးသေချာ အောင်လည်း နန်းခင်အေးလက်ထပ်တုန်းက ဖိတ်စာကို အချိန်ကုန်ခံပြီး ကိုအောင်ဝင်း မရအရ လိုက်ရှာတယ်။ တစ်ပတ်လောက်ကြာတော့မှာ ကျောင်းတုန်းက ဆရာမ တစ်ယောက်ဆီကတစ်ဆင့် ရှားရှားပါးပါး ရလာခဲ့တယ်။

အဲဒီနောက်တော့ ဘသိန်းလှဘဝ ကယ်ဆယ်ရေး အစီအစဉ်ကို သူတို့နှစ်ယောက် ပူးတွဲစတင်တော့တာပါပဲ။ မြို့ပြန်ရောက်တယ်ဆိုရင်ပဲ ကိုအောင်ဝင်းနဲ့ ဘသိန်းလှ တွေ့ဆုံပွဲဖြစ်မြောက်ရေးကို ကိုအေးလှတစ်ယောက် အလျင်အမြန် စီမံတော့တယ်။ ကိုကြွယ်နီဆိုင်မှာ ဆိုရင် ဘေးလူတွေရှိနိုင်တာမို့ တွေ့ဆုံပွဲကို သူ့အိမ်မှာပဲ ကိုအေးလှ ကျင်းပလိုက်တယ်။ ကွဲကွာနေတဲ့ သူငယ်ချင်းဟောင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com

ပြန်တွေ့တာမို့လို့ အစပိုင်းမှာ ဘသိန်းလှ အတော်ပဲ နှုတ်သွက်ခဲ့တယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ နန်းခင်အေးကို သတိရသွားဟန်နဲ့ နှုတ်ဆိတ်သွားလိုက်တာ နောက်ဆုံး "ကျုပ်သေသွားရင် ကောင်းမယ်ဗျာ" ဆိုတဲ့ ဓာတ်ပြားဟောင်းကြီးကို စတင်ဖွင့်လှစ်တော့တာပါပဲ။

အဲဒီတော့မှ ကိုအေးလှနဲ့ ကိုအောင်ဝင်း တစ်ယောက်ကို တစ်ယောက် မျက်စပစ်ပြီး သူတို့ရဲ့ဝှက်ဖဲကို တစ်ချပ်ပြီး တစ်ချပ် ချပြကြတော့တယ်။ နောက်ပိုင်း ကိုအေးလှရဲ့ ပြန်ပြောစကားအရ အဲဒီတုန်းက ဘသိန်းလှရဲ့ မျက်နှာဟာ ကမ္ဘာမြေကြီး ပျောက်ကွယ်သွားပြီဆိုတဲ့ သတင်းကို ကြားလိုက်ရတဲ့ လူတစ်ယောက်ပမာ တုန်လှုပ် ချောက်ချားဟန်အပြည့်နဲ့ ကြက်သေသေနေ ခဲ့ပါသတဲ့။ နန်းခင်အေးလက်ထပ်သွားခဲ့တဲ့ အကြောင်းကို ခိုင်မာစေမယ့် မင်္ဂလာဆောင်ဖိတ်စာကို ချပြပြီးတဲ့ အဆုံးမှာတော့ ဘာစကားမှ မပြောနိုင်ဘဲ ငူငူကြီးငြိမ်သက် သွားတော့တယ်။

အတော်ကြီးကြာမှ မေးကြောတွေ ထောင်ထ လာလောက်အောင် အံကိုတင်းတင်းကြိတ်ပြီး ဘသိန်းလှဟာ တောက်တစ်ချက် ကို ခပ်ပြင်းပြင်းခေါက်လိုက်တယ်။ အဲဒီတော့မှာပဲ ကိုအေးလှနဲ့ ကိုအောင်ဝင်း သက်ပြင်းကိုယ်စီ ချနိုင်ပါတော့တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ချစ်သူအပေါ် မှားခဲ့မိလေခြင်းဆိုတဲ့ နောင်တစိတ်နဲ့ အရက်သောက်ဖြစ်နေတဲ့





သူတို့ရဲ့ မိတ်ဆွေကြီး အရက်ပြတ်သွားတော့ မယ်ဆိုတာ သေချာသွားလို့ပါပဲ။

(ဤတွင် ဝတ္ထုပထမပိုင်း ပြီး၏)

(ဒုတိယပိုင်း)

(ဘသိန်းလှ အရက်ပိုသောက်ဖြစ်ခြင်း အကြောင်းလို့ အမည်ပေးထားတဲ့ ကျွန်တော့်ရဲ့ဝတ္ထုကို ဘသိန်းလှ အရက်ပိုသောက် ဖြစ်နေတဲ့ အချိန်လောက်နဲ့ စတင်ရပါလိမ့်မယ်။)

ဆိုကြပါစို့။ အရင်က ညနေပိုင်းဖွင့်တဲ့ ကိုကြယ်နီဆိုင်မှာ တစ်နေ့တစ်လုံးလောက်သာ သောက်ဖြစ်ခဲ့တဲ့ ဘသိန်းလှဟာ ခုတော့ ကိုကြယ်နီဆိုင်တင်မဟုတ်တော့ဘဲ၊ ဆိုင်တကာစုံတဲ့အထိ နေ့ရောညပါ သောက်နေပါတော့တယ်။ သူ့ရဲ့ သောက်နှုန်းကလည်း တစ်လုံးတင်မကတော့ဘဲ၊ တစ်လုံးခွဲကနေ နှစ်လုံးလောက် ဖြစ်လာပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

(ဘယ်လိုများ ဖြစ်သွားတာပါလိမ့်)

နန်းခင်အေးအပေါ် ရက်စက်ခဲ့မိတယ်၊ မှားယွင်းစွာ စော်ကား မိခဲ့တယ်ဆိုတဲ့ သူ့ရဲ့အစွဲကိုလည်း ကိုအေးလှနဲ့ ကိုအောင်ဝင်း တို့ ချွတ်ပေးခဲ့ကြပြီး မဟုတ်ပါလား။ တစ်မြို့လုံး တအံ့တဩဖြစ်နေကြသလို ကိုအေးလှတစ်ယောက်လည်း နားမလည်နိုင်အောင် ဖြစ်နေမိတယ်။ နောက်ဆုံး သူ့အစီအစဉ်မှာ ပူးတွဲပါဝင်ခဲ့တဲ့ ကိုအောင်ဝင်းကို ရန်ကုန်ကနေ လှမ်းခေါ်ရတော့တာပဲ။ ကိုအောင်ဝင်းလည်း အံ့ဩတကြီး သုတ်သီးသုတ်ပျာ ပေါက်ချလာတယ်။ ပြီးတော့ ထုံးစံအတိုင်း ကိုအေးလှအိမ်မှာ သူတို့သုံးယောက် ဆုံစည်းဖြစ်ကြတယ်။ အဲဒီမှာ ဘသိန်းလှကို ကိုအောင်ဝင်းက စမေးလိုက်တယ်။

" နေပါဦး၊ ခင်ဗျား ဘယ်လိုဖြစ်လို့ အရက်တွေ ဆက်သောက်နေရတာလဲ"

ဘသိန်းလှ ဘာမှအဖြေမပေးဘဲ ငူငူကြီးငြိမ်သက်နေတယ်။ အတော်ကြီးကြာမှ အာလေးလျှာလေးသံကြီးနဲ့ ဆို့နင့်စွာအဖြေ ပေးတယ်။

"သေချင်လို့ဗျာ" တဲ့။

" ဟာမဟုတ်တာ၊ ဘာဖြစ်လို့ သေချင်ရတာတုံး၊ အစကတော့ ထားပါတော့ ခင်ဗျား နန်းခင်အေးကို ပါးရိုက်



မိခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကို ခွင့်မလွှတ် နိုင်လောက်အောင် ဖြစ်ပြီး ငါသေသွားရင် ကောင်းမယ်ဆိုတဲ့ စိတ်နဲ့ အရက်သောက်တယ်။ သေချင်တယ်။ ဒါပေမယ့် ခုအဲဒီလိုမှ မဟုတ်တော့တာပဲ။ နန်းခင်အေးကို ခင်ဗျားစော်ကားခဲ့တာ မဟုတ်ဘူး။ သူကသာခင်ဗျားကို လှည့်စားသွားတာ မဟုတ်လား ဘာဖြစ်လို့ သေချင်နေရတာလဲ"

တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြတယ်။ အားမလို အားမရနဲ့ မချိတင်ကဲ ဝိုင်းမေးကြတယ်။ ဘသိန်းလှ တော်တော်နဲ့မဖြေဘူး။ သူ့ရှေ့က အရက်ခွက်ကိုသာ ငေးစိုက်ပြီး ပြန်ကြည့်နေခဲ့တယ်။ နောက်ဆုံးမှသက်ပြင်း ရှည်ကြီးချပြီး ဘသိန်းလှ ခပ်လေး လေးအဖြေပေးတယ်။

" ခင်ဗျားတို့ စဉ်းစားကြည့်ဗျာ ကျုပ်သူ့အပေါ် စော်ကားမိလေခြင်းရယ်လို့ နောင်တတွေရပြီး နှစ်ပေါင်းများစွာ ကိုယ့်ကိုယ်ကို အရက်နဲ့ သေကြောင်းကြံခဲ့မိတယ်။ သနား ကရုဏာ သက်နေခဲ့မိတယ်။ ဒါပေမယ့် သူကတော့ ကျုပ်သူ့အတွက် အရက်သောက်ဖြစ် နေတဲ့ တစ်ချိန်လုံး သူ့ရည်းစားနဲ့ ပျော်ရွှင်နေမှာဗျာ၊ ကျုပ်ကသာ သူ့လှည့်စားမှုကို အဟုတ်ကြီးထင်ပြီး နှစ်ပေါင်းများစွာ ကျုပ်ဘဝကို ကျုပ်ဘာသာ ပြန်ပြီး ဖျက်ဆီးနေခဲ့မိတာ။ ခင်ဗျားတို့

www.burmeseclassic.com

www.burmeseclassic.com



တွေးကြည့်စမ်း၊ ကျုပ်လောက်တုံးတဲ့၊ မိုက်တဲ့ကောင် ဟောဒီ လောကကြီးထဲမှာ ရှိသေးရဲ့လား။ ကျုပ်လိုငတုံး တစ်ကောင်ဟာ ဟောဒီ လောကကြီးထဲမှာ ဆက်ပြီးရော နေသင့်ရဲ့လား။ တောက် . . . ဘယ်လောက် များ နွားကျ လိုက်တဲ့ ကျုပ်လဲ။ ကျုပ်လိုနွားကျတဲ့ ငတုံးငအ တစ်ကောင်ဟာ ဒီလောကကြီးထဲကနေ ပျောက်ကွယ်သွားရင် အကောင်း ဆုံးပဲ။ ကျုပ်သေသွားရင် အကောင်းဆုံးပဲ။ ဒါကြောင့် ဟောဒီအရက်ကို ကျုပ်ဆက်သောက်နေခဲ့တာ။ ပိုပြီးသောက် နေခဲ့တာ။

ဆို့နင်အက်ကွဲတဲ့ စကားသံကြီးအဆုံးမှာတော့ ဘသိန်းလှဟာ သူ့ရှေ့က အရက်ခွက်ကို တစ်ကျိုက်တည်း မော့ချလိုက်ပါ တော့တယ်။

(ဤတွင် ဝတ္ထုဆုံး၏)

* * * * * * * * * * * * * * 

# စာစု (၁၄)

"လူအများကို ထိတ်လန့်တုန်လှုပ်စေခဲ့သော မြေလျှင်သည် ပလိပ်ရောဂါလို နောက်တစ်ကြိမ် ထပ်မံ ကျရောက်မလာနိုင်ပါဟု ယုံကြည်စိတ်ချထားလို့ ရနိုင်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com

# ၈

# လျှင်

(၁)

ထို အဖြစ် အပျက် သည် မနက်သုံးနာရီ ဆယ်မိနစ်၌ စတင်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်၊ ပထမဦးစွာ သူ သတိပြုမိသည်မှာ တော်လဲသံဖြစ်၍ထိုအသံနှင့်အတူ တစ်ဆက်တည်း လိုက်ပါလာသည်က ပြင်းထန်ဆိုးဝါးသော တုန်ခါမှုကြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ အိပ်နေသည့် ခုတင်အား တစ်စုံတစ်ယောက်က ဆွဲခါလှုပ်ရမ်းနေသည့်ပမာ ယိမ်းထိုးတုန်ခါ၍နေသည်။ ဘုရားပန်းအိုး ကျကွဲသံ၊ ခုတင်ဘေးစားပွဲပေါ်မှ ရေပုလင်းကျသံ၊ အိမ်ခန်းတွင်းမှ ညီမငယ်၏ ထိတ်လန့်တကြား အော်ဟစ်သံတို့ မဆုံးခင်မှာပင်၊ ငလျင်ဟူသော ဝေါဟာရ တစ်ခုက သူ့ခေါင်းထဲသို့ တိုးဝင်ရောက်ရှိ၍ လာလေသည်။

ငလျင်၊ အတော့်ကို ဆိုးဝါးသော စကားလုံးဖြစ်သလို အတော်လည်း ထိတ်လန့်ဖွယ်ကောင်းသည့် ဝေါဟာရဖြစ်၏။ လူတိုင်း ရှောင်လွှဲ၍ မရနိုင်သည့် သဘာဝဘေးအန္တရာယ် တစ်ခုကို ရင်ဆိုင်နေရခြင်းပါလားဟူသော အတွေးနှင့်အတူ သူခုတင်ပေါ်မှ ထရပ်ရန် ကြိုးစားလိုက်ချိန်မှာပင် ငလျင်လှုပ်တာ၊ ဘယ်သူမှမထကြနဲ့ဟူသည့် အဖေ့အသံကို ကြားလိုက်ရသည်။ ငလျင်လှုပ်နေတုန်း ချော်လဲပါက ရှုံးတတ်တယ်ဟူသော အယူအဆကို အဖေယုံကြည်ဟန်တူ၏။ ညီမငယ်ကတော့ အိမ်ပြိုပြီ အိမ်ပြိုပြီဟူ၍သာ စူးစူးဝါးဝါး အော်ဟစ်နေလေသည်။

တစ်စုံတစ်ရာ အခြေအနေမဆိုးခင် ခုတင်ပေါ်မှ အမြန်ဆုံး ထရပ်နိုင်ရန်ကိုသာ သူစိတ်စောနေမိသည်။ ထိုအချိန်မှာပင် ဧည့်ခန်းတွင်းမှ ဝုန်းခနဲသံတစ်ခုကို ကြားလိုက်ရသည်။ တိုင်ကပ်နာရီ ပြုတ်ကျခြင်းမဟုတ်ပါက စားပွဲတင်ပန်းအိုး ကျကွဲခြင်းသာ ဖြစ်ပါလိမ့်မည်။ ခုတင်တိုင်ကို



အားပြုလျှက်သူ အောင်မြင်စွာ ထရပ်လိုက်နိုင်သည့် အချိန်မှာတော့ ပြင်းထန်ဆိုးဝါးသော ငလျင်လှုပ်ခြင်းက တိခနဲရပ်ဆိုင်းသွားသည်။

ငလျင်လှုပ်ခြင်း ပြီးဆုံးသွားသည်နှင့် သူ့ပထမဦးစွာ သတိရမိသည်က မီးဖွင့်ရန်ဖြစ်သည်။ တစ်အိမ်လုံးရှိ မီးခလုပ်တွေကို သူလျှောက်ဖွင့်နေချိန်၌ အမေ့အော်ငိုသံကို ကြားလိုက်ရသည်။ အမေက နှလုံးရောဂါရှိသူဖြစ်သလို ထိတ်လန့်လွယ်သူလည်း ဖြစ်သည်။ သူတို့တစ်အိမ်သားလုံး အမေ့နားရောက်သွားတော့ ဘယ်ဘက်ရင်အုံကို လက်ဖြင့်ဖိလျက်၊ အိမ်ကြီးပြိုကျသွားပြီအောက်မေ့ လို့ဟု ငြီးတွားရင်း အမေငိုရှိုက်သည်။

မကြောက်နဲ့အမေ၊ ဘာမှမဖြစ်ဘူး၊ ပြီးသွားပြီဟု အစ်ကိုက ဖျောင်းဖျ၍ နောက်ဆုံးနှစ် ဆေးကျောင်းသူ ညီမကတော့ ကာဒမိုက်နှင့်ဒိုင်ယာဇီပင် ဆေးပုလင်းတို့ကို ပြေးယူသည်။ စိတ်ငြိမ်ဆေး၊ အမောဖြေဆေးတို့ကို တိုက်ပြီး၊ ဘာမှမဖြစ်ကြောင်းနှင့် မကြောက်ရန် အမေ့ကိုဝိုင်းအားပေးကြရသည်။ တစ်ချို့တစ်ဝက်က အမေ့နားမှာနေ၍ တချို့က ပန်းအိုးကွဲစများ ပုလင်းကွဲစများကို ရှင်းလင်းကြရသည်။

အမှိုက်များပစ်ရန် ဝရံတာတံခါးကို ဖွင့်လိုက်တော့ တိုက်ပေါ်မှပြေးဆင်း၍ လမ်းမ၌ထွက်ရပ်နေကြသော

www.burmeseclassic.com

www.burmeseclassic.com



လူအုပ်ကြီးကို သူတွေ့လိုက်ရသည်။ လူတိုင်းမျက်နှာပေါ်၌ ထိတ်လန့်မှုတို့က အထင်းသား ပေါ်လွင်နေ၏။

ရစ်ရပ်ချ်တာစကေး လေးဒသမသုံးညသာ ရှိသည်ဆိုသော ထိုညကငလျင်သည် သူတို့မိသားစုကိုသာမက လူအတော် များများ ကိုပါ သွေးပျက်ချောက်ချား စေခဲ့သည်ကတော့ အမှန်ပဲဖြစ်သည်။

(၂)

ငလျင်လှုပ်ခြင်းနှင့် ပတ်သက်၍ သူ၌ဗဟုသုတတို့ သိပ်မရှိလှသော်လည်း မြေငလျင်ဟူသည် ကမ္ဘာမြေကြီး၏ အတွင်းသား ရွေ့လျားတုန်ခါမှုကြောင့် ဖြစ်သည်ဟူ၍တော့ အကြမ်းဖျဉ်းနားလည်ထား၏။ သူ့ညီမအား မွေးဖွားစဉ် ခုနစ်ဆယ်ခုနှစ် ဝန်းကျင် ကလည်း ပုဂံငလျင် အတော်ပြင်းထန်စွာ လှုပ်ခဲ့ဖူး၏။ ထို့ပြင် လမ်းလျှောက်သူကိုပင် ဘိုင်းခနဲ လဲကျစေခဲ့သည်ဆိုသော တောင်ငူငလျင် အဆိုးဆုံးမှာ ကမ္ဘာ၌ အပြင်းထန်ဆုံး နှင့် နောက်ဆုံးလှုပ်ခဲ့သော ဘရာဇီး ငလျင်ဖြစ်သည်။



ထိုငလျင်များနှင့် နှိုင်းယှဉ်ပါက သူတို့ရင်ဆိုင်ခဲ့ရသော မြေငလျင်မှာ ဘာမှမပြောပလောက်သော်လည်း၊ ဘယ်လိုပင်တွေးတွေး ငလျင်လှုပ်ခံရခြင်းမှာ ပျော်စရာမကောင်းသည်ကတော့ အမှန်ပဲဖြစ်သည်။ ငလျင်ကြောင့် လူတိုင်း ထိတ်လန့်ကြရသလို၊ ပစ္စည်းအတော်များများလည်း ပျက်စီးကြရ၏။

ခြောက်ထပ်အမြင့်ရှိသော သူတို့တိုက်၏ အခန်းတိုင်းလိုလို ထိုအဖြစ်ကို ရှောင်လွှဲ၍မရကြ။ သူတို့အောက်ထပ်ရှိ ညားကာစ လင်မယားအခန်း၌၊ ဆယ့်လေးလက်မ တီဗွီတစ်လုံး ကျကွဲသွားသည်ဟု ဆိုသည်။ မင်္ဂလာလက်ဖွဲ့ အဖြစ်အလကား ရထားသည့် ပစ္စည်းမို့လို့လား မပြောတတ်။ လင်းမယား နှစ်ယောက်စလုံး သိပ်နှမြောတသ မဖြစ်ကြ။

" ဘယ်တတ်နိုင်မလဲ၊ လူတွေဘာမှ မဖြစ်တာကိုဘဲ ကျေးဇူးတင်ရမှာပေါ့"

အကောင်းမြင်သမား ဖြစ်ဟန်တူသော ယောကျ်ားလုပ်သူကား ငလျင်မပြင်းထန်ခြင်းကိုပင် ကြဲဖန်ကျေးဇူးတင်လေသည်၊ သူတို့ဘေးခန်းမှ ဒေါ်အေးရွှေတို့ မိသားစုကတော့ ထိုလင်မယားနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ တစ်တိုက်လုံး ၎င်းတို့အခန်းမှာ အကွဲအရှ အနည်းဆုံးဖြစ်သော်လည်း ကျကွဲသည့် ပစ္စည်းမှာ ဆီပုလင်းများ ဖြစ်နေသဖြင့် ဆင်းရဲနွမ်းပါးသော ထိုမိသားစုမှာ နှမြောတသဖြစ်၍မဆုံး။

www.burmeseclassic.com

www.burmeseclassic.com



"ကွဲစရာရှားလို့ကွယ်၊ ဆီပုလင်းတွေမှ ကုကွဲရတယ်လို့"

ဒေါ်အေးရွှေ၏ ညည်းညူမှုမှာ ပြုံးချင်စရာကောင်းသော်လည်း သူမပြုံးမိ၊ သူတို့အပေါ်ဆုံးထပ်မှ ကိုသန်းထိုက်ကတော့ အပျက်အစီးထက် ငလျင်၏ ပြင်းထန်မှုကိုသာ တဖွဖွရေရွတ်၏။

"ကျွန်တော့်အခန်းက အပေါ်ဆုံးထပ်ဆိုတော့ ပိုဆိုးတာပေါ့ဗျာ နောက်ပြီး ကျွန်တော်က အောက်ထပ်မှာ အိပ်တာမဟုတ်ဘူး။ ခေါင်မိုးနဲ့ကပ်နေတဲ့ ထပ်ခိုးပေါ်တက်အိပ်တာဆိုတော့ ဘာပြောကောင်းမလဲ၊ ဆန်ကောထဲ ဇီးဖြူသီး ထည့်လှုပ်လိုက်သလား အောက်မေ့ရတယ်။ ပြောင်းဆန်နေတာပဲ"

အပေါ်ဆုံးထပ်မှာ နေသူဖြစ်သဖြင့် ငလျင်၏ဒဏ်ကို ပိုခံစားလိုက်ရဟန်တူ၏။ ကိုသန်းထိုက်၏ မျက်နှာပေါ်၌ ထိတ်လန့်မှု တို့က အထင်းသား။ "နောက်ရက်တွေကျရင် သင်္ဃန်းကျွန်းက အစ်မအိမ်မှာ ခဏသွားနေရရင် ကောင်းမလားလို့တောင် စဉ်းစားမိတယ် ဟု ကိုသန်းထိုက် တွေးတွေးဆဆ ရေရွတ်သည်။

တကယ်တော့ ကိုသန်းထိုက်က ဤတိုက်ပိုင်ရှင်ဖြစ်၏။ သို့သော် အခြားတိုက်ပိုင်ရှင်များလို အောက်ဆုံးထပ်တို့၊ ပထမထပ်တို့၌ မနေဘဲ၊ အပေါ်ဆုံးထပ် ခြောက်လွှာ၌ ထူးဆန်းစွာ တက်နေသူဖြစ်သည်။ ထိုကိစ္စနှင့် ပတ်သက်၍



ကိုသန်းထိုက်က ကျွန်တော်ကတစ်ကိုယ်တည်းသမားပဲဗျာ၊ နောက်ပြီး ကျွန်တော်ကိုယ်တိုင်ကလည်း အမြင့်မှာနေရတာ သဘောကျတယ်" ဟု ဖြေရှင်းချက်ပေးတတ်သည်။

အမှန်တကယ်လည်း ကိုသန်းထိုက်က အမြင့်ကြောက်ရောဂါနှင့် ဆန့်ကျင်ဘက် အမြင့်ကြိုက်ရောဂါသည်ဟု ကင်ပွန်းတပ်ရမည့် သူဖြစ်သည်။ ညနေစောင်းပြီဆိုသည်နှင့် လသာဆောင်ခေါင်မိုးပေါ်၌ ကိုသန်းထိုက် တက်နေတတ်မြဲဖြစ်သည်။

ထိုမျှအထိ အမြင့်ကြိုက်ခဲ့သော ကိုသန်းထိုက်သည် ယခုတော့ မြေငလျင်ကြောင့် ၎င်းအခန်း၏ မြင့်မားမှုနှင့် ပတ်သက်၍ စိုးရိမ်နေရပြီဟု သူတွေးလိုက်မိသည်။ ကိုသန်းထိုက်လိုပင် ခြောက်လွှာ၌နေသော ကိုစိန်ပေါကလည်း "ဒီညသာထပ်လှုပ်ဦးမယ် ဆိုရင်တော့ မြေညီထပ်က ဦးသာရင်တို့ အခန်းမှာ တောင်းတောင်းပန်ပန်နဲ့ သွားအိပ်ရမှာပဲ" ဟု ရေရွတ်၏။ ဦးသာရင် ကိုယ်တိုင်ကတော့ ၎င်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

"ကျုပ်တို့မိသားစုက ညတုန်းက ငလျင်လှုပ်ပြီးပြီးချင်း ခင်ဗျားတို့ အခန်းကို တက်လာမလို့ဗျ။ တကယ်လို့ ငလျင်ကြောင့် တိုက်ပြိုမယ်ဆိုရင် အပေါ်ဆုံးမှာနေတော့ သက်သာတာပေါ့"

တိုက်ပြိုလျှင်ဟူသော ဦးသာရင်စကားက သူတို့အားလုံး မစဉ်းစားမိသော ကိစ္စဖြစ်သလို သူတို့အား ထိတ်ခနဲ့သွားစေ

www.burmeseclassic.com

www.burmeseclassic.com



သော စကားလည်းဖြစ်သည်။ ထိုမျှထိ မဖြစ်နိုင်ဟု သူတွေး လိုက်မိသော်လည်း ကန်ထရိုက်တာတိုက်တစ်လုံး၏ ကြံ့ခိုင်မှုကို ဘယ်လိုမျှခန့်မှန်း၍မရနိုင်ပါ။ ထိုအတောအတွင်း တတိယထပ်အခန်းက ၎င်းတို့မီးဖိုချောင်နံရံ၌ အက်ကြောင်းအနည်းငယ်ထသွားကြောင်း လာပြောသော အခါမှာတော့ သူတို့အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြရတော့သည်။

ကိုသန်းထိုက်ဦးဆောင်လျက် သူတို့အားလုံး တစ်ခန်းဝင် တစ်ခန်းထွက် လိုက်စစ်ဆေးကြ၏။ ထိုအခါမှာပင် တိုက်နံရံ အတော်များများ၌ အက်ကြောင်းများစွာကို သတိပြုမိကြလေသည်။

(၃)

မြေညီထပ်မှ ဦးသာရင်စတင်ခဲ့သည့် တိုက်ပြိုလျှင်ဟူသော ခြောက်လှန့်မှုသည် သူတို့ပထမဦးစွာ ရင်ဆိုင်ရသည့် ခြောက်လှန့်မှုဖြစ်သည်ဟုဆိုပါက၊ ဒုတိယမြောက် ခြောက်လှန့်မှုမှာ ကိုသန်းထိုက်သယ်ဆောင်လာသည့် ကောလဟာလသတင်း ဖြစ်သည်။ ထိုသတင်းမှာ ယနေ့ည





ငလျင်အကြီးအကျယ် ထပ်လှုပ်မည်ဟူ၍ ဖြစ်သည်။ ဒေါ်အေးရွှေတို့မိသားစုက "ကျွန်မတို့ကြားတာ သုံးနာရီနဲ့ ငါးနာရီကြားပဲ" ဟုဆိုသည်။ ထိုသတင်းမှာ လူအတော်များများ ပြောနေကြသည့် သတင်းဖြစ်သော်လည်း ကိုသန်းထိုက် ခေါင်းယမ်း၏။

" အဲဒါမဟုတ်ဘူး။ ကျွန်တော် မိုးလေဝသဌာနကို ဖုန်းဆက်မေးပြီးပြီ အဲဒီသတင်းကို သူတို့ မထုတ်ပြန်ဘူးတဲ့"

" ဒါဖြင့် ညဘက်လှုပ်မယ် ဆိုတာကကော"

" အဲဒါက ကျွန်တော့်သူငယ်ချင်းတစ်ယောက် ဖုန်းဆက်ပြောတာ။ ပိုပြီးသေချာအောင် အသိသုံးလေး ယောက်ကို ထပ်ဆက်ပြီး မေးတော့လည်း သူတို့အားလုံးက ဟုတ်တယ်လို့ ပြောကြတယ်"

တစ်တိုက်လုံး၌ ကိုသန်းထိုက်အခန်းတစ်ခန်းသာ ဖုန်းရှိသဖြင့် ၎င်းကအားလုံးထက် အကြားအမြင် ပိုများနိုင်သောကြောင့် ကိုသန်းထိုက်စကားကို ဟုတ်နိုးနိုး လက်ခံကြရ၏။ ပဉ္စမထပ်မှ ကျူရှင်ဆရာ ကိုအောင်သိန်းကတော့ -

" ကျွန်တော်သိသလောက် ငလျင်ကို ဘယ်နိုင်ငံကမှ အတိအကျကြိုတင်ခန့်မှန်းလို့ မရသေးဘူး။ ဂျပန်တောင် ငလျင်လှုပ်ခါနီးမှ အမူအရာတစ်မျိုးမျိုးနဲ့ နိမိတ်ပြတတ်တဲ့ သတ္တဝါတချို့နဲ့ ခန့်မှန်းနေရတာ၊ ဒါလည်း အတိအကျကြိုး ခန့်မှန်းနိုင်တာမျိုး မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်သိန်းစကားကိုတော့ သူထောက်ခံမိ၏။ မြေငလျင်လှုပ်ခြင်းအား ကြိုတင်ခန့်မှန်းနိုင်မည်ဆိုပါက မြေငလျင်ဟူသည့် ဤမျှလောက် ကြောက်စရာကောင်းတော့မည် မဟုတ်သလို ငလျင်ကို ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းတို့လည်းပေါ်ပေါက် လာပါလိမ့်မည်။ သို့သော် ဦးသာရင်နှင့် သူ့အမေတို့ကတော့ ကိုသန်းထိုက်ဘက်မှ ရပ်တည်ကြ၏။

"ဘာပဲဖြစ်ဖြစ် ထပ်လှုပ်မယ်ဆိုတာကတော့ ဖြစ်နိုင်တယ်။ ကျွန်တော်သိသလောက် ငလျင်ဆိုတာ အသွားအပြန်ရှိတယ်။ တစ်ကြိမ်လှုပ်ပြီး နောက်တစ်ကြိမ် ထပ်လှုပ်တတ်တယ်"

"ဟုတ်တယ် ကျွန်မသမီး အငယ်ဆုံးလေး မွေးတုန်းကလည်းတစ်ကြိမ်လှုပ်ပြီး နောက်တစ်ကြိမ် ထပ်လှုပ်တာချည်းပဲ။ ဒီနေ့ဆို အိမ်ကခွေးလေးက တစ်နေ့လုံး ဂနာမငြိမ်ဖြစ်နေတယ်။ ဒါဟာ ထပ်လှုပ်ဦးမယ့် နိမိတ်ပဲ။ ဒီတစ်ခါသာ ဆိုးဆိုးဝါးဝါး ထပ်လှုပ်လို့ကတော့ မတွေးဝံ့စရာဘဲ"

သူ့အစ်ကိုက ကောလဟာလတွေပါ အမေရာဟု နှစ်သိမ့်သော်လည်း ဟဲ့ - ကောလဟာလပဲထား၊ ကောလဟာလဆိုတာ ကလည်း လက်ဆင့်ကမ်းသယ်တဲ့ လူရှိမှ ပျံ့နှံ့တာ။ သယ်တဲ့လူကလည်း တော်ရုံတန်ရုံ ယုံကြည်မှုနဲ့တော့ မသယ်ဘူးဟု အမေက ပြန်ပြောလေသည်။ ဘာပဲဖြစ်ဖြစ် ကိုသန်းထိုက်၏ သတင်းစကားအပေါ် လူအတော်များများ



ယုံကြည်လိုက်ကြတာကတော့ အမှန်ပင် ဖြစ်သည်။ ပို၍ ယုံကြည်စရာ ကောင်းသည်က သုံးနာရီနှင့် ငါးနာရီကြား လုံးဝမလှုပ်ဘူး ညကျမှလှုပ်မှာဟူသည့် ၎င်း၏ စကားအတိုင်း ထိုညနေက ငလျင်လုံးဝမလှုပ်ခဲ့၊ ထို့ကြောင့် ညကျလျှင် ငလျင်လှုပ်မယ်ဟူသော ဒုတိယအချက် မှန်ကန်လိမ့်မည်ဟု ပိုမိုထင်စရာ ဖြစ်နေလေတော့သည်။

(၄)

ထိုနေ့ညသည် ပိုမိုပြင်းထန်စွာ ရောက်ရှိလာလိမ့်မည်ဟူသော ငလျင်အတွက် သူတို့မိသားစုအပါအဝင် တစ်တိုက်လုံးရှိ လူများ တုန်လှုပ်ချောက်ချားကြရသလို ကြိုတင်ကာကွယ်မှုကိုလည်း စုပေါင်းစီမံကြရလေသည်။ အစီစဉ်မှာ မိုးချုပ်သည်နှင့် အားလုံး တိုက်ပေါ်မှဆင်း၍ တိုက်ရှေ့ပန်းခြံထဲ၌ သွားနေကြရန်ဖြစ်သည်။ အကြောင်းမှာ ဦးသာရင် ပြောသလို တိုက်ပြိုမှာ စိုးရိမ်စိတ်ကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ကျူရှင်ဆရာ ကိုအောင်သိန်းက မဆင်းဘဲနေရန် နှစ်ဦးသဘောတူ တိုင်ပင်ထားကြသော်လည်းတကယ့်တကယ် မိုးချုပ်လာသောအခါမှာတော့ ကျွန်တော်တို့မဆင်းဘူး တိုက်ပေါ်မှာပဲ နေခဲ့မယ်ဟု စကားစရန် နှစ်ယောက်စလုံး နှုတ်တွန့်နေကြသည်။ အများညီပါလျက် ဤကိုကွဲဟု မမှတ်ချင်သော သူတို့နှစ်ယောက်အား ဝိုင်းကြည့်ကြမည့် မျက်လုံးများ၏ဒဏ်ကို ခံနိုင်ရန်မဝံ့မရဲ ဖြစ်နေကြခြင်းဖြစ်သည်။ ရုတ်တရက် အများညီညီမညီညီ- ဤဟာဤ ကွဲဟာကွဲ ဟူသည့် မိုက်တီး၏ ပြဇာတ်နာမည်ကို သတိရရင်း သူပြုံးလိုက်မိသေးသည်။

ဘာပဲဖြစ်ဖြစ် သူနှင့် ကိုအောင်သိန်း၏ အကြံကို ရိပ်မိဟန် တူသော အမေက " ဘာလုပ်နေကြတာလဲ အောက်ဆင်းဖို့ လုပ်လေ" ဟု ခွန်းတို့လိုက်သောအခါမှာတော့ နှစ်ယောက်စလုံး ထိုင်ရာမှပြိုင်တူလိုလို ထရလေတော့သည်။ တိုက်လှေကားများကို တစ်ထစ်ပြီးတစ်ထစ် ဆင်းရင်း ခေါင်းထဲ၌မှတ်မိနေသော ဝတ္ထုတစ်ပုဒ်ကို သတိရ လိုက်မိသည်။

ထိုဝတ္ထုလေးမှာ တက္ကသိုလ်ကျောင်းသား အဆောင်နေ ကောင်လေးက သူ့လိုပင် အဆောင်နေ ချစ်သူ ကောင်မလေး ကို စာတစ်စောင်ရေး၍ နောက်ပြောင်လိုက်ခြင်း ဖြစ်သည်။ စာမှာ ဒီနေ့ညဆယ့်တစ်နာရီတိတိ၌ လျှင်လှုပ်လိမ့်မည်။ ထိုအချိန်၌ အဆောင်ပေါ်မှာမနေဘဲ အဆောင်ရှေ့မြက်ခင်း၌ ဆင်းနေရန်။ ဘယ်သူ့ကိုမှလည်း မပြောရန်. . .။ သို့သော် မိန်းကလေးတို့ သဘာဝက မပြောနှင့်ဆိုလျှင် ပို၍ပြောချင်၏။ အနည်းဆုံး သူ့အခန်းဖော် ကောင်မလေးကိုတော့ လျှောက်မပြောနဲ့နော်ဟု အစချီလျက် ပြောပြချင်၏။ ဤသို့ဖြင့် သူမတစ်ဆင့် အခန်းဖော် အခန်းဖော်မှတစ်ဆင့် အခြား ကောင်မလေး၊ နောက်ဆုံး ဆယ့်တစ်နာရီ ထိုးခါနီး၌ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ ဆင်းလာလိုက်ကြ သည်မှာ တစ်ဆောင်လုံးလိုလိုပင် ဖြစ်နေ တော့သည်။

သို့သော် နောက်ပြောင်မှုသာဖြစ်သဖြင့် ထိုညက လျှင်မလှုပ်၊ ထိုအခါ ကျောင်းသူအားလုံးက သတင်းစတင် ထုတ်လွှင့်သူကို တစ်ဆင့်ပြီးတစ်ဆင့်ရှာဖွေရင်း နောက်ဆုံး စာလက်ခံရရှိသူ ကောင်မလေးထံရောက်၏။ ကောင်မလေး၏ ဒေါသက နောက်တစ်နေ့ ချစ်သူ ကောင်လေးထံသို့ ရောက်၏။

ဝတ္ထုမှာ ရယ်စရာကောင်းအောင် ရေးဖွဲ့ထားခြင်း ဖြစ်သော်လည်း သူတို့တွေကြုံနေရသည့် အဖြစ်အပျက် ကတော့ သိပ်ရယ်စရာ မကောင်းလှပါ။ ပန်းခြံထဲသို့ ရောက်ရှိ နေကြသော သူတို့အားလုံးမှာ စီရင်ချက် တစ်စုံတစ်ရာကို စောင့်ဆိုင်း နေကြသော တရားခံများသဖွယ် စိတ်လှုပ်ရှားစွာ တထင့်ထင့် ဖြစ်နေကြရသည်။ အမျိုးသမီးအများစုက ဂုဏ်တော်တစ်ခုခုကို ရွတ်ဆိုရင်း စိပ်ပုတီးစိပ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်မှုကို တွန်းလှန် ကြသော်လည်း ၎င်းတို့၏ မျက်နှာ သွင်ပြင်အရ အောင်မြင် ကြဟန်မတူပါ။ ဆရာဝန်လောင်း ဖြစ်သူ ညီမက ဒိုင်ယာဇီပင် တစ်ပြားစီ လိုက်လံဝေငှ၏။ စိတ်ငြိမ်ဆေးများနှင့် မပတ်သက် ခဲ့ဖူးသော သူပင်လျှင် အခြေအနေအရ လိုက်လျောညီထွေ ဖြစ်နေသဖြင့် ထိုဒိုင်ယာဇီပင်ကို လက်ခံလိုက်ရသည်။

" တကယ်လို့ လျှောင်လှုပ်ပြီဆိုရင် အားလုံး မြေကြီးပေါ် ဝပ်နေကြနော်"

အသက်အကြီးဆုံးဖြစ်သူ ဦးသာရင်က အားလုံးကို လိုက်သတိပေးသည်။ ကိုသန်းထိုက်ကတော့ ၎င်း၏အခန်းကို သံယောဇဉ် မပြတ်နိုင်ဟန်ဖြင့် အပေါ်ဆုံးထပ်သို့သာ တမော့မော့ဖြစ်နေလေသည်။ သို့သော် ထိုအခန်းကတော့ ဤညအဖို့ ကိုသန်းထိုက် ပြန်တက်ရလိမ့်မည် မဟုတ်ပါ။

ကိုအောင်သိန်းနှင့် ကိုစိန်ပေါကတော့ ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်ရင်း လျှောင်ကိုစိတ်စောစွာ စောင့်မျှော် ကြသည်။ဤသို့ဖြင့် တစ်နာရီပြီးတစ်နာရီ ကုန်ဆုံးသွားကာ သန်းခေါင်မှ သန်းလွဲသို့တိုင်ခဲ့ပြီး သုံးနာရီ သံချောင်းခေါက်သံ အဆုံး၌ အားလုံးက လျှောင်လှုပ်ပြီဟု ပြိုင်တူလိုလို ယုံကြည် တုန်လှုပ်လိုက်ကြလေသည်။ သို့သော် သူတို့မျှော်လင့် နေကြသော လျှောင်ကသုံးနာရီကျော်၍ အာရုံကျင်းလာ သည့်တိုင် ရောက်ရှိမလာခဲ့။

(၅)

တစ်ညလုံးအိပ်ရေးပျက်ခဲ့ခြင်းနှင့် စိတ်မောတုန်လှုပ် ခဲ့ရခြင်းတို့က တိုက်ပေါ်သို့ပြန်တက်သော သူတို့၏ ခြေလှမ်း များကို လေးလံ၍နေစေလေသည်။ ပုံမှန်အားဖြင့် တစ်ညလုံး စောင့်ဆိုင်းနေခဲ့သည့်အဖြစ်အပျက် တစ်ခု ဖြစ်ပျက်မလာ ခြင်းကြောင့် စိတ်ပျက် ရမည်ဖြစ်သော်လည်း၊ သူတို့အားလုံး စိတ်မပျက်ကြ။ ပင်ပန်းနွမ်းနယ်နေသည့်ကြားမှာပင် ထူးဆန်းစွာ စိတ်လက်ပေါ့ပါး နေကြသည်။

ကိုသန်းထိုက်အပေါ်ဆုံးထပ်သို့ ရှေ့ဆုံးမှဦးဆောင်၍ တက်ပြီး သူနှင့်ကိုအောင်သိန်းက နောက်ဆုံးမှတက်၏။ ရှိနေရာ၌ ထူးဆန်းတာတစ်ခုမှာ လျှောင်လှုပ်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



အခိုင်အမာ သတင်းဖြန့်ချိခဲ့သော ကိုသန်းထိုက်အား ငလျင်မလှုပ်သည့် အတွက် ဘယ်သူမှ အပြစ်မတင်ကြခြင်း ဖြစ်သည်။

(၆)

အိပ်ခန်းတွင်းသို့ ပြန်ရောက်သည်နှင့် တစ်ညလုံး ဝေးကွာနေခဲ့သော ခုတင်ရှိရာသို့သာ သူဦးတည် လျှောက်လှမ်းလို့ လာခဲ့သည်။ အိပ်ချင်မူးတူးဖြင့် ခုတင်ပေါ်သို့ ပစ်လှဲရန် ပြင်လိုက်စဉ်မှာပင် စာပွဲပေါ်မှ ကမူး၏ ပလိပ်ဝတ္ထု စာအုပ်ကို သတိပြုမိရင်း ပလိပ်ရောဂါသည် တစ်ကြိမ်ဖြစ်ပွား ခဲ့ရုံနှင့် မေ့ထားရျမရ။ နောင်တစ်ချိန်ချိန်၌ အချိန်မရွေး ထပ်မံ ကျရောက်လာနိုင်သေးသည် ဟူသည့် အဆုံးသတ် စာသား တို့ကို သတိရလိုက်မိသည်။

ယင်းသို့ဆိုပါက လူအများကို ထိတ်လန့်တုန်လှုပ် စေခဲ့သော မြေငလျင်သည်လည်း ပလိပ်ရောဂါလို နောက်တစ်ကြိမ် ပြီးတော့ နောက်တစ်ကြိမ် ကျရောက် မလာနိုင်ပါဟု ယုံကြည်စိတ်ချထားလို့ ရနိုင်ပါ့မလား။ အကယ်၍ ငလျင်ထပ်လှုပ်ခဲ့လျှင်ကော ခုလိုမျိုး တုန်လှုပ် ချောက်ချား ကြဦးမှာပဲလား။



ထိတ်လန့်လွယ်သော နှလုံးရောဂါသည်အမေ၊ တိုက်ပြိုမှာစိုးသည့် ဦးသာရင် ဆီပုလင်းကျကွဲသည့်အတွက် နမြောတသ ဖြစ်နေသော ဒေါ်အေးရွှေနှင့် အပေါ်ထပ်မှ ကိုသန်းထိုက်တို့၏ မျက်နှာကိုတစ်လှည့်စီ မြင်ယောင်ရင်း တစ်အောင့်အကြာ၌ သူမေးခန် အိပ်ပျော်သွားလေသည်။

သူ၏ အိပ်မက်ထဲမှာတော့ မည်သည့်ငလျင်မှ ထပ်မံမလှုပ်ခဲ့။

* * * * * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

# ခန်း (၁၅)

"ကောင်းကင်များ၏ သဘောက အခါအားလျော်စွာ တည်ငြိမ်၍မနေတတ်။

တစ်ခါတစ်ရံ ကြည်လဲ့တောက်ပနေတတ်သော်လည်း တစ်ခါတစ်ရံ မှာတော့ အုံ့ဆိုင်းမှိုင်းမှုန်၍နေတတ်သည်။"

www.burmeseclassic.com

www.burmeseclassic.com

# ကြေ
# ကွဲ
# ကောင်း
# ကင်

## (၁)

ကောင်းကင်ထက်ဆီသို့ ကျွန်တော်ဖျတ်ခနဲ တစ်ချက်မော့ကြည့်လိုက်သည့် အချိန်မရွေး ချုံးပွဲချငိုချလိုက်ရန် အသင့်ဖြစ်နေသော အမျိုးသမီး တစ်ယောက်၏ မျက်နှာတစ်ခုပမာ ညိုညစ်ညစ်ဖြစ်နေသော ကောင်းကင်ကြီးက ကျွန်တော့်ကို ပြန်လည်လို့ ရှုံ့ကြည့်နေလေသည်။ အင်း. . . တအောင့်ကြာရင်တော့ မိုးရွာချတော့မှာ အမှန်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အလွန်စိတ်ပျက်ဖွယ်ကောင်းသည့် မိုးရွာခြင်း ဟူသော အဖြစ်အပျက်ကို ရှောင်လွှဲနိုင်ရန်အတွက် ကျွန်တော့် ခြေလှမ်းအမြန်နှုန်းတို့ကို တိုးမြှင့်လိုက်သည်။ စောစောက လိုတော့ ကောင်းကင်ကြီးကို မော့ကြည့်မနေတော့။

တစ်ခါတစ်ခါတော့လည်း ကောင်းကင်ကြီးကို ဥပေက္ခာပြု ရှောင်လွှဲရတာမျိုးတွေ ရှိတတ်သည်။ အထူးသဖြင့် ခရီးတစ်ခုကို အချိန်မီရောင်ရှိရန် လိုအပ်နေသော လူတစ်ယောက်အတွက်ဆိုရင်တော့ ကောင်းကင်ကြီးကို ခဏခဏ မော့ကြည့်မနေသင့်၊ ကျွန်တော်ကတော့ ကျွန်တော့် ခြေမထိပ်၌ ပတ်တီးဖြူဖြူများစည်းထားရတာမျိုးကို သဘောကျလှေ့မရှိ။ ထို့ကြောင့် (ရံဖန်ရံခါမှအပ) ကောင်းကင်ကြီးအား မော့မော့ကြည့်သောကိစ္စကို ကျွန်တော် ရှောင်ရှားပစ်ခဲ့သည်။

ကျွန်တော့်ရှေ့မှ လူတစ်ယောက် ခလုတ်တိုက် သွားသည်။ ရုတ်တရက် မိုးချုန်းသံထွက်ပေါ်လာရာ ကောင်းကင်ထက်ဆီသို့ အလန့်တကြား မော့ကြည့်လိုက်ခြင်း ကြောင့်ပဲဖြစ်သည်။ ကျွန်တော့်၌ တင်ချာအိုင်အိုဒင်း နှင့်ပတ်တီးမပါလာသောကြောင့် ထိုလူဆီသို့ စိတ်မကောင်း ခြင်းကိုသာ လှမ်းပေးလိုက်နိုင်သည်။

အမြန်နှုန်းကိုတိုးမြှင့်ရင်း ကုန်းကုန်းကွကွနှင့် စောစော ကလူကို ကျွန်တော်ကျော်တက်ပစ်လိုက်သည်။ ယခုအချိန်၌



လမ်းမြန်မြန်လျှောက်ခြင်းဟူသော ကိစ္စသည် ကျွန်တော့် အတွက် အလွန်အရေးကြီးနေသည်။ မိုးရွာခါနီး ကြားရ လေ့ရှိသော ဝုန်းဝုန်းဒိုင်းဒိုင်းအသံများ ကောင်းကင် ထက်ဆီမှာ နိမ့်ဆင်းပြိုကျ လာကြသည်။

ဒါဆိုရင်တော့ မိုးရွာတော့မည်ဆိုခြင်း အတွက် သံသယဖြစ်စရာမလိုတော့။

(၂)

ကျွန်တော့်ဆီသို့ ပထမဦးဆုံး မိုးချုန်းသံတစ်ခု၊ သတ္တုဝါယာကြိုးတစ်လျှောက် ဖြတ်သန်းစီးဆင်းလျက် ရောက်ရှိလာသောနေ့က မိုးရွာမနေခဲ့။ ထို့အတူ ကောင်းကင်ကြီး ကလည်း မည်းမှောင်အုံ့ဆိုင်းလို့မနေခဲ့. . .။

သို့သော် ထိုနေ့က မိုးမိသောအခါဖြစ်လေ့ရှိသော ဝေဒနာ တစ်မျိုးကို ကျွန်တော်ခံစားလိုက်ရသည်။ အကြောင်း ကတော့ မိုးချုန်းသံလေးနှင့် ကျွန်တော်တယ်လီဖုန်း စကားပြောခွက်မှ တစ်ဆင့် မတော်တဆ ဆုံဆည်းမိကြခြင်း ကြောင့်ပဲ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မိုးချုန်းသံလေးမှာ အက်ရှလွန်းလှသည်၊ (နောင်အခါမှာတော့ ယင်းသို့ဖြစ်ရခြင်းမှာ သူမအသံဝင်နေခြင်းကြောင့် ဖြစ်ကြောင်း ကျွန်တော့်အားပြန်လည်ရှင်းပြခဲ့သည်။) ဘာပဲဖြစ်ဖြစ် ထိုအက်ရှရှအသံကလေးကြောင့်ပင် ထိုနေ့က ကျွန်တော် ချမ်းစိမ့်စိမ့်ဖြစ်သွားခဲ့ရသည်။

"တို့ ယူ့ဝတ္ထုတွေကိုချစ်တယ်"

"......."

"ပြီးတော့လေ"

သာမန်မိန်းကလေးဆိုလျှင်တော့ ထိုသို့သော စကားအဖြတ်အတောက်မျိုးကို ကျွမ်းကျင်နိုင်နင်း လိမ့်မည်မဟုတ်။ သို့သော် ကျွန်တော်၏ မိုးချုန်းသံကလေး ကတော့ သာမန်မိန်းကလေးတစ်ယောက်ဟုတ်ပုံမရ။ သူမက ကျွန်တော်ရေးတဲ့ ဝတ္ထုတွေကို ချစ်သတဲ့ အလွန်လှပတဲ့ စကားလေးပါပဲ။

ထိုသို့လှပသေသပ်သော၊ ကျွမ်းကျင်လိမ္မာသော စကားလုံးကလေးများ၊ အဖြတ်အတောက်ကလေးများနဲ့ (၄၅) မိနစ်တိတိ ဆုံဆည်းပြီး (၅) ရက်မြောက်နေ့မှာတော့ သူမ၏ ရှေ့မှောက်သို့ အလွန်မြန်ဆန်သော သွေးခုန်နှုန်းများနှင့်အတူ ကျွန်တော် ရောက်ရှိသွားတော့သည်။

"နေနော်လားဟင်"

"အစစ်ပေါ့"



"လာ. . . တို့လက်ဖက်ရည်တိုက်မယ်"

ကျွန်တော်ကြိုက်သော စံနှုန်းများအရဆိုလျှင်တော့ သူမ၏မျက်နှာက သိပ်ချောလွန်းလှသည်။ ပြီးတော့. . . သူမ၏ခန္ဓာကိုယ်တည်ဆောက်ပုံကလည်း သိပ်ပြေပြစ်လွန်းလှသည်၊ အဆိုးဆုံးကတော့ သူမ၏လက်မှာ လက်စွပ်တွေ များလွန်းခြင်းပဲဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ထိုနေ့က သူမကျွန်တော့်ကို လက်ဖက်ရည်တစ်ခွက်နှင့် မာလ်ဘိုရို နှစ်လိပ်တိုက်သည်။

ကျွန်တော်က သူမကို စကားခြောက်ခွန်းနှင့်အပြုံးနှစ်ပွင့် လက်ဆောင်အဖြစ် ပြန်ပေးလိုက်သည်။

သည့်နောက်တော့ ကျွန်တော်နှင့်သူမ ချစ်သူများဖြစ်သွားကြတော့သည်၊ ကျွန်တော်တို့ ချစ်သူများ ဖြစ်သွားကြသောနေ့မှာ မိုးမရွာသော သာမန်နေ့ကလေး တစ်နေ့ဖြစ်သည်။ ထိုသို့ သာမန်နေ့ကလေးတစ်နေ့မှာ သာမန်ချစ်သူစုံတွဲတစ်တွဲ ပေါ်ပေါက်လာသော အထိမ်းအမှတ်အဖြစ် ကျွန်တော်သူမကို နမ်းခွင့်တောင်းလိုက်သည်။ ကျွန်တော်၏ တောင်းဆိုမှုကို သူမက ကန့်သတ်ချက်နှစ်ခုနှင့် လက်ခံခဲ့သည်။

"နဖူးနော်"

"အင်းပါ"

"တစ်စက္ကန့်ပဲ"

"အင်းပါ"

www.burmeseclassic.com

www.burmeseclassic.com

(၃)

တစ်ခါတစ်ခါတော့လည်း လမ်းလျှောက်ရပ်ပြီး. . . . ကောင်းကင်ကိုမော့ကြည့်ရတာ ရင်ဖိုစရာကောင်းသည်။ သို့သော်. . . အမြဲတမ်းကြီးတော့မဖြစ်၊ ကျွန်တော်က. . . ဇက်ကြောတက်ရောဂါများကို ရွံ့မုန်းသူဖြစ်သည်။ ထို့အပြင် လမ်းလျှောက်ခြင်းနှင့်ကောင်းကင်မော့ကြည့်ခြင်းတို့ကို တစ်ပြိုင်တည်း တွဲလုပ်လို့မရ။

လမ်းများများလျှောက်ပါ။

ကောင်းကင်ကို နည်းနည်းပဲကြည့်ပါ။

ထိုစကားသည် ကျွန်တော်မှတ်မိနေသော တစ်စုံတစ်ယောက်ပြောပြခဲ့သည့်စကားဖြစ်သည်။ ကျွန်တော်





တို့သည် ကျန်းမာရေးအတွက်၊ ခရီးဆုံးပန်းတိုင်အတွက်၊ အသက်ရှင် ရပ်တည်မှုအတွက် ရံဖန်ရံခါ လမ်းလျှောက်နေကြရသည်။ ထိုသို့ လမ်းလျှောက်နေချိန်မျိုး၌ ကျွန်တော်တို့ အမြင်အာရုံမှာ ရှိနေသင့်သောအရာကတော့ မြေပြင်ပဲဖြစ်သည်။ ကျွန်တော်က မြေပြင်ကို ချစ်သူဖြစ်သည်။

ထိုသို့ မြေပြင်ကိုချစ်သော ကျွန်တော့်ထံသို့ ကောင်းကင်တစ်ခု ပြိုဆင်းကျရောက်လာခဲ့ခြင်းကတော့ အံ့သြစရာကောင်းလှသည်။ ပို၍အံ့သြစရာကောင်းတာတစ်ခုက ကျွန်တော်ကိုယ်တိုင် ထိုကောင်းကင်ကို မြတ်နိုးတွယ်တာနေမိခြင်းပဲဖြစ်သည်။

ကျွန်တော်၏ကောင်းကင်လေးမှာ ကျွန်တော့်လိုအရုပ်ဆိုးဆိုး ကောင်လေးတစ်ယောက်အတွက် သိပ်. . . လှပလွန်းလှသည်။ ကျွန်တော် သိပ်လှသောအရာများကို သဘောမကျတတ်၊ ကျွန်တော်သဘောမကျသော အရာအတော်များများ သူမမှာရှိသည်။ ကျွန်တော်သဘောမကျဆုံးကတော့ သူမ၏ ပစ္စည်းပိုင်ဆိုင်မှုပဲဖြစ်သည်။

သူမမှာ နေနော်ဟုခေါ်သော ချစ်သူကောင်လေးတစ်ယောက်ရှိသည်။

ဖိနပ်အရံလေးဆယ်ကျော်ရှိသည်။

လက်စွပ်ရှစ်ကွင်း၊ ဆွဲကြိုး (၁) ကုံးနှင့်စိန်နားကပ်တစ်ရံရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



လူအတော်များများက 'ဆရာ'တပ်ခေါ်ခံရသော အဖေတစ်ယောက်ရှိသည်။

သူမပိုင် မဟုတ်သည့်တိုင် သူမသုံးခွင့်ရနေသော အဝါရောင် ဖင်ပြတ် တံခါးလေးပေါက် ကားလေးတစ်စီး ရှိသည်။

ကောင်းကင်ဆန်သော မိသားစုနှင့်ဆွေမျိုးသားချင်း များရှိသည်။

ကျွန်တော့်ကိုသိပ်ချစ်တဲ့အကြောင်း ပြောပြဖို့အတွက် သံနေသံထားမျိုးစုံနှင့် စကားလုံးများစွာရှိသည်။

ကျွန်တော်ကတော့ နာမည်ကလွဲလို့ ဘာမှမရှိ။ ကျွန်တော့်မှာ မရှိဆုံးကတော့ ကောင်းကင်တွေကို ကျွန်တော် သဘောကျလေ့မရှိကြောင်း သူမကိုပြောပြဖို့ သတ္တိပဲ ဖြစ်သည်။

အံ့ဩစရာပါပဲ။

ကျွန်တော့်လိုကောင်းလေးတစ်ယောက်ရဲ့ ဘဝထဲကို သူမလိုကောင်မလေးတစ်ယောက်ဟာ ကျွန်တော့်ချစ်သူဆိုတဲ့ ပုံစံမျိုးနဲ့ ဝင်ရောက်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ ကျွန်တော် မစဉ်းစားမိခဲ့။

လောကကြီးမှာ ကျွန်တော်ကြိုတင်စဉ်းစား မထားမိသော အရာများဖြစ်လာတတ်ကြောင်း သတိထား မိချိန် မှာတော့ ကျွန်တော်နှင့်သူမ ချစ်သူများဘဝသို့ ရောက်ရှိ နေကြပြီဖြစ်သည်။



ထိုသို့ ကျွန်တော်နှင့်သူမ ချစ်သူများဖြစ်နေကြခြင်း အတွက် တစ်ခါတစ်ရံ ကျေနပ်ကြည်နူးမိသော်လည်း တစ်ခါ တစ်ရံမှာတော့ ခနိုးခနောင့်ဖြစ်ရသည်။ ကျွန်တော့်အား ခနိုး ခနောင့်ဖြစ်စေသော အချက်များထဲမှ အခြေခံအကျဆုံး အချက်ကတော့ သူမဟာ. . . ကောင်းကင်တစ်ခု ဖြစ်နေခြင်းပဲဖြစ်သည်။

ကျွန်တော်နှင့်သူမ၏ ရပ်တည်မှုကွာဟချက်က. . . ကျွန်တော့်အား စိတ်အနှောင့်အယှက် ဖြစ်စေခဲ့သော်လည်း သူမကတော့ ထိုအချက်နှင့်ပတ်သက်၍ မည်သို့မျှခံစားရပုံမရ။

ကျွန်တော်တို့နှစ်ယောက် လက်ဖက်ရည်ဆိုင် ထိုင်သောအခါများ၌ ကျွန်တော်က လက်ဖက်ရည်မှာပြီး သူမက နက်စ်အော သောက်လေ့ရှိသည်။ လက်ဖက်ရည်ဆိုင် ရွေးချယ်သောအခါများ၌လည်း ကျွန်တော်က ခုံပုပုလေး များနှင့် လမ်းဘေးဆိုင်ကို သဘောကျပြီး. . သူမက ော်မိုက်ကာစားပွဲနှင့် အဲယားပေါ့နှင့်ဆိုင်ကြီးများကို နှစ်သက်သည်။ သို့သော်. . . သိင်္ဂီရွှေရည်လို ဆိုင်မျိုးကိုတော့ နှစ်ယောက်စလုံး သဘောကျသောဘုံဆိုင်အဖြစ် သတ်မှတ် ထားရသည်။ အကြောင်းမှာ ကျွန်တော်က ထိုဆိုင်မှ ဘိန်းမုန့် ကိုခဲတွင်းတွေ့ပြီး သူမက ဟမ်ဘာကာ ကြိုက်တတ်ခြင်း ကြောင့်ပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပင် အသွင်မတူသော ချစ်သူစုံတွဲတစ်တွဲအ
ကျွန်တော်တို့ရပ်တည်ခဲ့ကြလေသည်။

(၄)

ကောင်းကင်များ၏သဘောက အခါအားလျော် တည်ငြိမ်မနေတတ်။ တစ်ခါတစ်ရံ ကြည်လင်တောက် နေတတ်ပြီး၊ တစ်ခါတစ်ရံ အုံ့ဆိုင်းမှိုင်းမှုန်နေတတ်သည် တချို့သော တစ်ခါတစ်ရံများမှာတော့ မိုးရွာခြ လေထန်ခြင်းများ ဖြစ်တတ်ပြန်သည်။ ထိုသို့အမျိုးမျ ပြောင်းလဲဖြစ်နေရခြင်း၏ အကြောင်းရင်းကတော့ ယင်း ကောင်းကင်တစ်ခု ဖြစ်နေခြင်းကြောင့်ပဲဖြစ်သည်။

ကောင်းကင်များ၏ သဘောထားကို ကျွန်တေ လေ့လာထားခဲ့သည်မှာ သိပ်တော့မကြာလှသေး၊ ဘာပဲဖြစ်ဖြ မြေပြင်နှင့် ကောင်းကင်အကြား မွေးဖွားလာခဲ့သော လူတစ်ယောက်အနေနှင့် ကောင်းကင်များ၏အကြောင်း အတော်အသင့် နားလည်ထားသင့်သည်။ အဘယ်ကြော ဆိုသော် ကျွန်တော်တို့သည် ကောင်းကင်ကျယ်ကြီးအာ မော့ကြည့်ကြရမည့် အခြေအနေမျိုးနှင့် အချိန်မရွေး ရင်ဆို တိုးနိုင်ခြင်းကြောင့်ပဲဖြစ်သည်။



သို့သော် ကျွန်တော်၏ကောင်းကင်လေ့လာမှုများက ကျွန်တော်နှင့်ကျွန်တော့်ကောင်းကင်အကြားမှာတော့ သိပ်အသုံးမဝင်ခဲ့။ ကျွန်တော့်ကောင်းကင်ကလေး၏ ရာသီဥတုမှာ သာယာနေဆဲပင်ဖြစ်သည်။

သူမသည် ကျွန်တော်၏ဝတ္ထုလေးများကို နှစ်ခြိုက်စွာ ဖတ်ရှုဝေဖန်မြဲ၊ ကျွန်တော့်ကိုချစ်မြဲ၊ နဖူးနော်ဟူသည့် စကားကို ခပ်နွဲ့နွဲ့အသံဖြင့် ရေရွတ်မြဲပါပဲ။

သူမ ကျွန်တော့်ကို သိပ်ချစ်သည် ဆိုခြင်းကတော့ သံသယဖြစ်စရာ မလိုလောက်အောင် သေချာသော အချက်ဖြစ်သည်။ ထိုသို့ သေချာနေခြင်း၏ အကြောင်းရင်းမှာ ကျွန်တော့်ကို သိပ်ချစ်ကြောင်း သူမ မကြာခဏ ပြောပြနေခြင်းကြောင့်ပဲဖြစ်သည်။

အကယ်၍ ကျွန်တော်သာ သူမအနား၌ ရှိနေမည်ဆိုလျှင် သူမအလွန်နှစ်သက်သော ဖိနပ်အရံ (၄၀) ကျော်နှင့်လက်စွပ် (၈) ကွင်းကိုလည်းကောင်း၊ သူမချစ်သော ပူစီလေးကို လည်းကောင်း၊ ဟဲဗီးမက်တယ် သီချင်းများနှင့် တွမ်ခရု ကိုလည်းကောင်း၊ တီဗီဂိမ်းနှင့်ဗီဒီယို အခွေများကိုလည်းကောင်း မေ့လျော့ထားနိုင်ပါသတဲ့။

မနက်မိုးလင်းလို့ မျက်စိနှစ်လုံးပွင့်တဲ့အခါ သူမ အိပ်ခန်းတွင်း စာကြည့်စားပွဲထက်မှာ ဟမ်ဘာကာနှင့် နက်စ်အော တစ်ခွက်မရှိရင်နေပါစေ။ သူမကို စီးမိုးစိုက်ကြည့် နေမယ့် ကျွန်တော်ရှိနေရင် သူမရဲ့ဘဝဟာ ပြီးပြည့်စုံပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏စကားမှာ ကျွန်တော့်အတွက်တော့ ကဗျာတစ်ပုဒ်ပဲဖြစ်သည်။ ရင်ခုန်ဖွယ်သင်္ကေတများ၊ သေသပ်လှပသော ကာရန်လေးများနှင့် သူမ၏ အက်ရှရှစကားသံကလေးကို နားထောင်ရင်း ကျွန်တော်သည် သူမ၏ထံ၌ အဆုံးတိုင် နစ်မြုပ်နေခဲ့တော့သည်။

သည်လိုနှင့်ပင် (မြင့်မြတ်စွာ မြင့်မားသော အရာတစ်ခုကို မိုက်မဲစွာ မျှော်မှန်းရင်း) ကြည်လဲ့တောက်ပသော ရွှေအိုရောင် နေ့ရက်များစွာကို ကျွန်တော်ဖြတ်သန်းခဲ့သည်။

ထိုအချိန်က ကောင်းကင်များ၏ ရာသီဥတုဟူသော ဝေါဟာရနှင့်ထိုဝေါဟာရ၏ အနှစ်အဓိပ္ပာယ်ကို ကျွန်တော် မေ့လျော့ နေမိခဲ့သည်။ တကယ်တော့ သည်လိုဖြစ်ဖို့ မကောင်းပါ၊ အထူးသဖြင့် အဝါရောင် ဖင်ပြတ်တံခါးလေးပေါက် ကားမျိုး မစီးနိုင်သော ခရီးတစ်ခုကို ခြေလှမ်းပေါင်းများစွာအသုံးပြုလျက် ဖြတ်သန်းနေရသော ကျွန်တော့်လိုသာမန် ကောင်လေးတစ်ယောက်အနေနှင့် သည်လိုမေ့လျော့နေခဲ့ဖို့ မကောင်း။

သို့သော် နေနော်ဟုခေါ်သော ရင်ခုန်ဖွယ်ကောင်းကင်လေးတစ်ခုကို ရူးမိုက်ယောင်မှားစွာ မော့ကြည့်နေခဲ့မိသော အချစ်ဝတ္ထုလေးတွေ ရေးနေသည့်ကောင်လေးသည် ကောင်းကင်များမှာ တည်ငြိမ်နေလေ့မရှိဟူသော သဘောတရားကို ထိုအချိန်က ပေါ့ဆစွာပင်မေ့လျော့ထားခဲ့မိသည်။





ထို့ကြောင့်ပင် ကျွန်တော့်ကောင်းကင်လေး၏ ရာသီဥတုမှာ ပြောင်းလဲတော့မည်ဖြစ်ကြောင်း ကျွန်တော် ကြိုတင်မရိပ်မိခဲ့ခြင်းဖြစ်လေသည်။

(၅)

ကျွန်တော့် ကောင်းကင်လေး၏ အနေအထားကို တုန်လှုပ်ချောက်ချားစွာ စတင်သတိထားမိသော နေ့မှာ နှစ်တစ်နှစ်၏ ပထမဦးဆုံး၊ မိုးစက်တို့ပြိုဆင်းကျရောက်လာသည့် တစ်ခုသော နေ့တစ်နေ့ဖြစ်သည်။

ထိုနေ့က ကျွန်တော်နှင့်သူမသည် သူမအပျင်းပြေသဘောနှင့် ဝင်ရောက်လုပ်ကိုင်နေသော ရုံးတစ်ရုံး၏ တတိယမြောက်အထပ် ရုံးတွင်းသက်သာဆိုင်ကလေးမှာ ရှိနေခဲ့ကြသည်။ ကျွန်တော်တို့နှစ်ယောက်၏ ထုံးစံအတိုင်း ကျွန်တော်က လက်ဖက်ရည်တစ်ခွက်ကို ခပ်ဖြည်းဖြည်းသောက်ပြီး သူမက နက်စ်အောတစ်ခွက်ကို ခပ်မြန်မြန်သောက်ရင်း စကားတွေ ပြောနေခဲ့ကြသည်။ ထိုအချိန်မှာပင် မိုးစက်များက ဆူညံစွာပြိုဆင်းလာကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် မိုးတွေရွာလာပြီ ပျော်စရာကြီးနော်"

ပြတင်းပေါက်အပြင်ဘက်မှ မိုးစက်များကိုကြည့်ရင်း သူမရွှင်မြူးစွာ ရေရွတ်စကားဆိုလိုက်သော၊ နှစ်တစ်နှစ်၏ ပထမဦးဆုံး မိုးစက်တို့ပြိုဆင်းလာကြသောအချိန်မှာပင်။ ကျွန်တော်တို့နှစ်ယောက် ထိုင်နေရာ ခပ်စုတ်စုတ် စားပွဲဝိုင်းလေးဆီသို့ ပိုင်စိုးပိုင်နင်း ဝင်ထိုင်မည့်လူတစ်ယောက် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ထိုလူကို ကျွန်တော်မသိ။

ထို့အတူ ထိုလူကလည်း ကျွန်တော့်ကိုမသိ။

သို့သော် ကျွန်တော်တို့နှစ်ယောက်စလုံး သိနေကြသော အချက်ကတော့ ထိုလူနှင့်ကျွန်တော်သည် ကောင်းကင်တစ်ခုတည်း၏ အောက်၌ အတူတကွရပ်နေမိကြပြီဆိုသော အချက်ပဲဖြစ်သည်။ ထိုလူ၏ဆံပင်များက တိုနံ့ပြားကပ်လွန်းလှသည်။ ပြီးတော့ အသားတွေကလည်း ညိုလွန်းလှသည်။ ထိုအသားညိုညို၊ ဆံပင်တိုတိုနှင့်လူက ကျွန်တော့်ကောင်းကင် လေးကို တစ်ချက် လှမ်းကြည့်သည်။ ကျွန်တော့်ကောင်းကင် လေးက ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော်က ထိုလူကို ပြန်ကြည့်လိုက်သည်။

"ကိုယ် ဒီနေ့ပဲ ပြင်ဦးလွင်ကရောက်တယ်"

တိတ်ဆိတ်ခြင်းကို ထိုလူက စကားသံတစ်ခုနှင့် ဖောက်ခွဲပစ်လိုက်သည်။ ကျွန်တော့်ကောင်းကင်လေးက



ခင်း' ဟုရေရွတ်လျက်ခေါင်းညိတ်သည်။ ကျွန်တော်က စစ်စုံတစ်ရာ ရေရွတ်ချင်သော်လည်း ဘာရေရွတ်ရမှန်း သိစွာ ခပ်တည်တည် နှင့်ပင် ဆက်နေလိုက်သည်။

ကျွန်တော့်ကောင်းကင်လေးက ထိုလူကို ကိုကြီး ခေါ်ပြီး ထိုလူက ကျွန်တော့်ကိုနှောင်ကြိုးဟုခေါ်သည်။ ကျွန်တော် ကတော့ ကျွန်တော့်ကောင်းကင်လေးကို 'ချစ်' ပင် ခေါ်ပါသည်။

ထိုကြိုဂံဇာတ်လမ်းအပြီး နာရီပေါင်း (၂၀) ကျော်အကြာ ကျွန်တော်ထပ်မံသိလိုက်ရသော အချက်ကတော့ ကျွန်တော့် ကောင်းကင်လေး၏လက်၌ လက်စွပ်တစ်ကွင်း ထပ်တိုးတော့မည်ဆိုခြင်းပဲဖြစ်သည်။

"သူရယ် တို့ကိုနားလည်စမ်းပါ တို့အိမ်ကလူကြီးတွေ စဉ်တာပါ"

ထိုအချိန်က ထိုစကားကို ပြောခဲ့သောသူမ၏အသံမှာ အလွမ်းကားများ၌သာ ကြားရလေ့ရှိသော မင်းသမီးများ၏ အသံမျိုးဖြစ်သည်။ သို့သော် ကျွန်တော်ကတော့ အလွမ်းကား ားထဲမှ မင်းသားတစ်ယောက်လို သရုပ်ဆောင်မနေခဲ့။ အကြောင်းမှာထိုသို့ သရုပ်မဆောင်နိုင်လောက်အောင်ပင် ကျွန်တော်လွမ်းနေခဲ့ခြင်းကြောင့်ဖြစ်သည်။

"တို့ ယူ့ကိုသိပ်ချစ်တယ်၊ အဲဒါကိုယူသိတယ် မဟုတ် လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဒီလိုအခြေအနေမျိုးကို ဒီစကားမျိုး
နှစ်သိမ့်ဖို့မကောင်းပါ။ သို့သော် ဘာပဲဖြစ်ဖြစ် သူ
နှစ်သိမ့်မှုက အတော်အသင့် အထမြောက်သွားခဲ့သည်
ကျွန်တော်သက်ပြင်း တစ်ချက်ကို ရှိုက်ရင်းခေါင်းညိတ်
လိုက်မိသည်။

"ယူရယ်"

တိတ်သားမကောင်းတော့သော အခွေတစ်ခု
မော်တာ မကောင်းတော့သော ကက်ဆက်တစ်ခုအတွ
ထည့်ဖွင့်လိုက် သည့် ပမာ အလွန်တုန်ခါနေသော စကား
တစ်ခုက သူမနှုတ်ဖျားမှခုန်ဆင်းလာကြသည်။ သည့်နော
တော့ ကျွန်တော့်အားတစ်ခါမှ လုပ်မပြခဲ့ဖူးသော အမူအ
တစ်ခုကို သူမလုပ်လိုက်သည်။ နဝမမြောက်လက်စွပ်
ဝတ်ဆင်ထားခြင်း မရှိသေးသော လက်ချောင်းများန
သူမ၏မျက်နှာကို အုပ်၍ငိုရှိုက်လိုက်ခြင်းပဲဖြစ်သည်။

ဒါပဲလား ကောင်းကင်လေးရယ်။

မင်းနဲ့ကိုယ်နဲ့ ချစ်ခဲ့ကြခြင်းရဲ့ နိဂုံးက ဟောဒီမျက်ရည
တွေ ပဲလားဟင်။

"ယူ တို့ကိုနမ်းစမ်းပါ"

ယခုလိုအချိန်မျိုးတွင် ကြားရလိမ့်မည်ဟု မျှော်လ
မထားမိသော စကားတစ်ခွန်းကြောင့် ကျွန်တော်ကြက်သေ



သေသွားမိသည်။ ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး ဘာကင်ဟမ်
နန်းတော်ရှေ့က အလံတိုင်တစ်ခုပမာ ထောင်မတ်သွားသည်။

နမ်းရမတဲ့၊ ကျွန်တော် သူမကိုနမ်းရှိုက်ရမတဲ့။

မျက်ရည်တို့နှင့် စိုလက်နေကြသော သူမ၏အကြည့်
လေးများက ကျွန်တော့်ဆီသို့ ကျရောက်လာကြသည်။
သက်ပြင်း တစ်ချက်ကိုရှိုက်ရင်း ကျွန်တော့်ကိုယ်ကို ငုံ့ကိုင်း
လိုက်သည်။ နဖူးနော်ဟူသော စကားကို ခပ်နွဲ့နွဲ့အသံနှင့်သူမ
မရေရွတ်သည် တိုင် ထိုနေ့က သူမ၏နဖူးလေးကိုသာ
ကျွန်တော်နာကျင် ကြေကွဲစွာ နမ်းရှိုက်လိုက်မိသည်။

နောက်ဆုံးတော့ မြင့်မြတ်မြင့်မားစွာ တည်ရှိသော
ကောင်းကင်တစ်ခုကို မက်မောမိုက်မဲစွာ မျှော်မှန်းနေမိသူ
တစ်ယောက်၏ ရလာဒ်မှာ ရင်ကွဲခံစားရခြင်းပင်ဖြစ်ကြောင်း
ကျွန်တော်သဘောပေါက်လိုက်မိသည်။

(၆)

ကောင်းကင်တစ်ခုကိုပိုင်စိုးချင်သော လူတစ်ယော
အနေနှင့် သူကိုယ်တိုင်က ကောင်းကင်တစ်ခုဖြစ်နေဖို့
လိုအပ်လေသည်။ သို့မဟုတ် သူ၌ ကောင်းကင်ကို ပျံတက်
နိုင်ရန် အတောင်ပံတစ်စုံရှိနေသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ ကောင်းကင်တစ်ခု မဟုတ်ခဲ့သလို ကျွန်တော့်၌ အတောင်ပံတစ်စုံလည်း ရှိမနေခဲ့။ သို့သော် ကျွန်တော့်ကို နောင်ကြီးဟုခေါ်ပြီး သူမက ကိုကြီးဟုခေါ်သော အသားညိုညို၊ ဆံပင်တိုတိုနှင့်ပြင်ဦးလွင်က ပုဂ္ဂိုလ်မှာတော့ အတောင်ပံတစ်စုံ အသေအချာကိုရှိနေခဲ့သည်။

(၄)

မနေ့ကကျွန်တော် သူမဆီသို့ ဖုန်းဆက်လိုက်သည်။ သူမက ကျွန်တော့်အား ကြေကွဲဖွယ်ရာစကားနှစ်ခွန်းနှင့် တုံ့ပြန်ခဲ့ပါသည်။ တစ်ခွန်းမှာ 'ဘဝချင်းမနီးစပ်နိုင်ပေမယ့် နှလုံးသားချင်း နီးစပ်နိုင်ပါတယ်" ဟူသော စကားဖြစ်ပြီး နောက်တစ်ခွန်းကတော့. . .

"တို့ စေ့စပ်ပွဲအတွက် အလုပ်များနေတယ်. . .၊ နောက်တို့ဆီကို ဖုန်းမဆက်ပါနဲ့တော့နော်"

ဟူသည့်စကားပဲဖြစ်သည်။

ဘာပဲဖြစ်ဖြစ် မိုးရွာတော့မည်ဆိုခြင်းအတွက်တော့ သံသယဖြစ်စရာမလိုတော့။

* * * * * * * *

# စာစု (၁၆)

" တစ်ချိန်တုန်းက 'ကိုကို' လို့ချိုချိုစွာ
သူမ ခေါ်ဝေါ်ခဲ့ဖူးတဲ့ လူတစ်ယောက်
ဟာ စောစောလေးကပဲ ခပ်ညံ့ညံ့
လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်ထဲမှာ
အပြီးတိုင် သေဆုံးသွားခဲ့ပါပြီ။"

www.burmeseclassic.com

www.burmeseclassic.com

# အာ တွင်း ကြေ

(၁)

သူ၏ အမြင်အာရုံ အတွင်း သို့ တိုးဝင်ရောက်ရှိ လာကြသော သူမတို့အား စူးစိုက်စွာ ငေးရီ နေမိသည့် အကြည့်တို့ကို ရှောင်လွှဲ ရုပ်သိမ်းရင်း သက်ပြင်း တစ်ချက်ကို ဖွဖွရှိုက်မိသည်။ မှားလိုက်တာ၊ ဘာဖြစ်လို့များ ဒီနေရာကို လာခဲ့မိ ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သည်နေရာသည် သူ မလာသင့်သော နေရာတစ်ခုဖြစ်သလို ရက်ပေါင်းများစွာ သတိကြီးစွာဖြင့် သူရှောင်ကျဉ် နေခဲ့မိသောနေရာလည်း ဖြစ်သည်။ ပြီးတော့ သူ့အတွက် နာကျင်ကြေကွဲဖွယ်ရာ ဖြစ်ရပ်များစွာကို ဖြစ်စေနိုင်သော နေရာတစ်ခုလည်း ဖြစ်သည်။ ထိုသို့သော နေရာမျိုးသို့ အဆင်အခြင်မဲ့စွာ လာခဲ့မိခြင်းမှာ သူ၏ မိုက်မဲမှုပင် ဖြစ်လေသည်။

ဘာဖြစ်လို့များ လာချင်ရတာလဲ။ ဘာဖြစ်လို့များ သူမကို သည်လောက်တောင် တွေ့ချင်ရတာလဲ။ ဘယ်တော့မှ မမေ့နိုင်မှာ မဟုတ်တဲ့ နှင်းဆီရောင်မျက်နှာ သွယ်သွယ်လေး တစ်ခုကို ခဏလေးပြန်မြင်ရမယ့် အခွင့်အရေးလေး တစ်ခုအတွက် ဘာဖြစ်လို့များ သည်လောက် တန်ဖိုးကြီးမားတဲ့ အလောင်းအစား တစ်ခုကို သူလုပ်ခဲ့ရတာလဲ။

ခုတော့ . . . ဘယ်တော့မှ ပြန်လည်ချေပနိုင်တော့မည် မဟုတ်သည့် အရှုံးတစ်ခုကို သူရှုံးခဲ့ရပြီ။ ခေါင်းကိုငုံ့ထားမိ သော်လည်း သူမတို့ သူ့ကိုတွေ့သွားကြပြီ ဆိုသော ကိစ္စကတော့ သံသယဖြစ်စရာ မလိုလောက် အောင်ပင် သေချာလွန်းလှသည်။

အစစ်ပဲ . . . သူမတို့ တွေ့သွားကြပြီ။ ဒါကြောင့် ရယ်သံတွေ ပိုပြီးကျယ်လာတာပေါ့။



အမှတ်တမဲ့ သူမဖြတ်သွားသည်ကို မတွေ့လိုက်တာမျိုး ဖြစ်မှာစိုး၍ လမ်းမနှင့်ပိုနီးသော စားပွဲကို ရွေးချယ်ထိုင်ခဲ့မိခြင်းမှာ သူ၏ ဒုတိယမြောက် မိုက်မဲမှု ဖြစ်ကြောင်း ထပ်မံ သိလိုက်ရပြန်သည်။

တကယ်တော့လည်း ဒါဟာ သိပ်တော့ အံ့ဩစရာ မဟုတ်။ သူမနှင့်ပတ်သက်လျှင် သူသည် မကြာခဏမိုက်မဲစွာ မှားယွင်း တတ်သူ ဖြစ်သည်။ မည်သည့်ကိစ္စကိုမှ ပြတ်သား မှန်ကန်စွာ ဆုံးဖြတ်နိုင်သူ မဟုတ်သလို မည်သည့်ကိစ္စကို မှလည်း ရဲရင့်စွာ စွန့်စားဝံ့သူမဟုတ်။ မှားမှာကို ကြောက်ရင်း နှင့်ပင် အမှားများ စွာကို ထပ်ခါတလဲလဲ ကျူးလွန်မိသူသာ ဖြစ်သည်။

ခုတော့ နောက်တစ်ကြိမ် ထပ်မှားစရာ မလိုလောက် အောင်ပင် ကြီးမားသော အမှားတစ်ခုကို သူမှားခဲ့မိပြီ ဖြစ်သည်။ သူမကိုမမေ့နိုင်ခြင်း သို့မဟုတ် သူမကို မမေ့နိုင်ခြင်း ကြောင့် သည်နေရာကို လာခဲ့မိခြင်းသည် သူ၏ကြီးမားသော အမှားတစ်ခု ဖြစ်ကြောင်း၊ သတိပြု လိုက်မိစဉ်မှာပင် နှလုံးသားသည် နောင်တ တရား၏ လောင်မြိုက်မှုနှင့်အတူ ကျွမ်းမြည့် နာကျင်စွာ ခံစားလိုက်ရသည်။ အရာရာသည် သူ့အတွက် မှားယွင်းစွာ နောက်ကျသွားခဲ့ပြီ ဖြစ်သည်။

ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com


ခပ်စုတ်စုတ် လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်ရဲ့ လမ်းမနဲ့ နီးတဲ့ စားပွဲခုံလေးတစ်ခုဟာ သူမတို့ ဖြတ်လျှောက် သွားကြမယ့် နေရာနဲ့ ခြေလှမ်း ငါးလှမ်းစာလောက်ပဲ ဝေးလိမ့်မယ်ဆိုတာ. . ။

ပြီးတော့ . . . သူလှမ်းမြင်နိုင်လောက်တဲ့ မုန့်ဟင်းခါး ဆိုင်လေးတစ်ခုမှာ (သူမဟုတ်တဲ့ တခြား လမ်းလျှောက်ဖော် အသစ်တစ်ယောက်နဲ့အတူ) သူမဟာ သူမြင်အောင် တမင် မုန့်ဟင်းခါး စားပြလိမ့်မယ်ဆိုတာ . . . ဘယ်နှယ့်လုပ်ပြီး သိနိုင်မှာလဲ။

" မိုးရွာတော့မယ်၊ ဒီဘက်တိုးလေ"

လမ်းလျှောက်ဖော် အသစ်ကလေးအတွက် ရည်ရွယ် ရွတ်ဆိုလိုက်သော သူမ၏ စကားသံချိုချိုတို့က လေနှင့်အတူ သူ့ဆီသို့ မှိန်ဖျော့စွာ လွင့်မျော၍ လာကြသည်။ မကြည့်နဲ့ဟု ကိုယ့်ကိုယ်ကို သတိပေးနေရင်းက အမှတ်မဲ့ အကြည့်တို့က သူမတို့ဆီသို့ ရွေ့လျားသွားကြသည်။

အဖော် ကောင်လေး၏ လက်မောင်းကို ကိုင်လျက် သူမရှိရာ ဆိုင်အမိုးအောက်သို့ ပိုမိုတိုးကပ်စေရင်း သူ့အကြည့် တို့ကို တင်ကြို စောင့်ဆိုင်းနေသော သူမ၏ မျက်ဝန်းညိုတို့ကို သူရင်ဆိုင်လိုက်ရသည်။

ဝမ်းနည်းဖွယ် ကောင်းလောက်အောင် အေးစက်စူးရှ လွန်းသော သူမမျက်ဝန်းတို့၏ သူစိမ်းဆန်မှုက သူ့ရင်ကို လှိုက်ခနဲ ဖြစ်သွားစေခဲ့သည်။ သူမဆီမှ အကြည့်တို့ကို အမြန်ရှောင်လွဲရင်း လောကကြီး တစ်ခုလုံးကို အရှုံးပေးလိုက် ရသူ တစ်ယောက်ပမာ ခေါင်းကို အစွမ်းကုန် ငုံ့ထား လိုက်မိသည်။

အံ့ဩနာကျင်မှု၊ ကြေကွဲတုန်လှုပ်မှုတို့နှင့် အတူ သက်ပြင်း တစ်ချက်ကို ဖွဖွရှိုက်သွင်းရင်း လုပ်ရက်လိုက်တာ ဟုသူ့ တီးတိုး ရေရွတ်လိုက်မိသည်။

လေတစ်ချက်ဝှေ့၍ ခပ်ဖွဲဖွဲမိုးစက်တို့က လမ်းပေါ်သို့ ဖြည်းညင်းစွာ ကျဆင်းလာကြသည်။

(၂)

"မိုးရွာပြီ"

" အဲ့တော့ . . . ဘာဖြစ်လဲ"

" ကိုယ် ပြန်တော့မယ် "

" ဟင့်အင်း . . . မပြန်ရဘူး "

" တော်ကြာ မီးအိမ်က လူကြီးတွေ တွေ့သွားလိမ့်မယ် "


www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပစေပေါ့၊ မီးတို့က ခိုးကြောင်ခိုးဝှက် ချိန်းတွေ့ကြတာမှ မဟုတ်တာ၊ ရိုးရိုးသားသား စကားပြောနေကြတာပဲ မီးကတော့ မကြောက်ပါဘူး"

သွယ်လှသော ကိုယ်လုံးလေးကို ယိမ်းနွဲ့ရင်း ခြေဟန် လက်ဟန်ဖြင့် ပြောနေသော သူမကို ကြည့်၍ သည်တုန်းက ရင်ခုန်စွာ သက်ပြင်းတစ်ချက်ကို သူ ရှိုက်ဖြစ်ခဲ့သည်။ မပြန်နဲ့ဟူသော သူမ၏ စကားကြောင့် ပြန်ရန် စိတ်ကူးတို့ လျှင်မြန်စွာ စွန့်ပစ်နိုင်ခဲ့သော်လည်း၊ ရိုးရိုးသားသားဟူသော သူမ၏ ကြိယာဝိသေသအတွက်တော့ သဘောတူထောက်ခံခြင်း တစ်စုံတစ်ရာ မပြုခဲ့။

ဘယ်လိုလုပ်ပြီးတော့များ ရိုးသားနိုင်မှာလဲ။

ဘယ်နှယ့်လုပ်ပြီး ရိုးရိုးသားသားထိုင် စကားပြောနေကြတဲ့ အခြေအနေမျိုး ရှိနိုင်မှာတဲ့လဲ။ သူမဘက်က ရိုးသားတောင်မှ သူ့ဘက်ကတော့ ရိုးသားဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စ၊ အမှန်ပါပဲ။ သူမနှင့် ပတ်သက်လျှင် သူ အသေအချာကို မရိုးသားခဲ့။

သူ့ကို သူမ သတိမထားမိခင် ဟိုစဉ်ကာလများကတည်းက သူ မရိုးမသားရှိခဲ့သည်။ ညနေတိုင်း သူမ လာနေကျ ဆိုင်စုစုလေးများ ရှိတတ်သည့် သည်နေရာမှာ လာစောင့်ရင်း သူမကို ခိုးကြောင်ခိုးဝှက် ကြည့်ခဲ့ဖူးသည်။ သည်တုန်းက သူမ သူ့ကို သတိထားခဲ့မိမည် မဟုတ်။



ခပ်ညှဲ့ညှဲ့ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်၏ ခပ်စုတ်စုတ် စားပွဲလေးတစ်လုံးမှာထိုင်ပြီး သူမ၏ လှုပ်ရှားမှု မှန်သမျှကို ခိုးကြည့်တတ်ခဲ့သည့် အကြည့် သူခိုးလေး တစ်ယောက်မှာ သူဖြစ်ခဲ့ဖူးပါသည်ဟု ဆိုလျှင် သူမ အံ့ဩကောင်း အံ့ဩပေလိမ့်မည်။ သို့သော် . . . ထိုအတိုင်း ဖြစ်ပျက်ခဲ့သည် ကတော့ အမှန်ပါပဲ။

လေထဲမှာ လွင့်မျောလာသလို တစ်လှမ်းချင်း ဖွဖွညင်သာ လျှောက်လှမ်းလာတတ်သည့် သူမကို မြင်တိုင်း။

ကျောလယ်မျှသာ ရှည်လျားသည့် ပါးပါး ပျော့ပျော့ ဆံပင်လေးများကို ဖွာခနဲဖွာခနဲ လှုပ်ရမ်းသွားစေသည်အထိ သွယ်လျလျ ကိုယ်လုံးလေးကို ယိမ်းနွဲ့ရင်း တစ်ယောက်ယောက်ကို တစ်ခုခုပြောနေတတ်သည့် သူမကို မြင်တိုင်း. . .

မိုးရွာသည့်နေ့များ၌ ထီးကို ပခုံးထက်သို့ ခပ်စောင်းစောင်းတင်လျက် လှည့်ကစားရင်း ကလေးဆန်စွာ . . . ဆောင်းသွား တတ်သည့် သူမကိုမြင်တိုင်း. . .

သူ့ရင်ခုန်စည်းချက် ပျက်ယွင်းခဲ့ရဖူးလေသည်။

ဆိုင်စုစုလေးများ ခပ်စိပ်စိပ်ရှိနေတတ်သည့် ထိုနေရာသို့ စာအုပ်ငှားရန်ဖြစ်စေ၊ ဗွီဒီယိုခွေငှားရန်ဖြစ်စေ၊ မုန့်ဟင်းခါးတို့ နံနံပင်များများ ငရုတ်သီး စပ်စပ်ဖြင့် စားရန်ဖြစ်စေ၊ ချိုချဉ်ထုပ်လေးများ ဝယ်ရန်ဖြစ်စေ. . . နောက်ဆုံးပေါ် အကျီပုံဆန်းလေးများအပ်ရန်ဖြစ်စေ သူမလာခဲ့ဟန်တူသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ သူမကို တွေ့မြင်ချင်သည့် ဆန္ဒတစ်ခုတည်းနှင့်သာ ထိုနေရာသို့ အချိန်မှန် ရောက်ရှိလာတတ်ခဲ့သည်။

ကဲ့တောက်တောက်လက်ဖက်ရည်တစ်ခွက်တို့ သောက်ရင်း. . .

မီးခဏခဏသေတတ်သည့် ဆေးပေါ့လိပ်တို့ မီးညှိဖွာရှိုက်ရင်း။

သီချင်း (သို့မဟုတ်) ကဗျာ အပိုင်းအစလေးများကို ရွတ်ဆိုရင်း သူမအလာကို စိတ်ရှည်လက်ရှည် စောင့်မျှော်ခဲ့ဖူးသည်။

နေမင်းကို စောင့်မျှော်ရသည့် ကမ္ဘာဦးလူသားတို့၏ ဒုက္ခမှာ မည်သို့ရှိမည်မသိသော်လည်း သူမအလာကို စောင့်ဆိုင်းရသည့် သူ့ဒုက္ခကတော့ ချိုမြိန်ရှတရှိလှသည်။ လမ်းထောင့်ချိုး အကွေ့မှ လှစ်ခနဲ ထွက်ပေါ်လာတတ်သည့် သူမကို ရုတ်တရက် တွေ့လိုက်တိုင်း ထိတ်ခနဲ ရင်ခုန်သွားတတ်သည့် နှလုံးရောဂါဆန်းလေးတစ်ခုမှာ ထိုအချိန်ကတည်းက စတင် စွဲကပ်ခဲ့ခြင်းပဲ ဖြစ်သည်။

ပြီးတော့ ညည သက်ပြင်းတွေချရင်း အိပ်မပျော်တာ စာအုပ်တစ်အုပ်ကို ဖတ်နေပေမယ့် ဘာမှ မျက်စိထဲမမြင်တာ ဂစ်တာတီးရင် ကော့(ဒ်) တွေ ခဏခဏမှားတာ တစ်ယောက်ယောက်က အော်ခေါ်နေပေမယ့် မကြားဘဲ တွေဝေ ငေးမောနေမိတာ. . . စတဲ့ သမားရိုးကျမဟုတ်သော ကိစ္စရပ်အတော်များများမှာ သူမနှင့်တွေ့ပြီးကတည်းက စဖြစ်ခဲ့ခြင်း ဖြစ်သည်။



ထို့အပြင် အရာရာအတွက် ပူပန်ကြောင့်ကြ ကြီးတတ်ခဲ့ခြင်းမှာလည်း သူမကြောင့်ပဲဖြစ်သည်။ တစ်ခါတစ်ရံ သူမ အလာနောက်ကျသည့် နေ့များ သို့မဟုတ် သူစောင့်ဆိုင်းရာသို့ သူမ လုံးဝ ရောက်ရှိမလာသော နေ့များ၌ သူမအတွက် သူ အစိုးရိမ်ကြီးစွာ ပူပန်ခဲ့ရသည်။

သူမ နေမကောင်းလို့များလား။

နေမကောင်းရင်ကော ဆေးသောက်ဖို့ကို သူမ သတိရပါ့မလား။ အချိန်မှန် အဖျားတိုင်းပေးမယ့် ဆေးတိုက် ပေးမယ့် ကြင်နာ ယုယတတ်သူ တစ်ယောက်ယောက် သူမ ဘေးနားမှာ ရှိပါ့မလား။ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေကြမယ့် လူကြီးတွေက သူမဖျားနေမှန်း သိမှသိကြပါ့မလား။

လားပေါင်းများစွာဖြင့် သူမအတွက် သူစိုးရိမ်ခဲ့ရသည်။ ဟိုတွေး သည်တွေးဖြင့် စိတ်ပူခဲ့ရသည်။ သို့သော် သူမကတော့ ထိုအကြောင်းများကို သိခဲ့မည်မဟုတ်။

သူမနှင့် ဘယ်လိုမှ မပတ်သက်သော လူတစ်ယောက်ဟာ သူမအတွက် စိုးရိမ်ကြီးစွာ ပူပန်ခဲ့ရ ဖူးသည်ဆိုတာကို သူမ မသိခဲ့ခြင်းမှာ နည်းနည်းတော့ ဝမ်းနည်းစရာ ကောင်းပါသည်။

သို့သော် ထိုအတွက်တော့ သူတစ်စုံတစ်ရာ မကျေမနပ်ဖြစ်ခဲ့သလို တစ်စုံတစ်ရာလည်း နှောင်တမရခဲ့။

www.burmeseclassic.com

www.burmeseclassic.com

## (၃)

" အဲဒီစာအုပ် အပ်မှာလားဟင်"

" ဟင့်အင်း . . . ငှားသွားမလို့ "

သူ့အဖြေစကားကြောင့် သူ့လက်ထဲမှ စာအုပ်ကို မျှော်လင့်တကြီး စိုက်ကြည့်နေသော သူမ၏မျက်နှာက စိတ်ပျက် ဟန်ဖြင့် မှိုင်းဝေသွားကြသလို သူမငှားမည့် စာအုပ်အား သူမအရင် တစ်စုံတစ်ယောက် ဦးသွားခြင်း အတွက် နှမြောတသဖြစ်စွာ စိတ်မကောင်း ဖြစ်သွားပုံ ရလေသည်။

သူ တစ်စုံတစ်ရာ မဆုံးဖြတ်နိုင်ခင်မှာပင် သူ့လက်တို့က သူမဆီသို့ဆန့်တန်းလျက် လက်ထဲမှ စာအုပ်ကို လှမ်းပေး လိုက်မိသည်။



" မငှားတော့ဘူးလား "

" အရင်ယူသွားပါ "

" ကျေးဇူးပဲ "

သူအမည်နှင့် စာရင်း မှတ်ထားပြီးသား စာအုပ်ကို သူမအတွက် သူဦးစားပေးလိုက်မိသည်။ (သည်တုန်းကတည်းကပင် သူမနှင့်ပတ်သက်လျှင် သူသည်ပေးဆပ်ခြင်း သက်သက်ဖြင့် ရောင့်ရဲ ကျေနပ်တတ်ခဲ့သူ ဖြစ်သည်။)

ဘာမဟုတ်တဲ့ စာအုပ်ဆိုင်အတွင်း အဖြစ်အပျက် လေးတစ်ခုကို အစပြုလျက် သူမ သူ့ကို သတိထားမိသွားခဲ့သည်။ သည့်နောက်တော့ စာအုပ်ဆိုင် အဝင်အထွက် ပြုံးပြနှုတ်ဆက်ရင်း သူနှင့်သူမ ရင်းနှီးခဲ့ကြသည်။

ထိုရင်းနှီးမှုကာလ တစ်လမပြည့်ခင်မှာပင် အတန့်ငယ် ထူးဆန်းသော ကိစ္စကို သူမ ပြုခဲ့သည်။

သူနှင့်ပတ်သက်လျှင် အမြဲတမ်း (အမှတ်တမဲ့) နေတတ်ခဲ့သော သူမသည် ဤမျှအထိ (အမှတ်တရ) ဖြစ်လောက်သော နာမ်စားတစ်ခုဖြင့် သူ့အားသုံးနှုန်း ခေါ်ဝေါ်လိမ့်မည်ဟု သူမမျှော်လင့်မိခဲ့။ သူနှင့်သူမ ရင်းနှီးခြင်း၏ ဆယ့်ရှစ်ရက်မြောက်နေ့၌ ကိုကိုဟူသော အသုံးအနှုန်းကို သူမ စတင်သုံးစွဲခဲ့သည်။

မယုံကြည်နိုင်စရာကောင်းလောက်အောင်၊ အံ့ဩ တုန်လှုပ်ဖွယ် ကောင်းလောက်အောင်၊ ရင်ခုန် ကြည်နူးဖွယ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်း လောက်အောင် ထိုအသုံးအနှုန်းကို သူမ အမှန် တကယ် သုံးစွဲခဲ့ခြင်းဖြစ်သည်။

သူမ သူ့အား " ကိုကို " ဟု စတင်ခေါ်ကာစက ငါ့ကို ခေါ်တာ ဖြစ်နိုင်ပါ့မလားဟူသော ဇဝေဇဝါဖြစ်မှုနှင့်အတူ စက္ကန့် အတန်အကြာ သူငေးကြောင် မှင်သက်နေခဲ့မိသည်။ ထိုအဖြစ်ကို သူမ အမှတ်တမဲ့ နိုင်လှစွာ သတိထားမိကောင်းမှ ထားခဲ့မိပေလိမ့်မည်။

သည်တုန်းက မည်သည့်ရည်ရွယ်ချက်ဖြင့် သူမ ထိုသို့ခေါ်ဝေါ်ခဲ့သည် မသိသော်လည်း သူကတော့ သူမ၏ ကိုကိုအတွက် တအံ့တသြ ရင်ခုန်ခဲ့ရသလို သူမ၏ (အမှတ်တမဲ့) ကိစ္စတိုင်းသည် သူ့အား (အမှတ်တရ) ဖြစ်စေ နိုင်ကြောင်း ထိုစဉ်ကပင် စတင် သတိပြုခဲ့မိလေသည်။

'ကိုကို' တဲ့. . .။

နုသွဲ့ချိုအီသော၊ ပျော့ပျောင်းသာယာသော သူမ၏ ကိုကိုခေါ်သံက သူ့အား အိပ်ရာဝင်ချိန်အထိပင် အနှောင့် အယှက် ပေးခဲ့သည်။

ကိုကိုဟူသော သူမ၏ ခေါ်သံလွင်လွင်လေးကို ကြားယောင်ရင်း . . .

ပြည်ပဖြစ် ရုပ်အကျီပွပွကြီးများကို တံတောင်ဆစ်အထိ လက်ခေါက်၍ဝတ်တတ်သော အသားဖြူဖြူ ဆံပင်ရှည်ရှည်



နှင့် သူမကို မြင်ယောင်ရင်း ညပေါင်းများစွာ မိုးစင်စင် လင်းခဲ့ဖူးပါသည် ဟုဆိုလျှင် သူမတအံ့တသြဖြစ်စွာ ရယ်မောပေလိမ့်မည်။

သူနှင့်ပတ်သက်လျှင် ကလေးဆန်စွာ အမှတ်တမဲ့ နေလေ့ရှိသော သူမမှာ အရာရာကို ပေါ့ပါးစွာသဘောထားတတ် သူလည်းဖြစ်သည်။

(ထိုသို့ ခပ်ပေါ့ပေါ့အတွေးတို့ ပျော်ဝင်ကိန်းအောင်း နေတတ်တဲ့ ကောင်မလေး တစ်ယောက်ကိုမှ တလေးတနက် သွားချစ်သွားမိတာကတော့ သူ့အမှားပါပဲ။)

သူသည် တစ်ချိန်ချိန်မှာ ကောင်မလေးတစ်ယောက် ယောက်ကို ရင်နင့်အောင် ချစ်လိမ့်မည်ဟု ဟိုးငယ်စဉ်ကာလ ကတည်းက တင်ကြိုမျှော်လင့် ထားခဲ့မိသော်လည်း သူချစ်မိသွားမည့် ကောင်မလေးသည်. . .

နန္ဒာသိန်းဇံကို သိုင်းဝတ္ထုတွေရေးတဲ့ လူလားဟု မေးတတ်သော. . .

အဖုံးလှလှ၊ ကလောင်နာမည် လှလှလေးတွေနှင့် ဝတ္ထုစာအုပ်တွေသာ ရွေး၍ဖတ်တတ်သော. . .

"ကိုကိုဝတ္ထုရေးရင် မင်းသမီး၊ မင်းသားကို အမြဲ ညားပေးနော်" ဟု ပြောတတ်သော . . .

မိုးရွာလျှင်ပျော်ပြီး မိုးချုန်းသံကြားလျှင်တော့ တုန်နေအောင် ကြောက်တတ်သော. . .

www.burmeseclassic.com

www.burmeseclassic.com

" ဘီယာဆိုတာ ချိုလားဟင်" ဟု စပ်စုစူးစမ်းတတ်သော. . .

သူထက် လပေါင်း (၆၀) ကျော် ငယ်သော်လည်း တစ်ခါတစ်ရံ သူ့အား 'ညည်းကလဲအေ' ဟု သုံးနှုန်းပြောဆိုတတ်သော. . .

သူမကဲ့သို့ ကလေးဆန်ဆန် ကောင်မလေး တစ်ယောက် ဖြစ်နေလိမ့်မည်ဟူ၍တော့ ဘယ်တုန်းကမှ မထင်မှတ်ခဲ့။

တကယ်တော့ သူမအား စူးနစ်စွာ သူချစ်ခဲ့မိခြင်းမှာ အလွန်တရာ မိုက်မဲသောကိစ္စဖြစ်သလို အဆင်အခြင်မဲ့မှု တစ်ခုလည်း ဖြစ်လေသည်။

ဘယ်သူကများ ထင်မိကြမှာလဲ၊ သူဟာ သူနဲ့ ဘယ်လိုမှ မအပ်စပ်တဲ့ ကလေးသာသာ ကောင်မလေး တစ်ယောက်ကို တိတ်တိတ်ကလေး မြတ်နိုးစွာ အစွဲအလမ်း ကြီးစွာ. . . ပြီးတော့ မိုက်မဲစွာ ချစ်နေမိလိမ့်မယ် ဆိုတာ. . .။

လောကကြီးမှာ ရယ်မောဖို့ကလွဲပြီး ဘာမှ နားမလည်တဲ့ ကလေးတစ်ယောက်ကိုမှ တိတ်တခိုး စွဲလမ်းနေမိတဲ့ လူကြီး တစ်ယောက်ရဲ့ အဖြစ်ဟာ နည်းနည်းတော့ ရင်လေးစရာ ကောင်းနေမှာ အမှန်ပါပဲ။ ဒါပေမယ့် "လူမိုက်ကြီး" လို့ သတ်မှတ်တဲ့ အထိတော့ မဖြစ်သင့်။





သို့သော်. . . တစ်ခုသော ဘီယာဆိုင်၏ ခပ်နိမ့်နိမ့် စားပွဲလေးတစ်ခုမှ သူ့အား သူငယ်ချင်းတစ်ယောက်က ထိုအတိုင်း သတ်မှတ်ခဲ့ဖူးသည်။ သည်တုန်းက တက္ကသိုလ် ထွန်းနောင်၏ စတီရီယို ခေတ်ဦးပိုင်းက သီချင်းတစ်ပုဒ် ဖြစ်သော. . .

"လူမိုက်ကြီးရယ်လေ. . . စိမ်းကားသူကိုမှ . . . ချစ်လိုက်တာတုန်. . . "

ဟူသည့် သီချင်းစာသား အပိုင်းအစလေး တစ်ခုကို ရွတ်ဆိုရင်း သူ့အား မခံချင်အောင်စခဲ့ဖူးသည်ကို ယခုတိုင် စိတ်ပျက်ဖွယ် အမှတ်ရနေမိသည်။ 'လူမိုက်ကြီး'. . တဲ့၊ ဟုတ်မှာပဲ၊ မိန်းကလေးတစ်ယောက်ကို ချစ်တယ်ဆိုတာ ဖွင့်မပြောရဲလောက်အောင် တိတ်တိတ်ကလေး အစွဲအလမ်းကြီးစွာ ချစ်နေမိတာဟာ ဆင်ခြင်တုံတရား ကင်းမဲ့တဲ့ လူမိုက် တစ်ယောက်ရဲ့ လုပ်ရပ်ပဲ ဖြစ်မှာပါ။

"မီးကိုချစ်တယ်"

သူမနှင့်တွေ့တိုင်း ထိုစကားကို စိတ်ထဲမှ အဖန်ဖန် အထပ်ထပ် ရေရွတ်နေခဲ့မိသော်လည်း သူမကို ဖွင့်ဟပြောဖို့ အတွက်တော့ ဘယ်တုန်းကမှ သူ့သတ္တိမကောင်းခဲ့။ သူမစိတ်ဆိုးသွားမှာ၊ စိတ်အနှောင့်အယှက် ဖြစ်သွားမှာကို စိုးထိတ်စွာ ပူပန်ခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်ဟူသော စကားကို ကြားသည့်အခါ သူမ အသေအချာကို စိတ်ဆိုးသွားပေလိမ့်မည်။ ဒါမှမဟုတ်လည်း အံ့ဩသွားမည်။ ပြောလက်စ စကားတို့ကိုရပ်ပြီး စူးရဲသော အကြည့်ဖြင့် သူ့အား စိုက်ကြည့်ချင် ကြည့်မည်။ ပြုံးနေသော နီးစွေးပါး လျှသည့် သူမ၏ နှုတ်ခမ်းလှလှတို့ ဝိုင်းစက် သွားကြမည်။ ပြီးတော့ တဆတ်ဆတ်တုန်ချင်တုန်လာမည်။

ဘာပဲဖြစ်ဖြစ်. . .

အနည်းဆုံးတော့ သူမရှက်သွားပေလိမ့်မည်။

ထိုသို့ သူမရှက်သွားမှာ။ စိတ်အနှောင့်အယှက် ဖြစ်သွားမှာကိုပင် သူ စိုးရိမ်ခဲ့သည်။ ထိုစိုးရိမ်စိတ်ကပင် သူ့ ရင်ထဲမှ စကားတို့ကို မိုန်ဖျော့ပါးလျစွာ ကြွင်းကျန်ရစ်စေခဲ့ခြင်း ဖြစ်သည်။

(၄)

လုံးဝ မသောက်ရသေးသည့် အပေါ်ကြောမျှား တင်းနေသော အေးစက်စက် လက်ဖက်ရည်ခွက်ကို မယူ လိုက်စဉ်မှာပင် သူမတို့ မုန့်ဟင်းခါး စားပြီးသွား ကြကြောင်း သတိပြုလိုက်မိသည်။

လက်ကိုင်ပဝါနှင့်အတူ လုံးခြေဆုပ်ကိုင်ထားသည့် လက်ဖဝါးအတွင်းမှ ငါးရာတန် တစ်ရွက်ကို ထုတ်၍ မုန့်ဟင်းခါး





ဖိုးရှင်းပေးရင်း သူရှိရာဘက်သို့ သူမ ဝေ့ဝဲ ကြည့်သည်။ စူးရှ အေးစက်လွန်းသော သူမ၏ အကြည့်တို့ကို ရှောင်လွှဲ လိုက်နိုင်သော်လည်း လိုအပ်သည် ထက်ပို၍ ကျယ်လောင်စွာ ပြောလိုက်သော. .

"လက်ဖက်ရည် သောက်ကြရအောင်. . . တဲ့" ဟူသည့် စကားသံကိုတော့ ရှောင်လွှဲ၍မရ၊

တစ်ချိန်တုန်းက သည်လိုပင် သူ့အားချိုနွဲ့စွာ သူမ ပြောခဲ့ဖူးသည်။

ကြည်လဲ့တောက်ပသော နေ့လယ်ခင်း အချို့နှင့် ရွှေအိုရောင် ဆည်းဆာချိန်များစွာအား ခပ်ညံ့ညံ့လက်ဖက်ရည် ဆိုင်လေး၌ သူနှင့်သူမ ရင်ခုန်စွာ အတူတကွ ခြွေဖွဲ့ခဲ့ဖူး ကြသည်။ ခုတော့ ထိုသို့သော အခြေအနေမျိုးကို ဘယ်တော့မှ ပြန်လည် ရရှိနိုင်တော့မည်မဟုတ်မှန်း (သူမ၏ မျက်ဝန်း စိမ်းစိမ်းတွေအရ) သိပ်ကို သေချာသွားခဲ့ပြီဖြစ်သည်။

ခိုင်လုံသော အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ, တင်းပြတ် ရှောင်ခွာသွားခဲ့သည့် သူကို သူမဘက်မှ နားလည် နိုင်မည် မဟုတ်သလို၊ ဘယ်လိုမှလည်း နားလည် ခွင့်လွှတ် လိမ့်မည်မဟုတ်။ အရာရာသည် ချွတ်ချော် လွဲမှားမှုများစွာဖြင့် နှောင်းလွန်းစွာ နောက်ကျသွားခဲ့ပြီ ဖြစ်သည်။

အကြည့်တစ်ချက်အဝေ့ သူမတို့နှစ်ယောက် သူထိုင် နေရာ လက်ဖက်ရည်ဆိုင်ဆီသို့ လျှောက်လှမ်းလာကြကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သတိပြုလိုက်မိသည်။ သူနှင့်သူမ၏ တစ်ရံရောအခါက ပတ်သက်ခဲ့မှုကို ရိပ်မိထားပုံရသော သူမ၏အဖော်က သူ့ကို တစ်ချက်လှမ်းကြည့်သည် ထိုအကြည့်မှာ ပိုင်ရှင်သစ်က ပိုင်ရှင်ဟောင်းကို အားနာစွာ လှမ်းကြည့်လိုက်သည့် အကြည့်မျိုးဖြစ်သည်။

တကယ်တော့ သူမနှင့်ပတ်သက်လျှင်သူသည် ဘယ်တုန်းကမှ ပိုင်ရှင်မဖြစ်ခဲ့ဘူးကြောင်း သူမ၏ အဖော် နားလည်ဖို့ ကောင်းပါသည်။

ခေါင်းကိုငုံ့ထားသော်လည်း ဆိုင်တွင်းသို့ သူမတို့ ဝင်လာကြပြီဖြစ်ကြောင်း သူသိလိုက်သည်။ မျက်စိရှေ့မှ ဖြတ်သန်း သွားသည့် သူမ၏ ဝင်းမွတ်ပြည့်တင်းသော ခြေသလုံးသားနှင့် ခြေခုံမို့မို့လေးကို အမြတ်တနိုး နမ်းရှိုက်ကြည့်ချင်သော ရူးမိုက်သည့် စိတ်ကူးတစ်ခု ပေါ်ပေါက်ခဲ့ဖူးကြောင်း သူ အမှတ်ရလိုက်မိသည်။

သည်တုန်းက သူ့အား အနှောင့်အယှက် ပေးတတ်သည့် အရာများစွာထဲတွင် အနက်ရောင် ကတ္တီပါဖိနပ်လေး စီးထားတတ်သည့် ခြေခုံမို့မို့လေးလည်း တစ်ခုအပါအဝင် ဖြစ်ခဲ့ဖူးသည်။

ထိုရွှေဝါရောင် ခြေခုံမို့မို့လေးနှင့် မွေးညှင်းနုလေးများ ပါးလျ ယှက်သန်းနေသည့် ခြေသလုံးလေးသည် သူ့အား အိမ်မက် ထဲအထိပင် ရင်ခုန် လှိုက်မောစွာ ကတုန်ကယင် ဖြစ်စေခဲ့ဖူးလေသည်။



သူ့နံဘေးမှ သူမအဖြတ် မွှေးပျံ့ချိုအီသော သူမ၏ ရင်ခုန်ဖွယ်ရာ ကိုယ်သင်းနံ့က လူးလွန့် ကျန်ရစ်ခဲ့သည်။ သူမ၏ ကိုယ်သင်းနံ့ကို နောက်ဆုံးအကြိမ်အဖြစ် အမြတ်တနိုး ရှူရှိုက်ရင်း သူ ထိုင်ရာမှ ထရပ်လိုက်မိသည်။

ပြန်တော့မယ်။

ကစားဝိုင်းတစ်ခုမှာ ဆက်မကစား နိုင်လောက်အောင် အပြီးတိုင် ရှုံးနိမ့်သွားပြီဖြစ်တဲ့ လူတစ်ယောက်ရဲ့ နောက်ဆုံး မျှော်လင့်ချက်ဟာ ဒါပါပဲ။

အောင်နိုင်သူတွေရဲ့ နံဘေးက တိတ်တိတ်ကလေး ထွက်ခွာသွားဖို့ပါပဲ။

အိတ်ကပ်ထဲက ခပ်နွမ်းနွမ်း ငါးဆယ်တန် တစ်ရွက်ကို ထုတ်၍ စားပွဲပေါ် သူချလိုက်သည်။ ထိုအချိန်မှာပင် သူမတို့ဆီမှ ရယ်သံတစ်ချို့က သူ့ဘက်သို့ လွင့်မျော၍ လာကြသည်။

ဆည်းလည်းခတ်သံ တစ်ခုပမာ သာယာကြည်လင် လွန်းသော သူမ၏ ရယ်သံလွင်လွင်တို့က လှောင်ပြောင် သရော်ရိပ်တို့ စွန်းထင်းနေကြကြောင်း သူကြေကွဲစွာ သတိပြုလိုက်မိသည်။

ဒါဟာ အရှုံးသမားတစ်ယောက်ကို သူမ နှစ်သိမ့် လိုက်တာပေါ့။

တစ်ချိန်တုန်းက သူမကို စွဲလမ်းမြတ်နိုးစွာ တိတ်တခိုး ချစ်ခဲ့ဖူးတဲ့ လူတစ်ယောက်ကို အဆုံးစွန် ထိုးနှက်လိုက်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ သူ့အဖြစ်တွေကိုသာ သူမသိခဲ့ရင် ခုလို ရယ်မောပါ့မလား။ ပြီးခဲ့တဲ့ ဆောင်းနှောင်းကာလတစ်ခုမှာ သူမရဲ့အမေ သူ့အိမ်ကို ရောက်လာခဲ့တာ. . .

သူမ စာမေးပွဲဖြေမပြီးမချင်း သူမနဲ့ အဆက်အသွယ် မလုပ်ဖို့၊ အိမ်မလာဖို့။ ဖုန်းမဆက်ဖို့ တင်းကျပ်စွာ ပိတ်ပင် သွားခဲ့တာ . . .

အဲဒါတွေကိုသာသိရင် သူမ ခုလို လှောင်ပြောင် ရယ်မောနိုင်မှာလား။

ဘဝအတွက် အရေးကြီးသော ဆယ်တန်းစာမေးပွဲကို သူမ အောင်မြင်စွာ ဖြတ်သန်းနိုင်ရေးအတွက် သူမအမေ၏ ဆန္ဒအတိုင်း သူမကို သူ ရှောင်ခွာဖြစ်ခဲ့သည်။ သို့သော်. . . ထိုကိစ္စများမှာ သူ့အတွက် လွယ်ကူချောမွေ့သည့် ကိစ္စ များတော့ မဟုတ်ခဲ့။ ခက်ခဲပင်ပန်းသော နာကျင်ကြမ်းရှ သောရင်နှင့် ရင်းခဲ့ရသည့်ကိစ္စများ ဖြစ်သည်။

သူမနှင့် တွေ့ဆုံနေကျအချိန်။

သူမနှင့် ဖုန်းဆက် စကားပြောနေကျ အချိန်။

သူမနှင့် လက်ဖက်ရည်ဆိုင် အတူတူ ထိုင်နေကျအချိန်။

စသည့် အချိန်များမှာ သူ့အတွက် ရှင်လျက်နှင့် သေဆုံးခဲ့ရသော အချိန်များပဲဖြစ်သည်။

တွေ့ချင်လျက်နှင့် သူမအတွက် တမင်မတွေ့ဘဲ ရှောင်ကြဉ်ခဲ့ရသည်။



စကားပြောချင်စိတ်ဖြင့် ဖုန်းခွက်ကို အခါခါမပြီးမှ အကြိမ်ကြိမ် ပြန်ချဖြစ်ခဲ့သည်။

သူမ စားမေးပွဲဖြေစဉ် ကာလတစ်လျှောက်လုံး သူမ ဖြေနိုင်ပါ့မလား စိုးရိမ်စိတ်ဖြင့် အိပ်၍မပျော်ဘဲ ညပေါင်း များစွာ မိုးစင်စင်လင်း ဖြစ်ခဲ့ရသည်။

သူ့အတွက် အဆိုးဆုံး ဖြတ်သန်းခဲ့ရမှုကတော့ စာမေးပွဲ ပြီးဆုံးစကာလများ၌ ဖြစ်သည်။ သူ့ကိုနာကျင်စိတ်ဖြင့် စာမေးပွဲ ဖြေပြီး နောက်တစ်နေ့မှာပင် နယ်သို့ ရက်ပေါင်းများစွာ သူမ ရှောင်ခွာသွားခဲ့ကြောင်း မသိဘဲ သူမတို့လမ်းထိပ်၌ သူမ ထွက်အလာကို နေ့တိုင်းလိုလို သူစောင့်မျှော်ဖြစ်ခဲ့သည်။

မီး ခဏခဏသေတတ်တဲ့ ဆေးပေါ့လိပ်ကို မီးညှိ ဖွာရှိုက်ရင်း သီချင်းသို့မဟုတ် ကဗျာအပိုင်းအစ လေးများကို ရွတ်ဆိုရင်း သူမကို ရင်ဖွင့်ရှင်းပြဖို့ စကားလုံးတွေကို စီရင်း . . .

နာရီပေါင်းများစွာ. . .

နေ့ပေါင်းများစွာ. . .

ဒါပေမယ့် . . . အရာရာဟာ ခုတော့. . .

မှုန်ရီပါးလျစွာ ကြေမွပြီးဆုံးသွားခဲ့ပါပြီ။ ပြန်လည် ဆက်စပ်လို့ မရနိုင်လောက် အောင်ကို ပြီးဆုံးသွားခဲ့ပြီ၊

သူနှင့်သူမအကြား၊ ကိုကိုနှင့် မီးအကြား အကြောင်း အရာများစွာဟာ ချွတ်ချော် တိမ်းစောင်းစွာ စနစ်တကျ လွဲမှားခဲ့ကြခြင်းသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၅)

လက်ဖက်ရည်ဆိုင် အမိုးစွန်းအောက်မှ ခပ်စိပ်စိပ် ကျဆင်းနေသော မိုးရေစက်များအောက်သို့ သူ တိုးဝင်လိုက်သည်။ ခဏလေးအတွင်းမှာပင် သူ့တစ်ကိုယ်လုံး ရွှဲရွှဲစို သွားကြသည်။

ခပ်လှမ်းလှမ်း ကွမ်းယာဆိုင်၌ မိုးခိုနေကြသော မျက်မှန်း တန်းမိနေသည့် မျက်နှာအချို့က သူ့ကို လှမ်းကြည့်ကြသည်။ ထိုအကြည့်များထဲမှ စပ်စု စူးစမ်းသည့် အရိပ်အယောင်တို့ကို သူသတိပြုလိုက်မိသည်။

သူတို့ သိနေကြပြီလား၊

တိတ်တိတ်ကလေး ချစ်ပြီး၊ တိတ်တိတ်ကလေး အသည်းကွဲသွားရတဲ့ လူမိုက်ကြီး တစ်ယောက်ရဲ့အဖြစ်တို့ သူတို့ ရိပ်မိနေကြပြီလား၊

မသိပါစေနဲ့ ။

တဆိတ်ကျေးဇူးပြုပြီး ဘယ်သူမှ မသိပါစေနဲ့တော့။

တစ်ချိန်တုန်းက "ကိုကို" လို့ ချိုနွဲ့စွာ သူမခေါ်ဝေါ်ခဲ့ဖူးတဲ့ လူတစ်ယောက်ဟာ စောစောလေးကပဲ ခပ်ညံ့ညံ့ လက်ဖက်ရည် ဆိုင်လေး တစ်ဆိုင်ထဲမှာ အပြီးတိုင် သေဆုံးသွားခဲ့ပါပြီ။

အနာဂါတ် မျှော်လင့်ချက်တွေ. . .

ပစ္စုပ္ပန် ယုံကြည်မှုတွေ . . .

စိတ်ကူးယဉ် အိမ်မက်လှလှတွေနဲ့. . .

သူ ခေါင်းအုံးအောက်က မပြီးဆုံးသေးတဲ့ (ဘယ်တော့မှလည်း ပြီးဆုံးတော့မှာမဟုတ်တဲ့) သူမအတွက် ရည်ရွယ်ရေးသား ထားခဲ့တဲ့ ရင်ဖွင့်လွှာတွေ. . .

အဲဒါတွေ အားလုံးဟာ တစ်စစီပျက်သုဉ်း ရှင်သန်နိုင်မှုမဲ့စွာ သေဆုံးသွားခဲ့ကြပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

(၆)

လေပြင်းတစ်ချက်အဝှေ့ မိုးရေစက်တို့က အရှိန်ပြင်းစွာ သူမျက်နှာဆီသို့ စွေစောင်းတိုးဝှေ့လာကြသည်။

မျက်တောင်အခတ်၌ မိုးရေဟု သူယုံကြည်သော အရည်တချို့ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာကြလေသည်။

* * * * * * * *

# စာစု (၁၇)

" သူလို မင်းမျိုးမင်းနွယ်တစ်ယောက်က သူကဲ့သို့ မဟာဆိုမဟာသွေး မဟုတ်သည့် သာမာန်လူများနှင့် တန်းတူရည်တူ ဆက်ဆံစကား ပြောနေရခြင်းမှာ ဘယ်လိုမှ မလျော်ကန်လှပါ"

www.burmeseclassic.com

www.burmeseclassic.com

အိမ်
ရှေ
မင်း
ဆော်
စ်
ပျော်
ရာ

(၁)

မှတ်မှတ်ရရ အိမ်မက်များနှင့် စတင်ခဲ့ခြင်းဖြစ်၏။

သူ ပထမဦးဆုံး အိမ်မက်စတင်မက်သောညသည် မဟာဝိဇ္ဇာဘွဲ့ အတွက် ကျမ်းပြုစုရန် စာအုပ်စာတန်းများရှာဖွေစုဆောင်းရင်း မောမောပန်းပန်းနှင့် စောစီးစွာ အိပ်ရာ ဝင်ဖြစ်ခဲ့သောညဖြစ်သည်။ ထိုညက သူသည် မင်းညီမင်းသား တို့၏ တောက်ပသော အဝတ်အစားမျိုးဖြင့် မြင်းဖြူကြီးကိုစီးလျက် တောကစားထွက်နေခဲ့သည်ဟု အိမ်မက်မက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အိမ်မက်ထဲ၌ ပန်းနုရောင် တောင်းတော် ဖြူလွှသော ပိုးသားပျော့ ဝတ်စုံတို့ဖြင့် သူ၏ ဟန်ပန်က ခန့်ညားထည်ဝါလှသလို၊ နောက်လိုက်ခြွေရံတို့ကလည်း များပြားလှပါသည်။ သူတောကစားထွက်ရာနေရာက သူ၏ ကိုယ်ပိုင်ဥယျာဉ်တော်ဖြစ်၏။ ထို့ထက် ထူးဆန်းသည်က သူ့အား အိမ်ရှေ့ဥပရာဇ မင်းသားလေးဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ဘယ်လောက်ဆန်းကြယ်လိုက်တဲ့ အိမ်မက်လဲ။

အိပ်ရာမှ နိုးတော့ အိမ်မက်အကြောင်းပြန်စဉ်းစားရင်း ကျေနပ်ပီတိဖြစ်စွာ၊ အတန်ကြာအောင် သူမိန်းမော နေမိသည်။

အိမ်ရှေ့မင်းသား-တဲ့။

ထိုဝေါဟာရက သူ့ရင်ထဲသို့ သပ်နှင့်ရိုက်သွင်းလိုက်သလို စွဲနစ်ဝင်ရောက်သွားလျက်၊ နောက်နေ့တစ်နေ့လုံး ထိုအခေါ် အဝေါ်ကိုသာ မကြာခဏကြားယောင်နေမိသည်။ ဤသို့ဖြင့် သူ၏ ဘဝဟောင်းအား ပြန်လည်တွေ့ရှိမည့် အဖြစ်အပျက်တို့ အစပျိုးလာခဲ့ခြင်းဖြစ်သည်။



(၂)

သို့သော် ထိုကိစ္စအား ချက်ချင်းတော့ သူ မရိပ်မိခဲ့ပါ။ ထို့အတူ အိမ်မက်ကိုလည်း စိတ်ဝင်စားဖွယ်ကောင်းသော သာမန် အိမ်မက် တစ်ခုအဖြစ်သာ သူယူဆခဲ့သည်။ ထို့ထက် ပို၍ဆိုရပါမူ စိတ်စွဲလမ်းမှုကြောင့်မက်သော အိမ်မက်ဟုပင် သူသတ်မှတ်ခဲ့ပါသေးသည်။

အကြောင်းကတော့ မဟာဝိဇ္ဇာဘွဲ့အတွက် သူပြုစုမည့် ကျမ်း၏ အမည်အား၊ ထီးသုံးနန်းသုံးမြန်မာစကားဟု အမည်ပေး ထားခဲ့ခြင်းကြောင့် ဖြစ်သည်။ လိုအပ်သည့် စာအုပ်စာတန်းများ ရှာဖွေစုဆောင်းခြင်းမှအပ ထိုကျမ်းနှင့် ပတ်သက်၍ ဘာတစ်ခုမှ မစတင်ရသေးသည့်တိုင် ကျမ်း၏


www.burmeseclassic.com

www.burmeseclassic.com

ခေါင်းစဉ်ကပင် ထိုသို့သော အိမ်မက်မျိုး မြင်မက်ရန် လုံ့လောက်သည့် အကြောင်းအရာ ဖြစ်သည်ဟု သူယုံကြည်ခဲ့သည်။

ထို့ကြောင့်ပင် နောက်ထပ် ရက်အနည်းငယ်အကြာ၌ ထိုအိမ်မက်အား သူမေ့လျော့သွားခဲ့ခြင်းဖြစ်သည်။ သို့သော် သူ၏ မေ့လျော့နိုင်မှုက သိပ်တော့ကြာကြာမခံခဲ့။ ပထမဆုံး အိမ်မက်ကို မြင်မက်ပြီး တစ်လတိတိအကြာ၊ သူ၏ ကျမ်းအတွက် ခေါင်းစဉ်ငယ်များခွဲပြီးသည့် ညမှာပင် ဝတ္ထုဆန်လှသော အိမ်မက်က သူ့ထံသို့ ဒုတိယအကြိမ်မြောက် ထပ်မံရောက်ရှိလာခဲ့သည်။

သည်တစ်ခါတော့ တောကစားထွက်ခြင်းမျိုး၊ မဟုတ်တော့ဘဲ၊ သူ၏ ဖခမည်းတော်ဟု ယူဆရသော ဘုရင်မင်းမြတ် တိုင်းခန်း လှည့်လည်ရာနောက်သို့ လိုက်ပါ ရသည်ဟု မြင်မက်လေသည်။ ကကြိုးတန်ဆာတို့ဖြင့် ငွေရိုးတပ် ကျောက်စီခြားကိုလွယ်လျက် မြင်းဖြူကြီး စီးကာ ခမည်းတော် နောက်မှ လိုက်ပါရသည်။

ထိုအိမ်မက်သည်လည်း ပထမအကြိမ် မက်စဉ်ကလိုပင် တိုတောင်းလျင်မြန်စွာ ပြီးဆုံးသွားခဲ့သည်တိုင်၊ အိမ်မက်ကြောင့် အံ့သြကျေနပ်ရသည့် ခံစားမှုတို့ကတော့ တော်တော်နှင့် မပြီးဆုံးနိုင်ခဲ့ပါ။



ဘာဖြစ်လို့များ ခုလိုအိမ်မက်မျိုးကို ထပ်ပြီး မက်ရတာပါလိမ့်။ ဇဝေဇဝါဖြစ်မှုနှင့်အတူ အိမ်မက်အပေါ် စိတ်ဝင်စားမှုတို့က ပထမအကြိမ် မက်စဉ်ကထက်ပင် ပိုမိုရှန်းကြွ၍ လာလေသည်။

သူ၏ စိတ်ဝင်စားမှုတို့အား ပြင်းထန်သည်ထက် ပြင်းထန်လာစေသော အချက်ကတော့၊ နောက်ပိုင်းရက်များ၌ နှစ်ရက်ခြား တစ်ခါ သုံးရက်ခြားတစ်ခါဆိုသလို၊ ထိုသို့သော အိမ်မက်မျိုးကို မကြာခဏ မြင်မက်ခြင်းဖြစ်သည်။

အိမ်မက်တွင်းမှ အဖြစ်အပျက်တို့က တစ်ခါနှင့် တစ်ခါမတူဘဲ မျိုးစုံပြောင်းလဲနေသည့်တိုင်၊ အိမ်မက်ထဲ၌ သူသည် အိမ်ရှေ့ ဥပရာဇာဖြစ်သည်ဆိုသော အချက်ကတော့ အနည်းငယ်မှ မပြောင်းလဲခဲ့ပါ။

ကြာတော့ အိမ်မက်၏ လွှမ်းမိုးမှုအား တောင့်မခံနိုင်တော့ဘဲ အိမ်မက်ထဲကလိုပင်သူဟာ ရှေးဘဝက အိမ်ရှေ့မင်းသား တစ်ပါးဖြစ်ခဲ့လေသလားဟု ဇဝေဇဝါဖြစ်လာ ရလေသည်။ ထိုအတောအတွင်း တိုက်ဆိုင်စွာပင် သူ၏ ဇဝေဇဝါဖြစ်မှုအား ထင်မြင်ယူဆမှုတစ်ခု အဖြစ်သို့ ရောက်ရှိစေမည့်အဖြစ်အပျက်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

ထိုကိစ္စအား သူလက်ထပ်ရန်ရည်ရွယ်ထားသည့် ချစ်သူကောင်မလေးက စတင်ခဲ့ခြင်းဖြစ်သည်။ ပုံမှန်အားဖြင့် သူက ဗေဒင်လက္ခဏာ ဝါသနာပါသူမဟုတ်သလို အကြားအမြင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်ကိုလည်း ယုံကြည်သူမဟုတ်ပါ။ သို့သော် ချစ်သူမိန်းကလေးက အကြားအမြင်ဆရာတစ်ယောက်ဆီ သွားချင်သည်ဟု ဆိုလာသော အခါမှာတော့ သူမနှင့်အတူ အဖော်လိုက်ပေးရန်မှာ သူ၏ တာဝန် ဖြစ်လာတော့သည်။

ဤသို့ဖြင့် အလွန်နာမည်ကြီးသည်ဟုဆိုသော အကြားအမြင်ဆရာထံသို့ သူရောက်ရှိခဲ့ခြင်းဖြစ်သည်။ အုန်းပွဲ၊ ငှက်ပျောပွဲများ များစွာထိုးထားသည့် နတ်စင်ရှေ့မှ ဝတ်ဖြူစင်ကြယ်နှင့် ထိုပုဂ္ဂိုလ်ရှေ့သို့ ရောက်ချိန်အထိ သူ၌ မေးမြန်းရန် စိတ်ကူးရာ မေးခွန်းပါ အနည်းငယ်မျှမရှိခဲ့။ သူ၏ ချစ်သူမိန်းကလေး မေးမြန်းသော အကြောင်းအရာ များကိုသာ စိတ်မပါစွာ နားထောင်နေမိသည်။

မိန်းကလေးက အချိန်နာရီဝက်ခန့်နှင့် ပိုက်ဆံတစ်ရာကို အကုန်ခံပြီးချိန်မှာတော့ ဘာစိတ်ကူးပေါက်သည်မသိ၊ သူ့ဘက်သို့ လှည့်ကာ-

"မောင်ကော မေးပါလား"

ဟု တိုက်တွန်းလာလေသည်။

သူခေါင်းယမ်းမည်ပြုပြီးမှ အကြားအမြင်ဆရာအား အားနာစိတ်ဖြင့် ခေါင်းညိတ်ပြလိုက်ရသည်။

"ဆို - ဘာမေးချင်သလဲ"

သူ၏ လက်ချောင်းထိပ်ဖျားကို အကြားအမြင်ဆရာက ၎င်း၏ လက်နှင့်ထိကိုင်ထားရင်းပြောသည်။ ဘာမေးချင်





သလဲတဲ့။ အင်း- ဘာမေးရမှာပါလိမ့်၊ စီးပွားရေး၊ လူမှုရေး၊ ဒါမဟုတ် ပညာရေး အထူးသဖြင့် သူကျွမ်းပြုနေသော ထီးသုံးနန်းသုံး မြန်မာစကား ကိစ္စ။ ဒါမဟုတ်-။

ရုတ်တရက် သူ့ခေါင်းထဲ၌ တစ်စုံတစ်ရာကို ဖြတ်ခနဲ သတိရလိုက်မိပြီး မေးခွန်းတစ်ခုကို ကောက်ခါငင်ခါမေးချလိုက်သည်။

"ကျွန်တော်ဟာ အရင်ဘဝတုန်းက ဘာဖြစ်ခဲ့ဖူးသလဲ"

သူ၏မေးခွန်းအား အချိန်အတော်ကြီးကြာမှ အကြားအမြင် ဆရာက တစ်လုံးချင်းပြန်လည် အဖြေပေးသည်။

"ခင်ဗျားဟာ ဟိုးရှေးဘဝတုန်းက မင်းမျိုးမင်းနွယ် ဖြစ်ခဲ့လိမ့်မယ်၊ ဘုရင်သော်လည်းကောင်း၊ ဒါမှမဟုတ် အိမ်ရှေ့မင်းသော် လည်းကောင်း ဖြစ်ရမယ်"

ထိုအဖြေက သူ၏ အိမ်မက်များ၌သာမက သူ၏ စိတ်ကူးများ၌ပါ၊ သူ့အား အိမ်ရှေ့မင်းသားအဖြစ်သို့ ရောက်ရှိစေခဲ့သော အဖြေဖြစ်လေသည်။

သည့်နောက်ပိုင်းတော့ ထူးခြားဆန်းကြယ်သည့် တိုက်ဆိုင်မှုများအား ဆက်တိုက်ဆိုသလို ကြုံတွေ့လာရတော့သည်။

ဥပမာ - သူပြုစုနေသော ကျမ်းနှင့်ပတ်သက်သည့် အချို့သော ထီးသုံးနန်းသုံး ဝေါဟာရတို့အား ကျမ်းကိုးစာအုပ်များကို ကောက်ကိုင်စရာမလိုဘဲ အဓိပ္ပါယ်နှင့် သုံးနှုန်းပုံတို့ကို သူ့အလိုလို နားလည်နေခြင်းမျိုး။



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားပြတိုက်သို့ရောက်စဉ် ကြက်သီးများ ဖျန်းခနဲထလျက် ထိုပြတိုက်အတွင်းရှိ ပစ္စည်းများအားလုံးကို သူတရင်းတနှီး သိမြင်ခဲ့ဖူးသည့်ပမာ ခံစားရခြင်းမျိုးတို့ ဖြစ်သည်။

သေချာပါတယ်၊ သူဟာ တကယ့်ကို မင်းမျိုးမင်းနွယ် ဖြစ်ခဲ့ဖူးတဲ့လူပါပဲ။ ထိုယုံကြည်မှုတို့ ခိုင်မာသည်ထက် ခိုင်မာလာသည် နှင့်အမျှ သူ့၌ စဉ်းစားစရာ မေးခွန်းတို့ ပေါ်ပေါက်လာရသည်။ သူဟာ မင်းမျိုးမင်းနွယ်ဖြစ်ခဲ့ဖူးတယ် ဆိုတာ၊ ဘယ်မင်းလက်ထက်ကလဲ ဘယ်ရှင်ဘုရင်ရဲ့သားလဲ၊ သူ့ရဲ့ အိမ်ရှေ့ ဥပရာဇာဘွဲ့က ဘာလဲ။

ထိုမေးခွန်းတို့ကို သိချင်စိတ်က တားဆီး၍ မရနိုင်လောက်အောင် ရှန်းကြွလာသော အခါမှာတော့ သူ၏ ကျမ်းပြုစုခြင်း ကိစ္စကိုပင် ဆက်မလုပ်ဖြစ်တော့ဘဲ၊ တစ်ဝက်တစ်ပျက်နှင့် ရပ်ဆိုင်းသွားတော့သည်။ လောလောဆယ် သူ့အတွက် အရေးကြီးသောကိစ္စမှာ မဟာဝိဇ္ဇာဘွဲ့ မဟုတ်သလို၊ ထိုဘွဲ့အတွက် တင်ရမည့် ကျမ်းလဲမဟုတ်တော့။ သူ၏ ဘဝဟောင်းသာဖြစ်သည်။

ထိုဘဝဟောင်းအတွက် သဲလွန်စရလိုရငြား အကြားအမြင် ဆရာထံ ဒုတိယအကြိမ်မြောက် ထပ်သွား သော်လည်း အကြားအမြင်ဆရာက သူသိချင်သော ကိစ္စတို့ကို ရေရေရာရာ အဖြေမပေးနိုင်ခဲ့။





ထိုရက်ပိုင်းအတွင်း သူ၏ ချစ်သူမိန်းကလေးက သူ့ရင်ထဲမှ စိတ်စွဲလမ်းနေမှုတို့နှင့် ပတ်သက်၍ အနည်းငယ် ရိပ်မိစပြု လာသည်။ တစ်ရက်သူနှင့်အတူ မြို့ထဲသို့ သွားစဉ်၊ မုန့်ဟင်းခါး စားရအောင်ဟုဆိုသည်။ သူကြည့်လိုက်တော့ မုန့်ဟင်းခါးဆိုင်က လမ်းဘေး၌ အထမ်းနှင့်ရောင်းသည့် ခပ်ညံ့ညံ့ဆိုင်မျိုးဖြစ်၏။ သူစိတ်ပျက်ရွံရှာသွားလျက် ခေါင်းကို ခါယမ်းလိုက်သည်။

"မစားဘူး"

ခပ်ထန်ထန်ဖြစ်နေသော သူ့အသံကြောင့် မိန်းကလေးက နားမလည်သလို သူ့အားမော့ကြည့်၏။

"ဘာဖြစ်လို့လဲ"

"ရာဇက္ကန္ဓြေမဲ့တယ် ဟုတ်လား၊ ဘာလဲဟင် - မောင်က ရှင်ဘုရင်လား"

"မဟုတ်ဘူး၊ အိမ်ရှေ့မင်းသား"

တကယ့်ကို တလေးတနက် ပြန်ပြောနေမိခြင်းဖြစ်၏။

နောက်မှ သတိရပြီး စကားလမ်းကြောင်းလွှဲလိုက်သော်လည်း မိန်းကလေးကတော့ ထိုနေ့တစ်နေ့လုံး သူ့အား ထူးဆန်းသော နားမလည်နိုင်သော အကြည့်တို့ဖြင့်သာ တစ်ချိန်လုံးစိုက်ကြည့်နေခဲ့လေသည်။

ဘဝဟောင်းအား စွဲလမ်းမှုကြောင့် ပစ္စုပ္ပန်ကို မေ့လျော့သွားသည့် အဖြစ်မျိုးမကြာခဏ ဖြစ်ပျက်လာသော အခါ

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ မိန်းကလေးက သူ၏ အစွဲကိုချွတ်ရန်ကြိုးစားတော့သည်။သို့သော် သူကတော့ နည်းနည်းလေးမှ လက်မခံခဲ့ပါ။

"ဒီမယ် ကိုယ်ပြောတာကို သေသေချာချာ နားထောင်စမ်း၊ ကိုယ်ဟာ တစ်ချိန်တုန်းက အိမ်ရှေ့မင်း ဖြစ်ခဲ့ဖူးတယ်ဆိုတာ အမှန်ပဲ၊ အဲဒါကို ဘာနဲ့သက်သေပြမလဲလို့ မေးရင်တော့ ကိုယ်မဖြေတတ်ဘူး။ ဒါပေမယ့် ကိုယ်သိနေတယ်၊ အဲလို သိအောင် ကိုယ့်ကို အိမ်မက်တွေက ပြောပြကြတယ်"

"မောင် ခုတလော ကျမ်းပြုတဲ့ကိစ္စအတွက် သိပ်ပင်ပန်းနေတယ် မဟုတ်လား၊ ပြီးတော့ အတွေးတွေကလည်း များတော့"

"ဟင့်အင်း အဲဒီကျမ်းကို ကိုယ်ရပ်ထားတာကြာပြီ။ ဒါဟာ ကျမ်းပြုတဲ့ကိစ္စနဲ့ ဘာမှမဆိုင်ဘူး၊ ကိုယ်ပြောတာကို ယုံပါ"

သို့သော် မိန်းကလေးက ယုံကြည်ပုံမရ။ အတွေးတွေများလွန်းပြီး စိတ်စွဲလမ်းမှုလွန်ကဲခြင်းကြောင့်ဟု ယူဆလျက်၊ ဆရာဝန် တစ်ယောက်ယောက်နှင့်ဆွေးနွေးရန် အကြံပြု၏။ ဆရာဝန် တစ်ယောက်ယောက်ဟု ဆိုသော်လည်း မိန်းကလေး ရည်ညွှန်းသော ဆရာဝန်မှာ ဘယ်လို ဆရာဝန်ဖြစ်နိုင်သည်ကို သူတွေးလိုက်မိသဖြင့် ထောင်းခနဲ ဒေါသထွက်သွားရသည်။



"ကိုယ်ဘယ်ဆရာဝန်နဲ့မှ ဆွေးနွေးစရာမလိုဘူး၊ ဆွေးနွေးဖို့ လိုတယ်ဆိုရင်လည်း ကိုယ်နဲ့ဆွေးနွေးရမယ့်လူဟာ ဆရာဝန် မဟုတ်ဘူး၊ ကိုယ့်ရဲ့ဘဝဟောင်းကို ပြန်ပြောနိုင်မယ့် လူမျိုးဖြစ်ရမယ်"

သူ ယတိပြတ်ပြောလိုက်သောအခါမှာတော့ မိန်းကလေး ဘာမှ မတုံ့ပြန်တော့ဘဲ သက်ပြင်းကိုသာ ဖွဖွချလိုက်လေသည်။

(၄)

သူ၏ စိတ်စွဲမှုတို့က တငွေ့ငွေ့ လောင်မြိုက်နေသည့် ဖွဲမီးပမာ အချိန်ကြာလေ၊ အရှိန်ပြင်းလေ ဖြစ်လာတော့၏။

သူ၏ အိမ်မက်များကလည်း နှစ်ရက်ခြား သုံးရက်ခြား တစ်ခါမက်သည့် အဆင့်မှ ညစဉ်ဆိုသလို ဆက်တိုက် မက်လာရုံမျှမက ဘတ်စ်ကားစီးရင်း မှေးခနဲအိပ်ငိုက် သွားသည့် အချိန်မျိုး၌ပင် ထိုအိမ်မက်တို့က သူ့ထံသို့ မပျက်မကွက် ရောက်ရှိလာတတ်မြဲဖြစ်သည်။ အိမ်မက် မက်ချိန်၌ စိတ်ကြည်နူးရသော်လည်း၊ အိမ်မက်မှ လန့်နိုးသည်နှင့် သူစိတ်ပျက်ရမြဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် အဆိုးဆုံး စိတ်ပျက်ရမှုကတော့ လူတွေနှင့် ဆက်ဆံ စကားပြောရခြင်း ဖြစ်သည်။ သူလို မုန်းမျိုးမင်းနွယ် တစ်ယောက်က သူကဲ့သို့ မဟာဆိမဟာသွေး မဟုတ်သည့် သာမန်လူများနှင့် တန်းတူရည်တူ ဆက်ဆံစကားပြော နေရခြင်းမှာ ဘယ်လိုမှ မလျော်ကန်လှပါ။

ထို့ကြောင့် နောက်ပိုင်း၌ လူတွေနှင့် စကားမပြော ဖြစ်အောင် တတ်နိုင်သမျှ သူရှောင်တော့၏။ သူ၏ အခန်းကျဉ်း လေးထဲမှ အပြင်မထွက်ဘဲ ခိုအောင်းနေလိုက် ခြင်းဖြင့် လူတွေနှင့် ကင်းဝေးအောင် ကြိုးစားနိုင်ခဲ့သော်လည်း တစ်ပတ်တစ်ခါ စနေနေ့တိုင်း သူထံသို့ ရောက်လာတတ်သည့် ချစ်သူမိန်းကလေး ကိုတော့ သူရှောင်ဖို့ မလွယ်လှပါ။ သို့သော် နောက်ပိုင်းမှာတော့ ထိုမိန်းကလေးကိုပါ ရှောင်နိုင်သည့် နည်းလမ်းအသစ်တစ်ခုကို သူရှာဖွေတွေ့ရှိခဲ့သည်။

ထိုနည်းလမ်းကတော့ မိန်းကလေးရောက်ရှိ လာတတ်သည့် စနေနေ့တိုင်း ရွှေတိဂုံဘုရား သို့မဟုတ် ဗိုလ်တစ်ထောင် ဘုရား၌ တစ်နေကုန်သွားလိုက်ခြင်းပင် ဖြစ်သည်။ ယင်းသို့ အပတ်စဉ် ဘုရားသွားဖြစ်ခဲ့ခြင်းကြောင့် သူ့ရင်ထဲမှာ တငွေ့ငွေ့ လောင်မြိုက်နေသည့် စိတ်စွဲမှုဖွဲ့မီးကို ဝုန်းခနဲ တောက်လောင် စေမည့် အဖြစ်အပျက်နှင့် ကြုံတွေ့ခဲ့ရခြင်း လည်း ဖြစ်သည်။



ထိုနေ့က မိုးဖွဲဖွဲလေးရွာနေခဲ့ပြီ၊ သူ၌ ထီးမပါလာခဲ့ပါ။ ထို့ကြောင့် ဘုရားပေါ်ရောက်တော့ လူရှင်းရာ တန်ဆောင်း တစ်ခု၌ သူမိုးခိုနေခဲ့သည်။ ယင်းအချိန်မှာပင် ထူးဆန်းသော အဖြစ်အပျက်က စတင်ခဲ့ခြင်းဖြစ်သည်။ သူမိုးခိုနေရာ တန်ဆောင်းဆီသို့ နယ်မှ သူ့အမေ၏ အသက်အရွယ်လောက် ရှိသော ယောဂီဝတ်အမျိုးသမီးကြီးတစ်ဦး မိုးခိုရန်ရောက်ရှိ လာခဲ့သည်။ ထူးဆန်းသည်မှာ မိုးခိုရန်ရောက်သည်နှင့် ထိုယောဂီဝတ် အမျိုးသမီးကြီးက သူ့အား မျက်တောင်မခတ် စိုက်ကြည့်နေခဲ့ခြင်းဖြစ်သည်။ သူအနည်းငယ် စိတ်ကျဉ်းကြပ် လာသဖြင့် မျက်နှာလွှဲရန်ကြိုးစားလိုက်သည်။ သို့သော် ထိုအချိန်မှာပင် အမျိုးသမီးကြီးက သူ့ထံသို့ ဦးတည်လျှောက် လှမ်း၍လာသည်။

သူ့အနားရောက်တော့ အမျိုးသမီးကြီးက ထူးဆန်းသော နာမ်စားတစ်ခုကို သုံး၍ သူ့အား ခေါ်ဝေါ်လိုက်၏။ အမျိုးသမီးကြီး အသုံးပြုလိုက်သည့် နာမ်စားက သားတော် ဟူ၍ဖြစ်သည်။ သူ အံ့သြစွာမော့ကြည့်လိုက်တော့၊ သူ့အား ပြုံးကြည့်နေသော အမျိုး သမီးကြီးက “ မင်းမယ်တော်ဘုရားကို မမှတ်မိဖူးလား” ဟုမေးလေသည်။

သားတော် - ပြီးတော့ မယ်တော်ဘုရား သူကြွက်သီးများ ဖျန်းခနဲထလျက်၊ ယောက်ရမ်းစွာ ထိုင်ရာမှ ထရပ်ရင်း ခေါင်းငြိမ် ယမ်းပြလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ ဟိုးရှေးဘဝတုန်းက မယ်တော်ဘုရားနဲ့ သားအမိတော်စပ်ခဲ့ဖူးတယ်၊ မင်းကို မယ်မယ်လိုက်ရှာနေခဲ့တာ ခုဆို နှစ်ပေါင်းတစ်ထောင်နီးပါးရှိပြီ သားတော်ရဲ့"

အမျိုးသမီးကြီး၏ အသံကအံ့ဩဖွယ် ကောင်းလောက်အောင် နူးညံ့ညင်သာလှသလို၊ အမျိုးသမီးကြီး၏ စကားကလည်း စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

သေချာတယ်၊ ဒါဟာ သူ့အတိတ်ဘဝရဲ့ သဲလွန်စတစ်ခု မဟုတ်ဘူးလို့ ဘယ်သူငြင်းနိုင်မလဲ။

" ကျွန်တော်ဟာ တစ်ချိန်တုန်းက အိမ်ရှေ့မင်းသားဖြစ်ခဲ့ဖူးတယ်"

စကားသံတို့က သူ့နှုတ်ဖျားမှ အလိုအလျောက် ထွက်ကျသွား၏။

" သားတော် - မှတ်မိသားပဲ"

" ဟင့်အင်း "

သူ ငြင်းလိုက်သည်။

"ကျွန်တော် မမှတ်မိဘူး။ ဆိုလိုတာက ကျွန်တော်ဟာ ဘယ်သူ့ရဲ့သားလဲ၊ ကျွန်တော့်ရဲ့ နာမည်က ဘာလဲ မမှတ်မိဘူး"

" မင်းဟာ မယ်မယ်ဘုရားရဲ့ သားပေါ့ အလောင်းစည်သူမင်းနဲ့ ရတနာပုံလို့ခေါ်တဲ့ မယ်မယ်ဘုရားရဲ့သား၊ မင်းရဲ့ဘွဲ့က မင်းရှင်စော"

"မင်းရှင်စော"





" ဟုတ်တယ် "

မြတ်စွာဘုရား၊ လက်စသတ်တော့ သူဟာ အလောင်းစည်သူမင်းရဲ့သားတော် အိမ်ရှေ့ ဥပရာဇာမင်းသား မင်းရှင်စော ဖြစ်နေပါပေါ့လား။

" မင်းမှာ မင်းစောစံဆိုတဲ့ ညီတစ်ယောက်ရှိသေးတယ်၊ သူကအခုတောင်ကြီးမြို့မှာ လူအဖြစ် ပြန်ဝင်စားတယ်၊ မင်းနဲ့တွေ့ပြီး မယ်မယ် သူ့ဆီကို သွားရဦးမယ်"

" ဟို - ကျွန်တော့်အဖေ"

" ခမည်းတော်"

အမျိုးကမီးကြီးက သူ့စကားကို ပြင်ပေး၏။

" ဟုတ်ကဲ့ - ကျွန်တော်ရဲ့ ခမည်းတော်ကကော အခု ဘယ်မှာလဲ"

" သူကတော့ ရသေ့အဖြစ်နဲ့ ကောလာသတောင်မှာ မွေ့ပျော်နေတယ်၊ ဒါပေမယ့် သိပ်မကြာခင် သူ မယ်မယ်တို့ဆီ ရောက်လာမှာပါ"

" ဒီကိုလား"

" မဟုတ်ဘူး၊ သားတော်ကိုယ်တိုင် တည်ခဲ့တဲ့ မန္တလေးမြို့က ရွှေကျီးမြင်ဆိုတဲ့ ဘုရားကို ရောက်လာမှာ။ ဒီနေ့ကစပြီး၊ ခြောက်လတိတိပြည့်တဲ့နေ့မှာ မယ်မယ်တို့ မိသားစု တစ်စု အဲဒီဘုရားမှာ ပြန်ဆုံကြမယ်။ နောက်ပွင့်မယ့် (အရိမေတ္တယျ) မြတ်စွာဘုရားကို ဖူးနိုင်ဖို့ မယ်မယ်တို့



www.burmeseclassic.com

www.burmeseclassic.com



သမထဘာဝနာကို ပွားများကြရမယ်၊ သာသနာပြုလုပ်ငန်းတွေ လုပ်ကြရမယ်။ သမ္မသက်ပ္ပ ဖြစ်အောင်ကြိုးစား ကြရမယ်"

နောက် ခြောက်လဟူသော အချိန်ကာလက သူ့အတွက် စိတ်ပျက်ဖွယ် ရှည်လျားလှပါသည်။

" အခု ဆုံလို့ မရနိုင်ဘူးလား "

"မယ်မယ် တောင်ကြီးမြို့ကိုသွားပြီး မင်းရဲ့ ညီတော်နဲ့ တွေ့ရဦးမယ်"

" ကျွန်တော် လိုက်လို့မရဘူးလား"

သူစိတ်အားထက်သန်စွာ မေးလိုက်၏။ သို့သော် သူ၏ မယ်တော်ဟူသော အမျိုးသမီးက ခေါင်းကိုညင်သာစွာ ခါယမ်းငြင်းဆန်လိုက်သည်။

" သားတော်မှာ အခုလောလောဆယ် အဓိသီလ သိက္ခာမပြည့်စုံသေးဘူး၊ အဲဒီတော့ အဓိသီလဖြစ်အောင် ဒီခြောက်လ အတွင်းမှာ ဒုစရိုက်ဆယ်ပါးကို ရှောင်ကျဉ်ပါ။ နောက်ပြီး ဘဝဟောင်းကိုလည်း သားတော် ပြည့်ပြည့်စုံစုံ မမှတ်မိသေးဘူး၊ ဒါကြောင့် ခုချိန်ကစပြီး ဘဝဟောင်းကို မြင်အောင် ရှုရမယ်။ နေ့စဉ်ညဆက် ရှုရမယ်၊ ဘဝဟောင်းကို သေသေချာချာ မှတ်မိပြီဆိုမှ မယ်မယ်တို့ ပြန်ဆုံလို့ရမယ်။ ခြောက်လဆိုတာ နှစ်ပေါင်းတစ်ထောင်လောက်နဲ့ ယှဉ်လိုက်ရင် ဘာမှမကြာပါဘူး သားတော်"

ခြောက်လတဲ့၊ သူ့ရဲ့ဘဝဟောင်းကို ပြန်ရောက်ဖို့ ခြောက်လတိတိ သူကြိုးစားရမှာပါလား၊ သူတွေးတောနေစဉ် မှာပင် ငေးပ်ဖွဲ့ဖွဲ့ရွာသွန်းနေသော မိုးက တိခနဲ ရပ်ဆိုင်းသွား၏။



" ကဲ-မယ်မယ်သွားဦးမယ်၊ ဘဝဟောင်းကို ပြန်မြင်အောင် ခြောက်လအတွင်းမှာ သားတော်ကြိုးစားပါ။ ဖြစ်နိုင်ရင် ဘဝဟောင်းနဲ့ နီးစပ်နိုင်သမျှ နီးစပ်အောင် သားတော် ကျင့်ကြံနေထိုင်ပါ"

ထို့နောက် သူတစ်စုံတစ်ရာ မတားဆီးနိုင်ခင်မှာပင် ဘဝဟောင်းမှ သူ၏ မယ်တော်က သူ့ရှေ့မှ ညင်သာစွာ ထွက်ခွာ သွားလေတော့သည်။

(၅)

သူ၏ မိခင်ဟောင်းနှင့် ပြန်လည်တွေ့ဆုံခဲ့ခြင်းက သူ့အတွက် အံ့ဩဝမ်းသာဖွယ် တိုက်ဆိုင်မှုဖြစ်သလို၊ ဤဝတ္ထု အတွက် ဇာတ်ရှိန်မြင့်မားမှုလည်းဖြစ်သည်။ ထိုဇာတ်ရှိန် ကြောင့် နောက်ခြောက်လအကြာ၌ သူတို့မိသားစု လေးယောက် ပြန်လည်တွေ့ဆုံ ကြပါ့မလားဟု စိတ်တထင့်ထင့်နှင့် ပူပန်ဖွယ်ရှိသော်လည်း ကျွန်တော်တို့ စိုးရိမ်သလိုမဟုတ်ဘဲ အမှန်တကယ်ကို ပြန်လည်ဆုံခဲ့ ကြပါသည်။ သို့သော် မိသားစုလေးယောက်စလုံး ပြန်တွေ့ခြင်းမဟုတ်ပါ။ သူနှင့်သူ၏ မယ်တော်နှစ်ဦးတည်းသာ ပြန်လည်တွေ့ဆုံ ကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

(အနည်းငယ် အံ့သြဖွယ်ကောင်းသည်မှာ ထိုသို့တွေ့ဆုံခဲ့ကြောင်းကို နောင်အခါ သူ ပြန်လည်မမှတ်မိတော့ခြင်းဖြစ်သည်။ သူနှင့်သူ၏ မယ်တော်တွေ့ဆုံခဲ့ပုံမှာ အောက်ပါအတိုင်းဖြစ်၏။)

သူ၏ မိခင်ဟောင်းနှင့် တွေ့ဆုံခဲ့ပြီး ခြောက်လတိတိကြာသောနေ့၌ သူ၏ သူငယ်ချင်းနှစ်ယောက်နှင့် သူ၏ ချစ်သူမိန်းကလေးက သူ့အား အငှားကားတစ်စီးဖြင့် တစ်နေရာသို့ ခေါ်ဆောင်သွားခဲ့၏။

(ထိုနေရာသည် စိတ်ရောဂါကုဆေးရုံ တစ်ခုဖြစ်ကြောင်း သူမမှတ်မိတော့ပါ။)

ဆေးရုံသို့အရောက် တစ်လတစ်ခါ လျှပ်စစ်နှိပ်ကုထုံးနှင့် ဆေးကုသမှုခံယူနေရသော အညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အမျိုးသမီးကြီး တစ်ဦးနှင့် ဆုံစည်းခဲ့၏။ (ထိုအမျိုးသမီးကြီးသည် မိဖုရားသေလို့ဝင်စားတာဟု စိတ်စွဲနေသည့် ယဉ်ယဉ်လေးနှင့် ရှူးနေသူဖြစ်ကြောင်း။ သူ၏ ဘဝဟောင်းမှမယ်တော်ဟု ပြောခဲ့ဖူးသည့် အမျိုးသမီးကြီးဖြစ်ကြောင်း သူမမှတ်မိတော့ပါ။)

ထိုအချိန်က သူမှတ်မိနေတာဟူ၍ တစ်ခုတည်းသာရှိ၏။ ယင်းမှာ တစ်ချိန်တုန်းက သူသည် အိမ်ရှေ့ဥပရာဇာမင်းသား တစ်ပါးဖြစ်ခဲ့ဖူးသည်ဟူသော အချက်ပင်ဖြစ်သည်။

* * * * * * * * * *

# အခန်း (၁၈)

"ခပ်တုံးတုံး ဘရိတ်ဓားတစ်ချောင်းနှင့် မုတ်ဆိတ်ရိတ်ရသလို ဘဝမှာ အဆင်မပြေမှုတွေ တဖြည်းဖြည်း များပြားလာသောအခါ နှင့် ညဘက်အိပ်မပျော်သည့်ရောဂါ စွဲကပ်လာသောအခါမှာတော့ ညဥ့်နက်သန်းခေါင် ဝရန်တာ၌ တစ်ယောက်တည်း ထွက်ရပ်တတ်သည့် အလေ့အထတစ်ခုကို ကျွန်တော်ရရှိလာခဲ့ပါသည်"

www.burmeseclassic.com

www.burmeseclassic.com

## ဝ
## ရန်
## တာ

(၁)

ဝရန်တာတံခါးကို တွန်းဖွင့်လိုက်သည်နှင့် ညဥ့်သိပ်လေတို့က ကျွန်တော်ထံသို့ သုတ်ခနဲ တိုးဝင်ရောက်ရှိလာကြသည်။ အမှန်ဖြစ်သင့်သည်မှာညဥ့်နက်လေသာ ဖြစ်သော်လည်း တစ်ညလုံး တံခါးပိတ်ထားသဖြင့် ကျွန်တော်ထံ ရောက်ရှိမလာနိုင်ကြသော ထိုလေတို့အား အပြင်ဘက်၌ ညသိပ်ခံထားရသောလေအဖြစ်သာ ကျွန်တော်ယူဆပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ယူဆခြင်းမှာ ယူဆခြင်းသာဖြစ်၍ အမှန်တရား မပေါ်တ်။ တကယ့်အမှန်တရားမှာ ကျွန်တော့်ရှေ့ ခြေသုံးလှမ်းအကွာ၌ ဝရန်တာလက်ရမ်းတစ်ခုရှိနေခြင်း ဖြစ်သည်။

အနီရောင်ဆေး လိမ်းခြယ်ထားသော ထိုဝရန်တာလက်ရမ်းသည် မြေပြင်မှပေသုံးဆယ်ကျော်မြင့်မားသော်လည်း ဝရန်တာ ထက်မှလူတစ်ယောက်ကိုတော့ သုံးပေမျှလောက်သော မဖြစ်ညစ်ကျယ်အမြင့်ကလေးတစ်ခုဖြင့်သာ ကာရံထားနိုင်ပါသည်။ ဘာဘဲဖြစ်ဖြစ် ထိုဝရန်တာ လက်ရမ်းနားသို့ချဉ်းကပ်လိုက်မည်ဆိုပါက ကိုယ့်ထက် ပေသုံးဆယ်ကျော်နိမ့်သော အရာများအား ငုံ့ကြည့်နိုင်မည် ဖြစ်သလို ခပ်ဝေးဝေးမှအရာတို့ကိုလည်း လှမ်းမျှော် ကြည့်ရှုနိုင်မည် ဖြစ်သည်။

ထို့ပြင် စီးကရက်ကိုဖွာရှိုက်ရင်းဖြစ်စေ၊ လေညှင်းခံရင်းဖြစ်စေ၊ ရောက်တတ်ရာရာ တွေးတောစိတ်ကူးနိုင်ရုံမျှမကအကယ်၍ ကလေးဆန်စွာလွှတ်လပ်လိုသည်ဆိုပါက စက္ကူအပိုင်းအစများ၊စက္ကူလေယာဉ်ပျံများကို လွှတ်ချပြီး အောက်သို့ဝေ့ဝဲကျဆင်းသွားသော ထိုအရာများအား ငုံ့ကြည့်ပျော်ရွှင်နိုင်ပါသေးသည်။လုပ်မည်ဆိုလျှင် ဝရံတာအစွန်း၌ ကျွန်တော်တို့ လုပ်နိုင်သော ကိစ္စများအတော်များများ ကျန်ရှိနေပါသေးသည်။



(၂)

အစပိုင်းကာလများက ဝရန်တာအစွန်း၌ ထွက်ရပ်ရန်ကိစ္စကို ကျွန်တော် စိတ်မဝင်စားခဲ့။ သို့သော် (ခပ်တုန်းတုန်းဘာလိပ်မားတစ်ချောင်းနှင့် မှတ်ဆိတ်ရိတ်ရသလို) ဘဝမှာ အဆင်မပြေမှုတွေ တဖြည်းဖြည်းများပြားလာသောအခါနှင့် ညဘက်အိပ်မပျော်သည့်ရောဂါစွဲကပ်လာသောအခါမှာတော့ ညဥ့်နက်သန်းခေါင် ဝရန်တာ၌ တစ်ယောက်တည်း ထွက်ရပ်တတ်သည့် အလေ့အထတစ်ခုကို ကျွန်တော်ရရှိလာခဲ့သည်။

ထို့ပြင် ကျွန်တော့်အား ဝရန်တာသို့ပုံမှန်ထွက်ရပ်ဖြစ်စေရန် စေ့ဆော်ပေးခဲ့သည့် အခြားအကြောင်းနှစ်ခုလည်းရှိသည်။ တစ်ခုမှာ ကျွန်တော့်အိမ်တွင်းရှိ သက်ရှိသက်မဲ့တို့အားရှောင်ပြေးလိုစိတ်ဖြစ်၏။ (ဝရန်တာ၌ တစ်ယောက်တည်း

www.burmeseclassic.com



ထွက်ရပ်နေသော အချိန်သည် ၎င်းတို့နှင့် ဝေးကွာနေသော အချိန်ဖြစ်သလို၊ ၎င်းတို့အားမေ့လျော့ထားနိုင်သော အချိန်လည်းဖြစ်သည်။) ထိုအချိန်သည် တဒင်္ဂပင်ဖြစ်ပါစေ၊ ထိုတဒင်္ဂသည် ကျွန်တော့်အတွက်ခြေလှမ်းပေါင်းများစွာ ထမ်းလာရသော ပခုံးထက်မှ အထုပ်ကိုချ၍ အမောဖြေလိုက်ရသူတစ်ယောက်ပမာ ပေါ့ပါးလွတ်လပ်သွားမြဲဖြစ်သည်။

သို့သော် တစ်ခုဝမ်းနည်းဖွယ်ကောင်းသည်မှာ ထိုပေါ့ပါးလွတ်လပ်မှု၏ နောက်ကွယ်၌ လေးလံကြပ်တည်းမှုများစွာက ကျွန်တော် ပြန်ဝင်လာမည့်အချိန်ကို အိပ်ခန်းတွင်းမှ ဟိတ်ဆိတ်စွာစောင့်ဆိုင်းနေကြခြင်းဖြစ်သည်။

လှပသေးသွယ်သလောက် အလိုလောဘကြီးမားသော ကျွန်တော်၏ဇနီး။ ပေးနိုင်သည်ထက် အမြဲတမ်းပိုမိုတောင်းဆိုတတ်ကြသော ကျွန်တော်၏ မိသားစု။

နှစ်ပေါင်းများစွာ ကျွန်တော့်အားတဖြည်းဖြည်း မျှင်း၍ သတ်နေခဲ့သော ကျွန်တော်၏စာကြည့်စားပွဲ။

ထိုအရာအားလုံးသည် ကျွန်တော်၏ဝန်ထုပ်ဝန်ပိုးများဖြစ်၏၊ ကျွန်တော်၏ နှောင်ကြိုးများဖြစ်၏၊ ထို့ပြင် ကျွန်တော်၏ အမုန်းမီးလျှံများလည်းဖြစ်၏၊ ရှင်းရှင်းသာ ဆိုပါရစေတော့. . .။

စာရေးခြင်းဟူသည့် ကော်ဖီခါးခါးတစ်ခွက် ဖျော်သလို၊ ရှပ်အင်္ကျီတစ်ထည်ချုပ်သလို၊ ဆယ်ငါးမိနစ်အမြန်လိုင်စင်





ဓာတ်ပုံရိုက်သလို အတတ်ပညာရှိရုံနှင့် လုပ်၍ရသော အလုပ်တစ်ခုမဟုတ်ပါ။ သို့သော် ထိုအကြောင်းကို ကျွန်တော့်အိမ်တွင်းမှ သက်ရှိသက်မဲ့များကမသိကြ။ ကျွန်တော့်ခေါင်းတွင်း၌ လေးလံမှုများမှလွဲ၍ ဘာမှမရှိကြောင်း သူတို့မသိကြ။

သူတို့သိသည်မှာ နောင်အခါ ငွေစက္ကူအဖြစ် ပြောင်းလဲသွားကြမည့် စာကြောင်းများ၊ စကားလုံးများ၊ ဝတ္ထုဇာတ်လမ်းများအား (ရေစိုအဝတ်ကို လက်ဖြင့်ညှစ်ချသလို) ကျွန်တော့်ထံမှ ညှစ်ယူရန်သာ ဖြစ်၏။ ကြာတော့ ကျွန်တော့်သည်းမခံနိုင်တော့ဘဲ ၎င်းတို့နှင့် ဝေးရာသို့ ထွက်ပြေးတော့သည်။ သို့သော် ကျွန်တော်အလွန်ဆုံး ပြေးနိုင်သောနေရာမှာ တံခါးပိတ်လိုက်လျှင်အိမ်မကြီးနှင့် အဆက်အသွယ် ပြတ်တောက်သွားသည့် ဝရန်တာသို့သာ ဖြစ်သည်။

ဤနည်းဖြင့် ကျွန်တော်သည် ညဉ့်နက်သန်းခေါင် ဝရန်တာထွက်ရပ်သူတစ်ယောက်အဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ကျွန်တော့်အားဝရန်တာထွက်ဖြစ်စေသည့် တခြားအကြောင်းတစ်ခုလည်း ရှိပါသေးသည်။ ထိုဒုတိယအကြောင်းမှာ ညစဉ်လိုလို မီးလင်းနေသော အခန်းတစ်ခန်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၃)

အကယ်၍ ကျွန်တော့်၌ရှိသည့် ရှေးဟောင်းမှန်ပြောင်းအိုကြီးတစ်လက်ကိုသာ အသုံးမပြုဖြစ်ခဲ့လျှင် ထိုအခန်းအားကျွန်တော် သတိပြုခဲ့မိလိမ့်မည် မဟုတ်ပါ။

သို့သော် တိုက်ဆိုင်စွာပင် တိမ်ကင်းစင်သော ညတစ်ည၌ကျွန်တော်သည် အဝေးကြည့်မှန်ပြောင်း တစ်လက်ကိုအသုံးပြုလျက် ဟိုဟိုဒီဒီလျှောက်ကြည့် နေခဲ့မိသည်။ကျွန်တော် ဦးစွာကြည့်မိသည်မှာ ကျွန်တော်တို့ တိုက်ရှေ့ခပ်လှမ်းလှမ်းရှိ ရပ်ကွက်ပန်းခြံဆီသို့ ဖြစ်သည်။

ရေမဝသဖြင့် ညှိုးငယ်နေသော ပန်းပင်များနှင့်ရေမလိုအပ်ပဲ ကြီးပြင်းလွယ်သော မြက်ရိုင်းပင်တို့ဖြင့်သာအစဉ်တိတ်ဆိတ် နေတတ်သော ထိုပန်းခြံသည် နေ့လယ်နေ့ခင်းအချိန်များ၌ပင် အပန်းဖြေသူတစ်ယောက်တစ်လေ





ကိုမှ မဆွဲဆောင်နိုင်ရှာပါ။ (သို့မဟုတ်ပါကလည်း ဤရပ်ကွက်တွင်းမှ လူများမှာ အပန်းဖြေခြင်းဟူသောကိစ္စထက် ပိုမိုလေးနက်သည့် ကိစ္စတို့ဖြင့် ရှုန်းကန်အလုပ်ရှုပ် နေရဟန်တူလေသည်။)

မည်သို့ပင်ဖြစ်စေ တစ်စုံတစ်ရာစိတ်ဝင်စားစရာမကောင်းသော ထိုပန်းခြံအား အဟန်ကြာအောင် ကျွန်တော်ကြည့်နေခဲ့မိသည်။ထို့နောက် ကျွန်တော်မှန်ပြောင်းကိုညာဘက်သို့အနည်းငယ်ရွေ့လိုက်သောအခါ၌ အထက်တန်းကျောင်းတစ်ကျောင်း၏ ခေါင်းမိုးက ကျွန်တော့်မြင်ကွင်းအတွင်းရိုပ်ခနဲ ဝင်ရောက်လာလေသည်။ ယင်းမှတဆင့်အုန်းလက်များ၊ သစ်ပင်များ၊ မီးလုံးကျွမ်းနေသောဓါတ်တိုင်များ၊ အကြာခဏ မီးရှူးမီးပန်းလွှတ်တင်၍အသံကျယ်ကျယ်မြည်ကာ ရပ်ကွက်တွင်းမှ လျှပ်စစ်ဓာတ်အားကို ဖြတ်တောက်လေ့ရှိသော ထရန်စဖော်မာတို့အားကျော်လွန်ကာ မီးလင်းနေသော အခန်းတစ်ခန်းက ကျွန်တော့်မှန်ပြောင်းတွင်းသို့ ဝင်ရောက်လာခဲ့သည်။

ထိုအခန်းတည်ရှိရာ ကန်ထရိုက်တိုက်ကြီးမှာ မြင်ကွင်းအရ စွေစောင်းသော အနေအထားဖြစ်၍ တိုက်ကြီးတစ်တိုက်လုံး မည်းမှောင်နေပြီး ပဥ္စမ သို့မဟုတ် ဆဌမဖြစ်ဟန်တူသော ထိုအခန်းတစ်ခန်းသာ မီးလင်းနေခြင်းဖြစ်သည်။ ညဘက်မီးဖွင့် အိပ်တတ်သူများရှိကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သိထားသော်လည်း ထိုအခန်း၏ လင်းထိန်ပုံမျိုးက တစ်ဆိတ် လွန်လွန်းလှသည်။ အိမ်ရှေ့မှစ၍ အိမ်နောက်ဖေးတိုင် ရှိသမျှ နီယွန်မီးချောင်းတို့ကို ထွန်းညှိထားခြင်းဖြစ်သည်။

ယခုခေတ်ကြီး၌ လျှပ်စစ်ဓာတ်အားကို ထိုမျှအထိ မဖြုန်းတီးပစ်သင့်ပါ။ အကယ်၍ ဓါတ်အားပေးဌာနကို မငဲ့ညာရင်တောင်မှ ၎င်း၏ အိပ်ကပ်တွင်းမှငွေစက္ကူတို့ကိုတော့ လေးစားသင့်ပါသည်။ မှန်ပြောင်းမြင်ကွင်းကို ပိုမိုပြတ်သားအောင်ချိန်ညှိပြီး ပြတင်းပေါက် များမှတဆင့် အခန်းတွင်းရှိ အရာတို့ကို မြင်နိုင်အောင်ကျွန်တော် ကြိုးစားလိုက်သည်။ ထိုအခါမှပင် ထိုအခန်းမီးလင်းနေခြင်းမှာ အမှောင်ထဲ၌ မအိပ်ရဲသဖြင့် မီးထွန်းထားခြင်းမဟုတ်ကြောင်း ကျွန်တော်သိခွင့်ရလိုက်သည်။ အကြောင်းမှာ အခန်းတွင်း၌ ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်နေသူ တစ်ယောက်ကို တွေ့လိုက်ရခြင်းကြောင့်ဖြစ်သည်။

ဤနည်းဖြင့် ကျွန်တော်၏သန်းခေါင်ယံ စိတ်အဆာဖြစ်လာမည့် အခန်းအား ရှေးဟောင်းမှန်ပြောင်းအိုကြီးတစ်လက်၏ အကူအညီဖြင့် ကျွန်တော်ရှာဖွေတွေ့ရှိနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့မှစ၍ ညစဉ်ဆိုသလို မီးလင်းနေတတ်သော ထိုအခန်းအား ညစဉ်ရက်ဆက် ဆိုသလိုပင် မှန်ပြောင်းတစ်လက်ဖြင့် ကျွန်တော်ကြည့်ရှုဖြစ်ခဲ့သည်။ တစ်ခါတစ်ရံ မီးဖိုချောင်အတွင်း အလုပ်ရှုပ်နေတတ်ခြင်း၊



(၎င်း၏ ညဥ့်လယ်စာ တစ်ခုခု ဖန်တီးခြင်းဖြစ်မည်ဟု ကျွန်တော်ယူဆပါသည်။) တစ်ခါတစ်ရံ ကျွန်တော် မမြင်သာသောနေရာ၌ ငြိမ်သက်နေတတ်ခြင်း၊ ထိုမှအပ ထိုအခန်းတွင်းရှိ တစ်စုံတစ်ယောက်သည် အများအားဖြင့် အိမ်ရှေ့မှ အိမ်နောက်ဖေးတိုင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၍ သာနေတတ်လေသည်။

လမ်းလျှောက်ခြင်းသည် ပန်းတိုင်တစ်ခုသို့ ဦးတည်ခြင်းဖြစ်၏။ သို့သော် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ခြင်းကတော့ ပန်းတိုင်မဲ့ခြင်းဖြစ်သလို စိတ်ဂဏာမငြိမ်ခြင်းလည်းဖြစ်သည်။ ထို့ပြင် ပစ္စက္ခတ်အခြေအနေတို့နှင့် ကင်းကွာနေခြင်းလည်း ဖြစ်နိုင် ပါသည်။ ဆိုလိုသည်မှာ တစ်စုံတစ်ရာကို တွေးတောခြင်း သို့မဟုတ် တွေဝေခြင်း၊ သို့မဟုတ် စောင့်ဆိုင်းခြင်း၊ သို့မဟုတ်...။ ဖြစ်နိုင်ခြေတို့မှာ အလွန်များပြားလှပါသည်။အဖြစ်နိုင်ဆုံးမှာ ထိုတစ်စုံတစ်ယောက်သည် ကျွန်တော်လိုပင် ညဘက်မအိပ်သူ တစ်ယောက်ဖြစ်နိုင်ခြင်းပင်။

ဤနေရာ၌ မအိပ်ခြင်းနှင့် အိပ်မပျော်ခြင်း ဟူသော ဝေါဟာရမှာ ခြားနားသလို အနက်အဓိပ္ပါယ်တို့မှာလည်း အလွန်ရှုပ်ထွေးနိုင်ပါသည်။ ဘာပဲဖြစ်ဖြစ် သေချာတာတစ်ခုမှာ ကျွန်တော့်လို ညဘက်မအိပ်သူတစ်ယောက် ရှိနေခြင်းဖြင့် ကျွန်တော့်အတွက် စိတ်ဖြေစရာတစ်ခု ရရှိနိုင်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၄)

မိုးလင်းနေသော အခန်းတစ်ခန်းနှင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတတ်သူ တစ်ယောက်အား၊ မှန်ပြောင်း တစ်လက်ဖြင့် ညပေါင်းများစွာ စောင့်ကြည့်သော အလုပ်သည် အခြားသူများအတွက်ဆိုပါက ပျင်းရိငြီးငွေ့ဖွယ် ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း ၊ ကျွန်တော့်အတွက်တော့ စိတ်ဝင်စားဖွယ်ရာ ပြည့်နှက်နေသော အလုပ်တစ်ခုသာ ဖြစ်ပါသည်။ ထိုထက်ပို၍ ဆိုရပါမူ ထိုတစ်စုံတစ်ယောက်အား စောင့်ကြည့်နေခြင်းဖြင့် ကျွန်တော်၏ အိပ်မပျော်နိုင်မှုကိုပင် မေ့လျော့ထားနိုင်ပါ သေးသည်။

သို့သော် ထိုတစ်စုံတစ်ယောက်မှာ ယောကျ်ားလား မိန်းမလား ဝေခွဲမရနိုင်သည်ကတော့ အနည်းငယ် စိတ်ပျက်စရာ ဖြစ်ပါသည်။ အကယ်၍ ကျွန်တော့် မှန်ပြောင်း၏ချဲ့အားသာ ယခုထက်ပိုမိုကောင်းမွန်ခဲ့လျှင်ဖြစ်စေ၊ သို့မဟုတ် ၎င်းသာ ဝရန်တာသို့ ထွက်လာခဲ့လျှင်ဖြစ်စေ၊ ထိုတစ်စုံတစ်ယောက်အား ကောင်းစွာမြင်တွေ့နိုင်မည်





ဖြစ်သော်လည်း ကံဆိုးသည်မှာ ကျွန်တော့် မှန်ပြောင်းက ပေါင်းနွမ်းနေသည့် အပြင် ၎င်း၏အခန်း၌လည်း ကျွန်တော်မြင်ရသည့် ဘက်အခြမ်း၌ ဝရန်တာတစ်ခုမှ ရှိမနေခြင်း ဖြစ်သည်။

ထို့ကြောင့် ရက်သတ္တပါတ်ပေါင်းများစွာ စောင့်ကြည့်ခဲ့သည့်တိုင်၊ ထိုတစ်စုံတစ်ယောက်အား ယောကျ်ားလား၊ မိန်းမလားဟု ကျွန်တော် မခွဲခြားနိုင်ခဲ့သလို ၎င်း၏ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ခြင်း အပေါ်၌လည်း ကျွန်တော် တစ်စုံတစ်ရာ အဖြေမရှာနိုင် ခဲ့ပါ။ တစ်ခါတစ်ရံ ၎င်းသည် ကဗျာဆရာသော်လည်းကောင်း၊ စာရေးဆရာသော်လည်းကောင်း သို့တည်းမဟုတ် အတွေးအခေါ် ပညာရှင်သော်လည်းကောင်း ဖြစ်ရမည်ဟု ကျွန်တော်ယူဆ၏။ အကြောင်းမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက် ခြင်းသည် စဉ်းစား တွေးခေါ်ခြင်းကို ကိုယ်စားပြုသောကြောင့် ဖြစ်သည်။

သို့သော် တစ်ခါတစ်ရံတော့လည်း ၎င်းအား ပြဿနာတစ်စုံတစ်ရာနှင့် ရင်ဆိုင်ကြုံတွေ့ နေရသူသို့မဟုတ် ကျွန်တော့်လိုပင် အလိုလောဘကြီးသော မိသားစုတစ်စုကို ပိုင်ဆိုင်ပြီး၊ ထိုမိသားစုမှ လွတ်မြောက်ထွက်ပြေးရန် နည်းလမ်းတို့ကို ရှာဖွေမတွေ့နိုင်သူ အဖြစ် ကျွန်တော်ထင်မြင်မိပြန်သည်။ အဘယ့်ကြောင့်ဆိုသော် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ခြင်း သည် တစ်ခါတစ်ရံကျွေဝေခြင်း သဘောကို ဆောင်သောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ စောင့်ဆိုင်းခြင်း၏ အနက်အဓိပ္ပါယ်အဖြစ် ယူဆမည်ဆိုလျှင်လည်း ယူဆနိုင်ပါသေးသည်။ ထိုသို့ ယူဆမည်ဆိုပါက ၎င်း စောင့်ဆိုင်းနေသော အရာမှာ ဘယ်လို အရာမျိုးလဲဟု ဆက်လက်စဉ်းစားရပါလိမ့်မည်။ ဥပမာ . . . ရပ်ဝေးမှ ရောက်ရှိလာမည့် ကြေးနန်းစာတစ်စောင်၊ သို့မဟုတ် ၎င်း၏ အိမ်ထောင်ဖက် သို့မဟုတ် နှိုးစက်နာရီ တစ်လုံး၏ အော်မြည်သံ သို့မဟုတ် တံခါးခေါက် သံတစ်ခု၊ သို့မဟုတ် ၎င်းစိုက်ပျိုးထားသည့် ပန်းပင်တစ်ပင်၏ ပန်းပွင့်ချိန်၊ သို့မဟုတ် မိတ်ဆွေတစ်ယောက်၏ တယ်လီဖုန်းခေါ်သံ။

တွေးမည်ဆိုလျှင် ရှည်လျားစွာဆက်လက် တွေးနိုင်သော်လည်း ကျွန်တော်၏ အတွေးတစ်ခုခု မှန်ကန်ကြောင်းကို ၎င်းမှအပ မည်သူမျှအတည်ပြု ပေးနိုင်လိမ့်မည်မဟုတ်ပါ။ တစ်ခါတစ်ရံတော့ ၎င်း၏အခန်းသို့သွားရောက်မိတ်ဖွဲ့ပြီး ၎င်း၏ပြဿနာကို မေးမြန်းကြည့်လျှင် သို့မဟုတ် ၎င်းနှင့် ပတ်သက်သည့် ကျွန်တော်၏ပြဿနာကို မေးမြန်းတင်ပြကြည့်လျှင် ကောင်းမလားဟု စဉ်းစား မိသော်လည်း ထိုကိစ္စမှာ အတော့်ကို ကြောင်စိစိနိုင်လှကြောင်း တွေးမိသဖြင့် ကျွန်တော် မလုပ်ဖြစ်ခဲ့ ။

ဤသို့ဖြင့် ကျွန်တော်၏ ညပေါင်းများစွာသည် မှန်ပြောင်းတစ်လက်နှင့် အတူ ဝရန်တာစွန်း၌ ကုန်ဆုံးခဲ့ရသလို၊ ၎င်းနှင့် ပတ်သက်သည့် ပဟေဠိမှာလည်း ကျွန်တော့်



ဦးနှောက်ကို တစ်စစ်စစ် နာကျင်ကိုက်ခဲလာခဲ့သည်။ (ကျွန်တော့်အား ညစဉ်ရက်ဆက် ဒုက္ခပေးခဲ့သော ထိုပြဿနာသည် ထိုမျှလောက်နှင့် ရပ်တန့်ခြင်းမရှိခဲ့။)

မေလ၏ လကုန်ပိုင်း ညတစ်ည၌ ကျွန်တော်အဖြေရှာမရသည့် ပုစ္ဆာ၏ အခက်အခဲဆုံးအပိုင်းက ရုတ်တရက်ဆိုသလို ရောက်ရှိလာခဲ့သည်။ ရုတ်တရက်ဟု သုံးနှုန်းရခြင်းမှာ ကျွန်တော် ရက်ပေါင်းတစ်ရာကျော် တစ်ညမပြတ် စောင့်ကြည့်ခဲ့သော အခန်းသည် ထိုညမှစ၍ မီးမှိတ်သွားခြင်း ကြောင့်ဖြစ်သည်။ ယခင်က မီးပျက်သောညများ၌ပင် အားဖြည့်မီးချောင်း အလင်းရောင်နှင့် လင်းထိန်နေခဲ့သော ထိုအခန်းမီးမှိတ်သွားခြင်းကို ကျွန်တော်ဘယ်လိုမှ လက်ခံ၍ မရပါ။ မဖြစ်နိုင်တာပဲ။ မီးချောင်းတွေ မထွန်းဘူး ဆိုရင် တောင်မှ တစ်နေရာရာမှာတော့ မီးလုံး တစ်ပွင့်တစ်လေ ထွန်းညှိထားမှာပါ။

သို့သော် ကျွန်တော်မျှော်လင့်ချက်မှာ အချည်းနှီးသာ လျှင်ဖြစ်သည်။ ထိုအခန်းသည် ထိုညမှစတင်၍ မီးပြန်လင်းလာခြင်း မရှိတော့။ ကျွန်တော်ကတော့ ထိုအဖြစ်အပျက်ကို မယုံကြည်နိုင်အောင် ဖြစ်နေမိလေသည်။

တကယ်တော့ မီးလင်းနေသော အခန်းတစ်ခန်းနှင့် ပဟေဠိသည် ထိုအခန်း မီးမှိတ်သွားသည်နှင့် နိဂုံးချုပ်သွားသင့်သော်လည်း လက်တွေ့မှာတော့ ထိုအခန်းမှသာ

www.burmeseclassic.com

www.burmeseclassic.com

လေးနက်စွာ အစပျိုးလာခဲ့ခြင်းဖြစ်သည်။ နောက်ထပ်ည အတော်များများအား ထိုအခန်းမီးပြန် လင်းလာနိုးဖြင့် ဇွဲကောင်းစွာစောင့်ကြည့်ခဲ့သည်တိုင် မီးမလင်းမှန်း သေချာ လာသောအခါမှာတော့ ထိုအခန်းရှိရာလမ်းဆီသို့ ကျွန်တော် ရောက်ရှိသွားလေတော့သည်။

(၅)

ကျွန်တော့်ဝရန်တာမှဆိုပါက ထိုအခန်းရှိရာသို့ မျက်စိ မှိတ်၍ပင် မလွဲတမ်းခန့်မှန်းနိုင်ခဲ့သော်လည်း၊ တကယ်တကယ် ထိုလမ်းတွင်းသို့ ရောက်ရှိသွားချိန်မှာတော့ ကျွန်တော် ထိုအခန်းအားတွေ့အောင် မရှာဖွေနိုင်ခဲ့ပါ။

လမ်းအနေအထားနှင့် တူညီမြင့်မားသော တိုက်ကြီး များက ကျွန်တော့်အား မျက်စိလည်စေခဲ့သလို၊ ထိုအခန်းသည် ပဉ္စမထပ်လား၊ ဆဋ္ဌမထပ်လား မသဲကွဲသည်ကလည်း ကျွန်တော့်စိတ်ကို ဇဝေဇဝါ ဖြစ်စေခဲ့သည်။ နောက်ဆုံးတော့ ထိုလမ်းတွင်းမှ လူအချို့၏ အကူအညီကို ကျွန်တော်ယူရ တော့သည်။



"တဆိတ်ဗျာ။ ဒီလမ်းထဲမှာ အရင်တုန်းက မီးလင်း နေတဲ့အခန်း တစ်ခန်းရှိခဲ့ဖူးတယ် မဟုတ်လား။ အဲဒါ ဘယ်အခန်းလဲဆိုတာ ကျေးဇူးပြုပြီး ကျွန်တော့်ကိုလမ်းညွှန်ပါ။

ကြောင်စိစိနိုင်လှသော ကျွန်တော့်မေးခွန်းအား တုံ့ပြန် ကြပုံက ကျွန်တော့်ကို ကြောင်စိစိအကြည့်ဖြင့် ပြန်ကြည့် ခြင်းပင် ဖြစ်သည်။ ကြာတော့ ကျွန်တော်၏ ရှာပုံတော်ဖွင့်ခြင်း ကိစ္စအား လက်လျှော့ကာ၊ ကျွန်တော်၏ဝရန်တာနှင့် မှန်ပြောင်းကိုသာ ပြန်လည်အားကိုးရလေတော့သည်။

သို့သော် ကျွန်တော်၏ ဇွဲနပဲကြီးမှုအတွက် မည်သည့် ဘုရားသခင်ကမှ ကောင်းချီး မပေးကြ။ မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်ကတော့ တော်တော်နှင့် စိတ်မလျှော့ခဲ့။ မီးလင်းနေသော အခန်းမှ တစ်စုံတစ်ယောက် သည် ခရီးရက်ရှည် ထွက်သွားခြင်း ဖြစ်မည်ဟူသော အတွေးနှင့် နောက်ထပ်ညပေါင်းများစွာ၊ နောက်ထပ်ရက်သတ္တပတ် ပေါင်းများစွာ ကျွန်တော် ပဟေဠိဖြစ်ခဲ့သော ထိုအခန်းအား ဆက်လက်ကြည့်ရှုခဲ့၏၊ သို့သော် ထိုအခန်းသည် ယနေ့ တိုင်အောင် မီးပြန်လင်းလာခြင်း မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com

(၆)

ဝရန်တာတံခါးကို တွန်းဖွင့်လိုက်သည်နှင့် ညဥ့်သိပ်လေတို့က ကျွန်တော့်ထံသို့ တိုးဝင်ရောက်ရှိ လာကြသည်။ ကျင့်သားရ နေသော မျက်လုံးတို့က ယခင်က မီးလင်းခဲ့ဖူးပြီး၊ ယခု မီးမလင်းတော့ပြီဖြစ်သော အခန်းဆီသို့ ဖျတ်ခနဲဆိုသလို ရောက်ရှိသွားကြ၏။ သို့သော်ကျွန်တော့် လက်ထဲမှာတော့ မည်သည့် မှန်ပြောင်းမှမရှိပါ။

ရှေးဟောင်းမှန်ပြောင်း အိုကြီးတစ်လက်နှင့် ထိုအခန်းအား စောင့်ကြည့်သောကိစ္စကို ကျွန်တော်စွန့်လွှတ်ခဲ့သည်မှာ အတော်ကြာခဲ့ပြီဖြစ်သည်။ သို့သော် ညစဥ့်မပျက် ဝရန်တာသို့ ထွက်၍ ကျွန်တော်၏ အိပ်မပျော်သော ညများအား ကျွန်တော်သိချင်နေခဲ့သော မေးခွန်းတို့ကို ကိုယ့်ဘာသာကိုယ် အဖြေရှာရင်း ကုန်းဆုံးစေမြဲဖြစ်သည်။

မေးခွန်းနှစ်ခုမှာ မီးလင်းခဲ့ဘူးသော အခန်းအား သွားရှာစဥ်က ထိုလမ်းတွင်းမှလူများအား မေးချင်ခဲ့သော မေးခွန်း ဖြစ်သည်။ ထိုမေးခွန်းတို့မှာ 'ပြီးခဲ့တဲ့ရက်တွေတုန်းက၊ ဒီလမ်းထဲက အိမ်ပြောင်းသွားတဲ့ အခန်းတစ်ခန်းရှိသလား။'



ဒါမှမဟုတ် 'ထူးထူးဆန်းဆန်း အဖြစ်အပျက်တစ်ခု၊ အသုဘနာရေး တစ်ခုခုဖြစ်ပျက်ခဲ့ဖူးသလား' ဟူသည့် မေးခွန်းဖြစ်သည်။

ထိုမေးခွန်းတို့အပြင် နောက်ထပ်ကျွန်တော် သိချင်နေသေးသည့် မေးခွန်းတစ်ခုလည်းရှိပါသေးသည်။ ယင်းမှာ မီးလင်းခဲ့ဖူးသော အခန်း၏ ကျွန်တော်မမြင်ရသော အပိုင်း၌ ဝရန်တာတစ်ခုရှိခဲ့သလားဟူသည့် မေးခွန်းဖြစ်သည်။ သို့သော် မေးခွန်းမှာ မေးခွန်းဖြစ်၍ အမှန်တရားမဟုတ်ပါ။ တကယ့် အမှန်တရားမှာ ကျွန်တော်ရှေ့၌ အနီရောင်လက်ရန်းကာရံထားသည့် ဝရန်တာတစ်ခု ရှိနေခြင်းဖြစ်သည်။

အခန်းတွင်းမှ ဇနီးသည်၏သွားကြိတ်သံ၊ မိသားစုဝင်တို့၏ ဟောက်သံများနှင့် ဝေးကွာရန် ဝရန်တာတံခါးကို ကျွန်တော် ညင်သာစွာ ပြန်ပိတ်လိုက်၏။ ထို့နောက် လွန်ခဲ့သည့် ရက်အနည်းငယ်မှစ၍ ကျွန်တော့်၌ စွဲကပ်လာခဲ့သည့် အကျင့်တစ်ခုကို စတင်အကောင်အထည် ဖော်လိုက်သည်။

ယင်းမှာ မိုးလင်းသည့်အထိ ဝရန်တာ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ခြင်းဖြစ်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



(၇)

လုပ်မည်ဆိုလျှင် ဝရန်တာ၌ ကျွန်တော်တို့ လိုပ်နိုင်သော ကိစ္စရပ်အတော်များများ ကျန်ရှိနိုင်ပါသေးသည်။

ဥပမာ ...............။ ။

(အိမ်မပျော်သော ညတစ်ညသို့ ....)

နေနော်

*************

BURMESE CLASSIC .com

www.burmeseclassic.com